စနေ၊ ဇန်နဝါရီ (၁)

**မာကု ၁း၁**

တမန် ၁၂း၁၁-၁၇ *"ယေရှုခရစ်၏ ဧဝံဂေလိတရား၏အစ. . . "*

# ဤခရစ်ဝင်ကျမ်းရေးသားသူ

ဤခရစ်ဝင်ကျမ်းကို ရေးသားသောသူသည် ရှင်မာကုဖြစ်ပါသည်။ သူ၏နာမည်အပြည့်အစုံမှာ ယောဟန်၊ မာကုဖြစ်၏(မာကု ၁၂း၁၂၊ ၁၅း၃၇)။ သူသည် တမန်တော်ဆယ့်နှစ်ပါးတွင် မပါဝင်သော်လည်း၊ သခင်ယေရှု၏တပည့်တော်တပါးဖြစ်ပါသည်။ တမန်တော်မဟုတ်သော်လည်း၊ သူသည် တမန်တော်တို့နှင့်ရင်းနှီးနီးကပ်စွာ ပေါင်းဖော်ခြင်းရှိပြီး၊ အထူးသဖြင့် ပေတရုနှင့်ပေါလုတို့နှင့် ပေါင်းဖော်ခဲ့ပါသည် (တမန် ၁၂း၁၁၊ ၁၂၊၂၅)။ သူ့အိမ်၌ယုံကြည်သူတို့သည် ဆုတောင်းခြင်းငှါ စုရုံးတတ်ကြ၏။ သူသည် ပေါလုနှင့်ဗာနဗတို့၏ ပထမအကြိမ်၊ သာသနာခရီးစဉ်၌ ပါဝင်ခဲ့သော်လည်း၊ လမ်းတဝက်မှ ပြန်လှည့်ခဲ့ပါသည်။ ဤအမှုကြောင့် ပေါလုသည်မာကုကို နောက်သာသနာခရီးစဉ်၌ မခေါ်လိုတော့သောကြောင့် ပေါလုနှင့်ဗာနဗသည် လမ်းခွဲခဲ့ကြပါသည် (တမန် ၁၅း၃၆၊ ၃၇)။

မာကုသည် စစ်မှန်သောယုံကြည်သူဖြစ်၍ သခင်ယေရှု၏အစေခံဖြစ်ပါသည်။ ထိုပထမအကြိမ်သာသနာခရီးစဉ်၌ အမှားကျူးလွန်ခဲ့သော်လည်း၊ နောက်၌သူသည် နောင်တရ၍ သူ၏တန်ဖိုးကိုပြသခဲ့ပါသည်။ ပေါလုကမာကုအား ၂ တိ ၄း၁၁ ထဲတွင် ဤသို့ချီးမွမ်းခဲ့ပါသည်- "မာကုကို သင်နှင့်အတူခေါ်ခဲ့လော့။ သူသည် ဆရာအမှုကိုပြုရာမှာ ငါအကျိုးရှိ၏။" ခရစ်ယာန်ဖြစ်သော ကျွန်တော်တို့သည် ဘုရားသခင်အပေါ်၌ အမှားကျူးလွန်၍ အပြစ်ပြုမိနိုင်ပါသည်။ သို့သော်လည်း ကျွန်တော်တို့သည် နှိမ့်ချခြင်းသဘောရှိ၍ နာခံခြင်းရှိပြီး အမှားပြင်လိုသောဆန္ဒရှိပါလျှင်၊ ဘုရားသခင်သည် ကျွန်တော်တို့ကို ပြုပြင်၍ အသုံးပြုတော်မူနိုင်ပါသည်။

ဥပမာအားဖြင့်၊ ရှင်ဘုရင်ဒါဝိတ်သည် သူ့မယားကိုပြစ်မှား၍ ဘုရားသခင်အပေါ်၌ အပြစ်ကျူးလွန်ခဲ့သော်လည်း၊ အပြစ်ကိုဝန်ခံ၍ ခွင့်လွှတ်ခြင်းတရားအတွက် ဆုတောင်းသောအခါ၊ ဘုရားသခင်က ခွင့်လွှတ်တော်မူပြီး၊ ပြုပြင်တော်မူလျက်၊ ဆက်လက်အသုံးပြုတော်မူခဲ့၏ (ဆာလံ ၅၁)။ "ကိုယ့်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည်သစ္စာတရားနှင့်ဒင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ဒင်းပြည့်စုံတော်မူ၏။ ဒုစရိုက်ကို မပြုပြီဟု ငါတို့သည်ဆိုလျှင်၊ ဘုရားသခင်ကိုမုသာအပြစ်တင်ကြ၏။ နှုတ်ကပတ်တော်လည်း ငါတို့၌မရှိ" (၁ယော ၁း၉-၁၀)။

ဘုရားသခင်သည် ဂရုဏာတော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ဤခရစ်ဝင်ကျမ်းကို ရေးသားခြင်းငှါ မာကုကို အသုံးပြုတော်မူ၏။ မာကုကရေးသားသည်ဟုဆိုသော်လည်း၊ အမှန်မှာ ဤခရစ်ဝင်ကျမ်းသည် ပေတရု၏ခရစ်ဝင်ကျမ်းဟုသတ်မှတ်၍ ရပါသည်။ တမန်တော်သည် ထင်ရှားသောအမှုတော်ဆောင်များဖြစ်သော Justin Martyr နှင့် Irenaeusတို့က ဤမာကုခရစ်ဝင်ကျမ်းနောက်ကွယ်၌ တမန်တော်ပေတရုရှိခဲ့သည်ဟု ဆိုကြ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်အပေါ် ကျွန်တော်အပြစ်လွန်ကျူးခဲ့ပါသလား။

**ဆုတောင်းချက်-** (သင့်အပြစ်များကို ယခုဝန်ခံ၍ ခွင့်လွှတ်ခြင်းတရားကို ဆုတောင်းခြင်းဖြင့် တောင်းလျှောက်ပါလော့။)

တနင်္ဂနွေ၊ ဇန်နဝါရီ (၂)

**မာကု ၁း၁**

၁ ကော ၁၅း၁-၄ *"ကျမ်းစာလာသည်အတိုင်း. . ."*

# ကယ်တင်ရှင်(ကယ်တင်ခြင်း၏အရှင်သခင်)

ရှင်မာကုခရစ်ဝင်ကျမ်းသည် ဒဏ္ဍာရီမဟုတ်ဘဲ၊ သမိုင်းဖြစ်ကြောင်းမှတ်သားကြပါစို့။ ရေးမှတ်ထားသောအကြောင်းအရာအားလုံးသည် တချိန်တခါတုန်းကဖြစ်ပျက်ခဲ့သောအရာများဖြစ်ကြပါသည်။ ပုံပြင်မဟုတ်ပါ။ ဤခရစ်ဝင်ကျမ်း၌ စစ်မှန်သောလူပုဂ္ဂိုလ်များ၊ စစ်မှန်သောအဖြစ်အပျက်နှင့် စစ်မှန်သောအချိန်အခါတို့ကို ဖော်ပြထားပါသည်။ မမှားနိုင်သော၊ အမှားကင်းရှင်းသောခရစ်တော်၏ အသက်တာအကြောင်းဖြစ်ပါသည်။

ဤခရစ်ဝင်ကျမ်းကို မာကုကရေးသားသော်လည်း၊ အမှန်တကယ်မှုရင်းစာရေးသူသည် သခင်ယေရှုကိုယ်တိုင်ပင်ဖြစ်ပါသည်။ ယေရှုခရစ်တော်မပါလျှင်၊ ရှင်မာကုခရစ်ဝင်ကျမ်းနှင့် အခြားခရစ်ဝင်ကျမ်းများရှိလာမည်မဟုတ်ပါ။

မာကုအဖွင့်ကျမ်းပိုဒ်က၊ ယေရှုခရစ်တော်သည် ဘုရားသခင်ဖြစ်တော်မူကြောင်း၊ သန့်ရှင်းသောသုံးပါးတဆူဘုရားသခင်၏ ဒုတိယပုဂ္ဂိုလ်ဖြစ်သော၊ သားတော်ဘုရားသခင်ဖြစ်သည်ဟု ဖော်ပြထားသောရှင်ယောဟန်အခန်းကြီး ၁ အကြောင်းကို အမှတ်ရစေခဲ့ပါသည် (ယောဟန် ၁း၁၊ ၁၄၊ ၁၈)။

ဘုရားသခင်၏သားတော်၊ ယေရှုခရစ်တော်၏ဧဝံဂေလိတရားသည် အဘယ်နည်း။ ကျွန်ုပ်တို့အတွက် ကြွလာတော်မူပြီး အသေခံပြီးမှ ရှင်ပြန်ထမြောက်တော်မူသော၊ ကျွန်ုပ်တို့၏ပရောဖက်၊ ယဇ်ပုရောဟိတ်နှင့်ရှင်ဘုရင်ဖြစ်တော်မူသော၊ သခင်ယေရှုခရစ်တော်၏အသက်တာနှင့် ကားတိုင်ပေါ်၌ပြုသောအမှုပင်ဖြစ်ပါသည်။ ဧဝံဂေလိသတင်းကောင်းဆိုသည်မှာ ကျမ်းစာလာသည်အတိုင်း ယေရှုခရစ်တော်၏ အသေခံခြင်း၊ သင်္ဂြိုဟ်ခြင်းနှင့်ရှင်ပြန်ထမြောက်တော်မူခြင်းပင်ဖြစ်ပါသည် (၁ ကော ၁၅း၁-၄)။ အပြစ်သားတို့သည် သန့်ရှင်းသောသူဖြစ်၍ ကယ်တင်ခြင်းခံရကြခြင်းငှါ ဤအမှုအပေါင်းကို သခင်ယေရှုပြုတော်မူခဲ့၏။ Calvin က "လူတို့သည် ဘုရားသခင်၏သားဖြစ်ကြခြင်းငှါ၊ ဘုရားသခင်၏သားတော်သည် လူ့ဇာတိကိုခံယူလာခဲ့၏" ဟုဆိုခဲ့ပါသည်။

မာကုခရစ်ဝင်ကျမ်းထဲတွင် ယေရှု၏အစေခံခြင်းအမှုကို အဓိကဖော်ပြခဲ့ပါသည်။ ဤအကြောင်းကို မာကု ၁၀း၄၅ တွင် ဤသို့ဖော်ပြခဲ့ပါသည် - "အကြောင်းမူကား၊ လူသားသည် သူတပါးကို စေစားခြင်းငှါမလာ၊ သူတပါးအစေကိုခံခြင်းငှါလည်း၊ မိမိအသက်ကိုစွန့်၍လူများကိုရွေးခြင်းငှါလည်း၊ ကြွလာသတည်းဟုမိန့်တော်မူ၏"။ ယေရှုသည် ကျွန်ုပ်တို့ကယ်တင်ခြင်းငှါ ကြိုးစားအမှုတော်ဆောင်ရွက်ခဲ့ပါသည်။ ထိုကယ်တင်ခြင်းအမှုတော်ကိုကြိုးစားလျင်မြန်စွာ ဆောင်ရွက်ခဲ့ကြောင်း၊ ရှင်မာကုခရစ်ဝင်ကျမ်း၌ တွေ့ရသော "ထိုခဏခြင်းတွင်" နှင့် "ချက်ခြင်း" ဟူသောစကားလုံးတို့က သက်သေပြခဲ့ပါသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကိုအပြစ်မှကယ်တင်ခြင်းငှါ ဘုရားသခင်၏ ပညတ်တရားကိုလိုက်လျှောက်ခြင်း၊ အဆုံး၌ကားတိုင်ပေါ်တွင် အသေခံခြင်းဖြင့်သမ္မာကျမ်းစာ၌ တွေ့ရသော ပရောဖက်ပြုချက်တို့ကို စုံလင်စေတော်မူခဲ့၏။ သခင်ယေရှုသည် ကျွန်ုပ်တို့ကယ်တင်ခြင်း၏အဓိကပုဂ္ဂိုလ်၊ ကယ်တင်ရှင်ဖြစ်ပါ၏။

**ဆင်ခြင်ရန်** - ယေရှုသည် အကျွန်ုပ်အတွက် များစွာပြုတော်မူခဲ့ပြီး၊ ယေရှုအတွက် ကျွန်တော် အဘယ်အမှုပြုပြီလဲ။

**ဆုတောင်းချက်-** အို ဘုရားသခင်၊ အကျွန်ုပ်အားယေရှုကဲ့သို့သော အစေခံဖြစ်စေတော်မူပါ။

တနင်္လာ၊ ဇန်နဝါရီ (၃)

**မာကု ၁း၂-၈**

တမန် ၈း၂၉-၃၅

*“. . . ငါ၏တမန်ကိုသင့်ရှေ့၌ ငါစေလွှတ်၏. . . ”*

# သမ္မာကျမ်းစာနှင့်တရားဟောဆရာ

ယေရှုက “သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့” (မာကု ၁၆း၁၅) ဟု မိန့်တော်မူခဲ့ပါသည်။ သမ္မာကျမ်းစာရှိဖို့လိုအပ်သကဲ့သို့ တရားဟောဆရာရှိဖို့လည်း လိုအပ်ပါသည်။ အပြစ်ဝင်ရောက်သောအချိန်မှစ၍ ဘုရားသခင်သည် မိမိ၏အစေခံတို့ကိုစေလွှတ်၍နောင်တရခြင်းတရားနှင့် ကြွလာတော်မူမည့်ကယ်တင်ရှင်အား ယုံကြည်ခြင်းရှိခြင်းငှါ တရားဟောစေတော်မူခဲ့ပါသည် (၄ ရာ ၁၇း၁၃၊ ယေရမိ ၇း၂၅)။ ယေရှာယ ၅၃ ထဲမှ သခင်ယေရှုအကြောင်းကို အဲသယောပိပြည်သား ဘဏ္ဍာစိုးထံဟောပြောခြင်းငှါ ဘုရားသခင်က ဖိလိပ္ပုကိုစေလွှတ်တော်မူခြင်းဖြစ်ပါသည် (တမန် ၈း၂၉-၃၅)။ “သို့ဖြစ်၍ ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏” (ရောမ ၁၀း၁၇)။

လူတို့ထံ သခင်ယေရှုတရားဟောခြင်းမစမီ ရှေ့ပြေးအဖြစ်ဗတ္တိဇံဆရာယောဟန်ကိုစေလွှတ်ခဲ့ကြောင်း တွေ့ရပါသည်။ “အနာဂတ္တိကျမ်းစာ၌လာသည်ကား ကြည့်ရှုလော့။ သင်သွားရာလမ်းကိုပြင်ရသော ငါ၏တမန်ကိုသင့်ရှေ့၌ ငါစေလွှတ်၏။ တော၌ဟစ်ကြော်သောသူ၏အသံမှာ ထာဝရဘုရားကြွတော်မူရာလမ်းကိုပြင်ကြလော့။ လမ်းခရီးတော်ကိုဖြောင့်စေကြလော့ဟု လာသည်နှင့်အညီ ယောဟန်သည်တော၌ဗတ္တိဇံကိုပေးလျက် အပြစ်လွှတ်ခြင်းအဘို့အလိုငှါ နောင်တနှင့်စပ်ဆိုင်သော ဗတ္တိဇံတရားကိုဟောလျက်ပေါ်ထွန်း၏” (မာကု ၁း၂-၄)။ အလွန်အရေးကြီးသောပုဂ္ဂိုလ်တစ်ယောက်ယောက်ကြွလာတော်မူမည်ဖြစ်သောအခါ ကျွန်တော်တို့သည်အဆင်သင့်ရှိနေဖို့လိုအပ်ပါသည်။

လူတို့သိကြခြင်းငှါ ကြိုတင်သတိပေးဖို့လိုပါသည်။ ထို့ကြောင့် ဘုရားသခင်သမ္မာကျမ်းစာထဲ၌ ကြိုတင်ဖော်ပြခဲ့ပါသည်။ ဓမ္မဟောင်းထဲ၌ ခရစ်တော်ပထမအကြိမ်ကြွလာတော်မူမည့်အကြောင်းကို ကြိုတင်၍ပရောဖက်ပြုချက် ၃၀၀ ကျော်ရှိခဲ့ပြီး (လုကာ ၂၄း၂၇) အကုန်လုံးစုံလင်ပြည့်စုံခဲ့ပါသည်။ ဥပမာအားဖြင့် ဗတ္တိဇံဆရာယောဟန်အကြောင်းကို နှစ်ပေါင်း ၄၀၀ကတည်းက ကြိုတင်ဖော်ပြခဲ့ပါသည် (မာလ ၃း၁)။ ခရစ်တော်ကြွလာတော်မူခြင်းသည် မတော်တဆမဟုတ်၊ ဘုရားသခင်က ကြိုတင်ပြင်ဆင်လျက် စီစဉ်ထားတော်မူခဲ့ခြင်းဖြစ်ပါသည်။

ဘုရားသခင်က သမ္မာကျမ်းစာကိုပေး၍ တရားဟောဆရာကိုလည်း စေလွှတ်တော်မူခဲ့ပါသည်။ “တော၌ဟစ်ကြော်သောသူ၏အသံ” (မာကု ၁း၂ ၃)၊ အဘယ့်ကြောင့် ထိုသို့တရားဟောဆရာကိုစေလွှတ်ပါသနည်း။ “သို့ရာတွင် မယုံကြည်လျှင်အဘယ်သို့ပဌနာပြုနိုင်မည်နည်း။ သတင်းမကြားလျှင်အဘယ်သို့ယုံကြည်နိုင်မည်နည်း။ ဟောပြောသောသူမရှိလျှင် အဘယ်သို့ကြားနိုင်မည်နည်း။ လူကိုမစေလွှတ်လျှင် အဘယ်သို့ဟောပြောနိုင်မည်နည်း။ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား ငြိမ်သက်ခြင်း၏ဝမ်းမြောက်ခြင်းသတင်း ကောင်းကျိုးချမ်းသာ၏ဝမ်းမြောက်စရာသတင်းကိုကြားပြောသောသူ၏ခြေတို့သည် အလွန်တင့်တယ်သောစကားဟု လာသတည်း” (ရောမ ၁၀း၁၄-၁၅)။

**ဆင်ခြင်ရန်** - တင့်တယ်သောခြေ သင်လိုချင်ပါသလား။ တရားဟောဆရာအမှုကိုဆောင်ရွက်ပါ။

**ဆုတောင်းချက်-** ထာဝရဘုရား၊ ကျွန်တော်ရှိပါ၏။ စေလွှတ်တော်မူပါ။

အင်္ဂါ၊ ဇန်နဝါရီ (၄)

**မာကု ၁း၉-၁၁**

၂ ကော ၅း၁၇-၂၁

*"သင်ကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း"*

## ခရစ်တော်၏နာခံခြင်းသဘော (၁)

ယောဟန်၏ဗတ္တိဇံသည် နောင်တနှင့်စပ်ဆိုင်သောဗတ္တိဇံဖြစ်ပါသည် (မာကု ၁း၄)။ သို့သော်လည်း ယေရှုသည် အပြစ်နှင့်ကင်းရှင်းသောသူဖြစ်သောကြောင့် နောင်တရဖို့မလိုအပ်ပါ။ သို့ဆိုလျှင် အဘယ့်ကြောင့် ယေရှုသည် ရေဗတ္တိဇံမင်္ဂလာကို အဘယ့်ကြောင့်ခံခဲ့ပါသနည်း။ ကျွန်ုပ်တို့အတွက် ပြုတော်မူသောကယ်တင်ခြင်းအမှုအတွက်ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက် လိုအပ်သောဖြောင့်မတ်ခြင်းတရားကို အရယူပေးခြင်းငှါ ဖြောင့်မတ်ခြင်းတရားအပေါင်းကို ပြည့်စုံစွာလိုက်လျှောက်ပေးဖို့ရန်ဖြစ်ပါသည်။ "အဘယ်ကြောင့်နည်းဟူမူကား ဘုရားသခင်သည်အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည်ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း" (၂ ကော ၅း၂၁)။

ရေဗတ္တိဇံမင်္ဂလာကို ခံခြင်းဖြင့် ယေရှုသည်အပြစ်သားတို့၏ကိုယ်စား ဘုရားသခင်၏ ပညတ်တရားကိုစုံလင်စွာ လိုက်လျှောက်တော်မူခဲ့၏။ "ငါတို့သည် သား၏အခွင့်အရာကိုခံရမည်အကြောင်း၊ ပညတ်တရားလက်၌ရှိသောငါတို့ကို ရွေးနှုတ်စေခြင်းငှါ. . . ပညတ်တရားအောက်၌ဖွားမြင်သောသားတော်ကို ဘုရားသခင်သည်စေလွှတ်တော်မူ၏" (ဂလာတိ ၄း၄၊ ၅)။ ဗတ္တိဇံကို ခံခြင်းဖြင့် ယေရှုသည် သန့်ရှင်းစေခြင်းနှင့်ဆိုင်သော ဝတ်ပြုကိုးကွယ်ခြင်းပညတ်တရားကို နာခံလိုက်လျှောက်ခဲ့ပါသည်။ ခမည်းတော်၏ပညတ်တရားကိုလိုက်လျှောက်ခြင်းဖြင့် ယေရှုသည်မိမိ၏နာခံခြင်းသဘောကို ပြသတော်မူခဲ့၏။ ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သောပညတ်တရား၊ တရားစီရင်ခြင်းဆိုင်ရာပညတ်တရားနှင့် အကျင့်နှင့်ဆိုင်သောပညတ်တရားတည်းဟူသော ပညတ်တရားအပေါင်းကို ယေရှုစုံလင်စေခြင်းငှါ တောင်းလျှောက်သောသူသည် ခမည်းတော်ဘုရားပင်ဖြစ်တော်မူ၏။ ထို့ကြောင့် ယေရှု၏ဗတ္တိဇံမင်္ဂလာခံပြီးချိန်တွင် ကောင်းကင်မှခမည်းတော်က "သင်ကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း" (မာကု ၁း၁၁) ဟုမိန့်တော်မူခြင်းဖြစ်ပါသည်။ ထိုသို့ ကျွန်ုပ်တို့အတွက် ယေရှုသည်နာခံခြင်းရှိတော်မူသည်ဖြစ်သောကြောင့် ခမည်းတော်ဘုရားသည် သားတော်ဘုရားအပေါ်၌ နှစ်သက်မြတ်နိုးခြင်းရှိခဲ့ပါသည်။

သခင်ယေရှုသည် ကျွန်ုပ်တို့၏ကိုယ်စားပြုဖြစ်သည်သာမက သူသည် ကျွန်ုပ်တို့အတွက် စုံလင်သောသာဓကဖြစ်တော်မူ၏။ ဘုရားသခင်၏သားကောင်ဖြစ်ခြင်းတရားကို ကျွန်ုပ်တို့အား ပြသတော်မူခဲ့၏။ ကျွန်တော်တို့သည် ဘုရားသခင်၏သားကောင်းသမီးကောင်းဖြစ်လိုလျှင် ဘုရားသခင်၏အလိုတော်၌ လုံးဝဆက်ကပ်ကြရပါမည်။ ထို့ပြင် ခေါင်းဆောင်တို့သည်လည်း သခင်ယေရှု၏စကားကို နာခံခြင်းဖြင့် ကောင်းသောသာဓကကိုပြသကြပါမည် (၁ ကော ၁၁း၁)။ မိန်းမတို့သည် မိမိတို့၏ ယောက်ျားတို့ထံ ဆက်ကပ်ကြရပါမည် (ဧဖက် ၅း၂၂၊ တိတု ၂း၅)။ သားသမီးတို့သည်လည်း ဘုရားသခင်၌ မိဘတို့၏စကားကိုနာခံကြရပါမည် (ဧဖက် ၆း၁)။

**ဆင်ခြင်ရန်** - ပျော်ရွှင်သောမိသားစု ဘယ်လိုပိုင်ဆိုင်နိုင်မည်နည်း။

**ဆုတောင်းချက်-** ထာဝရဘုရား၊ နှိမ့်ချခြင်းသဘော၊ ဆက်ကပ်ခြင်းနှင့် နာခံခြင်းသဘောကို အကျွန်ုပ်အား သင်ပေးတော်မူပါ။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၅)
**မာကု ၁း၁၂၊ ၁၃**
ရောမ ၅း၁၂-၂၁

*"ဝိညာဉ်တော်သည်
ယေရှုကိုတောသို့သွားစေတော်မူ၏"*

# ခရစ်တော်၏နာခံခြင်းသဘော (၂)

ယေရှုသည် အဘယ့်ကြောင့်စာတန်၏သွေးဆောင်ခြင်းကို ခံဖို့လိုအပ်ပါသနည်း။ ဘုရားသခင်က ကျွန်ုပ်တို့ကိုလက်ခံခြင်း၌ ကျွန်ုပ်တို့လိုအပ်သောဖြောင့်မတ်ခြင်းတရားကို အရယူပေးခြင်း၌ ယေရှု၏နာခံခြင်း၌ပါဝင်သောအရာဖြစ်ပါသည်။ ပထမဆုံးလူသားအာဒံသည် သွေးဆောင်ခြင်းခံရ၍ကျဆုံးခဲ့ပါသည်။ ထိုသို့ ဘုရားသခင်၏စကားကိုနာမခံဘဲ အပြစ်ထဲသို့ကျဆုံးလျက် လူအပေါင်းတို့သည် အပြစ်သားဖြစ်ကြ၏။ "အကြောင်းမူကား တစ်ယောက်သောသူသည် နားမထောင်သောအားဖြင့် လူများတို့သည်အပြစ်ရောက်သည်နည်းတူ . . . " (ရောမ ၅း၁၉)။

တစ်ဖက်တွင် ဒုတိယအာဒံဖြစ်သောယေရှုသည် ထိုနည်းတူသွေးဆောင်ခြင်းကို ခံရ၍ သူသည်အောင်မြင်ကျော်လွှားနိုင်ခဲ့ပါသည်။ "တစ်ယောက်သောသူသည် နားထောင်သောအားဖြင့် လူများတို့သည် ဖြောင့်မတ်ရာသို့ရောက်ရကြ၏" (ရောမ ၅း၁၉)။ သခင်ယေရှုခရစ်တော်သည် ယုံကြည်သူတို့၏ စုံလင်တော်မူသောယဇ်ပုရောဟိတ်အကြီးဖြစ်တော်မူ၏။ "ယခုမူကား ကောင်းကင်ဘုံထဲသို့ကြွဝင်တော်မူသောယဇ်ပုရောဟိတ်မင်းအကြီးတည်းဟူသော ဘုရားသခင်၏သားတော်ယေရှုသည် ငါတို့၌ ယဇ်ပုရောဟိတ်မင်းဖြစ်တော်မူသောကြောင့် ငါတို့သည်ဝန်ခံခဲ့ပြီးသောအရာ၌ တည်ကြည်ကြကုန်အံ့။ ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသောဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏" (ဟေဗြဲ ၄း၁၄၊ ၁၅)။

အာဒံထက် ခရစ်တော်ခံရသောသွေးဆောင်ခြင်းသည် ပို၍ပြင်းထန်ခဲ့ပါသည်။ (၁) အာဒံသည် ဥယျာဉ်ထဲ၌ရှိစဉ် သွေးဆောင်ခြင်းခံရ၍ ယေရှုမူကား တောထဲ၌ဖြစ်ပါသည် (၂) အာဒံသည် တနေ့သာသွေးဆောင်ခြင်းခံရ၍ ယေရှုမူကား ရက်ပေါင်း ၄၀ ဖြစ်ပါသည် (၃) အာဒံသည် တစ်ကြိမ်သာသွေးဆောင်ခြင်းခံရ၍ ယေရှုမူကား အကြိမ်ပေါင်းများစွာ ခန္ဓာကိုယ်တပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်းနှင့် မာနထောင်လွှားခြင်းတို့ဖြင့် သွေးဆောင်ခြင်းခံရခဲ့၏ (လုကာ ၄း၁-၁၃)။

ယေရှုက စာတန်ကိုသမ္မာကျမ်းစာဖြင့်အနိုင်ယူခဲ့ပါသည်။ ကျောက်ခဲကိုမုန့်ဖြစ်စေခြင်း၌ ခန္ဓာကိုယ်တပ်မက်ခြင်းဖြင့် သွေးဆောင်သောအခါ ယေရှုက တရားဟောရာကျမ်း ၈း၃ ကို ကိုးကားခဲ့ပါသည်။ - "လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရသည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်"။ ဤလောကီအရာများပြသလျက် မျက်စိတပ်မက်ခြင်းဖြင့် သွေးဆောင်သောအခါ တရားဟောရာကျမ်း ၆း၁၃ ကို ကိုးကားခဲ့ပါသည် - "သင်၏ဘုရားသခင်ထာဝရဘုရားကို ကြောက်ရွံ့ရမည်။ ထိုဘုရားသခင်ကိုသာဝတ်ပြုရမည်။ နာမတော်အားဖြင့်လည်း ကျိန်ဆိုခြင်းကိုပြုရမည်"။ မာနထောင်လွှားခြင်းဖြင့်သွေးဆောင်၍ ဤသို့ဆိုသောအခါ သင်သည်ဘုရားသခင်၏သားတော်မှန်လျှင် မိမိကိုယ်ကိုခုန်ချလော့။ ဘုရားသခင်မစတော်မူမည်ဟုဆိုစဉ် ယေရှုက တရားဟောရာကျမ်း ၆း၁၆ ကို ကိုးကားခဲ့ပါသည် - "သင်၏ဘုရားသခင်ထာဝရဘုရားကို အစုံအစမ်းမပြုရ"။

သင်သည် သွေးဆောင်ခြင်းခံပါသလား။ ယာကုပ် ၄း၇ ကိုဖတ်ပါ။

**ဆင်ခြင်ရန်** - "သွေးဆောင်ခြင်းနောက်သို့ မလိုက်ပါနှင့်၊ အပြစ်ဖြစ်၏"။
**ဆုတောင်းချက်-** (မသဲ ၆း၁၃ ကို အသုံးပြုပါ)။

ကြာသပတေး၊ ဇန်နဝါရီ (၆)
**မာကု ၁း၁၄-၂၀**
တမန် ၁၆း၃၁

*“နောင်တရကြလော့။ ဧဝံဂေလိတရားကို ယုံကြည်ကြလော့”*

# နောင်တရလော့၊ ယုံကြည်လော့၊ နောက်တော်သို့လိုက်လော့

သခင်ယေရှုခရစ်တော်က “ဧဝံဂေလိတရားကိုယုံကြည်ကြလော့”(မာကု ၁း၁၅)ဟု တရားဟောခဲ့ပါသည်။ ယုံကြည်ခြင်းဆိုတာဘာလဲ။ မှတ်သားသင့်သည်မှာ “ယုံကြည်ကြလော့” ဟူသောစကားကို “နောင်တရကြလော့” နှင့် “နောက်တော်သို့လိုက်ကြ၏” (မာကု ၁း၁၅၊ ၁၈) ဟူသောစကားကြား၌ ညှပ်ထား၏။ ဤအချက်က သခင်ယေရှုခရစ်တော်ယုံကြည်ခြင်း (သို့) စစ်မှန်သောယုံကြည်ခြင်းအကြောင်းကို ဖော်ပြလျက်ရှိ၏။

သို့ဆိုလျှင်၊စစ်မှန်သောယုံကြည်ခြင်းဆိုသည်မှာ အဘယ်နည်း။ အဘယ်အရာက ထင်ရှားဖော်ပြပါသနည်း။ ပထမအချက်အနေဖြင့်၊ စစ်မှန်သောယုံကြည်ခြင်းကို နောင်တရခြင်းက ဖော်ပြပေါ်လွင်စေပါသည်။ “နောင်တရခြင်း” ဟူသောဂရိစကားလုံး၏ အဓိပ္ပာယ်မှာ စိတ်သဘောပြောင်းလဲခြင်းဖြစ်ပါသည်။ လုံးဝပြန်လှည့်ခြင်းဟုဆိုနိုင်ပါသည်။ ခရစ်တော်နှင့်သမ္မာတရားနောက်လိုက်ခြင်းငှါ အပြစ်နှင့်စာတန်ထံမှ ထွက်ခွာခြင်းပင်ဖြစ်ပါသည်။ လောကီအရာများကို ငြင်းပယ်၍ဘုရားသခင်နှင့်ဆိုင်သောအရာကို ဝန်ခံလက်ခံခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာက “လောကီမိဿဟာယသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်”(ယာကုပ် ၄း၄) ဟုဖော်ပြထားပါသည်။ သခင်ယေရှုက “အဘယ်သူမျှ သခင်နှစ်ဦးအစေကိုမခံနိုင်။ သခင်တဦးကိုမုန်း၍ တဦးကိုချစ်မည်။ သခင်တဦးကိုမှီခို၍ တဦးကိုမခန့်မညားပြုမည်။ သင်တို့သည် ဘုရားသခင်၏အစေကိုရင်း၊ လောကီစည်းစိမ်၏အစေကိုရင်း မခံနိုင်ကြ”(မသဲ ၆း၂၄)ဟု မိန့်တော်မူ၏။ ငွေကြေးနှင့်ခရစ်တော်တခုခုရွေးရပါမည်။ နှစ်ခုစလုံးတွဲ၍မရပါ။ ကျမ်းစာက “ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ်သတည်း” (၁ တိ ၆း၁၀) ဟု မိန့်တော်မူ၏။ တဘက်တွင် “ခရစ်တော်ကိုချစ်ခြင်းသည် ကောင်းသောအမှုအပေါင်း၏မူလအမြစ်ဖြစ်ပါသည်။

ဒုတိယအနေဖြင့်၊ စစ်မှန်သောယုံကြည်ခြင်းသည် နာခံခြင်း၌ပေါ်လွင်ထင်ရှားပါ၏။ ခရစ်တော်ကို ယုံကြည်သောသူသည် ဘုရားသခင်၏ပညတ်တရားများကို နာခံလိုသောစိတ်ရှိပါလိမ့်မည်။ နောင်တရခြင်းသည် ထွက်ခွာခြင်းဖြစ်ပြီး၊ နာခံခြင်းသည် ချဉ်းကပ်ခြင်းဖြစ်ပါသည်။ ဤအမှုနှစ်ခုသည် ရှေ့နောက်ဖြစ်ပျက်သောအရာဖြစ်ပါသည်။ လမ်းမှန်ပေါ်လျှောက်ခြင်းငှါ သင်နောက်ပြန်လှည့်ဖို့လိုပါသည်။ “ယေရှုနောက်တော်သို့ လိုက်ခြင်းငှါ ငါဆုံးဖြတ်ပြီးပြီ” ဟူသောသီချင်း၌ တွေ့ရသော “လောကီအရာကို နောက်ချန်ထားခဲ့ပြီး၊ ကားတိုင်နောက်သို့လိုက်ပြီ - နောက်ပြန်မလှည့်တော့ပါ။ နောက်ပြန်မလှည့်တော့ပါ” ဟူသောစာသားက စစ်မှန်သောယုံကြည်ခြင်းကို ပေါ်လွင်စွာဖော်ပြထားပါသည်။ ယေရှု၏ခေါ်သံကိုကြားသောတပည့်တော်တို့ကလည်း ထိုသို့ပြုခဲ့ကြပါသည်-“ငါ့နောက်သို့လိုက်ကြလော့. . . ထိုသူတို့သည် ချက်ချင်းပိုက်ကွန်ကို စွန့်ပစ်၍ နောက်တော်သို့လိုက်ကြ၏” (မာကု ၁း၁၇၊ ၁၈)။

**ဆင်ခြင်ရန်** - သင် ယေရှုနောက်တော်သို့လိုက်ပါမည်လော။
**ဆုတောင်းချက်-** “ယေရှုနောက်တော်သို့ လိုက်ရန်ငါဆုံးဖြတ်ပြီးပြီ. . . နောက်ပြန်မလှည့်တော့ပါ၊ နောက်ပြန်မလှည့်တော့ပါ”။

သောကြာ၊ ဇန်နဝါရီ (၇)

**မာကု ၁း၂၁-၂၈**

ဆာလံ ၁၁၉း၉-၁၆

*“ပရိသတ်တို့သည်လည်း ဆုံးမဩဝါဒ ပေးတော်မူခြင်းကို အလွန်အံ့ဩကြ၏”*

## စစ်မှန်သောဩဝါဒ

ယေရှုသည် ဧဝံဂေလိတရားကိုဟော၍ သမ္မာကျမ်းစာကိုလည်း သင်ကြားပေးတော်မူ၏ “ပရိသတ်တို့သည်လည်း ဆုံးမဩဝါဒပေးတော်မူခြင်းကို အလွန်အံ့ဩကြ၏။ အကြောင်းမူကား၊ ကျမ်းပြုဆရာနည်းတူမဟုတ်၊ အစိုးရသောလူနည်းတူ ဆုံးမဩဝါဒပေးတော်မူ၏” (မာကု ၁း၂၂)။ ယေရှု၏ဩဝါဒတရားသည် လူ့ထံမှမဟုတ်၊ ကျမ်းပြုဆရာတို့ထံမှမဟုတ်ဘဲ၊ ဘုရားသခင်ထံမှ၊ ကောင်းကင်မှလာသောတရားဖြစ်ပါသည်။ ဩဝါဒတရားသည် ခရစ်ယာန်ယုံကြည်ခြင်း၌ အရေးကြီးလှပါ၏။ ထို့ကြောင့် ခရစ်ယာန်တို့သည် ဩဝါဒတရားကိုသိဖို့လိုပါသည်။ ပြဿနာတစ်ခုမှာ မှားယွင်းသောဩဝါဒများစွာရှိခြင်းဖြစ်ပါသည်။ သို့ဆိုလျှင်၊ ဩဝါဒတရားများသည် မှန်သည်ကိုကျွန်ုပ်တို့ ဘယ်လိုသိနိုင်ပါမည်နည်း။

ပထမအချက်မှာ၊ စစ်မှန်သောဩဝါဒသည် သမ္မာကျမ်းစာ၌အခြေခံထား၏။ ယေရှုသည် သမ္မာကျမ်းစာအတိုင်း သွန်သင်ပေးတော်မူ၏။ ယေရှုသည် ကျမ်းပြုဆရာများက မိမိတို့၏အလိုအတိုင်း ကျမ်းစာကိုအနက်ဖွင့်သွန်သင်သကဲ့သို့ ပြုတော်မမူခဲ့ပါ။ ယနေ့တွင် လီဘရယ်နှင့်ခေတ်သစ်ကျမ်းတတ်ပုဂ္ဂိုလ်တို့သည်သမ္မာကျမ်းစာမှန်ကန်မှု၊ ခရစ်တော်အပျိုကညာမှ မွေးဖွားခြင်း၊ အံ့ဘွယ်အမှုများ၊ ခရစ်တော်၏ကိုယ်စား အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းတို့ကို ငြင်းပယ်၍ မိမိတို့၏ ဩဝါဒကို သွန်သင်ပေးကြ၏။ သူတို့သည် သမ္မာကျမ်းစာနှင့်စစ်မှန်သော ဧဝံဂေလိတရားကိုအလေးမထားဘဲ မိမိတို့၏ထင်မြင်ယူဆချက်အတိုင်း အနက်ဖွင့်ကျမ်းများကို ရေးသားကြပါသည်။

သမ္မာကျမ်းစာသည် စစ်မှန်သော၊ အဆုံးစွန်အာဏာရှိသောတရားဖြစ်ပါသည်။ အကြောင်းမှာ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်၏ “ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏” (ယောဟန် ၁၇း၁၇)။ ဘုရားသခင်၏နှုတ်ကပတ်တော်တရား၏ တန်ခိုးအာဏာကို ယေရှု၏မိန့်တော်မူချက်စကား၌ပေါ်လွင်ပါ၏ (မာကု ၁း၂၃-၂၆)။ နှုတ်ဖြင့်မိန့်တော်မူလျက် နတ်ဆိုးတို့သည် ထွက်သွားခဲ့ကြ၏ “လူအပေါင်းတို့သည်၊ မိန်းမောတွေဝေ၍၊ ဤအမှုသည် အဘယ်သို့နည်း။ ဤဆုံးမခြင်းအသစ်သည် အဘယ်သို့နည်း။ ညစ်ညူးသောနတ်တို့ကိုပင် အာဏာနှင့်မှာထား၍၊ သူတို့သည် နားထောင်ကြသည်တကားဟု အချင်းချင်းမေးမြန်းပြောဆိုကြ၏” (မာကု ၁း၂၇)။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဖန်ဆင်းခံအရာအားလုံး၊ ကောင်းကင်တမန်များ၊ နတ်ဆိုးများနှင့်လူတို့အပေါ်၌ တန်ခိုးအာဏာရှိတော်မူ၏။ “ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြည့်ပြင်ခြင်း၊ သန်လျက်တကာတို့ထက်ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့်စိတ်ဝိညာဉ်ကိုၚင်း၊ အရိုးဆစ်နှင့်ခြင်ဆီကိုၚင်း ပိုင်းခြား၍ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏” (ဟေဗြဲ ၄း၁၂)။ ထို့ကြောင့် “သင်မူကား ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင့်ရှေ့၌ ကိုယ်ကို ကိုယ်ဆက်သခြင်းငှါ ကြိုးစားအားထုတ်လော့” (၂ တိ ၂း၁၅)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်က အကျွန်ုပ်အသက်တာကို မည်သို့ပြောင်းလဲစေပါသနည်း။

**ဆုတောင်းချက်-** (ဆာလံ ၁၁၉း၉-၁၆ ကို အသုံးပြု၍ဆုတောင်းပါ)။

စနေ၊ ဇန်နဝါရီ (၈)

**မာကု ၁း၂၉-၃၈**

တမန် ၂း၂၂-၃၂

*"... တရားဟောခြင်းငှါ သွားကြကုန်အံ့။ ထိုသို့ အလိုငှါ ငါကြွလာပြီဟု မိန့်တော်မူ၍ ..."*

# ယေရှုသည်အဘယ့်ကြောင့် အနာရောဂါငြိမ်းစေပါသနည်း

ယေရှုက တရားဟောခြင်းအမှုတော်နှင့်အနာငြိမ်းစေခြင်းအမှုတော်ကို ပြုတော်မူခဲ့ပြီး၊ ဤအမှုတော်နှစ်ပါးတွင် အဘယ်တပါးသည်ပို၍အဓိကကျပါသနည်း။ အနာငြိမ်းစေခြင်းမဟုတ်ဘဲ၊ တရားဟောခြင်းအမှုသည် အဓိကကျပါ၏။ အနာငြိမ်းစေခြင်းအတွက် လူအပေါင်းတို့ရောက်လာကြသောအခါ၊ ယေရှုက တပည့်တော်တို့အား "ငါသည် နီးစပ်သောမြို့ရွာတို့၌ တရားဟောခြင်းငှါ သွားကြကုန်အံ့။ ထိုသို့အလိုငှါ ငါကြွလာပြီဟုမိန့်တော်မူ၏" (မာကု ၁း၃၈)။

ယေရှုက များစွာသောလူတို့ကို သနားခြင်းရှိတော်မူ၍ (မာကု ၁း၄၁) သူတို့၏အနာရောဂါကိုငြိမ်းစေတော်မူခဲ့ပါသည်။ နောက်အကြောင်းအရင်းတစ်ခုမှာ မိမိသည်အသက်ရှင်တော်မူသောဘုရားသခင်၏သားတော်၊ မေရှိယ၊ ခရစ်တော်ဖြစ်ကြောင်း သက်သေပြလိုသောကြောင့် ဖြစ်ပါသည် (တမန် ၂း၂၂)။

ယေရှု၏အံ့ဖွယ်အနာငြိမ်းစေခြင်း၌လည်း တရားဟောခြင်းရည်ရွယ်ချက်ရှိပါ၏။ မိမိသည်ကယ်တင်ရှင်ယေရှုဖြစ်တော်မူကြောင်း ဖော်ပြရင်း၊ ကျွန်ုပ်တို့၏ဝိညာဉ်သာမဟုတ်ဘဲ၊ ခန္ဓာကိုယ်ကိုလည်း ကယ်တင်ကြောင်းပေါ်လွင်စေခြင်းဖြစ်ပါသည်။ ဤအနာရောဂါငြိမ်းစေခြင်းအမှုက ယုံကြည်သူတို့ တနေ့၌ပိုင်ဆိုင်လိမ့်မည်၊ စုံလင်၍ တန်ခိုးနှင့်ပြည့်စုံသောခန္ဓာကိုယ်၊ အပြစ်၊ အနာရောဂါနှင့်ကင်းစင်သောခန္ဓာကိုယ်ကို ညွှန်ပြလျက်ရှိပါ၏။ ယေရှုပြုတော်မူသောအံ့ဖွယ်အနာရောဂါငြိမ်းစေခြင်းတွင် ကြီးမြတ်သောအမှုမှာ သေသောသူကိုရှင်ပြန်ထမြောက်စေခြင်းဖြစ်ပါလိမ့်မည် (ဥပမာအားဖြင့် ယောဟန် ၁၁ ထဲမှလာဇရုအကြောင်း)။ ဤအံ့ဖွယ်အမှုက ရှင်ပြန်ထမြောက်ခြင်းတရားကိုဖော်ပြခဲ့ပါသည်။ ယေရှုက "ငါသည်ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည်သေလွန်သော်လည်းရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍အသက်ရှင်သောသူရှိသမျှတို့သည်လည်း သေခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ ငါ့စကားကို ယုံသလောဟုမေးတော်မူလျှင် မာသက ဟုတ်ပါ၏ သခင်" (ယောဟန် ၁၁း၂၅၊၂၆)။

ယေရှု၏ အနာငြိမ်းစေခြင်းအမှုတော်က သူ၏တရားဟောခြင်းအမှုတော်ကို လွှမ်းခြုံမထားပါ။ "နီးစပ်သောမြို့ရွာတို့၌ တရားဟောခြင်းငှါ သွားကြကုန်အံ့" ဟုမိန့်တော်မူခြင်းက၊ ယေရှု၏အဓိကအမှုတော်သည် ကျွန်တော်တို့ကယ်တင်ခြင်းရခြင်းငှါ နှုတ်ကပတ်တော်ဟောပြောသွန်သင်ခြင်းပင် ဖြစ်ပါသည်။ "သို့ဖြစ်၍ ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်းဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏" (ရောမ ၁၀း၁၇)။ တမန်တော်ပေါလုကည်း ဤသို့ဆိုခဲ့ပါသည်-"ဗတ္တိဇံကိုပေးစေခြင်းငှါ ခရစ်တော်သည် ငါ့ကိုစေလွှတ်တော်မူသည်မဟုတ်၊ ဧဝံဂေလိတရားကို ဟောစေခြင်းငှါ စေလွှတ်တော်မူ၏။ သို့သော်လည်း ခရစ်တော်၏လက်ဝါးကပ်တိုင်ကို အချည်းနှီးမပြုစေခြင်းငှါ နှုတ်ပညာကိုအခွင့်မပေးဘဲနေတော်မူ၏။ အကြောင်းမူကား ဆုံးရှုံးခြင်းသို့ရောက်သောသူတို့၌ လက်ဝါးကပ်တိုင်တော်တရားသည် မိုက်သောတရားဖြစ်၏။ ကယ်တင်ခြင်းသို့ရောက်သောငါတို့၌ထိုတရားသည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏" (၁ ကော ၁း၁၇၊ ၁၈)။

**ဆင်ခြင်ရန်** - အံ့ဖွယ်အမှုက လူကိုကယ်တင်ခြင်းမပေး၊ ဧဝံဂေလိတရားယုံကြည်ခြင်းကသာကယ်တင်တော်မူ၏။

**ဆုတောင်းချက်-** ထာဝရဘုရား၊ ကိုယ်တော်၏ဧဝံဂေလိတရားကို ကျွန်တော်ယုံကြည်ပါ၏။ နောက်ဆုံးနေ့၌ အကျွန်ုပ်ကိုထမြောက်စေတော်မူပါ။

# သနားသောစိတ်

"ယေရှုသည် သနားသောစိတ်သဖြင့် လက်တော်ကိုဆန့်၍ထိုသူကိုတို့လျက်၊ ငါအလိုရှိ၏။ သန့်ရှင်းခြင်းသို့ရောက်စေဟု မိန့်တော်မူ၏" (မာကု ၁း၄၁)။

ကျွန်ုပ်တို့၏ ဘုရားသည်ကောင်းမြတ်တော်မူ၍ သနားကြင်နာခြင်းရှိတော်မူသော ဘုရားဖြစ်ပါ၏ (ဆာလံ ၇၈း၃၈၊ ၈၆း၁၅၊ ၁၁၁း၄၊ ၁၄၅း၈)။ ဂရိစကားလုံးမှ "သနားသောစိတ်ရှိသဖြင့်" ဟူသောဘာသာပြန်ခြင်းသည် အလွန်ထိမိလှပါသည်။ အတွင်းပိုင်းမှန်းဆော်မှုခံခြင်းကို ပေါ်လွင်စေလျက်၊ အမူပြုခြင်းတခုခုသို့တိုက်တွန်းပို့သောစကားလုံး ဖြစ်ပါသည်။

နှိမ့်ချသောစိတ်သဘောဖြင့် တောင်းလျှောက်လာသော ဤလူကိုယေရှုသည် ကူညီခြင်းငှါ သနားသောစိတ်ရှိတော်မူ၏။ သူ၏နှိမ့်ချသောယုံကြည်ခြင်းကို ကြည့်ပါလော့ (၁) သူသည်သခင်ယေရှုအားထောင်လွှားသောစိတ်ဖြင့်မဟုတ်ဘဲ၊ တောင်းပန်ခဲ့၏။ (၂) သူသည်အပြစ်သားဖြစ်ကြောင်းသိ၍၊ ယေရှုသည် သန့်ရှင်းတော်မူကြောင်းသိသဖြင့် ကိုးကွယ်ခြင်းအမှုကို ပြု၍ဒူးထောက်ခဲ့ပါသည်။ (၃) သူသည် ဘုရားသခင်၏ဂရုဏာတော်ကိုသာ လုံးဝကိုးစား၍ဆက်ကပ်ခဲ့ပါသည်။ "ကိုယ်တော်အလိုရှိလျှင် ကျွန်တော်ကိုသန့်ရှင်းစေနိုင်တော်မူသည်။" သခင်ယေရှုက သနားသောစိတ်ရှိသဖြင့် "ငါအလိုရှိ၏။ သန့်ရှင်းခြင်းသို့ရောက်စေဟုမိန့်တော်မူ၏။" "ထာဝရဘုရားသည် ကျိုးပဲ့သောစိတ်ရှိသောသူတို့နှင့် နီးတော်မူ၏။ နောင်တရှိ၍စိတ်နှိမ့်ချသော သူတို့ကိုလည်းကယ်တင်တော်မူ၏" (ဆာလံ ၃၄း၁၈)။

ကျမ်းစာအားလုံး၌ တွေ့ရသောယေရှုသည် တူညီသောယေရှုမဟုတ်ကြကြောင်းတွေ့ရပါသည်။ ဥပမာအားဖြင့်၊ The New International Version (NIV) တွင်တွေ့ရသောယေရှုသည်၊ အခြားသောယေရှု၊ သနားသောစိတ်ရှိသောယေရှု မဟုတ်ဘဲ၊ အမျက်ထွက်သောယေရှုဖြစ်ပါသည်။ NIV တွင်သနားသောစိတ်ရှိသဖြင့်ဟုမလာဘဲ၊ "ယေရှုသည် အမျက်ထွက်၍" ဟုဖော်ပြထားပါသည်။ NIV၌ ဖော်ပြသောယေရှုသည်သင်၏ယေရှု ဖြစ်ပါသလား။ ကျွန်ုပ်၏ယေရှုလုံးဝမဟုတ်ပါ။ အကျွန်ုပ်၏ယေရှုသည် NIV ၏ယေရှုမဟုတ်ပါ။ ယေရှုက " ငါ့သိုးတို့သည် ငါ့စကားသံကိုနားထောင်၍ ငါ့နောက်သို့လိုက်ကြ၏" (ယောဟန် ၁၀း၂၇)ဟု မိန့်တော်မူ၏။ NIV ၌တွေ့ရသောအသံသည် အကျွန်ုပ်ကယ်တင်ရှင်၏အသံမဟုတ်သောကြောင့်၊ ကျွန်တော်သူ၏နောက်သို့လိုက်မည်မဟုတ်ပါ။ ခေတ်သစ်ကျမ်းစာများကို သတိပြုလော့။ ကောင်းမွန်သော KJV ကိုသာစွဲကိုင်ပါလော့။

**ဆင်ခြင်ရန်** - (Jeffrey Khoo's Kept Pure in All Ages: Recapturing the Authorised Version and the Doctrine of Providential Preservation (https://www.febc.edu.sg/v15/assets/pdfs/febc_press/Kept%20Pure%20In%20All%20Ages.pdf)) ကိုဖတ်ပါ။

**ဆုတောင်းချက်-** ထာဝရဘုရား၊ "ကိုယ်တော်အလိုရှိလျှင် ကျွန်တော်ကိုသန့်ရှင်းစေနိုင်တော်မူသည်။"

တနင်္လာ၊ ဇန်နဝါရီ (၁၀)

**မာကု ၂း၁-၇**

မဿဲ ၁၁း၁၂ *"သင်၏အပြစ်ကိုလွတ်စေပြီဟု မိန့်တော်မူ၏"*

# အပြစ်ကိုဘယ်သူလွှတ်စေနိုင်သနည်း

ခရစ်ယာန်တို့သည် ကျွန်ုပ်တို့အပေါ် ပြစ်မှားသောသူတို့ကို ခွင့်လွှတ်ကြရမည်ဖြစ်ပါသည်။ သို့ဆိုလျှင် အဘယ့်ကြောင့် ဘုရားသခင်ကသာလျှင်အပြစ်ကိုလွှတ်စေနိုင်သည်ဟု ဖော်ပြထားပါသနည်း (မာကု ၂း၇)။ ဟုတ်ပါ၏၊ ကျွန်တော်တို့သည် ကျွန်ုပ်တို့အပေါ် လွန်ကျူးသောသူတို့ကို ခွင့်လွှတ်ရပါမည်၊ ခွင့်လွှတ်နိုင်ပါသည်၊ သို့သော်လည်း ကျွန်ုပ်တို့၏ခွင့်လွှတ်ခြင်း၌ ကယ်တင်ခြင်းတန်ခိုးမပါဝင်ပါ၊ ဘုရားသခင်၏ခွင့်လွှတ်ခြင်း၌သာ အပြစ်မှရင်း၊ ထာဝရအပြစ်ဒဏ်မှရင်း ကယ်တင်နိုင်သောတန်ခိုးပါဝင်၏။

ကျွန်ုပ်တို့၏အပြစ်များကို မည်သို့ဘုရားသခင်လွှတ်ပေးတော်မူနိုင်မည်နည်း။ ယုံကြည်ခြင်းဖြင့် ဘုရားသခင်ထံချဉ်းကပ်ခြင်းဖြင့် ခွင့်လွှတ်ခံရမည်ဖြစ်ပါသည်။ ထိုသို့သော ယုံကြည်ခြင်းကို ဤလက်ခြေသေသောသူ၌၊ သူ၏စိတ်အားထက်သန်မှု၌တွေ့ရပါသည် (မာကု ၂း၄၊၅)။ လူအုပ်ကြီးကြောင့် အဆင်မပြေသော်လည်း ယေရှုထံရောက်ခြင်းငှါ စိတ်အားထက်သန်မှုရှိခဲ့ပါသည်။ Matthew Poole က ဤသို့ဖြင့် လူအုပ်ကြီးအကြောင်းကိုဖော်ပြခဲ့ပါသည်- "လူတို့ကို ခရစ်တော်၏နိုင်ငံတော်သို့ ပို့ဆောင်သောနိုင်ငံတော်နှင့်ဆိုင်သောသတင်းကောင်းကြားနာလိုခြင်းရှိကြ၏။ ကောင်းကင်ဘုံအကြောင်းသိလိုခြင်းနှင့် ကောင်းကင်ဘုံဝင်ခွင့်ရလိုခြင်းစိတ်သည် လူများတို့၌ကြီးထွားခဲ့ပါသည်" (မဿဲ ၁၁း၁၂ကို ကြည့်ပါ)။

ဤလူသည် အနာငြိမ်းခြင်းငှါ ယေရှုထံချဉ်းကပ်ခဲ့သော်လည်း၊ ယေရှုက "ထလော့၊ ကျန်းမာခြင်းရှိလော့" ဟု မိန့်တော်မမူဘဲ၊ "ငါ့သား၊ သင်၏အပြစ်ကိုလွတ်စေပြီ" ဟု မိန့်တော်မူ၏။ "ငါ့သား" ဟု ခေါ်ခြင်းဖြင့် ယေရှုက ထိုသူအားဘုရားသခင်၏သားဖြစ်တော်မူ၏။ ခန္ဓာကိုယ်ကျန်းမာခြင်းထက်ပို၍ ကောင်းသောကယ်တင်ခြင်းကိုပေးတော်မူ၏။

ကျမ်းပြုဆရာတို့သည် ယေရှုအားအပြစ်ရှာကြ၏။ "ဘုရားသခင်မှတပါး အဘယ်သူသည် အပြစ်ကိုလွှတ်နိုင်သနည်း" ဟုဆိုလျက် သူတို့က ယေရှုသည်ဘုရားကိုလွန်ကျူး၏ဟု မှတ်ယူကြပါ (မာကု ၂း၇)။ ထိုသို့သော သူတို့၏စိတ်အတွေးကို ယေရှုသည်သိတော်မူ၏။ ဤအမှုက ယေရှုသည် အရာခပ်သိမ်းကိုသိတော်မူသော ဘုရားဖြစ်ကြောင်း ထင်ရှားစေပါသည်။ ထို့ပြင် ယေရှုသည် လူသားတစ်ရာမှတစ်ရာဖြစ်၍ဘုရားတစ်ရာမှာတစ်ရာဖြစ်တော်မူကြောင်း ထင်ရှားစေပါသည်။ အရာခပ်သိမ်းကို သိတော်မူခြင်းဖြင့် ယေရှုက မိမိသည်ဘုရားသခင်ဖြစ်ကြောင်း သက်သေပြသည်သာမက၊ အပြစ်ကို လွှတ်စေနိုင်တော်မူသောသူဖြစ်ကြောင်း ဖော်ပြခြင်းဖြင့် သူ၏ဘုရားဖြစ်ခြင်းကိုထပ်၍ သက်သေပြ ခဲ့ပါသည် (မာကု ၂း၈-၁၂)။

**ဆင်ခြင်ရန်** - ခွင့်လွှတ်ခြင်းသည် "နင်းခြေခြင်းခံရစဉ် ထွက်ပေါ်လာသောပန်း၏ သင်းရနံ့ဖြစ်ပါ သည်"။

**ဆုတောင်းချက်-** (ဘုရားသခင်အပေါ် သံသယရှိနေပါသလား။ ခိုင်မာသောယုံကြည်ခြင်းနှင့်ခွင့်လွှတ်ခြင်းစိတ်သဘောကို တောင်းလျှောက်ပါလော့)။

အင်္ဂါ၊ ဇန်နဝါရီ (၁၁)
**မာကု ၂း၈-၁၂**
ရောမ ၁း၁၆

*“လူသားသည်မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည်. . . ”*

# အပြစ်လွှတ်ပိုင်ခြင်း

“လူသားသည် မြေကြီးပေါ်မှာအလွှတ်ပိုင်သည်ကို သင်တို့သိစေခြင်းငှါထလော့။ ကိုယ်အိပ်ရာကိုဆောင်၍ ထိုအိမ်သို့သွားလော့ဟု သင့်အားငါဆိုသည်ဟု လက်ခြေသေသောသူအား မိန့်တော်မူ၏။ ထိုသူသည်လည်းချက်ချင်းထ၍ အိပ်ရာကိုဆောင်လျက် လူအပေါင်းတို့ရှေ့မှာထွက်သွား၏။ ထိုလူအပေါင်းတို့သည် မိန်းမောတွေဝေခြင်းရှိ၍ ဤကဲ့သို့တစ်ခါမှ မမြင်စဖူးဟုပြောဆို၍ ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြ၏” (မာကု ၂း၁၀-၁၂)။

ယေရှုကမိမိသည် အပြစ်လွှတ်ပိုင်တော်မူကြောင်းသက်သေပြခဲ့ပါသည်။ အကြောင်းမှာသူသည်ဘုရားသခင်အမှန်ဖြစ်တော်မူ၏။ ထိုသို့ပြုခြင်းမှာ ကျမ်းပြုဆရာတို့ကသူတို့စိတ်ထဲ၌ “ဘုရားသခင်မှတပါးအဘယ်သူသည် အပြစ်လွှတ်နိုင်သနည်း” (မာကု ၂း၇)ဟုဆိုကြခြင်းကို တုံ့ပြန်ခြင်းဖြစ်ပါသည်။ ယေရှုကမိမိ၏ဘုရားဖြစ်ခြင်းကိုအရာခပ်သိမ်းသိတော်မူခြင်းဖြင့် သက်သေပြခဲ့ပြီးပါပြီ။ ယခုတွင်သူ၏ဘုရားဖြစ်ခြင်းကို သူ၏အနန္တတန်ခိုးတော်အားဖြင့် ပြတော်မူမည်ဖြစ်၏။

ယေရှုကကျမ်းပြုဆရာတို့အား “ လက်ခြေသေသောသူအား အဘယ်စကားကိုသာ၍ပြောလွယ်သနည်း။ သင်၏အပြစ်ကိုလွှတ်စေပြီဟုပြောလွယ်သလော။ သင်ထလော့၊ ကိုယ့်အိပ်ယာကိုဆောင်၍ပြောလွယ်သလော” (မာကု ၂း၉) ဟုဆိုခဲ့ပါသည်။ အမှန်မှာ သင်၏“အပြစ်ကိုလွှတ်စေပြီ” ဟုဆိုခြင်းသည်ပို၍ လွယ်ကူပါသည်။ သို့သော်လည်း၊ အဖြစ်အမှန်တကယ်လွှတ်ခြင်းရှိမရှိ ဘယ်သူသိနိုင်မည်နည်း။ “ထလော့” ကိုယ်အိပ်ယာကိုဆောင်၍ ကိုယ်အိမ်သို့သွားလော့ဟုဆိုခြင်းသည် မဖြစ်နိုင်သောအရာကို ပြုခြင်းဖြစ်ပါသည်။ ထိုသို့အံ့ဖွယ်အမှုအမှန်တကယ်ပြုနိုင်ခြင်းမရှိသော သူကထိုစကားကိုဆိုဝံ့မည်မဟုတ်ပါ။ ထို့ကြောင့်ယေရှုက အနန္တတန်ခိုးရှင်ဖြစ်တော်မူကြောင်း သက်သေပြခြင်းငှါ ထိုလက်ခြေသေသောသူကို ကျန်းမာစေတော်မူပြီး၊ ထိုသို့ပြုခြင်းဖြင့် သူ၏အဖြစ်အမှန်လွှတ်စေကြောင်းလည်းပြသတော်မူခဲ့၏။

ဤအံ့ဖွယ်အမှုမြင်ရသောလူအပေါင်းတို့သည် အံ့သြခြင်းရှိကြ၏။ သို့သော်လည်းဤအမှုကနောင်တရခြင်းနှင့်ယုံကြည်ခြင်းသို့မပို့ဆောင်ခဲ့ပါ။ အကြောင်းမှာသူတို့သည် ယေရှုကိုဝေဖန်ခဲ့ကြပြီ၊ ပြစ်တင်စရာရှာဖွယ်ခဲ့ကြ၏။ (မာကု ၃း၂-၆)ဤအချက်ကလူတို့သည် အံ့ဖွယ်အမှုကြောင့်မဟုတ်ဘဲ၊ ဧဝံဂေလိတရားကြောင့်သာ ပြောင်းလဲကြကြောင်း ပေါ်လွင်စေပါ၏။ ခရစ်တော်၏သတင်းကောင်းသမ္မာတရားကိုယုံကြည်ခြင်းမရှိလျှင်၊ ထိုသို့သောအံ့ဖွယ်အမှုမြင်ရလျှင်လည်း သူတို့သည်ယုံကြည်ခြင်းရှိမည်မဟုတ်ပါ။ “သို့ဖြစ်၍ ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့် ဖြစ်၏။ ကြားနာခြင်းသည်လည်းဘုရားသခင်၏စကားတော်အားဖြင့် ဖြစ်၏” (ရောမ ၁၀း၁၇)။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းငှါ မြင်စရာမလိုပါ။ မြင်ခြင်းငှါ ကျွန်တော်တို့ယုံကြည်ခြင်း ဖြစ်ပါသည်။

**ဆုတောင်းချက်-** (ဘုရားသခင်နှင့် နှုတ်ကပတ်တော်ကိုးစားခြင်းငှါ ယုံကြည်ခြင်းတောင်းလျှောက်၍ ဆုတောင်းပါလော့)။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၁၂)
**မာကု ၂း၁၃-၁၇**
လုကာ ၁၉း၁-၁၀

*"ဖြောင့်မတ်သောသူတို့ကို နောင်တသို့ခေါ်ခြင်းငှါ ငါလာသည်မဟုတ်။ ဆိုးသောသူတို့ကိုခေါ်ခြင်းငှါ ငါလာသတည်း"*

## အပြစ်သားများကိုခေါ်ခြင်း

ကျမ်းပြုဆရာနှင့်ဖာရိရှဲတို့က ယေရှုအားအခွန်မှန်နှင့်အပြစ်သားတို့နှင့်တကွ အတူစားသောက်သောကြောင့် ဝေဖန်ပြစ်တင်ခဲ့ကြ၏ (မာကု ၂း၁၆)။ သို့သော်လည်းအပြစ်မတင်နိုင်ခဲ့ကြပါ။ အကြောင်းမှာ အပြစ်သားတို့ကို ကယ်တင်ခြင်းငှါ ယေရှုကြွလာတော်မူသည်ဖြစ်၍ (၁တိ ၁း၁၅)၊ သူတို့ထံမချဉ်းကပ်ဘဲဖြစ်နိုင်ပါမည်လော့။ ထို့ကြောင့်ယေရှုက " ထိုသို့အခွန်ခံသောသူ၊ ဆိုးသောသူတို့နှင့်အတူ စားတော်မူသည်ကို ကျမ်းပြုဆရာဖာရိရှဲတို့သည် ကျမ်းပြုဆရာဖာရိရှဲတို့သည် မြင်လျှင်၊ ဤသူသည် အခွန်ခံသောသူ၊ ဆိုးသောသူတို့နှင့်အတူအဘယ်ကြောင့် စားသောက်သနည်းဟု တပည့်တော်တို့အားဆိုကြ၏" (မာကု ၂း၁၇)။

အခွန်ခံတို့သည် ရောမအစိုးရ၏အစေခံဖြစ်ကြပါသည်။ ယုဒလူတို့ကသူတို့ကိုသစ္စာဖောက်ဟုသတ်မှတ်ခဲ့ကြ၏။ သူတို့သည်မြို့တံခါးတို့၌ထိုင်၍ အခွန်ကောက်ခဲ့ကြ၏။ ထို့ပြင်သူတို့ဝင်ငွေအဖို့လူတို့ထံမှ ပို၍ကောက်ခဲ့ကြပါသည်။ အပြစ်သားတို့မှာ ဘုရားသခင်၏ပညတ်တော်ချိုးဖောက်သောသူများ၊ လူ့အသက်သတ်သူ၊ ပြည့်တန်ဆာ၊ ဓားပြနှင့်လူ့အမှိုက်များကိုဆိုလိုပါ၏။

တဖက်တွင်ကျမ်းပြုဆရာနှင့်ဖာရိရှဲတို့သည် ယုဒဘာသာရေးခေါင်းဆောင်များဖြစ်၍ ကျမ်းစာသိကျွမ်း၍ သင်ပေးသောသူဖြစ်ကြ၏။ ထို့ကြောင့်လူတို့၏ရိုသေလေးစားခြင်းကို ခံရကြ၏။ သို့သော်လည်း သူတို့သည် မိမိကိုယ်ကိုဖြောင့်မတ်သောသူဟုထင်မှတ်သော သူများဖြစ်ကြပြီး၊ မိမိကိုယ်ကိုလှည့်စားသောသူ ဖြစ်ကြ၏။ မိမိတို့အားသန့်ရှင်းသူဟုမှတ်၍ အခြားသူအပေါင်းကိုအပြစ်သားဟုယူဆကြပါသည်။ အမှန်မှာ သခင်ယေရှု၏အမြင်တွင်သူတို့သည် အခွန်ခံနှင့်အပြစ်သားတို့နှင့်မခြားနားသောသူ ပို၍ဆိုးသောသူဖြစ်ကြပါသည်။ အကြောင်းမှာမိမိကိုယ်ကို ဝိညာဉ်ရေးရာလမ်းပြရှင်ဟုခေါ်ကြပြီး ဝိညာဉ်မျက်စိကန်းသောသူ၊ မာနထောင်လွှားလျက် ဝါကြွားသောသူဖြစ်ကြ၏။ သူတို့သည်နေမကောင်းလျက်ပင် ကျန်းမာသည်ဟုထင်မှတ်ကြ၏။ ထို့ကြောင့်ယေရှု၏မစတော်မူခြင်းကို သူတို့မရရှိနိုင်ပါ။ နေမကောင်းသောသူသည် ဆရာဝန်ကိုသွားတွေ့၍ ကျန်းမာခြင်းရရှိသကဲ့သို့ သူတို့သည် ယေရှုထံချဉ်းကပ်မှသာလျှင် မစတော်မူခြင်းကို ခံရကြမည်ဖြစ်ပါသည်။

မသဲ (လေဝိသား)သည် အခွန်ခံဖြစ်၍ သင်၏အပြစ်ကို သိမြင်လျက်၊ ယေရှုခေါ်တော်မူသောအခါ နောက်လိုက်ခြင်းငှါ အဆင်သင့်ရှိခဲ့ပြီး (မာကု ၂း၁၄)၊ အခွန်ခံ ဇကဲသည်လည်းနောင်တရ၍ မိမိယုံကြည်ခြင်းကိုအလုပ်အားဖြင့် ပြသခဲ့ပါသည်။ မိမိပစ္စည်းဥစ္စာတဝက်ကို ဆင်းရဲသားတို့ထံပေးကမ်း၍ သူလှည့်စားခဲ့သောသူတို့အား လေးဆပြန်၍ပေးခဲ့ပါသည် (လုကာ ၁၉း၂)။

**ဆင်ခြင်ရန်** - အပြစ်သားဖြစ်ကြောင်းမိမိကိုယ်ကို သိမြင်ပါသလား။
**ဆုတောင်းချက်-** (သင့်အပြစ်များကိုခွင့်လွှတ်ဖို့ရန် ဘုရားသခင်ထံဆုတောင်းပါ)။

ကြာသပတေး၊ ဇန်နဝါရီ (၁၃)

**မာကု ၂း၁၅၊ ၁၆**

ယောဟန် ၁၇း၁၁-၁၇

*“အခွန်ခံသောသူ၊ ဆိုးသောသူတို့နှင့်အတူ စားတော်မူသည်”*

# အပြစ်သားတို့ထံ ဧဝံဂေလိတရားဟောခြင်း

အခွန်ခံ၊ လူဆိုးတို့နှင့်စားသောက်ခြင်းကိုပြုလျက် ယေရှုသည်မကောင်းသော ပေါင်းဖော်ခြင်းကိုပြုသည်ဟု ထင်မှတ်နိုင်ပါသည် (မာကု ၂း၁၆)။ သို့ဆိုလျှင် ယေရှုသည် ၁ ကော ၁၅း၃၃ “အလွဲမယူကြနှင့်။ မကောင်းသောသူတို့နှင့်ပေါင်းဘော်ခြင်းအားဖြင့် ကောင်းသောအကျင့်ဓလေ့ယိုယွင်းတတ်၏” ဟူသောတရားကို ဆန့်ကျင်နေပါသလား။ ၁ ကော ၅း၁၁ ၌လည်း ဤသို့ဆိုထားပါသည် “ယခုမူကား ညီအစ်ကိုဟုခေါ်ဝေါ်သောသူသည် မတရားသောမေထုန်၌မှီဝဲခြင်း၊ လောဘလွန်ကျူးခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်း၊ ဆဲရေးကဲ့ရဲ့ခြင်း၊ သေရည်သေရက်နှင့်ယစ်မူးခြင်း၊ အနိုင်အထက်လုယူခြင်းမှစ၍၊ ထိုသို့သောအမှုကိုပြုသောသူနှင့် ပေါင်းဘော်ရသည်သာမက၊ ထိုသူနှင့်အတူ စားသောက်ခြင်းကိစ္စကိုမျှ မပြုရဟု ငါရေးထား၍ပြည်တတ်၏”။ မဆန့်ကျင်ပါ။ ယေရှုသည် သီးခြားနေခြင်းနှင့်သန့်ရှင်းခြင်းပညတ်တရားကို ချိုးဖောက်ဆန့်ကျင်ခြင်းမပြုပါ။ အကြောင်းမှာ သီးခြားနေခြင်းသည် သီးသန့်တကိုယ်တည်းနေခြင်းမဟုတ်ပါ။ ယေရှုကိုယ်တိုင် ခမည်းတော်ထံဆုတောင်း၍ မိမိလူတို့သည် ဤလောက၌နေကြသော်လည်း ဤလောက၏အပိုင်မဟုတ်ကြကြောင်း၊ သူတို့ကို ကွယ်ကာစောင့်ရှောက်ခြင်းငှါ တောင်းလျှောက်ခဲ့ပါသည် (ယောဟန် ၁၇း၁၄၊ ၁၅)။

မှန်ပါ၏။ မကောင်းသောအပေါင်းအသင်းက အကျင့်ကောင်းကိုပျက်စီးစေတတ်ပါ၏။ သို့သော်လည်း၊ ယခုယေရှုအမှုသည် ထိုလူဆိုးတို့ကို လူကောင်းဖြစ်စေခြင်းငှါ - မကျန်းမာသောသူကို ကုသခြင်းဖြင့် သူတို့ထံချဉ်းကပ်ခြင်းဖြစ်ပါသည် (မာကု ၂း၁၇)။ ထို့ပြင် ယေရှုသည် အခွန်ခံနှင့် လူဆိုးတို့၏အကျင့်ကို ထောက်ခံအားပေးခြင်းမပြုပါ။ သူတို့အား နောင်တရခြင်းငှါ မိန့်တော်မူ၏ (မာကု ၁း၁၅)။

သို့ဆိုလျှင်၊ အရက်သောက်ခြင်းပါဝင်နိုင်သောမယုံကြည်သူအသိမိတ်ဆွေ၏ မင်္ဂလာဆောင်ပွဲသို့ကျွန်တော်တို့ သွားသင့်ပါသလား။ အဖြေမှာ၊ သွား၍ရပါ၏။ သို့သော်လည်း၊ အရက်မသောက်ရပါ။ အဘယ့်ကြောင့် မသောက်သနည်းဟု မေးလာသောအခါ၊ သင်၏ယုံကြည်ခြင်းအသက်တာကို သက်သေခံလျက်၊ ဧဝံဂေလိတရားကိုပြောပြပါလော့။ ယေရှုသည် အခွန်ခံ၊ လူဆိုးတို့နှင့်စားသောက်သော်လည်း၊ သမ္မာကျမ်းစာတားမြစ်ထားသောအရက်သေစာကို မသောက်သုံးခဲ့ကြောင်းတွေ့ရပါသည်။ “စပျစ်ရည်သည်လှည့်စားတတ်၏။ သေရည်သေရက်သည် ရန်းရင်းခတ်ပြုခြင်းအမှုကို ဖြစ်စေတတ်၏။ ထိုသို့သောအားဖြင့် မှားယွင်းသောသူသည် ပညာမရှိ” (သုတ္တံ ၂ဝး၁)။ ယေရှု ဤလောက၌ကျင်လည်သောအချိန်တွင် တွေ့ရသောစပျစ်ရည်သည် အယ်ကိုဟောပါဝင်သည်ဟု တထစ်ချဆို၍မရပါ။ အကြောင်းမှာ ထိုအချိန်၌ အယ်ကိုဟောမပါဝင်သောစပျစ်အချိုရည်များရှိခဲ့ပါသည်။ ပေါလုက ၁ ကော ၅း၉၊ ၁၀ တွင်ဤသို့ရေးသားပါသည် - “သင်တို့သည်မတရားသောမေထုန်၌မှီဝဲသောသူတို့နှင့် မပေါင်းဘော်မည်အကြောင်း၊ အထက်ဩဝါဒစာ၌ ငါရေးထားခဲ့ပြီ။ ထိုသို့ရေးထားသော်၊ မတရားသောမေထုန်၌မှီဝဲခြင်း၊ လောဘလွန်ကျူးခြင်း၊ အနိုင်အထက်လုယူခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်းအမှုကို ပြုသောလောကီသားတို့နှင့်အလျှင်း မပေါင်းဘော်ရဟု မဆိုလို။ ထိုသို့ဆိုလျှင်၊ သင်တို့သည်လောကီမှထွက်သွားရကြမည်”။ ဤလောက၌ကျွန်တော်တို့ရှိနေကြသော်လည်း၊ လောကီလူတို့ကဲ့သို့မနေရဘဲ၊ ဘုရားသခင်၏သန့်ရှင်းသူတို့ဖြစ်ကြသည်အတိုင်း ဧဝံဂေလိတရားဟောပြော၍ သက်သေခံကြပါစို့။

**ဆင်ခြင်ရန်** - (David Brumbelow's Ancient Wine & the Bible (Georgia: Free Church Press,2011)) ကိုဖတ်ပါ။

**ဆုတောင်းချက်-** ထာဝရဘုရား၊ ကိုယ်တော်အတွက် ကောင်းသောသက်သေဖြစ်လိုပါ၏။

**မာကု ၂း၁၈-၂၂**
ရောမ ၃း၂၄-၂၈

*“ဟောင်းသောသားရေဘူး၌ အသစ်သောစပျစ်ရည်ကိုထည့်လေ့မရှိ”*

# အဟောင်းနှင့်အသစ်

“ဝိုင်းနည်းဟောင်းသောသားရေဘူး၌ အသစ်သောစပျစ်ရည်ကိုထည့်လေ့မရှိ၊ ထိုသို့ထည့်လျှင် အသစ်သောစပျစ်ရည်သည် သားရေဘူးကိုဆုတ်ခွဲသဖြင့် စပျစ်ရည်သည်ယို၍ သားရေဘူးသည်လည်း ပျက်စီးတတ်၏။ အသစ်သောစပျစ်ရည်ကို အသစ်သောသားရေဘူး၌ထည့်ရသည်ဟု မိန့်တော်မူ၏” (မာကု ၂း၂၂)။ ယေရှုဆိုလိုသည်မှာ ဟောင်းသောသားရေဘူးသည် အသစ်သောစပျစ်ရည်အတွက် မသင့်တော်ကြောင်းဖော်ပြခြင်းဖြစ်ပါသည်။ သို့မဟုတ်လျှင် အသစ်သောစပျစ်ရည်က ထိုသားရေဘူးကိုဆုတ်ခွဲ၍ နှစ်ခုစလုံးပျက်စီးမည်ဖြစ်ပါသည်။ ရှေးအချိန်၌ယနေ့ကဲ့သို့ ပုလင်းကိုမသုံးဘဲ စပျစ်ရည်ထားရန်သားရေဖြင့်ပြုလုပ်သော ဘူးကိုအသုံးပြုခဲ့ကြကြောင်း နားလည်ကြပါစို့။ အသစ်သောစပျစ်ရည်ကို အသစ်သောသားရေဘူး၌ထည့်ရပါမည်။

သို့ဆိုလျှင် ဤစပျစ်ရည်နှင့်သားရေဘူးက ဘယ်အရာကိုရည်ညွှန်းကိုယ်စားပြုပါသနည်း။ အသစ်သောစပျစ်ရည်သည် ယေရှုခရစ်တော်၏သတင်းကောင်းဖြစ်၍၊ ဟောင်းသောသားရေဘူးသည် ကျမ်းပြုဆရာနှင့်ဖာရိရှဲတို့၏နည်းဥပဒေသအတိုင်း ကျင့်ခြင်းကိုဆိုလိုပါ၏။ ကယ်တင်ခြင်းသည် အလုပ်အားဖြင့်မဟုတ်ဘဲ၊ ခရစ်တော်၌ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြစ်၏ဟူသော သတင်းကောင်းကိုယေရှုယူဆောင်လာခဲ့ပါသည် (ရောမ ၃း၂၄-၂၈)။ သတင်းကောင်းသည် ကျမ်းပြုဆရာနှင့်ဖာရိရှဲတို့သွန်သင်ချက်ဖြစ်သော၊ ကယ်တင်ခြင်းသည် အလုပ်အားဖြင့်ဖြစ်သည်ဟူသော၊ ထိုဟောင်းသော လူ့နည်းဥပဒေနှင့်လုံးဝကိုက်ညီခြင်းမရှိပါ။

ထို့ပြင်၊ ဝိညာဉ်တော်အားဖြင့် ဒုတိယမွေးခြင်းခံရသောသူတို့သည် ပဋိညာဉ်သစ်မှာတရားကို ယုံကြည်ခြင်းအားဖြင့် လက်ခံရယူကြရပါမည်။ “ဇာတိပကတိလူသည် ဘုရားသခင်၏ဝိညာဉ်တော်အရာတို့ကို မခံမယူ။ ထိုအရာတို့သည်မိုက်မဲသောအရာဖြစ်သည်ဟု ထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာပိုင်းခြား၍ နားလည်နိုင်သောကြောင့်၊ ဇာတိပကတိလူသည် နားမလည်နိုင်” (၁ ကော ၂း၁၄)။ “အကြောင်းမူကား၊ ဇာတိပကတိနှင့်ဝိညာဉ်ပကတိသည် တပါးနှင့်တပါးဆန့်ကျင်သောအလိုရှိကြ၏။ တပါးနှင့်တပါးဆန့်ကျင်ဘက်ဖြစ်၍၊ သင်တို့သည် ကျင့်ချင်သောအကျင့်ကို မကျင့်နိုင်ကြ” (ဂလာတိ ၅း၁၇)။ အသစ်သော၊ ကောင်းသော၊ ဝိညာဉ်ပကတိကိုလက်ခံခြင်းငှါ၊ အပြစ်လူဟောင်းနှင့်လောကီအရာကို အရင်စွန့်ပစ်ရပါမည်။ “လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည်ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ” (၂ ကော ၅း၁၇)။

**ဆင်ခြင်ရန်** - ယေရှုယူဆောင်လာသောအသစ်သောအရာသည် အမှန်ကောင်းသော ရွေးဟောင်းပစ္စည်းဖြစ်ပါ၏။

**ဆုတောင်းချက်-** “အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌ စင်ကြယ်သောနှလုံးကိုဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သောသဘောကို အသစ်ပြုပြင်တော်မူပါ” (ဆာလံ ၅၁း၁၀)။

စနေ၊ ဇန်နဝါရီ (၁၅)
**မာကု ၂း၂၃-၂၈**
ထွက် ၂၀း၈-၁၁

*"လူသားသည် ဥပုသ်နေ့ကိုပင် အစိုးရသည်ဟုမိန့်တော်မူ၏"*

# ဥပုသ်နေ့၏အရှင်သခင်

ဖာရိရှဲတို့က ယေရှုနှင့်သူ၏တပည့်တော်တို့အား ဥပုသ်နေ့ကိုချိုးဖောက်ကြသည်ဟု အပြစ်တင်ခဲ့ကြ၏။ ဖာရိရှဲတို့ခံယူသောလူ့နည်းဥပဒေသအရ တပည့်တော်တို့သည် စပါးအသီးအနှံကို လက်ဖြင့်ဆွတ်ယူလျက် ပွတ်ခဲ့ကြခြင်း၌ဥပုသ်နေ့တွင် မပြုရဟု တားမြစ်ထားသောအလုပ် ၃၉ တွင် ၂ ခုကိုချိုးဖောက်ခဲ့ကြ၏။ မိမိတပည့်တော်တို့က ထိုသို့ပြုကြသည်ကို မတားသောကြောင့် ယေရှုသည်လည်း အပြစ်ရှိ၏ဟု မှတ်ယူကြပါသည်။ သူ၏တပည့်တို့သည် ဆာလောင်သောကြောင့် စပါးနှံကို စားခြင်းငှါ ဆွတ်ယူကြခြင်းဖြစ်၍၊ ထိုသို့ပြုခြင်းကိုခွင့်ပြုသောသခင်သည် အမှားကျူးလွန်ပါသလား။

ယေရှုနှင့်သူ၏တပည့်တော်တို့သည် ဥပုသ်နေ့တရားကို လုံးဝမချိုးဖောက်ခဲ့ပါ။ သူတို့ချိုးဖောက်ဆန့်ကျင်သောအရာမှုကား၊ သမ္မာကျမ်းစာပြင်ပ၌ လူတို့ပြဋ္ဌာန်းသော ဖာရိရှဲတို့၏မိုက်မဲသော နည်းဥပဒေသများသာဖြစ်ပါသည် (နှိုင်း - လုကာ ၁၁း၄၆)။ ဖာရိရှဲတို့၏ပြစ်တင်စွပ်စွဲချက်ကို ယေရှုက ယဇ်ပုရောဟိတ်တို့သာ စားခွင့်ရှိသောရှေ့တော်မုန့်ကို စားခဲ့သော ဒါဝိတ်ကိုဥပမာပြု၍ ချေပတော်မူခဲ့ပါသည်။ ဒါဝိတ်သည် ဆာလောင်သည်ဖြစ်၍ ယဇ်ပုရောဟိတ်အဗျာသာက ပညတ်တရားကိုကောင်းကောင်းသိသော်လည်း၊ သူတို့၏ဝမ်းဗိုက်ကိုဖြည့်ခြင်းငှါ ဒါဝိတ်နှင့်သူ့လူတို့က တားမြစ်ထားသောမုန့်စားကြသည်ကို မတားမြစ်ခဲ့ပါ (၁ ရာ ၂၁း၁-၆၊ နှိုင်း - ဝတ် ၂၄း၉)။ အဗျာသာသည် ဝတ်ပြုရာကျမ်း ၂၄း၉ ထဲမှ ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သော ပညတ်တရားကို "ချိုးဖောက်" ခဲ့သော်လည်း၊ အပြစ်တင်ခွင့်နှင့်လွတ်ခဲ့ပါသည်။ ထိုနည်းတူ ဒါဝိတ်သည်လည်း ထိုမုန့်ကိုစားခြင်းဖြင့် ထိုပညတ်တရားကို "ချိုးဖောက်" ခဲ့သော်လည်း၊ အပြစ်တင်ခွင့်နှင့်ကင်းလွတ်ခဲ့ပါသည်။ ထို့ကြောင့် အဗျာသာနှင့်ဒါဝိတ်တို့သည် အပြစ်တင်ခွင့်မှလွတ်ခဲ့ကြလျှင်၊ ယဇ်ပုရောဟိတ်အကြီးဖြစ်သော၊ ပို၍ကြီးမြတ်သော ဒါဝိတ်တည်းဟူသောယေရှုသည် မည်သို့အပြစ်တင်ခြင်းကိုခံရနိုင်မည်နည်း။ ထို့ပြင်၊ ယေရှုကိုယ်တိုင်သည် ဥပုသ်နေ့၏အရှင်သခင်ဖြစ်တော်မူ၏(မာကု ၂း၂၈)။

**ဆင်ခြင်ရန်** - လိုအပ်ချက်တရားသည် ဘာသာရေးတရားအထက်၌ရှိ၏။
**ဆုတောင်းချက်-** ထာဝရဘုရား၊ ဥပုသ်နေ့၌ ကိုယ်တော်ကိုဝတ်ပြုကိုးကွယ်လျက်၊ ကောင်းသောအမှုကို ကျွန်တော်ပြုပါမည်။

တနင်္ဂနွေ၊ ဇန်နဝါရီ (၁၆)

**မာကု ၂း၂၃-၂၈**

ကောလော ၂း၁၆

*"ဥပုသ်နေ့သည် လူအဘို့ဖြစ်၏။*
*လူသည်ဥပုသ်နေ့အဘို့ ဖြစ်သည်မဟုတ်"*

# ဥပုသ်နေ့သည်ဘယ်သူ့အဘို့ဖြစ်သနည်း

ယေရှုသည် ဘုရားသခင်ပေးတော်မူသောဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ ပညတ်တရားများကို ဆန့်ကျင်ခြင်းမဟုတ်ဘဲ၊ ကျမ်းပြုဆရာတို့ပြဋ္ဌာန်းသော ထုံးတမ်းစဉ်လာများကိုဆန့်ကျင်ခြင်းဖြစ်ပါသည်။ ဖာရိရှဲတို့၏စွပ်စွဲချက်တို့သည် အခြေအမြစ်မရှိသောစွပ်စွဲချက်ဖြစ်ပါသည်။ ယေရှုသည် ပညတ်တရားကိုပြဋ္ဌာန်းတော်မူသောသူဖြစ်သည်နည်းတူ၊ ထိုပညတ်တရားကို မချိုးဖောက်ဘဲ စုံလင်စွာလိုက်လျှောက်တော်မူခဲ့ပါသည်။

ယေရှုသည် ဥပုသ်နေ့စောင့်ခြင်းနှင့်ပတ်သက်၍ ဤသို့အံ့ဖွယ်ဥပဒေသကို ပြဋ္ဌာန်းတော်မူခဲ့ပါသည် - "ထိုမှတပါး ဥပုသ်နေ့သည်လူအဘို့ဖြစ်၏။ လူသည်ဥပုသ်နေ့အဖို့ဖြစ်သည်မဟုတ်" (မာကု ၂း၂၇)။ ဆိုလိုသည်မှာ ဥပုသ်နေ့သည် လူ့အကျိုးအတွက် သတ်မှတ်ခြင်းဖြစ်ပါသည်။ ဥပုသ်နေ့သည် လူတို့အတွက် ဝန်ထုပ်ဝန်ပိုးအဖြစ်သတ်မှတ်ခြင်းမဟုတ်ဘဲ၊ လူ့အကျိုးအတွက်ဖြစ်ပါသည်။ ထို့ကြောင့် ဥပုသ်နေ့နှင့်ပတ်သက်၍ လူတို့ပြဋ္ဌာန်းသောဥပဒေတို့သည် ဘုရားသခင်၏ရည်ရွယ်ချက်ကိုဆန့်ကျင်လျက်ရှိပါ၏။ ယနေ့၌လည်း တနင်္ဂနွေနေ့၌ အပြင်တွင်စားသောက်ခြင်းသည် ဥပုသ်နေ့ပညတ်တရားကိုချိုးဖောက်ခြင်းဖြစ်သည်ဟုဆိုသော ခေတ်သစ်ဖာရိရှဲများရှိကြ၏။ ခရစ်ယာန်တို့သည် စားသောက်ဆိုင်၌ မစားသောက်ရ၊ မိမိအိမ်၌သာ စားသောက်ရမည်ဟုဆိုကြ၏။ ဥပုသ်နေ့၌ ခရစ်ယာန်တို့သည် မယုံကြည်သူတို့ချက်ပြုတ်သောအစားအစာကို စားသုံးလျှင် ဥပုသ်နေ့ကိုညစ်ညူးစေခြင်းဖြစ်သည်ဟု ဆိုကြ၏။ အကြောင်းမှာ ခရစ်ယာန်တို့ကမယုံကြည်သူတို့ကို ဥပုသ်နေ့၌ ချက်ပြုတ်စေသောကြောင့်ဟုဆိုကြ၏။ ခရစ်ယာန်တို့စားသည်ဖြစ်စေ၊ မစားသည်ဖြစ်စေ၊ မယုံကြည်သူတို့သည် သူတို့၏စားသောက်ဆိုင်ကိုဖွင့်ကြမှာဖြစ်ပါသည်။ တနင်္ဂနွေနေ့၌ မိမိ၏ချစ်ဇနီးကို ပင်ပန်းစွာမချက်ပြုတ်စေဘဲ၊ အပြင်၌စားကောင်းသောက်ဖွယ်သုံးဆောင်ခြင်းငှါ ယောကျ်ားများက မိမိဇနီးကိုခေါ်ခြင်းသည်မှားပါသလား။ လုံးဝမမှားပါ။

Calvin က ဤသို့ဖော်ပြခဲ့ပါသည် - "ဥပုသ်နေ့ကိုဘုရားသခင်က လူ့အကျိုးအတွက်သတ်မှတ်သည်ဖြစ်သောကြောင့်၊ လူ့အကျိုးဖျက်ဆီးခြင်းဖြစ်စေခြင်းသည် မှားပါ၏။ ဖာရိရှဲတို့က ခရစ်တော်၏တပည့်တို့သည် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ကြကြောင်းတွေ့၍၊ ထိုသို့ခရီးပင်ပန်းသောကြောင့် ဆာလောင်ခြင်းရှိကြပြီး အနည်းငယ်သော စပါးနှံဖြင့်မိမိကိုယ်ကို အားအင်ဖြည့်ကြသောအခါ သူတို့သည် ဒေါသထွက်ခဲ့ကြ၏။ ဒုက္ခခံစေခြင်းငှါ ဘုရားသခင်က ဥပုသ်နေ့ကိုစောင့်စေခြင်းမဟုတ်သောကြောင့်၊ ထိုသို့ သူတို့ဒေါသထွက်ခြင်းသည် ဘုရားသခင်၏ အလိုတော်ကို မသိမှုခြင်းပြုခြင်းဖြစ်ပါ၏"။ ဤဖော်ပြချက်သည် မှန်သောတရားဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဥပုသ်နေ့၌အပြင်ထွက်မစားသောသူတို့ကို အပြစ်တင်စရာမလိုပါ။ ထိုနည်းတူ ထွက်စားသောသူတို့ကိုအပြစ်တင်စရာမလိုပါ။

**ဆုတောင်းချက်-** ထာဝရဘုရား၊ ဥပုသ်နေ့ပညတ်တရားကို လူ့အကျိုးနှင့်ကိုယ်တော်၏ဘုန်းတော်အဖို့ အသုံးပြုခြင်းငှါ ဉာဏ်ပညာပေးသနားတော်မူပါ။

တနင်္လာ၊ ဇန်နဝါရီ (၁၇)
**မာကု ၃း၁-၆**
ကောလော ၂း၁၆

*“ဥပုသ်နေ့၌ ကျေးဇူးပြုအပ်သလော၊ သူ့အကျိုးကိုဖျက်ဆီးအပ်သလော. . . ”*

## ကောင်းသောအမှုပြုသော်လည်း၊ အကောင်းပြောခြင်းမခံရပါ

တရုတ်စကားပုံတခုရှိပါသည် -“သူတပါးကို သင်ကူညီသော်လည်း၊ အကောင်းပြောခြင်းမခံရပါ”။ ဤကဲ့သို့ သခင်ယေရှုကြုံတွေ့ခဲ့ရပါသည်။ ကောင်းသောအမှုများစွာပြုတော်မူခဲ့သော်လည်း၊ လူတို့၏ကဲ့ရဲ့ပြစ်တင်မှုကိုသာ ခံခဲ့ရ၏။

တဖန် ယေရှုသည်ဥပုသ်နေ့၌ ကောင်းသောအမှုကိုပြုခဲ့ပါသည်။ လက်တစ်ဖက်သေသောသူကိုကျန်းမာစေတော်မူခဲ့၏။ ကျမ်းပြုဆရာနှင့်ဖာရိရှဲတို့က သူ့ကိုအပြစ်တင်စရာရှာခြင်းငှါ စောင့်ကြည့်နေကြ၏။ ဥပုသ်နေ့၌အသက်ကယ်တင်ခြင်းကို သူတို့ကအပြစ်ဟု သတ်မှတ်ခဲ့ကြပါသည်။ ကောင်းမှုပြုတော်မူသောကြောင့် ယေရှုကိုအသေသတ်လိုကြ၏။ ထိုမျှလောက် သူတို့သည်ဆိုးသွမ်းခဲ့ကြပါသည်။

ယေရှုက (၁) မိမိသည်ဘုရားသခင်ဖြစ်တော်မူကြောင်း (အပြစ်ခွင့်လွှတ်ပိုင်သောသူ)ကိုငင်း၊ (၂) မိမိသည် သူတို့၏မေရှိယဖြစ်ကြောင်းကိုငင်း၊ (၃) မိမိသည်သူတို့၏ကယ်တင်ရှင်ဖြစ်ကြောင်းကိုငင်း၊ (၄) မိမိသည် ဥပုသ်နေ့နှင့်ပညတ်တရားကို ပြဋ္ဌာန်းတော်မူသောအရှင်ဖြစ်ကြောင်း သက်သေပြတော်မူခဲ့ပါသည်။ သို့သော်လည်း သူတို့သည်ယေရှုကိုမယုံကြည်ခဲ့ကြပါ။ ထိုသို့မယုံကြည်ကြသည်သာမက ယုံကြည်မည့်သူအပေါင်းကို တတ်နိုင်သမျှဆီးတားခဲ့ကြ၏။

ထိုသို့ဆန့်ကျင်ခဲ့ကြသော်လည်း ယေရှုသည် သမ္မာတရားကိုမကွယ်ဝှက်ဘဲဖော်ပြတော်မူခဲ့ပါသည်။ သမ္မာတရားသည်အလင်းဖြစ်၍ အမှောင်ကိုဖြိုခွင်းတော်မူ၏။ ယေရှုက “ဥပုသ်နေ့၌ ကျေးဇူးပြုအပ်သလော၊ သူ့အကျိုးကိုဖျက်ဆီးအပ်သလော” ဟု မေးသောအခါ သူတို့ဘာမှအဖြေမပေးနိုင်ကြပါ။ ကျေးဇူးပြုအပ်သည်ဟုဖြေကြလျှင် ယေရှုကအနိုင်ရမည်ဖြစ်ပြီး၊ သူ့အကျိုးကိုဖျက်ဆီးအပ်သည်ဟုဖြေပြန်လျှင် သူတို့သည်မိုက်မဲသောသူဖြစ်ကြပါလိမ့်မည်။ ထို့ကြောင့် အကောင်းဆုံးသောအရာကား အစဉ်သဖြင့်ယေရှုကိုထောက်ခံဖို့ပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - “ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော်အသံကိုကြားလျက်ရှိသည်ဖြစ်၍. . . ခိုင်မာသောစိတ်နှလုံးမရှိကြနှင့်. . . ” (ဟေဗြဲ ၃း၁၅)။
**ဆုတောင်းချက်-** ထာဝရဘုရား၊ ကိုယ်တော်ကိုစိတ်နှလုံးအကြွင်းမဲ့ကျွန်တော်ယုံကြည်ကိုးစားပါ၏။

အင်္ဂါ၊ ဇန်နဝါရီ (၁၈)
**မာကု ၃း၇-၁၂**
၁ တိ ၃း၁၆

*"ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်"*

# ယေရှုသည် ဘုရားသခင်ဖြစ်တော်မူသလော

ဟုတ်ပါသည်၊ ယေရှုသည် ဘုရားသခင်ဖြစ်တော်မူ၏။ သို့သော်လည်း လူတိုင်းကမယုံကြည်ကြပါ။ ယေရှုသည် မိမိ၏အမှုတော်ပြုခြင်းကြောင့် ဂ္ဂလိလဲနှင့်ဂ္ဂလိလဲပြင်ပ၌ပင် လူသိများလာခဲ့ပါသည်။ နတ်ဆိုးတို့ကပင် သုံးပါးတဆူဘုရားသခင်၏ဒုတိယပုဂ္ဂိုလ်ဖြစ်တော်မူသောယေရှုကို ဘုရားသခင်၏သားတော်ဖြစ်ကြောင်း သိကြခြင်းမှာမှတ်သားလောက်ပါ၏။ "ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်" (မာကု ၃း၁၁) ဟု လူတို့ရှေ့၌ကြွေကြော်ခဲ့ကြပါသည်။ သို့သော်လည်း ယေရှုက "သတင်းတော်ကိုမပွင့်စေမည်အကြောင်း သူတို့အား ကြပ်တည်းစွာပညတ်တော်မူ၏" (မာကု ၃း၁၂)။ အဘယ့်ကြောင့်နည်း။

ရှေးဦးစွာသိထားရမည်မှာ ယေရှုသည် ဘုရားသခင်ဖြစ်လာသည်မဟုတ်ဘဲ၊ သူသည် ဘုရားသခင်ဖြစ်တော်မူ၏။ သူသည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့၌ပင် ထာဝရဘုရားသခင်ဖြစ်တော်မူ၏ (ယောဟန် ၁း၁၊ ၁၄၊ ၁ တိ ၃း၁၆)။ လီဘရယ်နှင့်ခေတ်သစ်ကျမ်းတတ်ပုဂ္ဂိုလ်တို့က ဤတရားကို ဆန့်ကျင်ခဲ့ကြ၏။ ဤအရာ၌သူတို့ထက် နတ်ဆိုးတို့သည်ပို၍တော်ကြပါသည်။ ဤ "ညစ်ညူးသောနတ်တို့သည်" (နှင်ထုတ်ခံကောင်းကင်တမန်များ) ဖန်ဆင်းခြင်းအစကတည်းက ယေရှုဘုရားကိုသိခဲ့ကြပါသည်။

ထို့ကြောင့် ယေရှုသည် ဘုရားသခင်ဖြစ်တော်မူကြောင်း နတ်ဆိုးတို့ဖော်ပြခြင်းသည် မမှားပါ။ သို့သော်လည်း နတ်ဆိုးတို့သည်ဤတရားကို ဟောပြောခွင့်ရှိသည်မဟုတ်ဘဲ၊ ယေရှု၏အသွေးတော်အားဖြင့် သန့်ရှင်းစေခြင်းခံရသောသန့်ရှင်းသူတို့ကသာ ဟောပြောရမည်ဖြစ်သောကြောင့် ယေရှုက ထိုသို့တားမြစ်ခြင်းဖြစ်ပါသည်။

တမန်တော်ပေါလုကလည်း "ဤသူတို့ကား အကျွတ်တရားလမ်းကို ငါတို့အားဟောပြောပြသသောအမြင့်ဆုံးသောဘုရားသခင်၏ ကျွန်ဖြစ်ကြ၏" (တမန် ၁၆း၁၇) ဟုအော်ဟစ်သော နတ်ဝင်ပိုးသောအမျိုးသမီးငယ်ကို ဆီးတားခဲ့ပါသည်။ ထို့ကြောင့် ရှုပ်ထွေးခြင်းမရှိစေခြင်းငှါ ပေါလုက မိန်းမငယ်ထဲမှနတ်ဆိုးကိုနှင်ထုတ်ခဲ့ပါသည်။ ဧဝံဂေလိတရားဟောခြင်း၌ နတ်ဆိုးတို့သည် ကူညီမှုမပေး၊ ဆီးတားမှုကိုသာပြုကြ၏။ ထို့ကြောင့် ဧဝံဂေလိတရားဟောခြင်း၌ လူတို့က ဘုရားသခင်နှင့်စာတန်သည် အတူတကွအမှုပြုကြသည်ဟု မထင်မှတ်စေခြင်းငှါ ထိုသို့နတ်ဆိုးတို့ကို ဆီးတားခြင်းဖြစ်ပါသည်။

"ထာဝရဘုရား၏တောင်တော်ပေါ်သို့ အဘယ်သူသည်တက်ရမည်နည်း။ သန့်ရှင်းရာဌာနတော်၌အဘယ်သူသည်ရပ်နေရမည်နည်းဟူမူကား သန့်ရှင်းသောလက်နှင့်ဖြူစင်သောနှလုံးရှိသောသူ၊ မုသားကိုမမှီဘဲ မဆည်းကပ်၊ မမှန်သောကျိန်ဆိုခြင်းကိုမပြုသောသူသည် ထာဝရဘုရား၏လက်တော်မှ ကောင်းကြီးမင်္ဂလာကိုငင်း၊ ကယ်တင်တော်မူသောဘုရားသခင်၏လက်တော်မှ ဖြောင့်မတ်ခြင်းတရားကိုငင်း ခံရလိမ့်မည်" (ဆာလံ ၂၄း၃-၅)

**ဆင်ခြင်ရန်** - ခရစ်တော်အတွက် သံတမန်ဖြစ်ရသောအခွင့်သည် အလွန်ထူးမြတ်လှပါသည်။
**ဆုတောင်းချက်-** ထာဝရဘုရား၊ ကိုယ်တော်၏သက်သေဖြစ်ရသောအခွင့်ကြောင့် ကျေးဇူးတင်ပါ၏။

# တရားဟောခြင်းငှါခန့်ထားတော်မူခြင်း

နတ်ဆိုးတို့သည် ညစ်ညူးသောသူများဖြစ်သောကြောင့် တရားမဟောခြင်းငှါ တားမြစ်ထားခြင်းခံရကြ၏။ သို့ဆိုလျှင် ခရစ်တော်အကြောင်းကို ဘယ်သူဟောပြောကြရမည်နည်း။ မာကု ၃း၁၃-၁၅ ထဲတွင်၊ နတ်ဆိုးတို့မဟုတ်ဘဲ၊ ဘုရားသခင်ကိုယ်တိုင်က သန့်ရှင်းစေတော်မူ၍ ခန့်ထားတော်မူသောသူတို့ကဟောပြောကြရမည်ဟု ဖော်ပြခဲ့ပါသည်။

ယေဘုယျအားဖြင့်၊ ခရစ်တော်၏သတင်းကောင်းကိုခရစ်ယာန်အားလုံးဟောပြောခြင်းငှါ တိုက်တွန်းထားပါသည် (မသဲ ၂၈း၁၈-၂၀၊ တမန် ၁း၈)။ သို့သော်လည်း၊ တရားဟောခြင်းအမှုတော်၌ အချိန်ပြည့်တာဝန်ထမ်းရွက်ခြင်းငှါ အထူးခေါ်ခြင်းခံရသောသူတို့ရှိပါသည်။ ဤတရားကိုဆယ့်နှစ်ပါးခေါ်ခြင်း၌ တွေ့ရပါသည်။ အချိန်ပြည့်အမှုတော်ဆောင်ခြင်းငှါ ခေါ်ခြင်းခံရသည်ကို မည်သို့သိနိုင်ပါမည်နည်း။

ဘုရားသခင်၏ခေါ်ခြင်းကို ဆီးတားမရဖြစ်၍ ထိုအမှုပြုခြင်းငှါ ဆုံးဖြတ်ချက်ခိုင်မာစွာချမှတ်ခြင်းတို့၌ ကျွန်တော်တို့သည် အချိန်ပြည့်အမှုတော်ဆောင်ခြင်းငှါ ခေါ်ခြင်းခံရသည်ဟု သိမှတ်နိုင်ပါသည် (မာကု ၃း၁၃)။ အမှုတော်ဆောင်ခြင်းငှါ မိမိကိုယ်ကိုခေါ်ခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ခေါ်ခြင်းခံရခြင်းဖြစ်ပါသည်။ ဘုရားသခင်က သင့်ကိုခေါ်တော်မူလျှင် သင်ငြင်းဆန်၍မရပါ၊ လက်ခံရပါမည် - “အထံတော်သို့လာကြ၏”။ ဤခေါ်ခြင်းသည် ကယ်တင်ခြင်း၌လည်း ထိုသို့ဖြစ်၍၊ အမှုတော်ဆောင်ခြင်း၌လည်း ထိုသို့ဖြစ်ပါသည်။ “သင်တို့သည် ငါ့ကိုရွေးကောက်ကြသည်မဟုတ်၊ ငါသည် သင်တို့ကိုရွေးကောက်သဖြင့် သင်တို့သည်သွား၍တည်ကြည်သောအသီးကို သီးမည်အကြောင်းနှင့် ငါ့နာမကိုအမှီပြု၍ ခမည်းတော်မှာတောင်းသမျှတို့ကိုရမည်အကြောင်း သင်တို့ကိုငါခန့်ထား၏” (ယောဟန် ၁၅း၁၆)။ ဤအမှုတော်ဆောင်ခြင်း၌ခေါ်ခြင်းကို ဒုတိယအကြိမ်ဒုတိယမွေးခြင်းအတွေ့အကြုံဟု ခိုင်းနှိုင်းဖော်ပြနိုင်ပါသည်။ ထိုခေါ်ခြင်းကို သင်ငြင်း၍မရပါ၊ လက်ခံရပါမည်။ အမှုတော်ဆောင်ခြင်းငှါ သင်သည်စိတ်အားထက်သန်မှုရှိ၍ ဆုံးဖြတ်ချက်ခိုင်မာမှုရှိပါလိမ့်မည်။ သင်ဆီးတား၍ရမည်မဟုတ်ပါ။

ထိုသို့အချိန်ပြည့်အမှုတော်ဆောင်ခြင်း၌ ခေါ်ခြင်းခံရလျှင် သမ္မာတရားအချိန်ပြည့်လေ့လာသင်ကြားခြင်းရှိရမည်ဖြစ်ပါသည် - “ကိုယ်တော်နှင့်အတူရှိနေစေခြင်းငှါလည်း၊ တရားဟောသောအခွင့် . . . နှင့်စေလွှတ်ခြင်းငှါ” (မာကု ၃း၁၄)။ အဆင်သင့်ရှိခြင်းသည် အရေးကြီးလှပါ၏။ ထိုနည်းတူလုပ်ဆောင်နိုင်ခြင်းအစွမ်းသည်လည်း အရေးကြီးလှပါသည်။ ဘုရားသခင်ခေါ်တော်မူခြင်း သင်ခံရလျှင်၊ အမှုတော်အတွက်လိုအပ်သောဝိညာဉ်ဆုကျေးဇူးတို့ကို ဘုရားသခင်ပေးတော်မူ၍၊ ထိုဆုကျေးဇူးတို့ကို သမ္မာကျမ်းစာလေ့လာသင်ကြားခြင်းအားဖြင့် ကြီးထွားစုံလင်ခြင်းရှိလာကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - “တဖန် ထာဝရဘုရားက၊ ငါသည်အဘယ်သူကိုစေလွှတ်ရမည်နည်း။ ငါတို့အဖို့ အဘယ်သူသွားမည်နည်း” (ဟေရှာ ၆း၈(a))။

**ဆုတောင်းချက်-** “ငါက၊ အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ” (ဟေရှာ ၆း၈(b))။

ကြာသပတေး၊ ဇန်နဝါရီ (၂၀)
**မာကု ၃း၂၀-၃၀**
ဟေဗြဲ ၆း၄-၆

*"သန့်ရှင်းသောဝိညာဉ်တော်ကို ကဲ့ရဲ့သောသူသည် အပြစ်လွတ်စေခြင်းအခွင့်ကို အဘယ်ကာလ၌မရနိုင်ကြ"*

# ခွင့်လွှတ်၍မရသောအပြစ်

"ငါအမှန်ဆိုသည်ကား၊ ပြစ်မှားသောအပြစ်အမျိုးမျိုး၊ ဘုရားကိုကဲ့ရဲ့သောအပြစ်အမျိုးမျိုး ရှိသမျှတို့နှင့်လွတ်စေခြင်းအခွင့်ကို လူသားတို့သည်ရနိုင်ကြ၏။ သန့်ရှင်းသောဝိညာဉ်တော်ကို ကဲ့ရဲ့သောသူသည် အပြစ်လွတ်စေခြင်းအခွင့်ကို အဘယ်ကာလ၌မျှမရနိုင်ကြ။ ထာဝရအပြစ်ဒဏ်ကိုခံရသောသူဖြစ်ပေ၏ဟု မိန့်တော်မူ၏" (မာကု ၃း၂၈၊ ၂၉)။ ဤကျမ်းပိုဒ်၌ ယေရှုက ဘာကိုဆိုလိုပါသလဲ။

ဝိညာဉ်တော်ကဲ့ရဲ့ခြင်းအပြစ်သည် ခွင့်လွှတ်၍မရသောအပြစ်ဖြစ်ပါသည်။ ဤအပြစ်ကို မည်သို့ကျူးလွန်ကြပါသနည်း။ အဘယ်သူတို့က ကျူးလွန်ကြပါသနည်း။ ယေရှုက မိမိစတင်အမှုတော်ဆောင်သောအချိန်မှစ၍ ကယ်တင်ခြင်းသတင်းကောင်းကို ဟောပြောပြီး၊ ကောင်းသောအမှုကိုပြုလျက်၊ အံ့ဖွယ်အမှုတို့ကိုပြု၍ မိမိ၏ဘုရားသခင်ဖြစ်တော်မူခြင်းနှင့် မေရှိယဖြစ်ခြင်းကို သေချာစွာသက်သေပြတော်မူခဲ့ပါသည် (ယောဟန် ၁၀း၃၇၊ ၃၈)။ သို့သော်လည်း ယုဒဘာသာရေးခေါင်းဆောင်တို့သည် မယုံကြည်ဘဲနေကြ၏။ သူဟောပြောသောတရား၌ အမှားမတွေ့ကြသောအခါ၊ သူပြုတော်မူသောအမှု၌ အပြစ်တင်ခွင့်မတွေ့ကြသောအခါ၊ သူ၏ပုဂ္ဂိုလ်ရေးကို တိုက်ခိုက်၍ဝိညာဉ်တော်ပြုတော်မူသောအမှုဟု ထင်ရှားလျက်ပင် သူပြုတော်မူသောအံ့ဘွယ်အမှုတို့ကို စာတန်၏တန်ခိုးဖြင့်ပြုသည်ဟု စွပ်စွဲခဲ့ကြပါသည်။ ဝိညာဉ်တော်၏အပြစ်ဖော်ပြခြင်းအမှုကို ငြင်းပယ်ကြသည်ဖြစ်သောကြောင့် သူတို့ကျူးလွန်သောအပြစ်သည် ခွင့်လွှတ်၍မရသောအပြစ်ဖြစ်ပါသည်။ ယေရှုခရစ်တော်အား ကယ်တင်ရှင်သခင်အဖြစ် လက်မခံခြင်းအပြစ်သည် ထာဝရပြစ်ဒဏ်ခံခြင်းသို့ ပို့ဆောင်သည်ဖြစ်သောကြောင့် ထိုအပြစ်သည်အကြီးမားဆုံးသောအပြစ်ဖြစ်ပါသည် (ယောဟန် ၃း၁၈)။ ထို့ကြောင့် သတင်းကောင်းကိုအစဉ်သဖြင့် ငြင်းပယ်ခြင်းသည် ဝိညာဉ်တော်ကိုကဲ့ရဲ့ခြင်းအပြစ်တည်းဟူသော ခွင့်လွှတ်၍မရသောအပြစ်နှင့်အတူတူပင် ဖြစ်ပါသည်။

ဝိညာဉ်တော်ကိုကဲ့ရဲ့ခြင်း၊ ခွင့်လွှတ်၍မရသောအပြစ်ကို ကျူးလွန်လျှင် ဘာဖြစ်ပါမည်နည်း။ ဤအရာများဖြစ်လာ၏ - (၁)ထိုသူကို ဘုရားသခင်ကပျက်စီးခြင်းသို့ပစ်ထားတော်မူ၏ (ယေရမိ ၇း၁၃-၁၆၊ ဟေဗြဲ ၁၀း၂၆၊ ၂၇)၊ (၂) ထိုသူကိုဘုရားသခင်က သမ္မာတရားမသိမြင်ခြင်းငါ စိတ်နှလုံးခိုင်မာစေ၍ ဝိညာဉ်မျက်စိကွယ်စေတော်မူ၏ (မသဲ ၁၃း၁၅၊ ယောဟန် ၁၂း၃၇-၄၀)၊ ဥပမာ - ဖာရိဘုရင်၊ ထွက် ၉း၁၂၊ ၁၀း၁၊၂၀၊၁၄း၈၊ နှိုင်း- ရောမ ၁း၂၃)၊ (၃) ထိုသူသည် လုံးဝနောင်တရခြင်း သို့ မရောက်နိုင်တော့ပါ (ဟေဗြဲ ၆း၆၊ ဥပမာ - ယုဒရှင်ကာရုတ် - မသဲ ၂၇း၃-၅ နှိုင်း - ၂ ကော ၇း၁၀)။

ဤခွင့်လွှတ်၍မရသောအပြစ်ကို ခရစ်ယာန်က ကျူးလွန်နိုင်ပါသလား။ Calvin က ဤသို့ဆိုထားပါသည် - "ဝိညာဉ်တော်အားဖြင့် အမှန်ဒုတိယမွေးဖွားခြင်းခံရသောသူသည် ဤဆိုးသွမ်းလှသောအပြစ်ကို မကျူးလွန်နိုင်ပါ။"

**ဆင်ခြင်ရန်** - "အသက်ရှင်တော်မူသောဘုရားသခင်၏လက်တော်သို့ ကျရောက်ခြင်းအမှုသည် ကြောက်မက်ဘွယ်သောအမှုဖြစ်သတည်း" (ဟေဗြဲ ၁၀း၃၁)။
**ဆုတောင်းချက်** - အို ထာဝရဘုရား၊ ကိုယ်တော်၏နာမတော်ကို ကျွန်တော်အစဉ်ချီးမွမ်းပါမည်။

# ငါ့အမိကားအဘယ်သူနည်း

မာရိနှင့်သူ၏သားတို့သည် ယေရှုအား သူသည်လူတို့ကိုသွန်သင်နေစဉ် တွေ့လိုခဲ့ကြ၏။ လူအုပ်ကြောင့် သူတို့သည်အထဲသို့မဝင်နိုင်ကြသောကြောင့် မိမိတို့သည်သူ၏အမိနှင့်ညီများဖြစ်ကြကြောင်း၊ သူ့ကိုတွေ့လိုကြကြောင်း တစုံတယောက်သောသူကို စကားပါးခဲ့ကြပါသည်။ သူ့တို့၏အပြုအမူသည် ရိုင်းလှပါ၏။ သူ့ကိုမနှောင့်ယှက်ဘဲ၊ သူသွန်သင်ခြင်းပြီးသည်အထိ စောင့်နေခဲ့သင့်ပါသည်။ သူတို့သည် ညီအစ်ကိုဖြစ်ကြသောကြောင့် အထူးဂရုစိုက်ခြင်းခံရကြမည်ဟု ထင်ခဲ့ခြင်းဖြစ်ပါလိမ့်မည်။

ဤအဖြစ်အပျက်မှယေရှုက ဝိညာဉ်သင်ခန်းစာသင်ပေးတော်မူခဲ့၏။ အထူးဂရုစိုက်ခြင်းကို ခန္ဓာကိုယ်ဆွေမျိုးတော်ခြင်း၌မတည်ဘဲ ဝိညာဉ်အရေးဆက်နွယ်မှု၌တည်ကြောင်း ဖော်ပြခဲ့ပါသည်။ မိမိ၏တပည့်တော်တို့ကို ရည်ညွှန်းလျက် - "ဤသူတို့သည် ငါ့အမိ၊ ငါ့ညီပေတည်း။ ဘုရားသခင်၏ အလိုတော်ကိုဆောင်သောသူသည် ငါ့ညီ၊ ငါ့နှမ၊ ငါ့အမိဖြစ်သတည်းဟု မိန့်တော်မူ၏" (မာကု ၃း၃၄၊၃၅)။

မာရိက ခေါ်သောအခါ ယေရှုသည်ချက်ချင်း သူ့ထံသို့မသွားကြောင်းဖော်ပြခဲ့ပါသည်။ မာရိနှင့်သူ၏သားတို့ကို သူတို့နေရာ၌ယေရှုထားတော်မူ၏။ ရောမန်ကာသိုလိပ်တို့က မာရိသည်သူ၏ မိခင်ဖြစ်သောကြောင့်၊ မာရိခေါ်တိုင်း ယေရှုကနားထောင်၍ခိုင်းသောအမှုကို ပြုရမည်ဟုသွန်သင်ခဲ့ကြ၏။ သို့သော်လည်း၊ ယခုအမှု၌ဆန့်ကျင်ဘက်အရာကို ကျွန်တော်တို့တွေ့ရပါသည်။ ခမည်းတော်၏အလိုဖြစ်သော လူတို့အား သွန်သင်ခြင်းပြီးသည်အထိ မာရိသည်ယေရှုကိုစောင့်ရပါမည်။ ယေရှုသည် မိမိ၏အဓိကသာသနာဖြစ်သော၊ ခမည်းတော်၏အလိုတော်ဆောင်ရွက်ခြင်း၌ အဘယ်သူ၏ နှောင့်ယှက်ခြင်းကိုမျှမခံပါ။ ယေရှုက မာရိအားဗိမာန်တော်၌ သူသည်ခမည်းတော်၏အမှုတော်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း မိန့်တော်မူခဲ့ပြီးဖြစ်ပါသည် (လုကာ ၂း၄၉)။ မာရိက သူ၏စကားကို ဂရုမစိုက်ခဲ့ဟုထင်ရပါသည်။ ထို့ကြောင့် ယေရှုက ဥပမာအားဖြင့်၊ လူတို့သည် ဘုရားသခင်၏စကားနှင့်အလိုတော်ကိုပြုကြရမည်ဖြစ်ကြောင်း သွန်သင်ခဲ့ပါသည်။ မာရိကိုချက်ချင်းမတွေ့ဘဲ၊ မိမိ၏သွန်သင်ခြင်းအမှုကို ဆက်လက်လုပ်ဆောင်ခြင်းဖြင့်၊ ယေရှုသည် မိမိသွန်သင်ချက်ကိုလိုက်လျှောက်ခဲ့ပါသည်။ ဤသည်ကား ယေရှု၏စုံလင်သောနာခံခြင်းလည်း ဖြစ်ပါသည်။ ထိုသို့သောအမှု၌ပင် ယေရှုသည် အမှားမကျူးလွန်ခဲ့ပါ။

**ဆင်ခြင်ရန်** - ခရစ်တော်သည် ကျွန်ုပ်တို့၏ညီအစ်ကိုဖြစ်ပါသလား။ ဟုတ်ကဲ့၊ ဖြစ်ပါသည် (ရောမ ၈း၂၉)။

**ဆုတောင်းချက်-** (ခမည်းတော်ဘုရားထံ ကျွန်ုပ်တို့၏ညီအစ်ကိုဖြစ်သော ခရစ်တော်နာမတော်ဖြင့် ဆုတောင်း၍၊ သန့်ရှင်းသောဝိညာဉ်တော်၏နှိမ့်သိမ့်ခြင်းကို ခံကြပါလော့)။

စနေ၊ ဇန်နဝါရီ (၂၂)
**မာကု ၄း၁-၂၀**
၁ ကော ၂း၁၂-၁၄

*"ဥပမာစကားအားဖြင့် များစွာသောဆုံးမဩဝါဒကို ပေး၍ မြွက်ဆိုတော်မူသည်"*

# အဘယ်သို့သောယုံကြည်ခြင်းနည်း

မျိုးစေ့ကြဲသူ၊ မျိုးစေ့နှင့်မြေပုံဥပမာသည် ယေရှု၏ပုံဥပမာတို့တွင် အဟောအများဆုံးဥပမာတစ်ခုဖြစ်ပါသည်။ ထို့ပြင် ပုံဥပမာတို့တွင် အနက်အဓိပ္ပာယ်ယေရှုဖွင့်ပြသောပုံဥပမာလည်းဖြစ်ပါသည်။

ဤပုံဥပမာက စစ်မှန်သောယုံကြည်ခြင်းအကြောင်းကို ဖော်ပြခြင်းဖြစ်ပါသည်။ လမ်းဘေးမြေသည် ယုံကြည်ခြင်းမရှိသောသူတို့ကို ရည်ညွှန်းပါသည်။ ကျောက်နှင့်ဆူးပင်အရပ်တို့က မှားယွင်းသောယုံကြည်ခြင်းကို ရည်ညွှန်းပါ၏။ ကောင်းသောမြေက စစ်မှန်သောယုံကြည်ခြင်းပိုင်ဆိုင်သောသူတို့ကို ရည်ညွှန်းပါသည်။ စစ်မှန်သောယုံကြည်ခြင်းသည် ခံနိုင်ရည်ရှိခြင်းနှင့်အသီးသီးခြင်းဖြင့်ထင်ရှားခြင်းရှိ၏။ "ကောင်းသောမြေ၌အစေ့ကိုကြဲခြင်းအကြောင်းအရာကာ၊ တရားစကားကိုကြား၍ နှလုံးသွင်းသဖြင့် (လက်ခံလိုက်လျှောက်ခြင်း). . . အသီးသီးတတ်သည်" (မသဲ ၁၃း၂၃)။ ယေရှု၏သွန်သင်ချက်ကိုကြားနာခဲ့သော တမန်တော်ယာကုပ်က ဤသို့မှန်ကန်စွာသင်ပေးခဲ့ပါသည် - "အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် အသေဖြစ်သည်" (ယာကုပ် ၂း၂၀)။ စစ်မှန်သော ယုံကြည်ခြင်းသည် အခက်အခဲနှင့်သွေးဆောင်ခြင်းတို့ကို အောင်နိုင်သော၊ ခံနိုင်ရည်ရှိသောယုံကြည်ခြင်း (ဗျာဒိတ် ၂း၇၊ ၁၁၊ ၁၇၊ ၂၆၊ ၃း၅၊ ၁၂၊ ၂၁) နှင့် ဝိညာဉ်၏အသီးဖြစ်သော - "ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း" (ဂလာတိ ၅း၂၂၊ ၂၃) စသည်တို့ကို သီးတတ်၏။

အဘယ့်ကြောင့် ယေရှုသည် လူတို့အားဥပမာဖြင့် သွန်သင်ပါသနည်း။ ထိုသို့ ဥပမာဖြင့်သွန်သင်ခြင်းမှာ တရားစကားကိုဖွင့်ပြရန်နှင့်ဖုံးအုပ်ရန်ဖြစ်ပါသည်။ စစ်မှန်သောယုံကြည်သူနှင့် ခရစ်တော်၏တပည့်တော်တို့အတွက် ဥပမာစကားသည် သူတို့၏ယုံကြည်ခြင်းခိုင်မာရန်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်က သူတို့အား "နိုင်ငံတော်၏နက်နဲသောအရာ" တို့ကိုနားလည်စေတော်မူ၏။ ဤ "နက်နဲသောအရာတို့သည်" အတိတ်၌ဖုံးအုပ်ထားခဲ့ပြီး၊ ယခုခရစ်တော်၌ဖွင့်ပြသောတရားများဖြစ်ပါသည် (မသဲ ၁၃း၁၅)။ ထိုဝိညာဉ်နှင့်ဆိုင်သောတရားတို့ကို ဝိညာဉ်တော်ကိန်းဝပ်ခြင်းခံရသောလူတို့ကသာ နားလည်တတ်ကြ၏။ "ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍နားလည်နိုင်သောကြောင့်" (၁ ကော ၂း၁၂-၁၄)။

မယုံကြည်သူနှင့်မှားယွင်းသောယုံကြည်သူတို့အဖို့ ပုံဥပမာသည် သူတို့ပျက်စီးခြင်းဖြစ်ပါသည်။ ခရစ်တော်ကို ဆန့်ကျင်သောသူတို့ကို ဘုရားသခင်ကပြစ်ဒဏ်ခတ်ပါလိမ့်မည်။ ဖာရိရှဲ၊ ကျမ်းပြုဆရာတို့နှင့်သူတို့၏ နောက်လိုက်တို့သည် သခင်ယေရှုနှင့်နှုတ်ကပတ်တရားတော်ကို ငြင်းပယ်ခဲ့ကြ၏။ ထို့ကြောင့် ဘုရားသခင်က သူတို့ကိုဒဏ်ခတ်၍ သမ္မာတရားကိုနားမလည်ခြင်းငှါ ဝိညာဉ်မျက်စိကန်းစေတော်မူ၍၊ ဘယ်လိုမှကယ်တင်ခြင်းသို့ မရောက်ရကြ။ ဘုရားသခင်၏ပြစ်ဒဏ်သည် သူတို့ ယခုပင်ခံရကြပြီ။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဝေဖန်ခြင်းမပြုဘဲ၊ လက်ခံခြင်းငှါ အသင့်ရှိပါလော့။

**ဆုတောင်းချက်-** ထာဝရဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားကို အကျွန်ုပ်အားနားလည်သဘောပေါက်စေတော်မူပါ။

တနင်္ဂနွေ၊ ဇန်နဝါရီ (၂၃)

**မာကု ၄း၂၁-၂၅**

၂ တိ ၁း၁၂ *"ကြားစရာနားရှိသောသူမည်သည်ကားကြားပါစေ"*

## ကယ်တင်ခြင်းစိတ်ချသေချာခြင်း

မိမိကိုယ်ကို ကယ်တင်ခြင်းခံရသည်ဟုထင်လျက်၊ တကယ်မခံရသောသူများရှိပါ၏။ သို့ဆိုလျှင်၊ ကျွန်တော်တို့အမှန်ကယ်တင်ခြင်းခံရကြောင်း မည်သို့သေချာသိနိုင်မည်နည်း။ ဤနည်းဖြင့်ကျွန်တော်တို့သိနိုင်ပါသည်-

ပထမအချက်ကား၊ ခရစ်တော်၏အသက်တာ (သို့) ကျင့်သည်နည်းတူ ကျင့်ကြံနေထိုင်သောအခါ အမှန်ကယ်တင်ခြင်းခံရကြောင်း သေချာပါ၏ (မာကု ၄း၂၁၊ ၂၂)။ ကျွန်ုပ်တို့၌သတင်းကောင်း(သို့) ကယ်တင်ခြင်းအလင်းရှိပါလျှင်၊ ထိုအလင်းသည် လူတို့မြင်အောင်လင်းလက်ပါလိမ့်မည် - "သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏။ . . . သူတပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ သူတပါးရှေ့၌သင်တို့အလင်းကို လင်းစေကြလော့" (မသဲ ၅း၁၄၊ ၁၆)။ ကောင်းသောအကျင့်ကကယ်တင်ခြင်းပေးသည်မဟုတ်၊ ကယ်တင်ခြင်းခံရကြောင်း ပေါ်လွင်ထင်ရှားစေ၏။ "အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်သည်" (ယာကုပ် ၂း၂၀)။ ထို့ကြောင့် ကျွန်ုပ်တို့အား "ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်၊ ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့။ အကြောင်းမူကား၊ သင်တို့သည်အလိုရှိစေခြင်းငှါရင်း၊ အကျင့်ကျင့်စေခြင်းငှါရင်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း" (ဖိလိ ၂း၁၂၊ ၁၃) ဟုဆိုထားခြင်းဖြစ်၏။ "အကျင့်ကိုထောက်သော် သူတို့၏သဘောကို သိရကြလိမ့်မည်" (မသဲ ၇း၂၀)။ ကျွန်တော်တို့သည် ဝိညာဉ်ဆုကျေးဇူးကိုသီးကြပါသလား (ဂလာတိ ၅း၂၂၊ ၂၃)။ အကောင်းဆုံးစစ်ကြောခြင်းသည် အခက်အခဲကြုံတွေ့သောအချိန်၌၊ ကျွန်တော်တို့သည် ယေရှုကိုဆက်လက်ယုံကြည်ပါသလားဟူ၍ဖြစ်ပါသည်။ ကိုယ်တော်ကိုချီးမွမ်းမည်လော့၊ ကျိန်ဆဲမည်လော။ ယောဘသည် စစ်ကြောခြင်းနှင့်သွေးဆောင်ခြင်းခံရသော်လည်း ဘုရားသခင်ကိုချီးမွမ်းခဲ့ခြင်းဖြင့် သူ၌စစ်မှန်သောယုံကြည်ခြင်းရှိကြောင်းပြသခဲ့ပါသည်။ "ထာဝရဘုရားပေးတော်မူ၏။ ထာဝရဘုရားလည်းရုပ်သိမ်းတော်မူ၏။ ထာဝရဘုရား၏နာမတော်သည် မင်္ဂလာရှိပါစေသတည်းဟုဆိုလေ၏" (ယောဘ ၁း၂၁)။ ယောဘ ၁၃း၁၅ ကိုလည်းဖတ်ပါ။

ဒုတိယအချက်ကား၊ ဘုရားသခင်၏နှုတ်ကပတ်တရားကိုနှစ်သက်ခြင်းရှိသောအခါ၊ ကျွန်တော်တို့သည် ကယ်တင်ခြင်းခံရသောသူဖြစ်ကြောင်း သိနိုင်ပါသည် (မာကု ၄း၂၃-၂၅)။ ကျွန်တော်တို့၌ ဘုရားသခင်၏နှုတ်ကပတ်တော်ကြားနာသိရှိလိုသော ဝိညာဉ်စိတ်သဘောရှိပါလိမ့်မည်။ "။ . . ဘုရားသခင်၏နက်နဲသောအရာကို ဘုရားသခင်၏ဝိညာဉ်တော်မှတပါး အဘယ်သူမျှမသိ။ ငါတို့သည် လောကီဝိညာဉ်ကိုမခံရကြ။ ဘုရားသခင်ပေးတော်မူသောအရာတို့ကို သိခြင်းအလိုငှါ ဘုရားသခင့်ထံမှကြွလာသောဝိညာဉ်ကိုခံရကြပြီ" (၁ ကော ၂း၁၁၊ ၁၂)။ ထိုသို့ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားလည်သဘောပေါက်၍ အသက်တာ၌လိုက်လျှောက်ခြင်းက သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ကျိန်းဝပ်တော်မူကြောင်း ဖော်ပြလျက်ရှိ၏။ နို့ရည်သာမဟုတ်၊ နှုတ်ကပတ်တရားအစားအစာကို စားသုံးခြင်းဖြင့် သင်၏ယုံကြည်ခြင်းကြီးထွားခြင်းရှိပါသလား။ သင်သည် နှုတ်ကပတ်တရားကို ပို၍ပို၍သိနားလည်၍ ပိုပြီးဝိညာဉ်ရေးရာ၌ ကြီးထွားခြင်းရှိပါလိမ့်မည် (မာကု ၄း၂၄)။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် အမှားအမှန်၊ အဆိုးအကောင်းကို ခွဲခြားတတ်ပါသလား။

**ဆုတောင်းချက်-** ထာဝရဘုရား၊ ကိုယ်တော်အတွက် သက်သေကောင်းဖြစ်မည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

# ဘုရားသခင်၏နိုင်ငံတော်

ဘုရားသခင်၏နိုင်ငံတော်သည် ကြီးပွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည် (မာကု ၄း၂၇၊ ၃၂)။ ဘယ်အရပ်၌ မည်သို့ကြီးပွားပါမည်နည်း။ နိုင်ငံတော်တွင် အစိုးရသောမင်း၊ လူတို့နှင့်နယ်မြေတို့ပါဝင်ကြကြောင်း သိမှတ်ကြပါစို့။ ဘုရားသခင်၏နိုင်ငံတော်တွင် ခရစ်တော်သည် မိမိလူ(အသင်းတော်)ကို အစိုးရသောမင်းဖြစ်၍၊ သူတို့၏စိတ်နှလုံး(နယ်ပယ်)၌ အုပ်စိုးတော်မူ၏။

ဘုရားသခင်၏နိုင်ငံတော်သည် လူတဦး၏စိတ်နှလုံးထဲ၌ သတင်းကောင်းမျိုးစေ့ကြဲသောအချိန်၌စတင်ခဲ့ပါသည် (မာကု ၄း၂၆)။ ထိုစိတ်နှလုံးထဲ၌ ဝိညာဉ်တော်သည်မိမိ၏အံ့ဖွယ်အမှုဖြစ်သောအပြစ်ဖော်ပြခြင်းနှင့် ပြောင်းလဲစေခြင်းကိုပြုလျက် ဒုတိယမွေးဖွားခြင်း၊ ဖြောင့်မတ်စေခြင်းနှင့် သန့်ရှင်းစေခြင်းအမှုကို ပြုတော်မူ၏ (မာကု ၄း၂၇)။ ထိုသူ၏စိတ်နှလုံးထဲ၌ ခရစ်တော်သည်ကယ်တင်ရှင်သခင်အဖြစ် အစိုးရလျက်၊ ထိုယုံကြည်သူသည် ဝိညာဉ်ရေးရာ၌ကြီးထွားခြင်းရှိပါလိမ့်မည် (မာကု ၄း၂၈)။ အစတွင် နှုတ်ကပတ်တရားနို့ရည်ကို သုံးဆောင်ပြီး (၁ ပေ ၂း၂)၊ ထို့နောက်တွင် တဖြည်းဖြည်းကြီးထွားလျက် အမှားအမှန်၊ အဆိုးအကောင်းကိုခွဲခြားတတ်ပြီး၊ မယိမ်းယိုင်တော့ပါ (ဧဖက် ၄း၁၄)။

ဘုရားသခင်၏နိုင်ငံတော်သည် အသင်းတော်ကိုလည်း ရည်ညွှန်းပါသည်။ ယုံကြည်သူတို့စုစည်းရာအဖွဲ့အစည်းသည် သာသနာပြုခြင်းအမှုကို ဆောင်ရွက်၍တဖြည်းဖြည်းကြီးထွားခြင်းရှိမည်ဖြစ်ပါသည်။ နိုင်ငံတော်ကိုသေးငယ်သော မုန်ညင်းစေ့ကဲ့သို့ ဖော်ပြခဲ့ပါသည် (မာကု ၄း၃၁၊ ၃၂)။ တဖြည်းဖြည်းကြီးထွား၍ သူတပါးအတွက်အကျိုးကိုဖြစ်စေခဲ့ပါသည်။ အသင်းတော်သည် မှိုကဲ့သို့ ချက်ချင်းများစွာပေါက်၍ လျင်မြန်စွာပျောက်ကွယ်သွားသကဲ့သို့မဟုတ်ဘဲ၊ မုန်ညင်းစေ့ကဲ့သို့ တဖြည်းဖြည်းကြီးထွား၍ သစ်ပင်အဖြစ်ကျန်ရစ်နေတတ်၏။ ခရစ်တော်မိန့်တော်မူသည်အတိုင်း အသင်းတော်သည် ပျံ့နှံ့ကြီးထွားခြင်းရှိပါလိမ့်မည်။ "ကြီးပွားသဖြင့်၊ မိုယ်းကောင်းကင်ငှက်တို့သည် အရိပ်ခို၍နားနေလောက်သော အကိုင်းအခက်ကြီးတို့ကို ဖြစ်စေတတ်သည်။" Rev. Dr Timothy Tow က "အသင်းတော်ကြီးထွားမှုကို အမြင့်အားဖြင့်မဟုတ်ဘဲ၊ အလျားလိုက် မည်သို့ကြီးပွားသနည်းဟူသောပျံ့နှံ့မှုဖြင့် တိုင်းတာရမည်" ဟုဆိုခဲ့ပါသည်။ အသင်းတော်သည် ဝါကြွားခြင်းရှိသော "ဗာဗုလုန်ရဲတိုက်" ကဲ့သို့မဟုတ်ရပါ၊ ဝိညာဉ်အရေး၌လိုအပ်သောအရာကို ပေးကမ်းလျက်အရိပ်နှင့်ခိုလှုံမှုကိုပေးသောထီးသစ်ပင်ကဲ့သို့ဖြစ်ရပါမည်။

**ဆင်ခြင်ရန်** - "အသင်းတော်သည် မှိုမဟုတ်ဘဲ၊ မုန်ညင်းစေ့ဖြစ်ပါသည်" (T Tow)။
**ဆုတောင်းချက်-** (အသင်းတော်အတွက် ဆုတောင်းပါ)။

**မာကု ၄း၃၅-၄၁**
ဖိလိ ၄း၆၊ ၇

*"လေသည် ငြိမ်၍အလွန်သာယာလေ၏"*

# တိတ်ဆိတ်ငြိမ်ဝပ်စွာနေလော့

ကျွန်တော်တို့သည် အခက်အခဲနှင့်စိတ်ပင်ပန်းခြင်းတို့နှင့်ပြည့်နေသော ကမ္ဘာကြီး၌ နေထိုင်လျက်ရှိကြ၏။ မည်သို့ငြိမ်သက်ခြင်းတွေ့ရှိရပါမည်နည်း။ ငြိမ်သက်ခြင်းအရှင်သခင်ယေရှုခရစ်တော်ထံမှသာ ငြိမ်သက်ခြင်းရရှိနိုင်ပါသည်။ ယေရှုက "ငြိမ်သက်ခြင်းကို သင်တို့၌ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကိုသင်တို့အားငါပေး၏။ လောကီသားတို့ပေးသကဲ့သို့ ငါပေးသည်မဟုတ်။ သင်တို့စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်" (ယောဟန် ၁၄း၂၇) ဟု မိန့်တော်မူ၏။

ယေရှုသည် တပည့်တော်တို့နှင့်အတူ လှေဖြင့်ဂါလိလဲအိုင်ကိုဖြတ်ခဲ့ကြ၏။ အခြားလှေများလည်း ရှိခဲ့ပါသည် (မာကု ၄း၃၆)။ ထိုလှေတို့သည် ဘယ်လောက်သေးငယ်ကြပါသနည်း။ ဂါလိလဲအိုင်နား၌ "ယေရှုလှေ"ဟုခေါ်သော ရှေးလှေငယ်ကိုပြသခဲ့ကြပါသည်။ ထိုလှေသည် အရှည် ၉ မီတာ၊ အကျယ် ၂. ၅ မီတာနှင့်အမြင့် ၁. ၂၅ မီတာရှိပါသည်။ ထိုသို့သော လှေကိုယေရှုခေတ်၌ အသုံးပြုခဲ့ကြ၏။ ထိုအိုင်ကိုဖြတ်စဉ် မုန်တိုင်းနှင့်ရင်ဆိုင်ခဲ့ကြရပါသည်။ ရေလှိုင်းက လှေကိုရိုက်ခတ်၍၊ ရေများလှေအတွင်းသို့ဝင်လျက်၊ လှေသည် နစ်မြုပ်လုဖြစ်ပါသည်။

ထိုသို့ဖြစ်ပျက်နေစဉ် ယေရှုသည်လှေနောက်ပိုင်း၌ နှစ်ခြိုက်စွာအိပ်စက်နေခဲ့ပါသည်။ ထိုပြဿနာအခက်အခဲတို့က သူ့ကိုမနှောင့်ယှက်နိုင်ခဲ့ပါ။ တပည့်တော်တို့မူကား စိုးရိမ်ခြင်းရှိကြပြီး၊ "အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ရောက်သည်ကို လျစ်လျူသောစိတ်ရှိတော်မူသလော" (မာကု ၄း၃၈)ဟု ချက်ချင်းနှိုးခဲ့ကြ၏။ အမှန်မှာ ထိုသို့မပြုသင့်ပါ။ ယေရှုပြုခဲ့ပြီးသောအမှုတို့ကိုမြင်ခဲ့ကြပြီးဖြစ်သောကြောင့် သူတို့သည်ယေရှုကို လုံးဝယုံကြည်ကိုးစားသင့်သည်မဟုတ်လော။ အနာရောဂါနှင့်နတ်ဆိုးတို့အပေါ်၌ ယေရှုသည်တန်ခိုးအာဏာရှိသည်မဟုတ်လော။ သို့ဆိုလျှင် ဤမုန်တိုင်းသည် ဘာမှမဟုတ်ပါ။ သို့သော်လည်း၊ ထိုသို့မတွေးခဲ့ကြပါ။

ကျွန်တော်တို့သည်လည်း အမြဲတမ်းထိုသို့ဖြစ်ကြသည်မဟုတ်လော။ ဘဝ၌ အခက်အခဲကြုံ၍၊ ယုံကြည်ခြင်းစစ်ကြောခြင်းခံရသောအခါ၊ "သခင်ဘုရား၊ ကိုယ်တော်ဘယ်မှာရှိတော်မူသနည်း၊ အကျွန်ုပ်ကို ဂရုမစိုက်ဘဲနေသည်မဟုတ်လော" ဟု မေးခွန်းထုတ်တတ်သည်မဟုတ်လော။ သူသည်ကျွန်ုပ်တို့နှင့်အစဉ်ရှိတော်မူ၍ အစဉ်ဂရုစိုက်တော်မူကြောင်း သိမှတ်ကြပါစို့။

ယေရှုသည် မိမိ၏တန်ခိုးကိုပြ၍ လေနှင့်ပင်လယ်ကိုဤသို့ဆုံးမတော်မူ၏ - "တိတ်ဆိတ်ငြိမ်ဝပ်စွာနေဟု လေနှင့်ပင်လယ်ကိုဆုံးမတော်မူသဖြင့်၊ လေသည်ငြိမ်၍အလွန်သာယာလေ၏" (မာကု ၄း၃၉)။ ထို့နောက် တပည့်တော်တို့အား "သင်တို့သည် အဘယ်ကြောင့် ဤမျှလောက်ကြောက်တတ်သနည်း" (မာကု ၄း၄၀) ဟု ဆုံးမတော်မူ၏။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် တခါတရံ အလွန်သေးငယ်တတ်ပါသည်။ "ခရစ်တော်အတူပါလျှင်၊ မုန်တိုင်းထဲ၌လည်း ပြုံးနေနိုင်ပါ၏" ဟူသော သီချင်းအတိုင်း၊ ဘုရားသခင်၌ခိုင်မြဲသောယုံကြည်ခြင်းရှိကြပါစို့။

**ဆင်ခြင်ရန်** - "လှိုင်းတံပိုးထဲ၌လည်း အားမငယ်ပါနှင့်၊ ဘုရားသခင်သည် သင့်ကိုဂရုစိုက်တော်မူ၏"။

**ဆုတောင်းချက်-** (ဆိုးသောအချိန်၊ အချိန်တိုင်းယုံကြည်ခြင်း ခိုင်မာခြင်းငှါ ဆုတောင်းပါလော့)။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၂၆)
**မာကု ၅း၁-၂၀**
တရား ၁၈း၉-၁၂

*“ညစ်ညူးသောနတ်၊ ထိုလူမှထွက်သွားလော့”*

# နတ်ဆိုးတို့အပေါ်၌တန်ခိုးအာဏာရှိခြင်း

“ညစ်ညူးသောနတ်” သည်နတ်ဆိုးများဖြစ်ကြပါသည်။ သူတို့သည် လူ့ခန္ဓာကိုယ်၌ ဝင်ရောက်ကိန်းအောင်းနိုင်ကြပါသည်။ ဤကျမ်းပိုဒ်၌ ထိုသို့ညစ်ညူးသောနတ်ဝင်ပူး၍ အလွန်အားကြီးသောလူတဦးကို တွေ့ရပါသည် (မာကု ၅း၂-၄)။

ထိုကဲ့သို့ မည်သို့ဖြစ်လာပါသနည်း။ ဂါဒရပြည်သည် တပါးအမျိုးသားတို့နယ်ဖြစ်၍ နတ်ဝိဇ္ဇာနှင့်ရုပ်တုကိုးကွယ်ခြင်းများရှိသောပြည်ဖြစ်သောကြောင့်၊ နတ်ကိုးကွယ်ခြင်းအားဖြင့် ထိုသို့ဖြစ်လာခြင်းဖြစ်နိုင်ပါသည်။ ၁ ကော ၁၀း၂၀ ထဲတွင်၊ “သာသနာပလူတို့သည် ပူဇော်သောယဇ်ကို ဘုရားသခင်အား ပူဇော်ကြသည်မဟုတ်။ နတ်ဆိုးတို့အား ပူဇော်ကြ၏” ဟု ဖော်ပြထားပါသည်။ နတ်ဆိုးကို သင်ဖိတ်ခေါ်ပါလျှင်၊ သူသည်ဝမ်းမြောက်စွာသင့်ထံဝင်ရောက်ပါလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်က ဣသရေလလူတို့အား ရုပ်တုကိုးကွယ်ခြင်းနှင့်နတ်ကိုးကွယ်ခြင်းတို့ကို ပြည်တော်မှ လုံးဝဖယ်ရှားခြင်းငှါ မိန့်တော်မူခြင်းဖြစ်ပါသည်(တရား ၁၈း၉-၁၂)။

နတ်ဆိုးတို့သည် လူကိုဝင်ပူးသောအခါ၊ ထိုသူကိုလုံးဝထိန်းချုပ်ခဲ့ကြ၏။ ဝင်ပူးခံရသောလူသည်လှည့်ဖြားခြင်းနှင့်ဖျက်ဆီးခြင်းလက်နက်ဖြစ်လာခဲ့ပါသည်။ မာရ်နတ်သည် မြွေကိုဝင်ပူး၍ ဧဝကိုလှည့်စားခဲ့ကြောင်း သိမှတ်ကြပါစို့ (၂ ကော ၁၁း၃)။ စာတန်သည် ဖျက်ဆီးခြင်းငှါလှည့်စား၏။ “. . . မာရ်နတ်သည် ရှေ့ဦးစွာမှစ၍ လူအသက်ကိုသတ်သောသူဖြစ်၏။ သူ၌ သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌မတည်မနေ။ သူသည် မုသာစကားကိုပြောသောအခါ မိမိပကတိအတိုင်းပြော၏။ မုသာစကား၌ကျင်လည်သောသူဖြစ်၏။ မုသာ၏အဘလည်းဖြစ်၏” (ယောဟန် ၈း၄၄)။ ဤဂါဒရပြည်သားနတ်ဆိုးစွဲသောသူသည် ထိုသို့ဖျက်ဆီးခြင်းကိုပြုသောသူဖြစ်ပါသည်။ မိမိကိုယ်ကို ကျောက်ဖြင့်လှီး၍ သူတပါးကိုဒုက္ခပေးပါ၏ (မာကု ၅း၃-၅)။

နတ်ဆိုးစွဲသောသူသည် မည်သို့မိမိကိုယ်ကိုလွတ်မြောက်စေနိုင်မည်နည်း။ အမြင့်ဆုံးသော ဘုရားသခင်၏သားတော်ယေရှုအားဖြင့်သာလျှင်၊ လွတ်မြောက်ခြင်းရှိ၏(မာကု ၅း၇)။ နတ်ဆိုးတို့သည် ခရစ်တော်မှလွဲ၍ ဘယ်သူကိုမျှမကြောက်ကြပါ။ သခင်ယေရှုသည် ထိုလူထံမှနတ်ဆိုးတို့ကို နှင်ထုတ်သောအခါ၊ နတ်ဆိုးတို့သည် ယေရှု၏အမိန့်တော်ကိုနာခံခဲ့ကြ၏။ ထိုလူအထဲမှ ထွက်သွားကြပြီး၊ ဝက်တို့အထဲသို့ဝင်လျက်၊ ဝက်တို့သည် ပြေး၍ချောက်ကမ်းပါးမှပင်လယ်ထဲသို့ ခုန်ဆင်းခဲ့ကြ၏ (မာကု ၅း၁၃)။

ထိုလူသည် ကျန်းမာလာ၍ပုံမှန်စိတ်ရှိသောအခါ၊ “ယေရှုသည် အဘယ်သူမျှလောက်ကျေးဇူးပြုတော်မူသည်ကို” (မာကု ၅း၂၀) ကြားပြောလျက်၊ သက်သေခံခဲ့ပါသည်။ နတ်ဆိုးတို့ထံမှ လွတ်မြောက်လိုပါလျှင်၊ သခင်ယေရှုခရစ်တော်ကို ယုံကြည်ရပါမည်။ ယေရှုဝင်ရောက်နေရာယူသောအခါ၊ နတ်ဆိုးတို့သည် လျင်မြန်စွာထွက်သွားကြပါလိမ့်မည်။

**ဆင်ခြင်ရန်** - မာရ်နတ်နှင့်မကစားပါနှင့်။ သူသည်သင့်ကို မိမိ၏ကစားကွင်းဖြစ်စေလိမ့်မည်။
**ဆုတောင်းချက်-** (စာတန်နှင့်အပြစ်မှသင့်ကို ဘုရားသခင်ကယ်နှုတ်တော်မူသောကြောင့် ကျေးဇူးတော်ကိုချီးမွမ်းပါလော့)။

ကြာသပတေး၊ ဇန်နဝါရီ (၂၇)

**မာကု ၅း၂၅-၃၄**

ဟေဗြဲ ၁၁း၆

*"ငြိမ်ဝပ်စွာသွားလော့။*
*ရောဂါနှိပ်စက်ခြင်းနှင့်ကင်းလွတ်စေ"*

# အနာရောဂါအပေါ်၌တန်ခိုးအာဏာရှိခြင်း

ကျွန်တော်တို့သည် အနာရောဂါ၊ သေခြင်းနှင့်ပြည့်နေသော ကမ္ဘာ၌အသက်ရှင်နေထိုင်ကြပါ၏။ ထိုသို့ဖြစ်ရခြင်းမှာ လူသည်ဘုရားသခင်အပေါ် အပြစ်ကျူးလွန်သောကြောင့်တည်း။ The Westminster Shorter Catechism Q 19 ၌ ဤသို့ဖော်ပြထားပါသည် - "အပြစ်ကြောင့် ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခွင့်မရှိသောလူသားအပေါင်းသည် ဘုရားသခင်၏အမျက်တော်နှင့်ကျိန်ခြင်းအောက်၌ရှိကြသည်ဖြစ်၍၊ ဤဘဝ၏ ဒုက္ခပေါင်းများစွာခံခြင်းငှါဎင်း၊ သေခြင်းနှင့်ငရဲ၌ ထာဝရဒုက္ခခံခြင်းငှါ ထိုက်တန်ပါ၏။

ထိုအခြေအနေဆိုးထဲမှလွတ်မြောက်ရာလမ်းတစုံတခုရှိပါသလား။ ရှိပါ၏။ အနာရောဂါနှင့်သေခြင်းမှကယ်တင်ခြင်းငှါ ယေရှုကြွလာတော်မူ၏။ ယနေ့ကျမ်းပိုဒ်၌ ကုသ၍မရသောအနာရောဂါ၊ ဆယ့်နှစ်နှစ်လုံးလုံး သွေးသွန်အနာစွဲသောမိန်းမတယောက်တွေ့ရပါသည်။ သူသည်ဆရာဝန်တို့၏ကုသမှုဝေဒနာကိုခံလျက်၊ ဥစ္စာရှိသမျှကုန်သော်လည်း၊ မသက်သာသည်သာမက၊ ပို၍ဆိုးလာခဲ့ပါသည် (မာကု ၅း၂၆)။ ဆရာဝန်တို့က မတတ်နိုင်သော်လည်း၊ သမားတော်တို့၏သမားတော်ယေရှုရှိတော်မူ၏။ ထိုမိန်းမသည် ယုံကြည်ခြင်းဖြင့် ယေရှုထံချဉ်းကပ်ခဲ့ပါသည်။ သူသည် ယေရှု၏ဝတ်တော်ကို ထိရုံမျှဖြင့်ကျန်းမာခြင်းသို့ရောက်ခဲ့ပါသည်။

ဤယုံကြည်ခြင်းသည် မည်သို့သောယုံကြည်ခြင်းနည်း။ ကြားနာခြင်းမှလာသော ယုံကြည်ခြင်းပင်ဖြစ်ပါသည် (မာကု ၅း၂၇)။ သူသည် ယေရှုအကြောင်း၊ ယေရှု၏သတင်းကောင်းနှင့်တန်ခိုးတော်ကို ကြားသိခဲ့ပါသည်။ "သို့ဖြစ်၍၊ ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏" (ရောမ ၁၀း၁၇)။ ယေရှုအကြောင်း ကြားသိခြင်းက ထိုမိန်းမကိုယေရှုထံခေါ်ဆောင်ခဲ့ပါသည်။ ထိုသို့ ယေရှုထံချဉ်းကပ်ခြင်းငှါ သူသည်စိတ်အားထက်သန်မှုရှိခဲ့ပါသည်။ ဤသည်ကား စစ်မှန်သောယုံကြည်ခြင်း၏ လက္ခဏာတခုပင်ဖြစ်ပါသည် (မဿဲ ၁၁း၁၂)။ လူအုပ်ကြီးအကြား၌ သူသည်လွယ်လွယ်နောက်မဆုတ်ခဲ့ပါ။ ယေရှုထံအရောက်သွား ခြင်းငှါ ဆုံးဖြတ်ခဲ့ပါသည်။ ထို့ပြင်၊ ယေရှု၏အဝတ်တော်ကို ထိရုံမျှဖြင့် ကျန်းမာခြင်းအခွင့်ရမည်ကို လုံးဝယုံကြည်ခဲ့ပါသည်။ ယေရှုသည် ထိုမျှလောက်တန်ခိုးကြီးတော်မူကြောင်းသူကောင်းကောင်းသိခဲ့ ပါသည်။ ကျန်းမာရုံသာမက၊ သူ၏အပြစ်များခွင့်လွှတ်ခြင်းခံရ၍၊ သူသည်ခန္ဓာကိုယ်ကျန်းမာခြင်းနှင့် ဝိညာဉ်ကျန်းမာခြင်းတို့ကို ခံရခဲ့ပါသည် (မာကု ၅း၃၄)။

ဤမိန်းမပြသသော ယုံကြည်ခြင်းသည် ဘုရားသခင်၏စိတ်တော်နှင့်ထိတွေ့သော ယုံကြည်ခြင်း၊ ကောင်းကြီးမင်္ဂလာခံစားရစေသော ယုံကြည်ခြင်းမျိုးဖြစ်ပါသည်။ "ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်၊ အကြောင်းမူကား ဘုရားသခင့်အထံတော်သို့ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုဎင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုဎင်း ယုံကြည်ရမည်" (ဟေဗြဲ ၁၁း၆)။

**ဆင်ခြင်ရန်** - ကျွန်တော်တို့သည် ရှင်ပြန်ထမြောက်ခြင်းခံရသောအချိန်၌သာ အနာရောဂါနှင့်သေခြင်းမှလုံးဝလွတ်မြောက်ကြပါလိမ့်မည်။

**ဆုတောင်းချက်-** ထာဝရဘုရား၊ အကျွန်ုပ်လုံးဝကျန်းမာခြင်းသို့ရောက်ရှိမည့် ထိုရှင်ပြန်ထမြောက်ခြင်းကို ကျွန်တော်စောင့်မျှော်လျက်ရှိပါ၏။

သောကြာ၊ ဇန်နဝါရီ (၂၈)
**မာကု ၅း၂၁-၂၄၊ ၃၅-၄၃**
ဆာလံ ၅၆

*"သူငယ်သေသည်မဟုတ်၊ အိပ်ပျော်သည်ဟုမိန့်တော်မူသော်"*

# သေခြင်းအပေါ်၌တန်ခိုးအာဏာရှိခြင်း

ယေရှုသည် နတ်ဆိုးများ၊ အနာရောဂါနှင့်သေခြင်းအပေါ်၌လည်း တန်ခိုးအာဏာရှိတော်မူ၏။ ယနေ့ကျမ်းပိုဒ်တွင်၊ ယာဣရုတွင် သူ့သမီးနေမကောင်းဖြစ်၍ သေအံ့ဆဲဆဲရှိသောကြောင့် အကူအညီတောင်းခြင်းငှါ ယေရှုကိုချဉ်းကပ်ကြောင်းတွေ့ရပါသည်။ သခင်ယေရှုခရစ်တော်ကို သူယုံကြည်သောကြောင့် ထိုသို့ချဉ်းကပ်ခြင်းဖြစ်ပါသည်။ သူသည် တရားဇရပ်မှူးဖြစ်သောကြောင့် ယေရှုဟောပြောသောတင်းကောင်းနှင့် ယေရှု၏တန်ခိုးကိုကြားသိခဲ့သည်ဟု ထင်မှတ်ရပါသည်။ ယေရှုထံလာ၍ သူသည် နှိမ့်ချသောစိတ်နှင့်ဒူးထောက်လျက်၊ သူ၏တဦးတည်းသောသမီးကို ကျန်းမာခြင်းအခွင့်ပေးခြင်းငှါ တောင်းလျှောက်ခဲ့ပါသည် (လုကာ ၈း၄၂)။ သို့သော်လည်း ယေရှုမရောက်မှီ သူ၏သမီးသည်သေပြီဖြစ်ကြောင်း၊ ယေရှုကိုဆက်၍မနှောင့်ယှက်ခြင်းငှါ ယာဣရုကိုဆိုကြ၏။ တုန်လှုပ်စရာသတင်းပေတည်း။ သူ၏ယုံကြည်ခြင်းရိုက်ချိုးခံရသကဲ့သို့ ခံစားပါလိမ့်မည်။ မျှော်လင့်ချက်ရှိခဲ့သော်လည်း၊ ယခုအခါ ထိုမျှော်လင့်ချက်လုံးဝပျောက်ကွယ်ခဲ့ပါပြီ။

ကျွန်ုပ်တို့၏ ကယ်တင်ရှင်ယေရှုသည်အလွန်ကောင်းမြတ်တော်မူသော ကယ်တင်ရှင်ဖြစ်တော်မူ၏။ မျှော်လင့်ချက်မရှိသောအချိန်၌ မျှော်လင့်ချက်ကိုပေးတော်မူ၏။ သခင်ယေရှု၌ အစဉ်မျှော်လင့်ချက်ရှိပါ၏။ သခင်ယေရှုက ယာဣရု၏ယုံကြည်ခြင်းကို ခိုင်ခံ့မြဲမြံစေတော်မူလျက်၊ "မကြောက်ကြနှင့်။ ယုံကြည်ခြင်းစိတ်တခုသာရှိစေလော့" (မာကု ၅း၃၆) ဟု မိန့်တော်မူ၏။ "ငါ့ကိုသင်ယုံကြည်ခဲ့သည်အတိုင်း၊ ဆက်လက်ယုံကြည်ခြင်းရှိလော့။ သတင်းဆိုးအကြား၌လည်း ငါသည်သတင်းကောင်းဖြစ်တော်မူ၏" ဟု ဆိုသလိုပင်ဖြစ်ပါသည်။

ယာဣရုသည် အိမ်ရောက်သောအခါ၊ အလွန်စိတ်မကောင်းစရာကောင်းသောမြင်ကွင်း၊ ငိုကြွေးခြင်းကို မြင်တွေ့ခဲ့ပါသည်။ ထိုငိုကြွေးမြည်တမ်းခြင်းတို့က သူ၏ယုံကြည်ခြင်းကို နှောင့်ယှက်ကြပါလိမ့်မည်။ သို့သော်လည်း ယေရှုက "သင်တို့သည် အဘယ်ကြောင့်အုန်းအုန်းသဲသဲပြု၍ ငိုကြွေးကြသနည်း၊ သူငယ်သေသည်မဟုတ် အိပ်ပျော်သည်" (မာကု ၅း၃၉) ဟု မိန့်တော်မူလျက်၊ သူ၏ယုံကြည်ခြင်းကိုမြဲမြံစေပါသည်။ ထိုအခါ လူတို့သည်ယေရှုကို ပြက်ယယ်ပြုကြ၏။ သို့သော်လည်း ယာဣရုသည် ယုံကြည်ခြင်းရှိ၏။ ယာဣရု၊ သူငယ်၏မိခင်၊ သူနှင့်ပါသောသူတို့သည် သခင်ယေရှုပြုတော်မူသည့်အံ့ဖွယ်အမှုကို မြင်တွေ့ခွင့်ရကြ၏။ "သူငယ်၏လက်ကို ကိုင်တော်မူလျက်၊ တလိသကုမိဟု မိန့်တော်မူ၏။ အနက်ကား မိန်းမငယ် ထလော့ ငါဆို၏ဟုဆိုလိုသတည်း။ ထိုခဏခြင်းတွင် မိန်းမငယ်သည်ထ၍လှမ်းသွား၏။သူသည် တဆယ်နှစ်နှစ်အရွယ်ရှိ၏။ ထိုသူတို့သည် အလွန်မိန်းမောတွေဝေခြင်းသို့ရောက်ကြ၏" (မာကု ၅း၄၁၊ ၄၂)။ ယေရှု၏စကားတခွန်းသည် သေသောသူကိုထမြောက်စေခြင်းငှါ လုံလောက်သောတန်ခိုးရှိပါ၏။ ဤသည်ကား ဘုရားသခင်၏တန်ခိုးဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - (ဆာလံ ၅၆ ကိုဖတ်ပါ)။
**ဆုတောင်းချက်-** "အကျွန်ုပ်သည် ကြောက်သောအခါ ကိုယ်တော်၌ခိုလှုံပါမည်" (ဆာလံ ၅၆း၃)။

စနေ၊ ဇန်နဝါရီ (၂၉)
**မာကု ၆း၁-၆**
၁ တိ ၄း၁၂

*"ပရောဖက်သည်မိမိမြို့၊ မိမိဆွေနေရာ၊ မိမိအိမ်မှတပါးအခြားသောအရပ်၌ အသရေရှိသည်"*

# သိက္ခာမ်းခြင်းကမရှိသေခြင်းကိုဖြစ်ပွားစေတတ်၏

ရှေးတရုတ်စကားပုံ၌ "ပြည်တွင်းဂျင်းသည်မစပ်ပါ" ဟူ၍ရှိပါသည်။ ဆိုလိုသည်မှာ ပြည်တွင်းဖြစ်ကိုလူတို့က အထင်မကြီးကြပါဟူ၍ ဖြစ်ပါသည်။ ယေရှုသည်လည်း မိမိ၏မြို့ဖြစ်သော နာဇရက်မြို့သို့ ပြန်သွားသောအခါ ရိုသေလေးစားမှုမခံရဘဲ၊ မထီမဲ့မြင်ပြုခြင်းခံခဲ့ရပါသည်။ "ယေရှုကလည်း၊ ပရောဖက်သည် မိမိမြို့၊ မိမိအဆွေနေရာ၊ မိမိအိမ်မှတပါး အခြားသောအရပ်၌ အသရေရှိသည်ဟု ထိုသူတို့အား မိန့်တော်မူ၏" (မာကု ၆း၄)။

ထိုအခါ မည်သူဆုံးရှုံးခြင်းခံရပါသနည်း။ မိမိလူကိုမလေးစားတတ်သောသူတို့သည် ဆုံးရှုံးခြင်းခံရကြ၏။ သခင်ယေရှုသည် မိမိမြို့သူမြို့သားတို့ကို ကောင်းကြီးပေးလိုသော်လည်း၊ သူတို့သည် ယေရှုကို မထီမဲ့မြင်ပြုခဲ့ကြ၏။ "သူသည် လက်သမားမဟုတ်လော။ မာရိ၏သားမဟုတ်လော။ ယာကုပ်၊ ယောသပ်၊ ယုဒ၊ ရှိမုန်တို့၏ အစ်ကိုမဟုတ်လော။ သူ့နှမများသည်လည်း ငါတို့နှင့်အနီးအပါးနေကြသည်မဟုတ်လောဟု ပြောဆိုလျက် စေတနာစိတ်ပျက်ကြ၏" (မာကု ၆း၃)။ လက်သမားသည် ပရောဖက်ဖြစ်မလာနိုင်ဟု သူတို့ထင်မှတ်၍ မယုံကြည်နိုင်ကြပါ။ နိမ့်ကျသောသူသည် ထိုသို့သောမြင့်သောအခြေအနေသို့ မရောက်နိုင်သလော။ သူတို့၏မယုံကြည်ခြင်းကြောင့်၊ ယေရှုသည် အံ့ဩခြင်းရှိတော်မူခဲ့၏ (မာကု ၆း၆)။ ယေရှုသည် ထိုအရပ်၌အဘယ်တန်ခိုးကိုမျှ ပြတော်မမူခဲ့ပါ။

နာဇရက်မြို့က သူ့ကိုငြင်းပယ်ခဲ့သောကြောင့်၊ ယေရှုသည် ကပေရနောင်မြို့သို့ ထွက်ခွာခဲ့ပါသည် (မဿဲ ၄း၁၃)။ နာဇရက်မြို့၏ဆုံးရှုံးမှုသည် ကပေရနောင်မြို့အတွက် အကျိုးဖြစ်ခဲ့ပါသည်။ ယေရှုသည် ကပေရနောင်မြို့၌ အတည်နေထိုင်ခဲ့ပါသည်။ ထိုအရပ်မှယေရှုသည် ကြီးသောအမှုကိုပြုတော်မူခဲ့၏ -"မှောင်မိုက်ထဲမှာရှိနေသောလူများတို့သည် ကြီးစွာသောအလင်းကို မြင်ရ၍၊ သေမင်း၏နိုင်ငံအရိပ်တွင်ရှိနေသောသူတို့၌ အလင်းပေါ်ထွန်းလျက်ရှိ၏ဟု ဟောထားသတည်း။ . . . ယေရှုသည် တရားစရပ်တို့၌ ဆုံးမဩဝါဒပေးလျက်၊ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကိုဟောလျက်၊ လူတို့တွင် အနာရောဂါအမျိုးမျိုးတို့ကို ငြိမ်းစေလျက်၊ ဂါလိလဲပြည်တပြည်လုံးကို ဒေသစာရီ လှည့်လည်တော်မူ၏" (မဿဲ ၄း၁၆၊ ၂၃)။

မိမိလူကို ရိုသေလေးစားခြင်းပြု၍၊ ငယ်ရွယ်သောသူ (၁ တိ ၄း၁၂) နှင့် အသက်ကြီးသောသူ (ဝတ် ၁၉း၃၂) တို့ကို မထီမဲ့မြင်မပြုပါနှင့်။ "လူပျို၏ဘုန်းကား အစွမ်းသတ္တိ၊ လူအို၏ဂုဏ်အသရေကား ဖြူသောဆံပင်ဖြစ်၏" (သုတ္တံ ၂၀း၂၉)။

**ဆင်ခြင်ရန်** - အသင်းတော်၌ ဘယ်သူပို၍လေးစားရိုသေခြင်းခံရပါသနည်း - သင်းအုပ်ဆရာလော (သို့) ဖိတ်ခေါ်ထားသောတရားဟောဆရာလော။

**ဆုတောင်းချက်-** (သင်၏သင်းအုပ်ဆရာအတွက် ဆုတောင်းပါလော့)။

တနင်္ဂနွေ၊ ဇန်နဝါရီ (၃၀)
**မာကု ၆း၇-၁၃**
မဿဲ ၂၈း၁၈-၂၀

*"တကျိပ်နှစ်ပါးသောတပည့်တော်တို့ကို ခေါ်ဆော်မူပြီးမှ . . . စေလွှတ်တော်မူ၍ . . . "*

# သာသနာပြုခြင်းတရားနည်းလမ်း

အသင်းတော်တိုင်းသည် သာသနာပြုရာဌာနဖြစ်ကြပါသည်။ ဧဝံဂေလိတရားဟောခြင်းနှင့် သာသနာပြုခြင်းနည်းဥပဒေကား အဘယ်နည်း။ အချက်သုံးချက်ရှိပါ၏ - (၁) ခေါ်တော်မူခြင်း၊ (၂) ကိုးစားခြင်းနှင့် (၃) ဟောပြောခြင်းတို့ဖြစ်ပါသည်။

ပထမအချက်၊ <u>ခေါ်တော်မူခြင်း</u>။ ယေရှုသည် "တကျိပ်နှစ်ပါးသောတပည့်တော်တို့ကို ခေါ်တော်မူပြီးမှ . . . နှစ်ယောက်စီနှစ်ယောက်စီစေလွှတ်တော်မူ၍" (မာကု ၆း၇)။ ယေဘုယျခေါ်ခြင်းနှင့်အထူးခေါ်ခြင်းဟူ၍ ရှိပါသည်။ ယေဘုယျခေါ်ခြင်းကို မဟာခိုင်းစေချက်တွင်တွေ့ရပါသည် (မဿဲ ၂၈း၁၉၊ ၂၀)။ ခရစ်ယာန်တိုင်းသည် မိမိ၏မိသားစု၊ သူငယ်ချင်းနှင့်သူတပါးထံ သတင်းကောင်းဟောခြင်းငှါ ခေါ်ခြင်းခံရကြ၏။ ထို့နောက်၊ အချိန်ပြည့်အမှုတော်ဆောင်ရန် အထူးခေါ်ခြင်းလည်းရှိပါ၏။ ဤခေါ်ခြင်းကို တကျိပ်နှစ်ပါးတို့ခံရခဲ့ကြ၏။ ဘုရားသခင်သည် သင်းအုပ်ဆရာ၊ သင်ပေးသောဆရာ၊ သာသနာပြုဆရာ၊ အသင်းတော်၌အမှုတော်ဆောင်သောသူများ စသည်ဖြင့်၊ အချိန်ပြည့်သို့အထူးခေါ်တော်မူပါ၏။ အချိန်ပြည့်အမှုတော်ဆောင်ခြင်း သင်ခေါ်ခြင်းခံရပါသလား။ မည်သို့သိနိုင်ပါမည်နည်း။ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်လိုသောစိတ်ဆန္ဒရှိခြင်း၊ သမ္မာကျမ်းစာသင်ကြားလိုခြင်းနှင့် ထိုတရားကို သူတပါးထံသွန်သင်လိုစိတ်ရှိခြင်းရှိပါလျှင် သင်သည် ထိုအမှု၌ခေါ်ခြင်းခံရသည်ဟု သတ်မှတ်၍ရပါသည်။

<u>ကိုးစားခြင်း</u>၊ သာသနာပြုသောသူတို့သည် ဘုရားသခင်ကိုလုံးဝကိုးစားခြင်းရှိရပါမည် (မာကု ၆း၈-၁၁)။ အရေးကြီးဆုံးအချက်မှာ သူတို့ပိုင်ဆိုင်သော သတင်းကောင်းကိုလူတို့ထံ ပေးကမ်းကြရပါမည်။ ငွေကြေးမဟုတ်၊ ပစ္စည်းဥစ္စာမဟုတ်ပါ။ ဘုရားသခင်၏အစေခံကျွန်တို့သည် ဘုရားသခင်၏ထောက်ပံ့မစတော်မူခြင်းကို ကိုးစားလျက်၊ ယုံကြည်ခြင်းဖြင့်အလိုတော်နှင့်ညီသော အမှုတော်ကိုဆောင်ရွက်ကြရပါမည်။

<u>ဟောပြောခြင်း</u>၊ သတင်းကောင်းဟောပြောသောသူသည် နောင်တရခြင်းတရားကို ဟောကြရပါမည် (မာကု ၆း၁၂)။ ကြွယ်ဝချမ်းသာခြင်းသတင်းကောင်းမဟုတ်ရပါ။ လူတို့သည် အပြစ်ကိုကျူးလွန်၍ ဘုရားသခင်ကပြစ်ဒဏ်စီရင်တော်မူမည်အကြောင်း ဟောပြောရပါမည်။ ကယ်တင်ခြင်းခံရသောလမ်းမူကား အပြစ်သားသည် နောင်တရ၍ယေရှုခရစ်တော်ကို ယုံကြည်မှသာ ကယ်တင်ခြင်းသို့ ရောက်ရ၏။ "အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသောဆုကျေးဇူးတော်ကား ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း" (ရောမ ၆း၂၃)။

**ဆင်ခြင်ရန်** - သတင်းကောင်းကို သူတပါးထံသင်ဟောပြောပါသလား။
**ဆုတောင်းချက်-** (အချိန်ပြည့်အမှုတော်ဆောင်များများ ပေါ်ထွန်းစေခြင်းငှါ ဘုရားသခင်ထံ တောင်းလျှောက်ပါလော့)။

တနင်္လာ၊ ဇန်နဝါရီ (၃၁)
**မာကု ၆း၁၄-၂၉**
မဿဲ ၅း၁၀-၁၂

*“ဤသူကား ငါ၏အမိန့်နှင့်လည်ပင်းကို ဖြတ်သော ယောဟန်ဖြစ်၏”*

## မာတုရ

များစွာသော ယနေ့ခရစ်ယာန်တို့သည် သူတို့၏ယုံကြည်ခြင်းတို့ကြောင့် ညှင်းပန်းနှိပ်စက်ခြင်းကိုခံရကြ၏။ ခေါင်းဖြတ်ခြင်းခံခဲ့ရကြ၏။ ခရစ်ယာန်ဘာသာကို တရားမဝင်သောဘာသာဟု ကြေငြာခြင်းဖြင့် များစွာသောခရစ်ယာန်တို့သည် တိတ်တဆိတ်ကိုးကွယ်ဝတ်ပြုခြင်းကို ပြုကြ၏။

ဟေရုဒ်အန္တိပသည် စာတန်၏တမန်ဖြစ်ခဲ့ပါသည်။ ယေရှုက သူ့ကိုအလွန်ကောက်ကျစ်စဉ်းလဲသောကြောင့် “ထိုမြေခွေး” (လုကာ ၁၃း၃၂) ဟု ခေါ်ခဲ့၏။ ယေရှုသည် ဟောသောတရားနှင့် အမှုတော်ကြောင့် ကျော်ကြားလာခဲ့ပြီး၊ ဟေရုဒ်က အဘယ်သူဖြစ်သည်ကို အံ့ဩခဲ့ပါသည်။ သူသည် ဗတ္တိဇံဆရာယောဟန်ဖြစ်သည်ဟု ထင်မှတ်မှားခဲ့ပြီး၊ “ဤသူကား ငါ၏အမိန့်နှင့်လည်ပင်းကို ဖြတ်သောယောဟန်ဖြစ်၏။ သေခြင်းမှထမြောက်လေပြီဟုဆိုလေ၏” (မာကု ၆း၁၆)။ သူ့ကိုခြောက်ခြားစေခြင်းငှါ ယောဟန်ပြန်လာသည်ဟု သူထင်မှတ်ခြင်းဖြစ်နိုင်ပါသည်။

အဘယ့်ကြောင့် ဟေရုဒ်သည် ယောဟန်ကိုသတ်ခဲ့ပါသနည်း။ အကြောင်းမှာ သူ့အပြစ်ကို ဤသို့အပြစ်တင်ခဲ့သောကြောင့်ဖြစ်ပါသည်-“အရှင်မင်းကြီးသည် ညီတော်၏ခင်ပွန်းကိုမသိမ်းအပ်” (မာကု ၆း၁၈)။ ယောဟန်သည် အလင်းထဲ၌အသက်ရှင်၍ ဟေရုဒ်သည်အမှောင်ထဲ၌ နေခဲ့၏။ မုသာကိုယုံသောသူတို့သည် အမှောင်၌ကျင်လည်၍၊ အလင်း၌နေသောသူတို့ကို ကြောက်ကြ၏။ ထို့ကြောင့် ဟေရုဒ်သည်ယောဟန်ကိုဖမ်းဆီး၍ ထောင်ချခဲ့ပါသည်။ ဆိုးသွမ်းသောသူသည် မုသာပြော၍ ချီးမွမ်းတတ်သောသူကို ဒဏ်မပေးဘဲ၊ အပြစ်ကိုဖော်ပြသောစစ်မှန်သောတရားဟောဆရာတို့ကို ဒဏ်ခတ်တတ်၏။

ဤပြစ်မှု၌ ဖောက်ပြန်သောဟေရောဒိသည် ကြံရာပါဖြစ်ခဲ့ပါသည်။ ယေဇဗေလကဲ့သို့ သူသည်ဘုရားသခင်၏ပရောဖက်ကို မုန်းခဲ့ပါသည်။ မိမိအပြစ်ကိုဖော်ထုတ်သောယောဟန်ကို သတ်လိုခဲ့ပါသည်။ ထို့ကြောင့် ယောဟန်ကိုသေဒဏ်ပေးခြင်းငှါ ဟေရုဒ်ကိုလိမ္မာပါးနပ်စွာ လှည့်စားခဲ့ပါသည်။ ထို့ပြင် ယောဟန်၏ဦးခေါင်းကို လင်ပန်းဖြင့်ဆက်သခြင်းငှါ အလိုရှိခဲ့၏ (မာကု ၆း၂၅)။

ယောဟန်ဘဲမဟုတ်ပါ၊ များစွာသောခရစ်ယာန်တို့သည် ဆိုးသွမ်းလှသော မယုံကြည်သူတို့ကြောင့် အသေဆိုးဖြင့်သေခဲ့ကြရ၏။ ခရစ်တော်သည် လူဆိုးတို့ကိုဒဏ်ခတ်၍ မာတုရတို့ကို ဆုလာဘ်ပေးခြင်းငှါ တနေ့ကြွလာတော်မူလိမ့်မည် - “ပလ္လင်များကိုလည်း ငါမြင်၏။ ပလ္လင်ပေါ်မှာထိုင်သောသူတို့သည် တရားစီရင်ရသောအခွင့်ကိုရကြ၏။ သားရဲနှင့်သူ၏ရုပ်တုကိုမကိုးကွယ်၊ သူ၏တံဆိပ်လက်မှတ်ကိုနဖူး၌မခံ၊ လက်၌မခံဘဲနေ၍၊ ယေရှု၏သက်သေခံတော်မူချက်နှင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကြောင့်၊ လည်ပင်းဖြတ်ခြင်းကိုခံရသောသူတို့၏ ဝိညာဉ်များကိုငါမြင်၏။ သူတို့သည် အသက်ရှင်၍အနှစ်တထောင်ပတ်လုံးခရစ်တော်နှင့်အတူ စိုးစံရကြ၏” (ဗျာဒိတ် ၂၀း၄)။

**ဆင်ခြင်ရန်** - သရဖူအရင်၌ ကားတိုင်လာ၏။
**ဆုတောင်းချက်-** (သေခြင်းအမှု၌ပင် ခရစ်တော်ကိုမငြင်းပယ်ဘဲ၊ ဝန်ခံမည်အကြောင်း ဘုရားသခင်ထံ တောင်းလျှောက်ဆုတောင်းပါလော့)။

**မာကု ၆း၃၀-၃၂**

မဿဲ ၁၁း၂၈-၃၀

*"ဆိတ်ကွယ်ရာအရပ်သို့လာကြ။
ခဏအားဖြည့်၍ငြိမ်သက်စွာနေကြ"*

# သမ္မာကျမ်းစာသင်ပေးသောအနားယူခြင်း

အလုပ်သည် မွန်မြတ်ကောင်းမွန်သောအရာဖြစ်ပါသည်။ သို့သော်လည်း၊ အနားယူခြင်းလည်း မရှိမဖြစ်လိုအပ်သောအရာဖြစ်၏။ "ခြောက်ရက်ပတ်လုံးအလုပ်မျိုးကို ကြိုးစား၍လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ . . . အလုပ်မလုပ်ရ" (ထွက် ၂၀း၉၊ ၁၀)။

ယေရှုသည်လည်း မည်သို့အနားယူရမည်အကြောင်း သိတော်မူ၍၊ တပည့်တော်တို့ကိုလည်း ဤသို့ဆိုခဲ့ပါသည် - "တော၌ဆိတ်ကွယ်ရာအရပ်သို့လာကြ။ ခဏအားဖြည့်၍ငြိမ်သက်စွာနေကြဟု မိန့်တော်မူ၏" (မာကု ၆း၃၁)။ ဤ"တောဆိတ်ကွယ်ရာအရပ်"သည် သဲကန္တာရကိုမဆိုလိုပါ။ လူသူတိတ်ဆိတ်သောတောအရပ်ကိုဆိုလိုခြင်းဖြစ်ပါသည် (မာတု ၃း၇၊ ၉း၂)။ ယုဒပြည်၏တောအရပ်တို့၌ အိုအေစစ်နှင့်စမ်းရေများစွာရှိပါသည်။ ဒါဝိတ်နှင့်သူ၏လူတို့သည် ထိုတောထဲ၌၊ အစားရေဆာပေါ များ၍ ခိုနားစရာလိုဏ်ဂူများစွာရှိသောတောထဲ၌ ခိုလှုံခဲ့ဖူးကြ၏ (၁ ဓမ္မရာ ၂၃း၂၉)။

ဂရိစကားလုံး "အနားယူခြင်း" ၏အဓိပ္ပာယ်မှာ လုံးဝအနားယူခြင်းကိုဆိုလို၏။ ယေရှုက တပည့်တော်တို့အားအနားယူရန် မိန့်တော်မူသောအခါ၊ အားပြန်ဖြည့်ခြင်းငှါ လုံးဝအနားယူခြင်းကို ဆိုလိုပါသည်။ "လူများသွားလာကြသည်ဖြစ်၍ တမန်တော်တို့သည် အစာစားခြင်းငှါမျှမအားနိုင်ကြ"။ ထို့ကြောင့် သူတို့ပြန်၍အားဖြည့်ခြင်းငှါအစားအစာစား၍ အိပ်ပျော်အနားယူဖို့လိုအပ်ပါသည်။

ထို့ကြောင့် အားလပ်ရက်ယူ၍အနားယူခြင်းသည် အပြစ်မဟုတ်ပါ။ အသင်းတော်အနေဖြင့် Church Camps (သို့) Bible Camps ပြုလုပ်ခြင်းသည် သမ္မာကျမ်းစာ၌အခြေခံခြင်းဖြစ်ပါသည်။ များစွာသောအသင်းတော်တို့သည် နှစ်တိုင်းပြုလုပ်ကြပြီး၊ အလုပ်၌အစဉ်ကျင်လည်နေခဲ့သော အသင်းသူအသင်းသားတို့သည် အလုပ်မှအနားယူ၍ နှုတ်ကပတ်တော်လေ့လာဆင်ခြင်လျက်၊ အချင်းချင်း မိဿဟာယဖွဲ့ခွင့်ရကြ၏။ ထိုသို့သော Camps သည် ခန္ဓာကိုယ်နှင့်ဝိညာဉ်အရေးအတွက် ကောင်းမွန်လှပါသည်။ အသင်းတော်ပြုလုပ်သော Church Camp ၌မပါဝင်ဘဲ မနေပါနှင့်။

**ဆင်ခြင်ရန်** - မဿဲ ၁၁း၂၈-၃၀ ကိုဖတ်ပါ။

**ဆုတောင်းချက်-** (နေ့စဉ် အလုပ်လုပ်နိုင်အောင် ခွန်အားပေးလျက်၊ ဥပုသ်နေ့၌ဝတ်ပြုကိုးကွယ် အနားယူရသောအခွင့်ပေးတော်မူသော ဘုရားသခင်ကို ကျေးဇူးတင်ပါ၏)။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၂)
**မာကု ၆း၃၃-၄၄**
ဆာလံ ၂၃

*“ထိုသူတို့သည် ထိန်းသူမရှိ၊*
*ပစ်ထားသောသိုးကဲ့သို့ဖြစ်ကြသည်”*

# ကျွန်ုပ်တို့ကိုပြုစုကျွေးမွေးတော်မူသောသူယေရှု

ဘုရားသခင်၏နာမတော်တို့တွင် တခုမှုကား “ယေဟောဝါယိရေ” ဟုခေါ်သော၊ “ဘုရားသခင်ပြင်ဆင်ပြုစုကျွေးမွေးတော်မူလိမ့်မည်” ဟု အဓိပ္ပာယ်ရသောနာမတော်ဖြစ်ပါသည်။ ယေရှုသည် ဖန်ဆင်းရှင်နှင့်ပြုစုစောင့်ရှောက်တော်မူသောသူဖြစ်တော်မူ၏။ ဘုရားသခင်က ဘယ်အရာကို ကျွန်ုပ်တို့အတွက်ပြင်ဆင်ပြုစုပေးတော်မူသနည်း။

ပထမအနေဖြင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ကယ်တင်ခြင်းပြင်ဆင်ပေးတော်မူခဲ့၏။ မာကု ၆း၃၄ ထဲတွင် - “ယေရှုသည် ထွက်ကြွ၍ လူများအပေါင်းတို့ကိုတွေ့မြင်တော်မူလျှင်၊ ထိုသူတို့သည်ထိန်းသူမရှိ၊ ပစ်ထားသောသိုးကဲ့သို့ဖြစ်ကြသည်ကို သနားခြင်းစိတ်တော်ရှိ၍ များစွာသော ဆုံးမဩဝါဒကိုပေးတော်မူ၏”။ ကယ်တင်ခြင်းပေးတော်မူသောသူသည် ယေရှုဖြစ်၍၊ ယေရှု၏အနက်ကား “ကယ်တင်ရှင်” ဟူ၍ဖြစ်ပါသည်။ လူတို့သည် ပျောက်သောသူကဲ့သို့ ပျက်စီးခြင်းသို့ ဦးတည်နေကြသောကြောင့်၊ ယေရှုသည် လူတို့ကိုသနားတော်မူ၏။ “ငါသည်ကောင်းသောသိုးထိန်းလည်းဖြစ်၏။ ကောင်းသောသိုးထိန်းသည် သိုးတို့အဘို့အလိုငှါ မိမိအသက်ကိုစွန့်တတ်၏” (ယောဟန် ၁၀း၁၁)။ ယေရှုသည် ကောင်းသောသိုးထိန်းဖြစ်တော်မူပြီး၊ “ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်” (ယောဟန် ၁း၂၉)လည်း ဖြစ်တော်မူ၏။ “သခင်ယေရှုခရစ်ကိုယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့်သင်၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်” (တမန် ၁၆း၃၁)။

ဒုတိယအနေဖြင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုသမ္မာကျမ်းစာပေးတော်မူ၏။ ယေရှုသည် ဘာမှမသိဘဲ၊ လမ်းပျောက်လျက်ရှိသောလူတို့ကို မြင်သောအခါ “များစွာသောဆုံးမဩဝါဒကိုပေးတော်မူ၏။” နှုတ်ကပတ်တော်ဖြင့် ကျွေးမွေးပြုစုတော်မူ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အစားအစာထက်ပို၍ အရေးကြီးလှပါ၏။ ယေရှုက - “လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏” (မသဲ ၄း၄)။ ယေရှုသည် အသက်မုန့်ဖြစ်တော်မူ၏။ “ငါသည် အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တဖန်အဆာအမွတ်မခံရ။ ငါ့ကိုယုံကြည်သောသူသည် နောက်တဖန် ရေငတ်မခံရ. . . ငါသည် ကောင်းကင်မှဆင်းသက်သောအသက်မုန့်ဖြစ်၏။ ဤမုန့်ကိုစားသောသူမည်သည်ကား၊ အစဉ်မပြတ်အသက်ရှင်လိမ့်မည်။ ငါပေးသောမုန့်ကား၊ လောကီသားတို့၏အသက်အဘို့အလိုငှါ စွန့်သောငါ၏အသားပေတည်းဟု မိန့်တော်မူ၏” (ယောဟန် ၆း၃၅၊ ၅၁)။ ယေရှုသည် မိမိ၏ခန္ဓာကိုယ်ကို ကျွန်ုပ်တို့၏အပြစ်အတွက် ကားတိုင်၌ပေးအပ်တော်မူပြီး၊ သင်္ဂြိုလ်ခြင်းခံပြီးမှ သုံးရက်မြောက်နေ့တွင် ရှင်ပြန်ထမြောက်ခဲ့ပါသည်။ ဤသည်ကား သတင်းကောင်း၊ ဧဝံဂေလိတရားဖြစ်တော်မူ၏။ “ထိုတရားသည် ရှေ့ဦးစွာ၌ ယုဒလူ၊ နောက်၌ဟေလသလူ၊ ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသောဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏” (ရောမ ၁း၁၆)။

ဘုရားသခင်က ကျွန်ုပ်တို့လိုအပ်သောအရာ၊ ထာဝရအသက်အတွက် - ကယ်တင်ရှင်ယေရှုနှင့် သမ္မာကျမ်းစာကို ကျွန်ုပ်တို့အား ပေးတော်မူခဲ့၏။ ကယ်တင်ရှင်နှင့်သမ္မာကျမ်းစာသည် စုံလင်သည်ဖြစ်၍၊ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည်လည်း စုံလင်ပြည့်စုံတော်မူ၏။

**ဆင်ခြင်ရန်** - ဆာလံ ၂၃ ကိုဖတ်ပါ။
**ဆုတောင်းချက်-** “သခင်၊ အကျွန်ုပ်တို့သည် အဘယ်သူထံသို့သွားရပါမည်နည်း။ ထာဝရအသက်နှင့်ယှဉ်သောစကားသည် ကိုယ်တော်၌တည်ပါ၏”(ယောဟန် ၆း၆၈)။

ကြာသပတေး၊ ဖေဖော်ဝါရီ (၃)

**မာကု ၆း၄၅-၅၆**

ယောဟန် ၁၄း၁-၂၇

*"တည်ကြည်သောစိတ်ရှိကြလော့။ ငါပင်ဖြစ်သည်၊ မကြောက်လန့်ကြနှင့်"*

# ကြောက်လန့်ခြင်းမရှိကြနှင့်

ငါးထောင်သောလူတို့ကို ကျွေးမွေးပြီးနောက်၊ ယေရှုသည် တကိုယ်တည်းဆုတောင်းခြင်းငှါ တပည့်တော်တို့ကို စေလွှတ်တော်မူ၏။ တပည့်တော်တို့သည် "ညအချိန်" (၆နာရီမှ ၉နာရီကြား၊ မာကု ၆း၄၇)၌ လှေဖြင့်ထွက်သွားခဲ့ပြီး၊ လေမသင့်သောကြောင့် ၆နာရီကြာ ကြိုးစားလှော်ခတ်ကြသော်လည်း (မာကု ၆း၄၈၊ သုံးချက်တီးသည် နံနက်၃နာရီမှ ၆နာရီကြားဖြစ်ပါသည်) ကမ်းမကပ်နိုင်ခဲ့ကြပါ။ ထိုအချိန်၌ ယေရှုသည်ရေပေါ်၌ သူတို့ထံလျှောက်လာတော်မူခဲ့၏။ ထိုအခါတပည့်တော်တို့သည် ဖုတ်တစ္ဆေဖြစ်သည်ဟု ထင်လျက်ကြောက်လန့်ခဲ့ကြ၏။ ယေရှုက "တည်ကြည်သော စိတ်ရှိကြလော့။ ငါပင်ဖြစ်သည် မကြောက်လန့်ကြနှင့်" (မာကု ၆း၅၀)ဟု မိန့်တော်မူ၏။ ယေရှုက "ငါပင်ဖြစ်သည်၊ မကြောက်လန့်ကြနှင့်" ဟုဆိုသောအခါ ဘာကိုဆိုလိုပါသနည်း။

ပထမအနေဖြင့်၊ တပည့်တော်တို့အား ယေရှုက မိမိသည်ထာဝရဘုရားဖြစ်တော်မူကြောင်း ဖော်ပြခြင်း ဖြစ်ပါသည်။ "ငါပင်ဖြစ်သည်"ဟု မိန့်တော်မူချက်သည်၊ ဘုရားသခင်ကမောရှေထံ- "ငါဖြစ်သည်ဟု အမည်ရှိသောသူသည်၊ ငါ့ကိုသင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု ဣသရေလအမျိုးသားတို့အား ပြန်ပြောလော့"(ထွက် ၃း၁၄၊ နှိုင်း ၄၆း၁၀)ဟူသော အချက်နှင့်အတူတူပင်ဖြစ်ပါသည်။ ထာဝရဘုရားဖြစ်သည်အတိုင်း၊ ယေရှုက မိမိသည်ဖန်ဆင်းရှင်ဖြစ်တော်မူ၍ သဘာဝတရားကိုလည်း အစိုးရတော်မူ၏။ ဣသရေလလူတို့အတွက် ပင်လယ်နီကိုထက်ခြမ်းကွဲစေသကဲ့သို့၊ မုန်တိုင်းကိုငြိမ်သက်စေလျက်၊ သူတို့ကိုကမ်းသို့လုံခြုံစွာ ပို့ဆောင်နိုင်တော်မူပါ၏။

ဒုတိယအနေဖြင့်၊ ယေရှုက မိမိသည်သူတို့၏အသက်ကိုစောင့်ရှောက်ကွယ်ကာတော်မူသောသူဖြစ်ကြောင်းဖော်ပြခြင်း ဖြစ်ပါသည်။ ထာဝရဘုရားဖြစ်တော်မူသောယေရှုသည် သူတို့ကိုချစ်၍သူတို့အနား၌ ရှိတော်မူသောကြောင့် တပည့်တော်တို့သည်ကြောက်လန့်ခြင်းမရှိဘဲ၊ သတ္တိရှိကြရမည်ဖြစ်ပါသည်။ လှေပေါ်သို့ယေရှုတတ်တော်မူလျှင်၊ လေသည်ငြိမ်သက်၍၊ သူတို့သည်ကမ်းသို့ အံ့ဩဖွယ်ရောက်ရှိခဲ့ကြ၏ (ယောဟန် ၆း၂၁)။

သင့်ဘဝ၌ မုန်တိုင်းများရှိပါသလား။ သင်စိတ်နှလုံးပင်ပန်းခြင်းရှိပါသလား။ သင့်အသက်တာ၌ ဘုရားသခင်၊ သခင်ယေရှုရှိပါလျှင်၊ သူသည်သင့်ကိုလွတ်မြောက်ခြင်းပေးပါလိမ့်မည်။ ယေရှုက" သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်။ ဘုရားသခင်ကိုယုံကြည်ကြလော့။ ငါ့ကိုလည်းယုံကြည်ကြလော့။ . . . ငြိမ်သက်ခြင်းကိုသင်တို့၌ ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကိုသင်တို့အားငါပေး၏။ လောကီသားတို့ပေးသကဲ့သို့ငါပေးသည်မဟုတ်။ သင်တို့စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်" (ယောဟန် ၁၄း၁၊ ၂၇)။

**ဆင်ခြင်ရန်** - ကြောက်လန့်ခြင်းမရှိနှင့်။ ယေရှုသည်သင့်အနား၌ ရှိတော်မူ၏။

**ဆုတောင်းချက်-** သင်တို့ကိုသတိနှင့်ကြည့်ရှုတော်မူသောကြောင့်၊ သင်တို့၌ စိုးရိမ်ခြင်းအမှုရှိသမျှတို့ကိုကိုယ်တော်၌ အပ်နှံကြလော့။

သောကြာ၊ ဖေဖော်ဝါရီ (၄)

**မာကု ၇း၁-၂၃**

ယေရမိ ၆း၁၆

*"မိမိတို့အဆက်ဆက်ခံသော နည်းဥပဒေသအားဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပယ်ကြ၏"*

# သမ္မာကျမ်းစာလော၊ ထုံးတမ်းစဉ်လာလော

"ထုံးတမ်းစဉ်လာ၊ ထုံးတမ်းစဉ်လာ"ဟု တယောဆရာကခေါင်မိုးပေါ်တွင် သီချင်းဆိုနေ၏။ ယုဒလူတို့သည် ထုံးတမ်းစဉ်လာကိုလိုက်၍ နေထိုင်စားသောက်၊ ဝတ်ဆင်လျက်အလုပ်လုပ်ကြပါ၏။ ဤထုံးတမ်းစဉ်လာတို့သည် မည်သို့စတင်ခဲ့ပါသနည်း။ အိမ်ထောင်ဦးစီးတဦးကဤသို့ ဖြေခဲ့ပါသည်- "ကျွန်တော်မသိပါ၊ သို့သော်လည်းထုံးတမ်းစဉ်လာမရှိလျှင် ကျွန်ုပ်တို့၏ဘဝသည် ခေါင်မိုးပေါ်က တယောဆရာကဲ့သို့ယိမ်းယိုင်နေပါလိမ့်မည်။"

ထုံးတမ်းစဉ်လာသည် အမြဲတမ်းမကောင်းသောအရာမဟုတ်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ အခြေခံထားသောထုံးတမ်းစဉ်လာသည် ကောင်းပါ၏။ သို့သော်လည်း၊ လူတို့၏စိတ်ကူးနှင့်အတွေး၌ အခြေခံလျှင်မကောင်းပါ။ ယေရှုသည် ဖာရိရှဲနှင့်ကျမ်းပြုဆရာတို့၏ ထုံးတမ်းစဉ်လာကို ဆန့်ကျင်ခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့်နည်း။ အကြောင်းမှာ သူတို့၏ထုံးတမ်းစဉ်လာသည် ဘုရားသခင်၌အခြေမခံဘဲ၊ သူတို့၏အမြင်၌အခြေခံထား၏ -"ရှေးလူဟောင်းတို့မှ ဆက်ခံသောနည်းဥပဒေသ၊" "လူတို့စီရင်သောပညတ်၊" "လူတို့မှဆက်ခံသောနည်းဥပဒေသ၊" "အဆက်ဆက်ခံသောနည်းဥပဒေသ" (မာကု ၇း၃၊ ၇-၉) ဖြစ်ကြပါသည်။ ဘုရားသခင်က ဟေဗြဲကျမ်းစာတွင် ပညတ်တရားများကို ပေးတော်မူခဲ့၏။ ထိုပညတ်တရား၌ ကျမ်းပြုဆရာနှင့်ဖာရိရှဲတို့က မလိုအပ်သော ဥပဒေသများကိုထပ်၍ပေါင်းထည့်ကြ၏။ ထိုလူတို့ပြဋ္ဌာန်းသော ဥပဒေသတို့ကြောင့် ဘုရားသခင်၏ ပညတ်တရားသည်လူတို့လိုက်လျှောက်၍ မရလောက်အောင်ခဲယဉ်းလာခဲ့ပါသည်။ "အလွန်လေး၍ ထမ်းခဲသောဝန်တို့ကိုပြင်ဆင်၍ သူတပါးပခုံးပေါ်မှာတင်တတ်ကြ၏။ မိမိတို့မူကား လက်ဖျားနှင့်မျှ မရွှေ့လိုကြ" (မသဲ ၂၃း၄)။ ယေရှုက သူတို့အားဟန်ဆောင်သောသူဟု ခေါ်ခဲ့ပါသည်။ "ဤလူမျိုးသည် နှုတ်ခမ်းနှင့်ငါ့ကိုရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့်ဝေးလှ၏။ . . . သင်တို့သည် အဆက်ဆက်ခံသောနည်းဥပဒေသကိုကျင့်ရသောအခွင့်ရှိစေခြင်းငှါ၊ ဘုရားသခင်၏ပညတ်တော်ကို လျောက်ပတ်စွာပယ်ကြသည်တကား။ . . . မိမိတို့အဆက်ဆက်ခံသောနည်းဥပဒေသအားဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုပယ်ကြ၏။ ထိုသို့သောအကျင့်အလေ့များတို့ကို သင်တို့သည်ကျင့်လေ့ရှိကြသည်ဟုမိန့်တော်မူ၏" (မာကု ၇း၆၊ ၉၊ ၁၃)။ ဝိညာဉ်ရေးရာအခြေအနေကို ထုံးတမ်းစဉ်လာဖြင့်မဟုတ်ဘဲ၊ သမ္မာကျမ်းစာဖြင့် တိုင်းတာရပါမည်။ သမ္မာကျမ်းစာသွန်သင်သောအကျင့်တို့ကိုသာ သွန်သင်လျက်အမွေထားခဲ့ကြပါစို့။ "သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ကြားရပြီးသော အရာတို့ကို သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကိုသွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သောသူတို့၌ အပ်ပေးလော့" (၂ တိ ၂း၂)။

**ဆင်ခြင်ရန်** - သန့်ရှင်းသောအသက်တာသည် ကျမ်းစာကိုင်ဆောင်ခြင်းဖြင့်မဟုတ်ဘဲ၊ ကျမ်းစာနာခံလိုက်လျှောက်ခြင်းဖြင့်သာ ရနိုင်၏။

**ဆုတောင်းချက်-** (ကောင်းမွန်သောထုံးတမ်းစဉ်လာ၊ သမ္မာကျမ်းစာသင်ပေးသော ထုံးတမ်းစဉ်လာကြောင့် ဘုရားသခင်ကိုကျေးဇူးတင်ပါ၏ (ယေရမိ ၆း၁၆))။

**မာကု ၇း၂၄-၃၇**

မဿဲ ၁၅း၂၁-၂၈

*"ထိုမိန်းမကား၊ ဟေလသအမျိုး၊ ရှုရိဖိနိတ်ပြည်သူဖြစ်သတည်း"*

# နှိမ့်ချသောယုံကြည်ခြင်း

ယခုအခါ ယေရှုသည်တပါးအမျိုးသားနယ်ဖြစ်သော တုရုမြို့နှင့်ဇိဒုန်မြို့ (ယနေ့ခေတ်ဆီးရီးယား)တွင်ရောက်ခဲ့ပါသည်။ ထိုအရပ်၌ ရှုရိဖိနိတ်ပြည်သူအမျိုးသမီးတဦးသည် ယေရှုကိုတွေ့၍နတ်ဆိုးစွဲသောသူ့သမီးကို ကယ်တင်စေခြင်းငှါ တောင်းလျှောက်ခဲ့ပါသည်။ ဤအမျိုးသမီးက မည်သို့ယေရှုထံချဉ်းကပ်ပါသနည်း။ အလွန်ရိုသေစွာ၊ ဝတ်ပြုကိုးကွယ်လျက် "ဒါဝိတ်၏သားတော်ရှင်၊ ကျွန်မကို သနားတော်မူပါ" (မဿဲ ၁၅း၂၂) ဟု ဆိုခဲ့ပါသည်။ မှတ်သားစရာကောင်းသည်မှာ တပါးအမျိုးသားဖြစ်လျက်ပင် ယုဒဂုဏ်ပုဒ်ဟုသိထားသော "ဒါဝိတ်၏သားတော်"ဟု ယေရှုကိုခေါ်ခဲ့ခြင်းဖြစ်ပါသည်။ ယုဒလူတို့သိသင့်သော်လည်း မသိခဲ့သောယေရှုသည် ဒါဝိတ်၏သားတော်၊ မေရှိယဖြစ်ကြောင်းကို သူသိခဲ့ပါသည်။

စိတ်ဝင်စားစရာကောင်းသည်မှာ ထိုအမျိုးသမီး၏တောင်းဆိုမှုကို အစ၌ယေရှုကလျစ်လျူရှုခဲ့ပါသည်။ အဘယ့်ကြောင့်နည်း။ တပည့်တော်တို့အား စစ်မှန်သောယုံကြည်ခြင်းအကြောင်းကို ပြသလိုသောကြောင့်ဖြစ်ပါသည်။ ယေရှုက ဤအမျိုးသမီးကို ဥပမာထားလျက် ကြီးမြတ်သောယုံကြည်ခြင်းကိုပြသလိမ့်မည်။ ကြီးမြတ်သောယုံကြည်ခြင်းကိုစစ်ကြောခြင်းဖြင့်၊ ယေရှုက "ရှေ့ဦးစွာသားများကိုဝစွာကျွေးပါရစေ။ သား၏အစာကိုယူ၍ ခွေးအားမပေးမချအပ်ဟုမိန့်တော်မူ၏" (မာကု ၇း၂၇)။ ယေရှုက သူမအားခွေးနှင့်ခိုင်းနှိုင်းခဲ့ပါ၏။ များသောအားဖြင့်၊ ကျွန်တော်တို့သည် ဤအချက်ကို သဘောတူနိုင်ကြမည်မဟုတ်ပါ။ သို့သော်လည်း၊ ဤအမျိုးသမီးကလက်ခံခဲ့ပါသည်။ မိမိကိုယ်ကိုနှိမ့်ချလျက် ယေရှုစကားကိုလက်ခံခဲ့ပြီး၊ "မှန်ပါ၏သခင်၊ ခွေးမည်သည်ကား၊ သားတို့၏စားနပ်စားပေါက်ကို စားပွဲအောက်၌စားမြဲထုံးစံရှိပါသည်" (မာကု ၇း၂၈) ဟု ပြန်လျှောက်ခဲ့ပါသည်။

ထိုခေတ်ကာလ၌ လူတို့သည်လက်ဖြင့်ထမင်းစားကြပြီး၊ စားသုံးပြီးသောအခါ ကျန်သောမုန့်ဖြင့်သူတို့၏လက်ချောင်းတို့ကို သုတ်ပြီးမှထိုညစ်ပတ်သောမုန့်တို့ကို ခွေးတို့အား ကျွေးလေ့ရှိကြ၏။ ဤအမျိုးသမီးသည် သခင့်စားပွဲမှကျသော ထိုညစ်ပတ်သည့်မုန့်တို့ကိုသာ မိမိနှင့်ထိုက်တန်၏ဟုမိမိကိုယ်ကိုနှိမ့်ချခဲ့ပါသည်။ ကြီးမြတ်သောယုံကြည်ခြင်းပေတည်း။ "စိတ်နှလုံးနှိမ့်ချသောသူတို့သည်မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏" (မဿဲ ၅း၃)။ ယေရှုက ဤသို့ချီးမွမ်းခဲ့ပါသည် - "အိုမိန်းမ၊ သင်သည်ယုံကြည်အားကြီးလှပြီ" (မဿဲ ၁၅း၂၈)။ ထိုအချိန်၌ သူ၏သမီးသည်ကျန်းမာခဲ့ပါသည်။ ကျွန်ုပ်တို့၏မာနတို့ကို ခါချပြီး၊ ယေရှုကိုချီးမြှောက်သောအခါ ကောင်းကြီးမင်္ဂလာခံစားရတတ်၏။ ကျွန်ုပ်တို့၏အသက်တာ၌ ကြီးသောအမှုယေရှုပြုမည်အကြောင်း၊ ယေရှုကို ပထမနေရာ၌ထား၍ မိမိကိုယ်ကိုနှိမ့်ချလျက်နေကြရပါမည်။

**ဆင်ခြင်ရန်** - "ထာဝရဘုရားသည် ကျိုးပဲ့သောစိတ်ရှိသောသူတို့နှင့် နှလုံးကြေကွဲသောသူတို့ကို နီးတော်မူ၏။ နောင်တရှိ၍ စိတ်နှိမ့်ချသောသူတို့ကိုလည်း ကယ်တင်တော်မူ၏" (ဆာလံ ၃၄း၁၈)။

**ဆုတောင်းချက်-** (သင်ဒူးထောက်၍ ဘုရားသခင်ထံဆုတောင်းပါလော့)။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၆)

**မာကု ၈း၁-၂၁**

ဟောရှေ ၄း၆ *"သင်တို့သည် နားမလည်ဘဲအဘယ်သို့နေကြသနည်း"*

---

# အဘယ့်ကြောင့်အလွန်မိုက်မဲကြပါသနည်း

ကျွန်တော်တို့ခရစ်ယာန်တို့သည် မိုက်မဲသောသူမဟုတ်ဘဲ၊ လိမ္မာပါးနပ်သောသူဖြစ်ကြရပါမည်။ အကြောင်းမှာ ကျွန်တော်တို့၌ ဆရာတကာတို့၏ဆရာဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်နှင့်စုံလင်၍ ပညာဖြင့်ပြည့်စုံသောစာအုပ် သမ္မာကျမ်းစာရှိပါ၏။ ဆာလံ ၁၁၉း၉၉ ထဲတွင် "သက်သေခံတော်မူချက်တို့ကို အကျွန်ုပ်သည်ဆင်ခြင်အောက်မေ့သောကြောင့်၊ အကျွန်ုပ်၏ဆရာ အပေါင်းတို့ထက်သာ၍ နားလည်ပါ၏" ဟုဆိုထားပါသည်။ ၁ ယော ၂း၂၇ ၌လည်း "သို့သော်လည်း သန့်ရှင်းတော်မူသော ဘုရား၏လက်မှသင်တို့ခံရသောဘိသိက်ကျေးဇူးတော်သည် သင်တို့၌ရှိသည်ဖြစ် ၍၊ အဘယ်သူမျှ သင်တို့ကိုဆုံးမဩဝါဒပေးစရာအကြောင်းမရှိ၊ ထိုဘိသိက်ကျေးဇူးတော်သည် ဖြစ်ယောင်ဆောင်သည်မဟုတ်၊ အမှန်ဖြစ်လျက် ခပ်သိမ်းသောအရာတို့ကို သင်တို့အားသွန်သင်တော်မူသည်အတိုင်း၊ သင်တို့သည် သားတော်၌တည်နေကြလော့" ဟုဆိုထားပါသည်။

သို့သော်လည်း အဘယ့်ကြောင့် ကျွန်တော်တို့မိုက်မဲသောအချိန်ရှိခဲ့ပါသနည်း။ ယေရှုက တပည့်တော်တို့ကို "သို့ဖြစ်လျှင်၊ သင်တို့သည် နားမလည်ဘဲအဘယ်သို့နေကြသနည်းဟု မိန့်တော်မူ၏" (မာကု ၈း ၂၁)။ သူတို့နားလည်မည်ဟု ယေရှုမျှော်လင့်သော်လည်း၊ နားမလည်ခဲ့ကြပါ။

ထိုသို့မိုက်မဲခြင်း၌ အကြောင်းရင်းတစ်ခုနှစ်ခုရှိပါ၏။ ပထမအချက်မှုကား၊ ကျွန်တော်တို့သည် ဘုရားသခင်နှင့်တန်ခိုးတော်ကို မေ့လျော့သောအခါ မိုက်မဲတတ်ကြပါ၏။ ယေရှုက အံ့ဖွယ်နှစ်ခုဖြစ်သော၊ လူငါးထောင်အား ငါးနှစ်ကောင်နှင့်မုန့်ငါးလုံးဖြင့်၎င်း၊ လေးထောင်သောသူတို့အား မုန့်ခုနစ်လုံးနှင့် အနည်းငယ်သောငါးတို့ဖြင့် ကျွေးမွေးတော်မူခဲ့ပြီဖြစ်ပါသည်။ ဤအံ့ဖွယ်အားဖြင့် ယေရှုက မိမိ၏တန်ခိုးနှင့်မိမိသည် ပြုစုကျွေးမွေးတော်မူသောဘုရားဖြစ်ကြောင်း ပြသခဲ့ပါသည်။ ကျွန်ုပ်တို့လိုအပ်ချက်ကိုသိတော်မူ၍ ကျွန်ုပ်တို့ကိုဂရုစိုက်တော်မူ၏ (မာကု ၈း ၂၊ ၃)။ ဘုရားသခင်ကို သံသယဝင်ခြင်းသည် မိုက်မဲမှုဖြစ်ပါသည်။ ကောင်းကင်၌ကျွန်ုပ်တို့အဘရှိတော်မူကြောင်း မသိမှတ်ဘဲနေခြင်းသည် မိုက်မဲမှုဖြစ်ပါသည်။

ဒုတိယအချက်ကား၊ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ရှိသော ဝိညာဉ်ရေးရာအန္တရာယ်တို့ကို မမြင်ခြင်းသည် မိုက်မဲမှုဖြစ်ပါသည်။ "ဖာရိရှဲတို့၏တဆေးကို၎င်း၊ ဟေရုဒ်၏တဆေးကို၎င်း၊ သတိနှင့်ကြည့်ရှောင်ကြဟုပညတ်တော်မူ၏။ တပည့်တော်တို့ကိုလည်း ငါတို့၌မုန့်မပါသောကြောင့် ဤစကားကို မိန့်တော်မူသည်ဟုအချင်းချင်းဆွေးနွေးပြောဆိုကြ၏။ ယေရှုသည် သိတော်မူလျှင်၊ သင်တို့၌မုန့်မပါသည်ကို ထောက်၍ အဘယ်ကြောင့်အချင်းချင်းဆွေးနွေးပြောဆိုကြသနည်း။ ယခုတိုင်အောင်နှလုံးမသွင်း၊ နားမလည်ကြသလော။ သင်တို့စိတ်နှလုံးမိုက်သေးသလော" (မာကု ၈း၁၅-၁၇)။ တဆေးသည် မုန့်ကိုပွစေသောအရာဖြစ်ပါသည်။ ဤကျမ်းပိုဒ်၌ တွေ့ရသောတဆေးသည် မှားယွင်းသောဘာသာနှင့်မှားယွင်းသောအယူဝါဒကို ဆိုလိုခြင်းဖြစ်ပါသည်။ တပည့်တော်တို့သည် အစားအသောက်ထက်၊ သူတို့၏စိတ်ကိုအဆိပ်သင့်စေနိုင်သော မှားယွင်းသည့်အယူဝါဒကို ပို၍သတိထားကြရပါမည်။ မိုက်မဲခြင်းမရှိကြပါနှင့်။

**ဆင်ခြင်ရန်** - ဟောရှေ ၄း၆ ထဲမှ သတိပေးခြင်းကိုဖတ်ပါလော့။

**ဆုတောင်းချက်-** (သဘောပေါက်နားလည်ခြင်းရှိမည်အကြောင်း ဆုတောင်းပါလော့)။

တနင်္လာ၊ ဖေဖော်ဝါရီ (၇)
**မာကု ၈း၂၂-၂၆**
ဟေဗြဲ ၄း၁၄-၁၆

*"သူ၏မျက်စိကိုတံထွေးနှင့်ထွေး၍"*

# ယေရှု၏တံထွေး

ယခုတွေ့ရသောမျက်ကန်းအား ယေရှုကအံ့ဖွယ်ကျန်းမာစေခြင်းအမှုသည် မိမိ၏တံထွေးကို အသုံးပြုလျက် နားပျင်း၍စကားအသောသူအား ကျန်းမာစေခြင်းနှင့်တူညီမှုရှိပါသည်။ ယခုအမှုတွင်၊ ယေရှုသည် မျက်ကန်း၏မျက်စိ၌ တံထွေးကိုထွေးတော်မူခဲ့ပါသည်။ ထိုသို့တံထွေးအသုံးပြုသောအခါ မျက်ကန်းသည်မြင်ရသောအခွင့်ရခဲ့ပါသည်။ အမှောင်ကွယ်ပျောက်၍လူတို့ကို သစ်ပင်ကဲ့သို့လှမ်းသွားကြသည်ကို မြင်တွေ့ခဲ့၏။ ထိုအခါ ယေရှုသည် လက်တော်ကိုသူ၏မျက်စိပေါ်သို့တင်သောအခါ သူ၏အမြင်သည်ကြည်လင်၍ ရှင်းလင်းစွာမြင်ရလေ၏။

တခါတည်း ကျန်းမာစေနိုင်သော်လည်း၊ အဘယ့်ကြောင့်ယေရှုသည် နှစ်ကြိမ်မှသာ လုံးဝကျန်းမာခြင်းကိုပေးခဲ့ပါသနည်း။ နှုတ်ဖြင့်အမိန့်ပေး၍ရသော်လည်း၊ အဘယ့်ကြောင့် ယေရှုသည်တံထွေးနှင့်လက်ကိုအသုံးပြုခဲ့ပါသနည်း။ အကြောင်းရင်းမဖော်ပြခဲ့ပါ။ သို့သော်လည်း၊ သိမြင်ရသည်မှာ ယေရှုကမိမိနှိမ့်ချခြင်းသဘောကို ဖော်ပြခြင်းဖြစ်ပါသည်။ ယေရှုသည် လူတို့နှင့်နီးကပ်စွာ ကျင်လည်ပြီး၊ လူတို့ကိုသနားကြင်နာခြင်းရှိကြောင်းပြသခဲ့ပါသည်။ "ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသောဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်၊ ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏။ ထို့ကြောင့် ငါတို့သည်သနားခြင်းကရုဏာကိုငှငင်း၊ တော်လျော်သောမစခြင်းကျေးဇူးတော်ကိုငှငင်း ခံရမည်အကြောင်းရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့" (ဟေဗြဲ ၄း၁၅၊ ၁၆)။

ယနေ့ခေတ်၌ တွေ့ရသောဝိညာဉ်ဆုကျေးဇူးလွန်ကဲစွာ ယုံကြည်သောသူ၊ အနာရောဂါငြိမ်းစေနိုင်သည်ဟု မိမိကိုယ်ကိုဆိုသောသူတို့က ဤအမှုကိုကိုးကားလျက်၊ ကျန်းမာစေခြင်းအမှုသည် ချက်ချင်းလက်ငင်းမဟုတ်၊ ဖြည်းဖြည်းချင်းကျန်းမာမည်ဟု ဆိုကြ၏။ သူတို့သည် ဤကျမ်းပိုဒ်ကိုမှားယွင်းစွာအသုံးပြုကြခြင်းဖြစ်ပါသည်။ ယခုတွေ့ရသောယေရှု၏ကျန်းမာစေခြင်းအမှုသည် ချက်ချင်းလက်ငင်းဖြစ်ပါ၏။ အဆင့်နှစ်ဆင့်အသုံးပြု၍ ကျန်းမာစေခြင်းကို ယေရှုပေးခဲ့သော်လည်း၊ ဤအဆင့်နှစ်ဆင့်သည် တခုနှင့်တခုအချိန်ကာလမခြားဘဲ ချက်ချင်းဆက်ကပ်ခဲ့ပါသည်။ မိနစ်ပိုင်းအတွင်း၌ မျက်ကန်းသည်လုံးဝရှင်းလင်းသောအမြင်ရရှိခဲ့ပါသည်။ ဤသို့သော အနာငြိမ်းစေခြင်းကို ယနေ့ခေတ် အနာငြိမ်းစေသောသူတို့၌မတွေ့ရပါ။ ရောဂါစွဲသောသူတို့သည် သူတို့ထံချဉ်းကပ်၍၊ အကြိမ်ကြိမ်သွားရောက်ခဲ့ကြသော်လည်း၊ ကျန်းမာခြင်းမရရှိခဲ့ကြပါ။ ယနေ့ခေတ် အနာငြိမ်းစေသောသူတို့ကို သတိပြုကြပါလော့။

**ဆင်ခြင်ရန်** - လူတို့၏တံထွေးသည် ညစ်ပတ်သောအရာဖြစ်နိုင်သော်လည်း၊ ယေရှု၏တံထွေးသည် သန့်ရှင်း၍ကောင်းသောတံထွေးဖြစ်ပါသည်။

**ဆုတောင်းချက်-** (ကျေးဇူးတော် ပလ္လင်တော်ကို သင့်လိုအပ်ချက်တို့နှင့်တကွ ရဲရင့်စွာချဉ်းကပ်ပါလော့)။

# သင့်အဖို့ယေရှုသည်အဘယ်သူဖြစ်သနည်း

“လူများတို့သည် ငါ့ကိုအဘယ်သူဖြစ်သည်ဆိုကြသနည်း” (မာကု ၈း၂၇)။ အမှုတော်ဆောင်နှစ်နှစ်အပြီး၌ ယေရှုက ဤမေးခွန်းကိုမေးတော်မူခဲ့၏။ ယခုဆိုလျှင် လူတို့ကယေရှုကို အမှန်သိကြသင့်ပြီဖြစ်ပါသည်။ သို့သော်လည်း၊ ဝမ်းနည်းစရာကောင်းစွာ လူတို့သည်ယေရှုကို “ပရောဖက်တပါးပါး” ဖြစ်သည်ဟု ဆိုကြ၏ (မာကု ၈း၂၈)။ ထို့ထက်ပို၍ ယေရှုကိုမသိမြင်ခဲ့ကြပါ။ သူတို့သည် မျက်ကန်းဖြစ်ပါသည်တကား။

ယေရှုသည် ကြီးမြတ်သောပရောဖက်၊ ဗတ္တိဇံဆရာယောဟန်ထက် ပို၍မြတ်သောပရောဖက်ဖြစ်သည်မှာ သံသယရှိစရာမလိုပါ (နှိုင်း၊ လုကာ ၇း၂၈)။ မွတ်ဆလင်တို့ကပင် ယေရှုကိုပရောဖက်အဖြစ်သိကြပါ၏။ သို့သော်လည်း၊ ယေရှုသည် ပရောဖက်သာသာမဟုတ်၊ သူသည် မောရှေကဲ့သို့သော မြတ်သောပရောဖက်မေရှိယဖြစ်တော်မူ၏ (တရား ၁၈း၁၅)။ ပရောဖက်တို့တွင် တပါးမဟုတ်၊ သူသာလျှင် တပါးတည်းသောကယ်တင်ရှင်ဖြစ်တော်မူ၏။

“သင်တို့သည် ငါ့ကိုအဘယ်သူဖြစ်သည်ဆိုကြသနည်း” (မာကု ၈း၂၉)ဟု ယေရှုမေးသောအခါ၊ ပေတရုက မှန်ကန်သောအဖြေကိုပေးခဲ့ပါသည် - “ကိုယ်တော်သည် ခရစ်တော်တည်းဟူသောအသက်ရှင်တော်မူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ဟု လျှောက်လေ၏” (မဿဲ ၁၆း၁၆)။ “ခရစ်တော်”ဟု အနက်ကား “ဘိသိက်ပေးခြင်းခံရသောသူ”ဟူ၍ ဖြစ်ပါ သည်။ ယေရှုသည် ဘိသိက်ပေးခြင်းခံရသောပရောဖက်၊ ယဇ်ပုရောဟိတ်နှင့်ရှင်ဘုရင်ဖြစ်တော်မူ၏။

ဘိသိက်ခံပရောဖက်ဖြစ်သောကြောင့်၊ ယေရှုသည် ကယ်တင်ခြင်းသတင်းကောင်းကိုဟောပြော၍ သမ္မာတရားကိုတန်ခိုးနှင့် သွန်သင်တော်မူ၏။ ဘိသိက်ခံပရောဖက်ဖြစ်ကြောင်း သိပါလျှင်၊ သူ၏နှုတ်ကပတ်တော်ကို ပို၍ယုံကြည်လျက် နာခံခြင်းရှိရပါမည်။

ဘိသိက်ခံယဇ်ပုရောဟိတ်ဖြစ်သောကြောင့် ယေရှုသည် ကျွန်ုပ်တို့ကိုယ်စားယဇ်ကောင်ဖြစ်လာခဲ့ပါသည်။ ကားတိုင်ပေါ်၌ ကျွန်ုပ်တို့ကိုယ်စား အသေခံခြင်းငှါကြွလာတော်မူ၏ -“ဘုရားသခင်သည်သည်းခံတော်မူ၍ လွန်ခဲ့ပြီးသော ဒုစရိုက်အပြစ်များကိုမှတ်တော်မမူရာတွင် ဖြောင့်မတ်ခြင်းတရားတော်ကို ထင်ရှားစေခြင်းငှါငှင်း၊ ယခုကာလ၌ ဖြောင့်မတ်ခြင်းတရားတော်ကို ထင်ရှားစေ၍ ယေရှုကိုယုံကြည်သောသူတို့၏အပြစ်ကို လွှတ်တော်မူသော်လည်း၊ တရားသဖြင့်ပြုတော်မူခြင်းငှါငှင်း၊ ယေရှုခရစ်၏အသွေးတော်ကိုယုံကြည်ခြင်းအားဖြင့် ထိုခရစ်တော်ကိုအပြစ်ဖြေစရာအကြောင်းဖြစ်စေခြင်းငှါ ခန့်ထားတော်မူပြီ” (ရောမ ၃း၂၅၊၂၆)။

ဘိသိက်ခံရှင်ဘုရင်ဖြစ်သောကြောင့် ယေရှုသည်ကျွန်ုပ်တို့အသက်တာကို အုပ်စိုးခြင်းငှါကြွလာတော်မူ၏။ ခရစ်တော်ကိုယုံကြည်လျှင် ကယ်တင်ရှင်အဖြစ်သာမက သခင်အဖြစ်လည်းလက်ခံရပါမည်။ “သင်သည် သခင်ယေရှုကိုနှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည်သူ့ကိုသေခြင်းမှထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်” (ရောမ ၁၀း၉)။ ခရစ်တော်၏သခင်ဖြစ်ခြင်းနှင့် ကယ်တင်ရှင်ဖြစ်ခြင်းကို သီးခြားခွဲ၍မရပါ။ ယေရှုက “ငါ့ကိုချစ်လျှင်ငါ့ပညတ်တို့ကို စောင့်ရှောက်ကြလော့” (ယောဟန် ၁၄း၁၅) ဟုမိန့်တော်မူ၏။

**ဆင်ခြင်ရန်** - ယေရှုသည်သင့်အဖို့ ထိုသို့ဖြစ်ပါသလား။

**ဆုတောင်းချက်-** (သခင်ယေရှု၏အဖြစ်တော်ကို စုံလင်စွာသိမြင်မည်အကြောင်းဆုတောင်းပါလော့)။

**မာကု ၈း၃၂-၃၈**
ဖိလိ ၂း၅-၁၁

*“ထိုသူသည် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။*
*ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်”*

# သရဖူအရင်ကားတိုင်ရှိ၏

သရဖူအရင် ကားတိုင်ရှိ၏ဟူသောတရားသည် ယေရှုသာလျှင်မဟုတ်ဘဲ တပည့်တော်တို့အပေါင်းအတွက်လည်း ရည်ညွှန်းခြင်းဖြစ်ပါသည်။ ယေရှုက “အကြင်သူသည်ငါ၌ဆည်းကပ်ခြင်းငှါ အလိုရှိ၏။ ထိုသူသည် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်။ အကြင်သူသည် မိမိအသက်ကိုကယ်ဆယ်ခြင်းငှါ အလိုရှိသည်။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည် ငါ့ကြောင့်၎င်း၊ ဧဝံဂေလိတရားကြောင့်၎င်း အသက်ရှုံး၏။ ထိုသူသည် မိမိအသက်ကို ကယ်ဆယ်လိမ့်မည်။ လူသည် ဤစကြာဝဠာကိုအကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း” (မာကု ၈း၃၄-၃၆) ဟုမိန့်တော်မူ၏။

ယေရှုက “လူသားသည် များစွာခံရမည်။ လူအကြီးအကဲ၊ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့၏ငြင်းပယ်ခြင်းကို၎င်း၊ အသေသတ်ခြင်းကို၎င်းခံရမည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်” (မာကု ၈း၃၁) ဟုဆိုသောအခါ ပေတရုက ယေရှုအား အပြစ်တင်သောစကားကိုဆိုခဲ့ပါသည် (မာကု ၈း၃၂)။ ပေတရုက ယေရှုအားကားတိုင်၌အသေမခံစေလိုဘဲ သရဖူကိုဆောင်းလျက်အစိုးရစေလိုခဲ့ပါသည်။ ထိုသို့အလိုရှိခြင်းမှာ “ယေရှုသည် ရှင်ဘုရင်ဖြစ်သောအခါမိမိသည် ယေရှု၏ညာလက်ရုံးဖြစ်လိုသောကြောင့်ဖြစ်ပါသည်”။ ယေရှုက ပေတရု၏ကိုယ်ကျိုးရှာသောစိတ်ကိုမြင်တော်မူလျက် “အချင်းရန်သူ၊ ငါ့နောက်သို့ဆုတ်လော့။ သင်သည်ဘုရားသခင်၏အရာကိုစိတ်မစွဲလမ်း၊ လူတို့၏အရာကိုသာစွဲလမ်းသည်ဟူ၍ ပေတရုကိုဆုံးမတော်မူ၏” (မာကု ၈း၃၃)။

ပေတရုသည် ယေရှုကိုယုံကြည်ခြင်းမျက်စိဖြင့်မမြင်ခဲ့ပါ။ ချီးမြှောက်ခြင်းအရင် နှိမ့်ချခြင်းအရင်ရှိကြောင်း သူသဘောပေါက်ခဲ့သင့်ပါသည်။ ယေရှုသည် ရှင်ဘုရင်အမှုကိုမပြုမီ ကယ်တင်ခြင်းအမှုကို ပြီးစီးဆောင်ရွက်ဖို့လိုအပ်ပါ၏။ ဤကျမ်းပိုဒ်၌ ယေရှုသည်မိမိ၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ကိုဖော်ပြ၍ ဘုန်းတန်ခိုးအာနုဘော်တော်နှင့်ပြန်လည်ကြွလာတော်မူမည်အကြောင်းလည်းကြိုဟောတော်မူခဲ့ပါသည် (မာကု ၈း၃၈)။ ယေရှုသည် ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်သခင်အဖြစ် ချီးမြှောက်ခြင်းခံလျက် အရာခပ်သိမ်းကိုအစိုးရတော်မူမည်။ ယေရှု၏ဒုတိယအကြိမ်ကြွလာတော်မူခြင်းသည် ဘုန်းအာနုဘော်တော်နှင့်ပြည့်စုံလိမ့်မည်။ သူသည် မိမိ၏နိုင်ငံတော်သို့(နှိုင်း- တမန် ၁း၃၊ ၆၊ ၇၊ ၁၁၊ ၂ တိ ၄း၁) မိမိ၏ကောင်းကင်တမန်တို့နှင့် (၂ သက် ၁း၇-၉) ၎င်း၊ ဆုလာဘ်နှင့်တကွ (နှိုင်း - ၁ ကော ၄း၅၊ ၂ တိ ၄း၈) ကြွလာတော်မူလိမ့်မည်။ ပထမကြွလာတော်မူခြင်းသည် ဘုရားသခင်၏သိုးသငယ်ကဲ့သို့ အသေခံရန်ကြွလာခဲ့ပြီး ဒုတိယအကြိမ်ကြွလာတော်မူခြင်းသည် ယုဒအမျိုးခြင်္သေ့ကဲ့သို့အစိုးရခြင်းငှါ ကြွလာတော်မူလိမ့်မည်။ သရဖူအရင် ကားတိုင်ရှိ၏ဟူသော ဘုရားသခင်၏တရားသည် ကျွန်ုပ်တို့အားလုံးအတွက်လည်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - “သင်သည် ကြီးစွာသောအရာတို့ကို ကိုယ်အဖို့ရှာသလော။ မရှာနှင့်. . .” (ယေရမိ ၄၅း၅)။

**ဆုတောင်းချက်-** အို သခင်ဘုရား၊ အကျွန်ုပ်အား ကိုယ်တော်ကဲ့သို့သော အစေခံဖြစ်စေတော်မူပါ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၁၀)

**မာကု ၉း၁-၁၃**

ဆာလံ ၇၅

*"ဘုရားသခင်၏နိုင်ငံတော်သည် တန်ခိုးနှင့်တကွတည်ကြောင်းကို . . . မမြင်မှီ"*

# သရဖူအကြောင်း တစေ့တစောင်း(၁)

ကားတိုင်မရှိလျှင် သရဖူလည်းရှိမည်မဟုတ်ပါ။ ယနေ့ကျမ်းပိုဒ်တွင် ယေရှုကသူ၏သရဖူအကြောင်း တစေ့တစောင်းဖြစ်သော၊ ဘုရားသခင်၏နိုင်ငံတော်ကြွလာတော်မူခြင်းကို ဖော်ပြတော်မူ၏။ ခရစ်တော်၏မျက်နှာတော်ပြောင်းလဲခြင်းသည် ဤလောက၌ရှိစဉ် သူ၏ထင်ရှားသောအမှုတစ်ခုဖြစ်ခဲ့ပါသည်။ ဤအကြောင်းအရာကို ယေရှုက "ငါအမှန်ဆိုသည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သည် တန်ခိုးနှင့်တကွတည်ကြောင်းကို ဤအရပ်၌ရှိသောသူအချို့တို့သည် မမြင်မှီသေခြင်းသို့မရောက်ရကြ" (မာကု ၉း၁) ဟုမိန့်တော်မူပြီးနောက် တွေ့ရပါ၏။ မဿဲ၊ မာကု နှင့် လုကာ ထဲ၌တွေ့ရပါသည်။ "အချို့" ဟု ယေရှုမိန့်တော်မူခြင်းသည် ဤမျက်နှာတော်ပြောင်းလဲခြင်း၌ သူ၏ဘုန်းတော်ကိုမြင်ခွင့်ရခဲ့သော ပေတရု၊ ယာကုပ်နှင့်ယောဟန်တို့ကိုရည်ညွှန်းခြင်းဖြစ်ပါလိမ့်မည်။ မြင့်မားသောတောင်ပေါ်၌ ယေရှုသည်ထာဝရဘုရားအနေဖြင့် မိမိပိုင်ဆိုင်ခဲ့သောဘုန်းအာနုဘော်တော်လူဇာတိခံကြွလာတော်မူစဉ် ထားခဲ့သောထိုဘုန်းအသရေတော်ကို ခဏတာလွှမ်းခြုံခဲ့ပါသည် (ဖိလိ ၂း၆၊ ၇)။ ယေရှုထံမှဖျာထွက်လာသော ဘုန်းအသရေတော်ကို အလွန်ဖြူစင်သန့်ရှင်းသော အလွန်တောက်ပသောနေအလင်းကဲ့သို့ ဖော်ပြခဲ့ပါသည်။

ယေရှုရင်ဆိုင်ရမည့်ကားတိုင်ပေါ်၌ အသေခံခြင်းအတွက် မောရှေနှင့်ဧလိယတို့သည် ကြွလာ၍ ယေရှုကိုခွန်အားပေးခဲ့ကြ၏။ အဘယ်ကြောင့် မောရှေနှင့်ဧလိယကြွလာရသနည်း။ ထင်ရှားသောအကြောင်းအရင်းမှာ မောရှေသည် ပညတ်တိကျမ်းကိုဒင်း၊ ဧလိယသည် ပရောဖက်တို့ကိုကိုယ်စားပြုကြ၏။ ပညတ္တိကျမ်းနှင့်ပရောဖက်ကျမ်းတို့ ပါဝင်သောဓမ္မဟောင်းကျမ်းကို စုံလင်စေခြင်းငှါ ယေရှုကြွလာတော်မူခြင်းဖြစ်၏ (မဿဲ ၅း၁၇၊ လုကာ ၂၄း၂၇၊ ၄၄)။ ယေရှုသည် ဓမ္မဟောင်းကျမ်း၏ပညတ်တရားနှင့်ပရောဖက်ပြုချက်များကို စုံလင်စွာလိုက်လျှောက်စေတော်မူ၏။ ထို့ကြောင့် ခမည်းတော်ဘုရားက "ဤသူသည် ငါနှစ်သက်မြတ်နိုးရာငါ၏ချစ်သားပေတည်း။ သူ၏စကားကိုနားထောင်ကြလော့" (မဿဲ ၁၇း၅၊ မာကု ၉း၇) ဟုမိန့်တော်မူ၏။ ဤသို့ချီးမြှောက်ခြင်းကို ယေရှု၏အမှုတော်အစ ရေဗတ္တိဇံမင်္ဂလာခံစဉ် တွေ့ခဲ့ရပါသည်။ ယခု အမှုတော်ပြီးဆုံးခါနီးတွင် ခမည်းတော်ကအမှုတော်ကို ကောင်းမွန်စွာပြီးစီးခြင်းအတွက် ပြန်၍ချီးမွမ်းစကားဆိုခြင်းဖြစ်ပါသည်။ ယေရှုသည် ခမည်းတော်၏စကားကို အကုန်လုံးနာခံခဲ့ပါသည်။ ယေရှုသည် နာခံခြင်းအမှု၌စုံလင်သောသားတော်ဖြစ်ပါသည်။ ထိုနည်းတူ ခရစ်ယာန်အပေါင်းတို့သည် သားတော်၏စကားကိုနာခံကြရပါမည်။ "သူစေခိုင်းသမျှတို့ကိုပြုကြလော့" (ယောဟန် ၂း၅)။

**ဆင်ခြင်ရန်** - "ပညာရှိသောသူတို့သည် ဘုန်းအသရေကိုအမွေခံရ၍ မိုက်သောသူတို့မူကား အရှက်ကွဲခြင်းကိုထမ်းသွားရကြလိမ့်မည်" (သုတ္တံ ၃း၃၅)။

**ဆုတောင်းချက်-** "အကျွန်ုပ်၏ဘုရားသခင်ထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်ကိုစိတ်နှလုံးအကြွင်းမဲ့ချီးမွမ်း၍ နာမတော်ကိုအစဉ်အမြဲချီးမြှောက်ပါမည်" (ဆာလံ ၈၆း၁၂)။

သောကြာ၊ ဖေဖော်ဝါရီ (၁၁)

**မာကု ၉း၁-၁၃**
ဗျာဒိတ် ၂း၈-၁၁

*“ဘုရားသခင်၏နိုင်ငံတော်သည်*
*တန်ခိုးနှင့်တကွတည်ကြောင်းကို . . . မမြင်မီ”*

## သရုပ်ပြောင်းခြင်း တစေ့တစောင်း(၂)

ဤတောင်ပေါ်၌မြင်တွေ့ခဲ့သော ယေရှု၏မျက်နှာတော်ပြောင်းလဲခြင်းအမှုသည် ပေတရု ယာကုပ်နှင့်ယောဟန်စိတ်ထဲ၌ အစဉ်စွဲမြဲနေခဲ့ပါသည်။ သို့သော်လည်း၊ ယေရှုက မိမိရှင်ပြန်ထမြောက်ခြင်းတိုင်အောင် ထိုအမှုကိုဖုံးကွယ်ထားကြရန် မိန့်တော်မူခဲ့ပါသည်။ သူတို့သုံးဦးစလုံးက သူတို့မြင်တွေ့ခဲ့သော ထိုဘုန်းအာနုဘော်တော်အကြောင်းကို ရေးသားခဲ့ကြပါ၏ (၂ ပေ ၁း၁၆-၁၈၊ ယာကုပ် ၂း၁၊ ယောဟန် ၁း၁၄)။ ထိုအဖြစ်အပျက်ကို စိတ်ထဲမှာ မှတ်ယူလျက် ပေတရုက ဘုန်းအာနုဘော်တော်နှင့်ယေရှုကြွလာတော်မူမည့်အကြောင်းကို ဤသို့ရေးသားခဲ့ပါသည် - “ငါတို့သခင်ယေရှုခရစ်၏ တန်ခိုးတော်ကိုငင်း၊ ကြွလာတော်မူခြင်းကိုငင်း သင်တို့အားကြားပြောသောအခါ ငါတို့သည် ပရိယာယ်နှင့်ပြင်ဆင်သော ဒဏ္ဍာရီစကားကိုမလိုက်၊ ဘုန်းအာနုဘော်တော်ကိုကိုယ်တိုင်မြင်သောသူဖြစ်ကြ၏။ အဘယ်သို့နည်းဟူမူကား၊ ဤသူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်းဟူသော အသံတော်သည် ထူးမြတ်သောအရောင်အဝါတော်ထဲက ထိုသခင်သို့ရောက်သောအခါ၊ ခမည်းတော်ဘုရားသခင့်အထံတော်မှ ဂုဏ်အသရေဘုန်းအာနုဘော်ကို ခံရတော်မူ၏။ ကောင်းကင်ကရောက်လာသော ထိုအသံတော်ကို ငါတို့သည်သန့်ရှင်းသောတောင်ပေါ်မှာ သခင်ဘုရားနှင့်အတူရှိသောအခါ ကြားရကြ၏။ ထိုမှတပါး သာ၍မြဲမြံသောအနာဂတ္တိစကားတော်သည် ငါတို့၌ရှိသေး၏။ စိတ်နှလုံးထဲ၌ အာရုဏ်တက်၍ ကြယ်နီပေါ် ထွက်သည်ကာလတိုင်အောင် ထိုအနာဂတ္တိစကားတော်ကို မှောင်မိုက်အရပ်၌ထွန်းလင်းသောဆီမီးကဲ့သို့မှတ်၍ သင်တို့သည်အမှီပြုသင့်ကြ၏။ ကျမ်းစာ၌ပါသော အနာဂတ္တိစကားဟူမူကား ကိုယ်အလိုအလျောက် အနက်မပေါ်ဟုရှေ့ဦးစွာသိမှတ်ကြလော့။ အကြောင်းမူကား အနာဂတ္တိစကားသည် လူအလိုအားဖြင့်ဖြစ်ဘူးသည်မဟုတ်၊ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းတော်မူခြင်းကို ခံရ၍ဟောပြောကြ၏” (၂ ပေ ၁း၁၆-၂၁)။

သခင်ယေရှုခရစ်တော်သည် မိမိ၏နိုင်ငံတော်ကိုတည်ထောင်ခြင်းငှါ တစ်နေ့ကြွလာတော်မူလိမ့်မည်။ သူသည် အဘဒါဝိတ်၏ပလ္လင်တော်၌ထိုင်လျက် ဤကမ္ဘာတစ်ခုလုံးကို နှစ်တစ်ထောင် အုပ်စိုးပါလိမ့်မည်။ ထိုနှစ်တစ်ထောင်အုပ်စိုးခြင်းတွင် ယေရုရှလင်မြို့သည်မြို့တော်ဖြစ်၍ ဘုန်းတော်ဝင်စားခဲ့သောသန့်ရှင်းသူအပေါင်းတို့သည် ယေရှုနှင့်အတူ အုပ်စိုးကြမည်ဖြစ်ပါသည်။ အမှုတော်ဆောင်စဉ် အခက်အခဲဒုက္ခပေါင်းများစွာ ကြုံတွေ့ခံစားခဲ့ကြသော ဧလိယနှင့်ဗတ္တိဇံဆရာယောဟန်တို့သည် ထိုနှစ်တစ်ထောင်အုပ်စိုးခြင်း၌ သခင်ယေရှုကကြီးမြတ်သောရာထူးပေး၍ ချီးမြှောက်ပါလိမ့်မည် (မာကု ၉း၁၂၊ ၁၃)။ ယေရှုက “သင်သည် ခံရမည့်အရာတစ်စုံတစ်ခုကိုမျှ မကြောက်နှင့်။ သင်တို့သည် စုံစမ်းခြင်းကိုခံရမည်အကြောင်း မာရ်နတ်သည်သင်တို့တွင် အချို့ကိုထောင်ထဲ၌ လှောင်ထား၍ သင်တို့သည်ဆယ်ရက်ပတ်လုံး ဆင်းရဲဒုက္ခကိုခံရကြလိမ့်မည်။ သေသည်တိုင်အောင် သစ္စာစောင့်လော့။ သို့ဖြစ်လျှင် အသက်သရဖူကိုငါပေးမည်” (ဗျာ ၂း၁၀) ဟုမိန့်တော်မူ၏။

**ဆင်ခြင်ရန်** - ဗျာဒိတ် ၁၉း၁-၁၆ ကိုဖတ်ပါ။
**ဆုတောင်းချက်-** (ဘဝ၌ ကြုံတွေ့ရမည့်အခက်အခဲတို့ကို ရင်ဆိုင်ကျော်ဖြတ်ခြင်းငှါ ကျေးဇူးတော်နှင့် ဘုရားသခင်၏ဘုန်းတော်မျှော်လင့်ခြင်းတို့ကို တောင်းလျှောက်ပါလော့)။

စနေ၊ ဖေဖော်ဝါရီ (၁၂)

**မာကု ၉း၁၄-၂၉**

ဆာလံ ၃၄

*"သင်သည် ယုံကြည်နိုင်သလော။ ယုံကြည်သောသူဖြစ်လျှင် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်သည်"*

## မယုံကြည်ခြင်းအတွက်ဖြေဆေး

ပေတရု၊ ယာကုပ်နှင့်ယောဟန်တို့သည် တောင်ထိပ်၌ယေရှုနှင့်အတူ အံ့ဘွယ်ကြုံတွေ့ခဲ့ကြစဉ်၊ အခြားသောတပည့်တော်တို့သည် လူထုနှင့်အတူ တောင်အောက်ချိုင့်၌ ရှုံးနိမ့်မှုကြုံတွေ့ခဲ့ကြ၏ (မာကု ၉း၁၇၊ ၁၈)။ ထိုအခါ ယေရှုသည် - "ယုံကြည်ခြင်းရှိသောအမျိုး၊ ငါသည်သင်တို့နှင့်တကွ အဘယ်မျှကာလပတ်လုံးနေရမည်နည်း။ သင်တို့ကို အဘယ်မျှကာလပတ်လုံး သည်းခံရမည်နည်း။ သူငယ်ကိုငါ့ထံကိုယူခဲ့ကြ" (မာကု ၉း၁၉) ဟု မိန့်တော်မူ၏။ ယုံကြည်ခြင်းမရှိခြင်းကား အဘယ်နည်း။ ယုံကြည်ခြင်းမရှိခြင်းဆိုသည်မှာ သခင်ယေရှု၏ဂုဏ်ပုဒ်နှင့်ပြုသောအမှုကို မယုံကြည်ခြင်းဖြစ်ပါသည်။ သခင်ယေရှုသည် ဘုရားသခင်၊ ကယ်တင်ရှင်ဖြစ်တော်မူပြီး၊ မိမိကို ကိုးစားယုံကြည်သောသူတို့အား စာတန်နှင့်အပြစ်၏လက်မှကယ်နှုတ်တော်မူနိုင်၏။ ယနေ့ကျမ်းပိုဒ်၌ လူတို့၏မယုံကြည်ခြင်းကို သံသယဝင်ခြင်းနှင့် ဆုမတောင်းခြင်း၌ ထင်ရှားခဲ့ပါသည် (မာကု ၉း၁၆၊ ၂၉)။

မယုံကြည်ခြင်းအတွက် ဖြေဆေးကားအဘယ်နည်း။ အခြားမဟုတ်၊ ယုံကြည်ခြင်းပင်ဖြစ်ပါသည်။ နတ်ဆိုး၏ညှဉ်းဆဲခြင်းကို ခံရသော သူတယောက်၏ဖခင်အား ယေရှုက - "သင်သည် ယုံကြည်နိုင်သလော။ ယုံကြည်သောသူဖြစ်လျှင် ခပ်သိမ်းသောအမှုတို့ကိုတတ်နိုင်သည်ဟု မိန့်တော်မူ၏" (မာကု ၉း၂၃)။ "သင်ငွေကြေးတတ်နိုင်လျှင်" ဟု မဆို၊ "သင်ယုံကြည်လျှင်" ဟုဆိုခဲ့ပါသည်။ ယုံကြည်ခြင်းသည် ငွေကြေးနှင့်မဆိုင်၊ စိတ်နှလုံးနှင့်ဆိုင်သောအရာဖြစ်၍ အပြစ်ကိုနောင်တရပြီး သခင်ယေရှုထံ ကယ်တင်ခြင်းခံရခြင်းငှါ ချဉ်းကပ်ခြင်းဖြစ်ပါသည်။ ဤယုံကြည်ခြင်းသည် ရုပ်တုဆင်းတုတို့ကို ကိုးစားခြင်းမဟုတ်ဘဲ စာတန်နှင့်အပြစ်အပေါ်၌၎င်း၊ သေခြင်းနှင့်ရောဂါတို့အပေါ်၌ တန်ခိုးအာဏာရှိတော်မူသောအသက်ရှင်၍စစ်မှန်သောဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းဖြစ်ပါသည်။

ထိုသို့သော ယုံကြည်ခြင်း၊ ယေရှုနှင့်စကားတော် ယုံကြည်ခြင်းက ဘုရားသခင်ကို ကျေနပ်ဝမ်းမြောက်စေတော်မူ၏။ "ယခုမြင်သောအရာတို့သည် အရင်ထင်ရှားသောအရာထဲကမဖြစ်ဘဲ လောကဓာတ်တို့သည် ဘုရားသခင်၏အမိန့်တော်ကြောင့်သာ တည်သည်ကို ငါတို့သည် ယုံကြည်ခြင်းအားဖြင့် သိကြ၏။ . . . ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်၊ အကြောင်းမူကား ဘုရားသခင်အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကို၎င်း ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကို၎င်း ယုံကြည်ရမည်" (ဟေဗြဲ ၁၁း၃၊ ၆)။ လူမဟုတ်၊ ဘုရားသခင်သည် အရာခပ်သိမ်းကို တတ်နိုင်တော်မူ၏။ ဘုရားသခင်ကို ယုံကြည်သောအဖို့ ဘုရား သခင်သည် မိမိအလိုတော်အတိုင်း အရာခပ်သိမ်းကိုပြုတော်မူလိမ့်မည်။ ဘုရားသခင်သည် အကျွန်ုပ် တို့ကိုသနား၍ ကယ်မတော်မူပါလိမ့်မည် (မာကု ၉း၂၂)။

ဤသနားစရာကောင်းသောသူသည် ငိုကြွေးလျက်-"အကျွန်ုပ်ယုံကြည်ပါ၏သခင်။ မယုံကြည်သည်ကို မစတော်မူပါ" (မာကု ၉း၁၄) ဟု တောင်းလျှောက်ခဲ့ပါသည်။ သခင်ယေရှုသည် သနားတော်မူ၍ သူ့သားကိုနတ်ဆိုးနှင့်သေခြင်းမှကယ်နှုတ်တော်မူ၏ (မာကု ၉း၂၅-၂၇)။

**ဆင်ခြင်ရန်** - ဆာလံ ၃၄း၁၈ နှင့် ၅၁း၁၇ ကိုဖတ်ပါ။

**ဆုတောင်းချက်-** "အကျွန်ုပ်ယုံကြည်ပါ၏သခင်။ မယုံကြည်သည်ကို မစတော်မူပါ"။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၁၃)
**မာကု ၉း၃၀-၃၇**
ဖိလိ ၂း၃-၁၁

*"အရင်အဦးဖြစ်လိုသောသူမည်သည်ကား နောက်ဆုံးဖြစ်ရမည်"*

# အဦးဆုံးသူသည် နောက်ဆုံးဖြစ်လိမ့်မည်

ယနေ့ကျမ်းပိုဒ်၌ ကြီးမြတ်ခြင်းတရားကိုတွေ့ရပါသည်။ "အရင်အဦးဖြစ်လိုသောသူမည်သည်ကား နောက်ဆုံးဖြစ်ရမည်။ အလုံးစုံတို့၏အစေခံလည်းဖြစ်ရမည်ဟု မိန့်တော်မူ၏" (မာကု ၉း၃၅)။ ဤကမ္ဘာ၌ မည်သူမျှနောက်ဆုံးမဖြစ်လိုကြ၊ လူတိုင်းပထမဖြစ်လိုကြ၏။ ယေရှုက ပထမဖြစ်လိုလျှင်၊ အရင်နောက်ဆုံးဖြစ်ပါလော့ - အောက်ခြေမှစတင်ပါဟု ဆိုခဲ့ပါသည်။ ဤအမှု၌ ယေရှုသည် စုံလင်ပြည့်စုံသောသာဓကဖြစ်တော်မူ၏။

ယေရှုသည် ကျွန်ုပ်တို့အဖို့ ပြည့်စုံသောသာဓက၊ စံပြပုဂ္ဂိုလ်ဖြစ်ပါ၏။ ယေရှုသည် မိမိ၏ကြီးမြတ်တော်မူခြင်းကို အပြစ်သားကျွန်ုပ်တို့အား ကယ်တင်ခြင်းငှါ မိမိ၏အသက်ပေးခြင်းဖြင့် ပြသတော်မူခဲ့၏။ "အကြောင်းမူကား၊ လူသားသည်လူတို့လက်သို့အပ်နှံခြင်းကိုငင်း၊ အသေသတ်ခြင်းကိုငင်း ခံရမည်။ ခံပြီးမှသုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်ဟူသော အကြောင်းများကို တပည့်တော်တို့အား ပြတော်မူ၏။ ထိုအကြောင်းများကို သူတို့သည်နားမလည်သော်လည်း၊ ကိုယ်တော်ကို မမေးမလျှောက်ဝံ့ကြ" (မာကု ၉း၃၁-၃၂)။ ကားတိုင်ပေါ်၌ ဤသို့စတေးခြင်းမေတ္တာ၊ ကြီးမြတ်သောအမှုအရင်၌ ယေရှု၏ကြီးမြတ်တော်မူသော နှိမ့်ချခြင်းစိတ်သဘောကို တွေ့ရပါ၏။ ဤတရားကို ဖိလိပ္ပိ ၂း၅-၁၁ ထဲတွင် ပြည့်စုံစွာ ဤသို့ဖော်ပြခဲ့ပါသည် - "ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင် မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကိုယူဆောင်လျက် လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းကိုခံတော်မူ၏။ ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။ ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကိုအလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သောဘွဲ့နာမကိုပေးသနားတော်မူ၏။ အကြောင်းမူကား ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသောသတ္တဝါတည်းဟူသော ခပ်သိမ်းသောသတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတို့ကို ဒူးထောက်၍ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့် ခရစ်တော်ဘုရား၏ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်အကြောင်းတည်း"။

ဘုရားသခင်၏ချီးမြှောက်ခြင်းကို ခံလိုပါလျှင် ထိုသို့သောစိတ်သဘောကို ကျွန်တော်တို့ပြသကြရပါမည်။ တမန်တော်ပေါလုက - "ရန်တွေ့လိုသောစိတ်၊ အချည်းနှီးကျော်စောကီတ္တိကိုတပ်မက်သောစိတ်ရှိ၍၊ အဘယ်အမှုကိုမျှမပြုကြနှင့်။ သူတပါးသည် ကိုယ်ထက်သာ၍ကောင်းမြတ်သည်ဟု နှိမ့်ချသောစိတ်ရှိ၍ တစ်ယောက်ကိုတစ်ယောက်ထင်မှတ်ကြလော့။ ကိုယ်အမှုအရာကိုသာမရှုမမှတ်ဘဲ သူ့အမှုအရာကိုအချင်းချင်းရှုမှတ်ကြလော့" (ဖိလိပ္ပိ ၂း၃-၄)ဟု မိန့်တော်မူ၏။

**ဆင်ခြင်ရန်** - ပထမသည် နောက်ဆုံးဖြစ်၍၊ နောက်ဆုံးသည်ပထမဖြစ်လိမ့်မည်။
**ဆုတောင်းချက်-** အို သခင်ဘုရား၊ အကျွန်ုပ်ကို ကိုယ်တော်ကဲ့သို့သော အစေခံဖြစ်စေတော်မူပါ။

# ဘက်(သို့)ရန်သူ (၁)

ယေရှုက “ငါတို့၏ရန်သူဘက်၌မရှိသောသူသည် ငါတို့ဘက်၌ရှိ၏” (မာကု ၉း၄၀) ဟု မိန့်တော်မူ၏။ ထိုနည်းတူ - “ငါ့ဘက်၌မနေသောသူသည် ငါ့ရန်ဘက်ဖြစ်၏။ ငါနှင့်အတူ မစုမသိမ်းသောသူသည် ကြဲဖြန့်သောသူဖြစ်၏” (လုကာ ၁၁း၂၃)။

အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးတခုခုရွေးချယ်ဖို့ လိုအပ်သောအချိန်ရှိပါ၏။ အမှားနှင့်အဆိုးကို မရွေးချယ်ဘဲ၊ အမှန်နှင့်အကောင်းဘက်၌ ကျွန်တော်တို့ရပ်တည်ဖို့ လိုအပ်ပါသည်။ ဘုရားသခင်သည် ကြားနေ၊ လူတိုင်းကို ချီးမွမ်းသောသူ၊ အဆိုးနှင့်အကောင်းနှစ်ခုစလုံးကို လက်ခံဖက်တွယ်သောသူကို မုန်းတော်မူ၏။ ထိုသူသည် သုံးစား၍မရသောသူဖြစ်၏။ ယေရှုက ကြားနေမဖြစ်ခြင်းငှါ သတိပေးတော်မူခဲ့၏- “သင်၏အကျင့်ကိုငါသိ၏။ သင်သည် အဧမဟုတ်၊ အပူမဟုတ်သည်ကိုငါသိ၏။ အဧဖြစ်စေ၊ ပူခြင်းဖြစ်စေ တစ်ခုခုကိုငါအလိုရှိ၏။ ထိုသို့အဧမဟုတ်၊ အပူမဟုတ် နွေးရုံရှိသောကြောင့် ငါ၏ခံတွင်းသည်သင့်ကိုထွေးလုပြီ” (ဗျာ ၃း၁၅၊ ၁၆)။ “အဘယ်သူမျှ သခင်နှစ်ဦးအစေကိုမခံနိုင်။ သခင်တစ်ဦးကိုမုန်း၍တစ်ဦးကိုချစ်မည်။ သခင်တစ်ဦးကိုမှီခို၍ တစ်ဦးကို မခန့်မငြားပြုမည်။ သင်တို့သည် ဘုရားသခင်၏အစေကိုငင်း၊ လောကီစည်းစိမ်၏အစေကို ငင်းမခံနိုင်ကြ” (မသဲ ၆း၂၄)။

Bishop Ryle ကဤသို့ဆိုခဲ့ပါသည် - “ကျွန်တော်တို့အားလုံးသည် အမည်ခံခရစ်ယာန်ဖြစ်ခြင်းကို နှစ်သက်ကြပါစို့။ သင်းကွဲခြင်းနှင့်သီးခြားနေခြင်းကို မကြိုက်ကြပါ။ ဟိုဘက်ဒီဘက်၌ ပါချင်ကြ၏။ အစွန်းရောက်ခြင်းကို ကြောက်ကြ၏။ အလွန်ဖြောင့်မတ်ခြင်းကို စိုးရွံ့ကြ၏။ အလွန်စိတ်အားထက်သန်မှုကို မကြိုက်ကြပါ။ ထိုသို့သော အတွေးအမြင်သည် အသက်တာအတွက်စိုးရိမ်စရာကောင်းလှပါ၏။ ခရစ်တော်အဘို့ ကြားနေလောက်ရွံရှာစရာကောင်းသော အရာမရှိပါ။ လုံးဝသိခြင်းနှင့်လုံးဝသေခြင်းသည် ပို၍သနားစရာကောင်းသေး၏။ သို့သော်လည်း အမှန်တရားကိုသိလျက်ပင်၊ ဝေခွဲမရဖြစ်ပြီး ရပ်တည်မှုမရှိခြင်းသည် ပြစ်မှုကြီးဖြစ်ပါသည်။

“ခရစ်တော်၏အမှုတော်ကို ဆောင်ရွက်ပါလျှင်၊ စိတ်နှလုံးအကြွင်းမဲ့ဆောင်ရွက်ခြင်းငှါ ဆုံးဖြတ်ချက်ချကြပါစို့။ ဘာမှချန်ထားခြင်းမရှိဘဲ၊ စိတ်နှစ်ခွမရှိဘဲ ဆောင်ရွက်ကြပါစို့။ . . . ဆုံးဖြတ်ချက်မချဘဲနေလျှင် ဘာသာရေး၌ ဝမ်းမြောက်ခြင်းရှိမည်မဟုတ်ပါ။ ယေရှု၏နောက်တော်သို့ အမှန်လျှောက်လှမ်းသောသူတို့သည် ဝမ်းမြောက်ခြင်းရှိကြပါလိမ့်မည်။ ဆုံးဖြတ်ချက်အမှန်မချပါလျှင်၊ သူတပါးအတွက် အသုံးဝင်သင့်သလောက် အသုံးမဝင်ပါ။ စိတ်နှစ်ခွရှိသော ခရစ်ယာန်သည် အဘယ်သူမျှဆွဲဆောင်နိုင်မည်မဟုတ်၊ သူ့အသက်တာဖြင့် လောကီလူတို့၏လေးစားမှုကိုပင် ရရှိမည်မဟုတ်ပါ။”

**ဆင်ခြင်ရန်** - ကြားနေသည် စိတ်နှစ်ခွရှိခြင်းအပြစ်ဖြစ်ပါသည်။
**ဆုတောင်းချက်-** ထာဝရဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်အတိုင်း မှန်သောတရားဘက်၌ ရပ်တည်မည်အကြောင်း ဉာဏ်ပညာနှင့်သတ္တိကို အကျွန်ုပ်အား ပေးတော်မူပါ။

# ဘက် (သို့) ရန်သူ (၂)

ဘာသာတရား၌ ဘယ်သူမျှငြင်းခုံခြင်းကိုမလိုလားကြပါ။ အသင်းတော်နှင့်ညီအစ်ကိုတို့၏ ခြားနားမှုကို ဖော်ထုတ်ခြင်းမပြုဘဲ၊ စာတန်နှင့်သူ၏သွေးဆောင်မှုတို့ကို တိုက်ခိုက်၍မရပါ။ Bishop Ryle က ဤသို့ဆိုခဲ့ပါသည် - "ငြင်းခုံခြင်းထက်ပို၍ ဆိုးသောအရာတခုမှာ မှားယွင်းသောအယူဝါဒကို ဆန့်ကျင်ခြင်းမပြုဘဲ သည်းခံခွင့်ပြုခြင်းဖြစ်ပါသည်။ ပရိုတက်စတင့်အသင်းတော်ပြုပြင်ခြင်းကို ငြင်းခုံခြင်းဖြင့်ရယူခဲ့ခြင်းဖြစ်ပါသည် . . . ငြင်းခုံခြင်းသည် လုပ်ဆောင်ရမည့်တာဝန်သာမက၊ ထိုသို့ပြုခြင်းဖြင့် အကျိုးအမြတ်ရတတ်ပါ၏။ ရောဂါဆိုးငှက်များထက် ထစ်ချုန်းမိုးကိုပို၍လိုချင်ပါ၏။ ရောဂါဆိုးသည် တိတ်တဆိတ်ကျွန်ုပ်တို့ကို အဆိပ်သင့်စေပြီး၊ ကျွန်ုပ်တော်တို့လုံခြုံမှုမရှိပါ။ သို့သော်လည်း ထစ်ချုန်းမိုးသည် ခဏတာကြောက်စရာကောင်းသော်လည်း၊ ကွယ်ပျောက်သောအခါ ကောင်းသောရာသီဥတုကိုဖြစ်စေ၏။ သမ္မာကျမ်းစာအရ ကျွန်ုပ်တို့၏တာဝန်ကား "သန့်ရှင်းသူတို့၌ အထက်ကအပ်ပေးခဲ့ပြီးသော ယုံကြည်ခြင်းတရားဘက်မှာ . . . ကြိုးစား၍တိုက်လှန်" (ယုဒ ၃) ရန် ဖြစ်ပါသည်။

"ကျွန်ုပ်တော်ပြောခဲ့သော အကြောင်းအရာသည် များစွာသောလူတို့အဖို့ ခါးသက်နေမည်ဖြစ်ကြောင်း ကျွန်ုပ်တော်သိပါသည်။ များစွာသောသူတို့သည် သမ္မာတရားအစုံအလင်သွန်သင်ခြင်းမရှိခြင်း၌ ကျေနပ်ကြသည်ကို တွေ့ရပါ၏။ ဝမ်းနည်းစရာကောင်းလှပါသည်။ သမ္မာတရားအစုံအလင်၊ ပြည့်စုံစွာဟောပြောခြင်း၊ သွန်သင်ခြင်းက အသက်တာကိုတည်ဆောက်ကြောင်း ကျွန်ုပ်တော်ကောင်းကောင်းသိပါသည်။ ထိုသို့သော ဟောပြောသွန်သင်မှုမခံရသောအသက်တာသည် နောက်ဆုံး၌ ပျက်စီးတတ်၏။ ကျွန်ုပ်တော်တို့လုံးဝမစမ်းသက်၊ မပတ်သက်သင့်သောအရာသုံးခုမှာ၊ အနည်းငယ်သောအဆိပ်၊ အနည်းငယ်သောမှားယွင်းသောအယူဝါဒ၊ အနည်းငယ်သောအပြစ်တို့ဖြစ်ပါသည်"။

"မှားယွင်းသောအယူဝါဒမှ အကောင်းဆုံးကွယ်ကာမှုသည် အဘယ်အရာနည်း။ သမ္မာကျမ်းစာပင်ဖြစ်ပါသည်။ ကျမ်းစာပုံမှန်ဖတ်ခြင်း၊ ပုံမှန်ဆုတောင်းခြင်းနှင့်ပုံမှန်ကျမ်းစာလေ့လာသင်ယူခြင်းဖြစ်ပါသည်။ သခင်ယေရှုပေးတော်မူသော နည်းဥပဒေသမှာ "ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ" (ယောဟန် ၅း၃၉)ဟူ၍ဖြစ်ပါသည်။ စာတန်၏သွေးဆောင်ခြင်းတို့ကို တိုက်ခိုက်ခြင်း၌ ဝိညာဉ်တော်၏ဓါးဖြစ်သော၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အကောင်းဆုံးဖြစ်ပါသည်။ သို့သော်လည်း၊ ကောင်းမွန်မှန်ကန်စွာအသုံးပြုတတ်ခြင်း၌၊ ကျွန်ုပ်တော်တို့သည် ကျမ်းစာကိုဆုတောင်းခြင်းဖြင့်၊ ပုံမှန်ကြိုးစားအားထုတ်လျက်၊ စိတ်အားထက်သန်စွာဖတ်ကြရပါမည်။"

**ဆင်ခြင်ရန်** - "ပုံမှန်ကျမ်းစာဖတ်သောအသင်းသားသည် အသင်းတော်၏ခွန်အားဖြစ်ပါသည်" (Ryle)။

**ဆုတောင်းချက်-** "ဤအရာသည် ကျွန်ုပ်ရပ်တည်ချက်ဖြစ်၏။ အခြားဘာမှကျွန်ုပ်တော်မလုပ်နိုင်ပါ၊ ထို့ကြောင့် မစတော်မူပါ ဘုရား" (Luther)။

**မာကု ၉း၄၂-၂၈**
၂ ကော ၆း၁၄-၁၈

*"သင်၏လက်သည် သင့်ကိုမှားယွင်းစေလျှင် လက်ကိုဖြတ်လော့"*

# ဝိညာဉ်နှင့်ဆိုင်သောခွဲစိတ်ခြင်း

ကျွန်တော်တို့သည် အပြစ်မကျူးလွန်ခြင်းငှါ အလွန်သတိထားကြရပါမည်။ ယေရှုက "သင်၏လက်သည် သင့်ကိုမှားယွင်းစေလျှင်လက်ကိုဖြတ်လော့။ . . . သင်၏ခြေသည် သင့်ကိုမှားယွင်းစေလျှင် ခြေကိုဖြတ်လော့။ . . . သင်၏မျက်စိသည်လည်း သင့်ကိုမှားယွင်းစေလျှင် မျက်စိကိုထုတ်လော့။ ပိုးမသေ၊ မီးမငြိမ်းရာ၊ ငရဲမီးထဲသို့ မျက်စိနှစ်ဘက်စုံနှင့်ချခြင်းကို ခံရသည်ထက်၊ မျက်စိတဘက်နှင့်ဘုရားသခင်၏နိုင်ငံတော်ကိုဝင်စားသော် သာ၍ကောင်း၏" (မာကု ၉း၄၃-၄၈) ဟုမိန့်တော်မူ၏။

ယေရှုက ကျွန်ုပ်တို့အား မိမိကိုယ်ကိုအမှန်တကယ် ခြေလက်ဖြတ်၍ ဒုက္ခိတဖြစ်စေပါသလော။ ထိုသို့ဆိုလျှင် အသင်းတော်၌ ဒုက္ခိတနှင့်ပြည်နေပါလိမ့်မည်။ ယေရှုဆိုလိုသည်မှာ အသီးအခြားနေခြင်းနှင့်သန့်ရှင်းစွာနေထိုင်ခြင်းကို အဓိကရည်ညွှန်းခြင်းဖြစ်ပါသည်။ "မှားယွင်း"စေလျှင်ဟူသည်မှာ အပြစ်ပြုစေလျှင်၊ အပြစ်သို့သွေးဆောင်လျှင်ဟု ဆိုလိုပါသည်။ ယေရှုက ကျွန်ုပ်တို့အား ထိုသို့သော၊ မှားယွင်းစေသော၊ အပြစ်ကိုပြုစေသောအရာတို့နှင့် အသီးအခြားနေစေခြင်းငှါ တိုက်တွန်းခြင်းဖြစ်ပါသည်။ ကင်ဆာရောဂါကိုလျင်မြန်စွာ ဖယ်ရှားဖို့လိုအပ်သကဲ့သို့၊ ကျွန်ုပ်တို့၌ရှိသောအပြစ်ကိုလည်း လျင်မြန်စွာဖယ်ရှားဖို့လိုပါ၏။ ထိုသို့ ချက်ချင်းမဖယ်ရှားခဲ့လျှင်၊ တဖြည်းဖြည်းကြီးထွား၍သင့်ကိုအသေသတ်ပါလိမ့်မည်။

"ဖြတ်လော့" ဟူသောအဓိပ္ပာယ်ကို ၂ ကော ၆း၁၄-၁၈ ထဲတွင် ဤသို့ရှင်းပြထားပါသည်- "မယုံကြည်သောသူတို့နှင့်တွဲဘက်၍ ဆန့်ကျင်ဘက်ဖြစ်သော ထမ်းဘိုးကိုမထမ်းကြနှင့်။ တရားသောအမှုသည်မတရားသောအမှုကို အဘယ်သို့လက်ခံနိုင်မည်နည်း။ အလင်းသည်မှောင်မိုက်နှင့်အဘယ်သို့စပ်ဆိုင်နိုင်မည်နည်း။ ခရစ်တော်သည် ဗေလျာလနှင့်အဘယ်သို့သင့်တင့်နိုင်မည်နည်း။ ယုံကြည်သောသူသည် မယုံကြည်သောသူနှင့်အတူ အဘယ်အကျိုးအပြစ်ကိုခံရမည်နည်း။ ဘုရားသခင်၏ဗိမာန်တော်သည် ရုပ်တုတို့နှင့်အဘယ်သို့စပ်ဆိုင်ရမည်နည်း။ ဘုရားသခင်မိန့်တော်မူသည်ကား သူတို့တွင် ငါကျိန်းဝပ်မည်။ သူတို့တွင်လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူသည်နှင့်အညီ သင်တို့သည်အသက်ရှင်တော်မူသောဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၏။ ထို့ကြောင့် ထာဝရဘုရားမိန့်တော်မူပြန်သည်ကား သင်တို့သည် ထိုသူတို့အထဲမှထွက်၍အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကိုလက်နှင့်မျှ မတို့ကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကိုငါသည်လက်ခံမည်။ သင်တို့၏အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့်မည်ဟု အနန္တတန်ခိုးနှင့်ပြည့်စုံသော ထာဝရဘုရားမိန့်တော်မူ၏"။ Carl McIntire က ဤသို့ဆိုခဲ့ပါသည် - "မယုံကြည်ခြင်းနှင့်ယုံကြည်ခြင်းအတူတကွ တံပိုးထမ်းသောအခါ၊ ယုံကြည်သောဘုရားသခင်၏ လူတို့၏အသက်တာအကျင့်သည် ဖျက်ဆီးခံတတ်၏။ မကောင်းမှုသည် ကောင်းမှုကိုပျက်စီးယိုယွင်း စေတတ်၏"။

**ဆင်ခြင်ရန်** - "သမ္မာတရားစေခိုင်းသော သက်သေခံခြင်းကို အသီးအခြားနေသောသူကသာ ပြုနိုင်ပါ၏" (McIntire)။

**ဆုတောင်းချက်-** အို ထာဝရဘုရား၊ ကိုယ်တော်၏အသုံးတော်ခံဖြစ်ခြင်းငှါ အကျွန်ုပ်ကိုသန့်ရှင်းသောသူ၊ အသီးအခြားနေသောသူ ဖြစ်စေတော်မူပါ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၁၇)
**မာကု ၉း၄၉၊ ၅၀**
ဝတ် ၂း၁၃

*"မီးဆားခတ်ခြင်းကိုခံရကြမည်"*

## မီးနှင့်ဆား

ဤကျမ်းပိုဒ်သည် သမ္မာကျမ်းစာထဲမှ အလွန်ခက်ခဲသောကျမ်းပိုဒ်တို့တွင် တခုဖြစ်ပါသည်။ ဤကျမ်းပိုဒ်၏အဓိပ္ပာယ်သိခြင်းငှါ ရှေ့နောက်အကြောင်းအရာသည် အဓိကကျပါ၏။ ခက်ခဲသောအချက်ဟူသည်ကား ဆားအသုံးပြုခြင်း၊ မီးနှင့်ဆက်နွယ်မှုတို့ဖြစ်ပါသည်။ မီးဆားခတ်ခြင်းခံရသောသူသည် ပျက်စီးပါလိမ့်မည်။ သို့သော်လည်း၊ ဆားခတ်ခြင်းခံရသောသူသည် ဘုရားသခင်ထံပူဇော်ခြင်းဖြစ်၍ ကောင်းသောအရာဖြစ်၏။ ထို့ကြောင့် မီးနှင့်ဆားကိုတွေ့ရပြီး၊ ပထမအရာသည် ဖျက်ဆီးခြင်းဖြစ်၍ ဒုတိယအရာသည် ကယ်တင်ခြင်းဖြစ်၏။

မီးဆားခတ်ခြင်းသည် ပြစ်ဒဏ်ပေးခြင်းနှင့်ဖျက်ဆီးခြင်းဖြစ်ပါ၏။ မီးသည် ဒဏ်ခတ်ခြင်းကိုရည်ညွှန်း၍ ငရဲမီးကိုပြညွှန်ပါ၏ - "ပိုးမသေ၊ မီးမငြိမ်းရာ" ငရဲဖြစ်ပါသည် (မာကု ၉း၄၃-၄၈)။ "သြတ္တပ္ပစိတ်တွင် သံပူနှင့်ခတ်ခြင်း"ကို ခံရသော (၁ တိ ၄း၂)၊ မယုံကြည်သောသူတို့သည် ငရဲမီး၌ ကင်ခြင်းခံရရန်အတွက် မိမိကိုယ်ကိုဆားခတ်လျက်နေ၍ အပြစ်၌ကျင်လည်နေကြ၏။ သင့်လက်၊ သင့်ခြေ၊ သင့်မျက်စိတို့ကို သတိထားလော့၊ သင်ဘာလုပ်သလဲ၊ ဘယ်သွားသလဲ၊ ဘာကြည့်သလဲ သတိထားပါ။ "လောက၌ရှိသမျှသောအရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏။ လောကနှင့်လောကီတပ်မက်ခြင်းသည် ရွေ့သွားကွယ်ပျောက်တတ်၏။ ဘုရားသခင်၏အလိုတော်နှင့်အညီ ကျင့်သောသူမူကား၊ နိစ္စထာဝရတည်၏" (၁ ယော ၂း၁၆-၁၇)။

ဆားခတ်ခြင်းခံရခြင်းသည် သာ၍ကောင်းပါ၏။ "ဆားသည် ကောင်း၏။သို့သော်လည်း အငန်ကင်းပျောက်လျှင် ငန်သောအရသာကိုအဘယ်သို့ရပြန်မည်နည်း။ သင်တို့၌ဆားရှိစေကြလော့။ အချင်းချင်း အသင့်အတင့်နေကြလော့ဟုမိန့်တော်မူ၏" (မာကု ၉း၅၀)။ ယေရှုကတပည့်တော်အပေါင်းတို့အား "သင်တို့သည် ဤလောက၏ဆားဖြစ်ကြ၏။ ဆားမူကား အငန်ကင်းပျောက်လျှင် ငန်သောအရသာကိုအဘယ်သို့ရပြန်မည်နည်း။ ပြင်သို့ပစ်လိုက်၍ကျော်နင်းခြင်းမှတပါး အဘယ်အသုံးမျှမဝင်" (မဿဲ ၅း၁၃) ဟု မိန့်တော်မူ၏။ ဓမ္မဟောင်းထဲတွင်၊ ဘောဇဉ်ပူဇော်သက္ကာကို ဆားခတ်ခဲ့ကြ၏ (ဝတ် ၂း၁၃)။ ဤအမှုက ယုံကြည်သူအပေါင်းတို့အား သန့်ရှင်းသောအသက်တာရှိကြရန် သတိပေးလျက်ရှိပါ၏။ သခင်ဘုရားက မိမိသန့်ရှင်းနည်းတူ ကျွန်ုပ်တို့အား သန့်ရှင်းခြင်းရှိခြင်းငှါ မိန့်တော်မူ၏ (ဝတ် ၁၁း၄၄)။ "ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဘွယ်သောလက္ခဏာနှင့် ပြည့်စုံသောယဇ်ကို သင်တို့သည် ပူဇော်၍မိမိကိုယ်ခန္ဓာကို ဘုရားသခင်အားဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကို ပြုမည်အကြောင်း ဘုရားသခင်နှင့်ကရုဏာတော်ကိုထောက်ထား၍ သင်တို့ကိုငါတိုက်တွန်းနှိုးဆော်ပေ၏။ သင်တို့သည် လောကီပုံသဏ္ဍာန်ကိုမဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း စိတ်နှလုံးကိုအသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်ကြလော့" (ရောမ ၁၂း၁-၂)။

**ဆင်ခြင်ရန်** - အတွင်းအပြင် ဆားခတ်ခြင်းခံသောသူဖြစ်ပါလော့။
**ဆုတောင်းချက်-** (ကိုယ်တော်၏ သမ္မာတရားနှင့်ဝိညာဉ်တော်အားဖြင့် သင့်ကိုသန့်ရှင်းစေခြင်းငှါ ဆုတောင်းပါလော့)။

သောကြာ၊ ဖေဖော်ဝါရီ (၁၈)

**မာကု ၁၀း၁-၁၂**

မဿဲ ၁၉း၁-၉ *"လူသည် မိမိမယားနှင့်ကွာအပ်သလော"*

# ထိမ်းမြားခြင်းနှင့်ကွာရှင်းခြင်း(၁)

"လူသည် မိမိမယားနှင့်ကွာအပ်သလော" (မာကု ၁၀း၂)။ ဤလောက၌ ယေရှုကျင်လည်စဉ်ခါအချိန်တုန်း၌၊ ဖာရိရှဲတို့က ယောကျ်ားသည် မိမိမယားအား ထမင်းတူးစေလျှင်ငင်း (သို့) အလှပျက်သောအခါ ကွာခွင့်ရှိသည်ဟု သင်ပေးခဲ့ကြ၏။ မိန်းမတို့သည် အနိုင်ကျင့်ခြင်းခံရ၍၊ ယေရှုက သူတို့ရပိုင်ခွင့်ကိုကွယ်ကာပေးတော်မူ၏။ ယေရှုက ထိမ်းမြားခြင်းသည်ဘုရားသခင်ပြဋ္ဌာန်းခဲ့သောအမှုဖြစ်၍ ပဋိညာဉ်နှင့်ဆိုင်သော၊ ခိုင်မာမြဲမြံသောအမှုဖြစ်ကြောင်း ဖော်ပြတော်မူခဲ့၏။ "ကိုယ်တော်က အစအဦး၌ဖန်ဆင်းတော်မူသောသူသည် ယောကျ်ားနှင့်မိန်းမနှစ်ယောက်ထဲကို ဖန်ဆင်းတော်မူ၏။ ထိုအကြောင်းကြောင့် ယောကျ်ားသည်ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့် ထိုသူနှစ်ယောက်တို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်ရလိမ့်မည်ဟု ကျမ်းဆိုသည်ကို သင်တို့မဘတ်ဖူးသလော။ ထို့ကြောင့် လင်မယားတို့သည်နှစ်ဦးမဟုတ်၊ တစ်ဦးတည်းဖြစ်၏။ ဘုရားသခင်ဘက်စပ်၍ ထမ်းဘိုး တင်တော်မူသောအရာကို လူမခွဲမခွာစေနှင့်ဟုမိန့်တော်မူ၏"(မဿဲ ၁၉း၄-၆)။ ဆိုလိုသည်မှာ ကွာရှင်းခွင့်မရှိပါ။

သို့ဆိုလျှင် အဘယ့်ကြောင့် မောရှေကကွာရှင်းခွင့်ပြုခဲ့ပါသနည်း။ အဘယ့်ကြောင့် ရေးသားမှတ်တမ်းတင်ခဲ့ပါသနည်း (မာကု ၁၀း၄)။ "သူတို့ကဖြတ်စာကိုပေး၍၊ မယားနှင့်ကွာစေခြင်းငှါ မောရှေစီရင်ပါသည်ဟု လျှောက်ကြ၏" (မာကု ၁၀း၅)။ ယေရှုက ထိမ်းမြားခြင်းသည် ဘုရားသခင်ပြဋ္ဌာန်းတော်မူသော တရားဖြစ်ကြောင်း၊ ကွာရှင်းခွင့်မရှိကြောင်း၊ ထိမ်းမြားခြင်းကို ဘုရားသခင်ကောင်းကြီးပေးတော်မူကြောင်း ပြန်၍ဖော်ပြခြင်းဖြစ်ပါသည်။ "ထိုအကြောင်းကြောင့် ယောကျ်ားသည်ကိုယ်မိဘကိုစွန့်၍၊ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်။ ထို့ကြောင့် လင်မယားတို့သည်နှစ်ဦးမဟုတ်၊ တစ်ဦးတည်းဖြစ်၏။ ဘုရားသခင်တွဲဖက်၍ ထမ်းဘိုးတင်တော်မူသောအရာကို လူမခွဲမခွာစေနှင့်ဟု မိန့်တော်မူ၏" (မာကု ၁၀း၇-၉)။

ထိုမူလရည်ရွယ်ချက်ကို အပြစ်ကအဆိပ်သင့်ပျက်စီးစေခဲ့ပါ၏။ ထို့ကြောင့် ကွာရှင်းခြင်းသည် ဘုရားသခင်ပြဋ္ဌာန်းသည်မဟုတ်၊ လူက ပြဋ္ဌာန်းသောအရာဖြစ်ပါသည်။ ဘုရားသခင်နှစ်သက်သောအရာမဟုတ်၊ လူတို့နှစ်သက်သောအရာဖြစ်၏ -"သင်တို့စိတ်နှလုံးခိုင်မာသောကြောင့်"။ ထိုခေတ်လူတို့က ကွာရှင်းစာထုတ်ပေးရန် အတင်းတောင်းဆိုခဲ့ကြ၏။ ထို့ကြောင့် ကွာရှင်းခြင်းသည် လူ့အပြစ်၏အကျိုးရလာဒ်ဖြစ်ပါသည်။ ဘုရားသခင်က ဖောက်ပြန်ခြင်းအမှု၌ကွာရှင်းခွင့်ပြုသော်လည်း၊ ကွာရှင်းခြင်းသည် ရှက်စရာကောင်းလှပါ၏။

**ဆင်ခြင်ရန်** - သင်ပြုခဲ့သော ထိမ်းမြားခြင်းပဋိညာဉ်ကို သတိရပါလော့။

**ဆုတောင်းချက်-** (သင့်ခင်ပွန်းနှင့်သင်၏ဆက်ဆံရေးကို ခရစ်တော်၏နှုတ်ကပတ်တော်နာခံခြင်း၌တည်သောချစ်ခြင်းမေတ္တာဖြင့် ချုပ်နှောင်ခြင်းငှါ ဆုတောင်းပါလော့)။

စနေ၊ ဖေဖော်ဝါရီ (၁၉)
**မာကု ၁၀း၁-၁၂**
တရား ၂၄း၁-၄

*“ဘုရားသခင်တွဲဘက်၍ ထမ်းဘိုး တင်တော်မူသောအရာကို လူမခွဲခွာစေနှင့်”*

# ထိမ်းမြားခြင်းနှင့်ကွာရှင်းခြင်း(၂)

ကွာရှင်းခြင်းကိုဘုရားသခင်ခွင့်ပြုသော်လည်း၊ လိုက်လျှောက်ရမည့်အချက်များရှိပါ၏။ ထိမ်းမြားခြင်းကို အလေးထား၍၊ ကွာရှင်းခြင်းကိုလွယ်ကူစွာမပြုရပါ။ တရားဟောရာကျမ်း ၂၄ က ကွာရှင်းခြင်းကိုအားပေးသည်မဟုတ်ပါ။ မောရှေပြဋ္ဌာန်းသောဥပဒေသများကို ဆင်ခြင်ကြည့်ပါ။ ကွာရှင်းဖို့ဆိုလျှင်၊ (၁) ကွာရှင်းစာချုပ်ကို တရားရုံး၌ သက်သေများရှေ့မှောက်တွင်ရေးဆွဲလက်မှတ်ထိုးကြရပါမည်။ ဤအမှု၌ အချိန်များစွာလိုအပ်ကြောင်း တွေ့ရပါသည်။ ယနေ့ထိမ်းမြား၍ နက်ဖြန်ကွာရှင်းခြင်းဟူ၍မရှိနိုင်ပါ။ မိမိခင်ပွန်းအား၊ “သင့်ကိုငါကွာရှင်းတယ်” ဟု သုံးကြိမ်ဆိုခြင်းဖြင့် ကွာရှင်း၍မရပါ။ ချက်ချင်းကွာရှင်းခြင်းဟူ၍မရှိပါ၊ (၂) ကွာရှင်းစာချုပ်တင်သောသူက၊ မိမိခင်ပွန်းထံသို့လည်း ထိုစာချုပ်ကိုပြသရပါမည်။ (၃) ကွာရှင်းခံရသောသူသည် အိမ်မှထွက်သွားရပါမည်။ အတူတကွ နေ၍မရတော့ပါ။ မိသားစုပျက်စီးခြင်းပင်ဖြစ်ပါသည်။ (၄) ကွာရှင်း၍နောက်အိမ်ထောင်ပြုပြီးမှ၊ သူတို့သည် အချင်းချင်းဘယ်တော့မှပြန်၍အတူမနေရတော့ပါ။ ဤအချက်အားလုံးက ကွာရှင်းခြင်းကိုအားမပေး၊ ပြန်လည်သင့်မြတ်ခြင်းကိုအားပေး၍ ဆက်ဆံရေးပြန်လည်ကောင်းမွန်ခြင်းငှါ ရည်ညွှန်းခြင်းဖြစ်ပါသည်။

ဖာရိရှဲတို့က လူသည် မိမိမယားကိုကြိုက်သလို ကွာရှင်းနိုင်၏ဟု သင်ပေးကြပါသည်။ ထိုအရာကို ဆန့်ကျင်၍ယေရှုက “အကြင်သူသည် မယားနှင့်ကွာ၍ အခြားသောမိန်းမနှင့် စုံဘက်ခြင်းကိုပြု၏။ ထိုသူသည်မိမိမယားကိုပြစ်မှား၏။ မိန်းမသည်လည်း မိမိလင်နှင့်ကွာ၍ အခြားသောယောကျ်ားနှင့်စုံဘက်ခြင်းကိုပြုလျှင် မှားယွင်းခြင်းသို့ရောက်သည်ဟု မိန့်တော်မူ၏” (မာကု ၁၀း၁၁-၁၂)။ မှားယွင်းသောသူကို လက်ထပ်ယူသောသူသည်လည်း မှားယွင်း ခြင်းကိုပြု၏။ ထိမ်းမြားခြင်းပဋိညာဉ်သည် ရာသက်ပန်တည်၏ -“သေခြင်းကသာလျှင် ကျွန်ုပ်တို့ကို ခွဲပါစေ”။ ထိမ်းမြားခြင်းနောက်တွင် ကွာရှင်းခြင်းမရှိသင့်ပါ။ ဘုရားသခင်မုန်းတော်မူ၏။ သခင်ယေရှု သည် သစ္စာရှိတော်မူသည်အတိုင်း၊ ကျွန်တော်တို့သည် မိမိတို့၏ခင်ပွန်းမယားအပေါ်တွင် သစ္စာရှိကြရပါမည်။ “အသက်ရှင်စဉ်ကာလပတ်လုံး” ထိမ်းမြားခြင်းပဋိညာဉ်ကို အစဉ်အောက်မေ့ကြပါစို့။

**ဆင်ခြင်ရန်** - “သေခြင်းကသာလျှင် ကျွန်ုပ်တို့ကိုခွဲခွာပါစေ” ဟူသည်မှာ အဘယ်နည်း။
**ဆုတောင်းချက်-** (သင့်ခင်ပွန်းအပေါ် သစ္စာရှိခြင်းငှါဆုတောင်းပါလော့)။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၂၀)

**မာကု ၁၀း၁၃-၁၆**

မဿဲ ၁၁း၂၅ *"ထိုသူငယ်တို့ကို ငါ့ထံသို့လာပါလေစေ"*

# ကလေးသူငယ်တို့ထံအမှုတော်ဆောင်ခြင်း

ကလေးသူငယ်တို့သည် ဘုရားသခင်နှင့်ကျွန်ုပ်တို့အဖို့ အလွန်အရေးကြီးလှပါ၏။ "ကလေးသူငယ်" ဟူသောစကားလုံးကို ကျမ်းစာထဲတွင် အကြိမ်ပေါင်းများ ၁၅၀၀ ကျော်တွေ့ရပါသည်။ ဆာလံ ၁၂၇း၃ ထဲတွင် "ဖွားမြင်သောသားသမီးတို့သည် ထာဝရဘုရားဆုချ၍ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ၏" ဟု ဆိုထားပါသည်။ ကလေးသူငယ်တို့သည် ကျွန်ုပ်တို့အတွက် ဘုရားသခင်ထံမှ ဆုလာဘ်ဖြစ်ကြပါ၏။ ကလေးသူငယ်တို့သည် မိဘ၊ အဖွဲ့အစည်း၊ အသင်းတော်နှင့်နိုင်ငံအတွက် ကောင်းကြီးမင်္ဂလာဖြစ်ကြခြင်းငှါ၊ ခိုင်မာသောအိမ်ထောင်ရေး၊ အဖေ နှင့်အမေ စောင့်ရှောက်သော မိသားစုရှိဖို့လိုအပ်ပါသည်။ အဖေနှင့်အဖေ၊ အမေနှင့်အမေ၊ အခြောက် မိသားစုက မိသားစုကို ဖျက်ဆီး၍ နိုင်ငံကိုပါဖျက်ဆီးလိမ့်မည်။

ယေရှုက "ထိုသူငယ်တို့ကို ငါ့ထံသို့လာပါလေစေ။ မဆီးတားကြနှင့်။ ဘုရားသခင်၏နိုင်ငံတော်သည် ထိုသို့သောသူတို့၏နိုင်ငံဖြစ်၏" (မာကု ၁၀း၁၄)ဟုမိန့်တော်မူ၏။ "သူငယ်"ဟူသော ဂရိစကားလုံးက ကလေးမွေးကင်းစမှ ငါးနှစ်အရွယ်ကို ရည်ညွှန်းပါသည်။ ကောင်းကင်နိုင်ငံတော်သည် ကလေးသူငယ်ကဲ့သို့သော ယုံကြည်ခြင်းရှိသောသူ၊ ယေရှုကို ယုံကြည် ကိုးစားသောသူတို့အဖို့ ဖြစ်ပါသည်။ ယေရှုက "ငါအမှန်ဆိုသည်ကား သင်တို့သည်ပြောင်းလဲ၍သူငယ်ကဲ့သို့မဖြစ်လျှင် ကောင်းကင်နိုင်ငံတော်သို့မရောက်ရကြ။ ထို့ကြောင့်အကြင်သူသည် ဤသူငယ်ကဲ့သို့မိမိကိုယ်မိမိ နှိမ့်ချအံ့။ ထိုသူသည်ကောင်းကင်နိုင်ငံတော်၌ သာ၍ကြီးမြတ်လိမ့်မည်" (မဿဲ ၁၈း၃-၄)ဟု မိန့်တော်မူ၏။ မာကု ၁၀း၁၅ ကိုလည်းဖတ်ပါ။ ကလေးသူငယ်တို့သည် သင်ပြလွယ်ကူသောသူဖြစ်ကြ၏။ ကြားနာသင်ယူလွယ်သောသူဖြစ်ကြ၏ (နှိုင်း၊ မဿဲ ၁၁း၂၅)။ ယေရှုနှင့်နှုတ်ကပတ်တော်ကို ကလေးသူငယ်ကဲ့သို့ ယုံကြည်ခြင်းမရှိလျှင်၊ ကျွန်တော်တို့သည် ကယ်တင်ခံရမည်မဟုတ်ပါ။

ယေရှုသည် ကလေးသူငယ်တို့ကို ကောင်းကြီးပေး၍ဆုတောင်းပေးတော်မူခဲ့၏။ ကလေးသူငယ်တို့သည် ကောင်းမွန်သော၊ ဘုရားကိုကြောက်ရွံ့သောမိဘ၊ ကျမ်းစာသင်ပေး၍ဆုတောင်းပေးမည့်သူလိုအပ်ကြပါ၏။ ဤသို့ဖြင့် ဣသရေလလူတို့ကို မောရှေမှာထားတော်မူ၏ - "အို ဣသရေလအမျိုး နားထောင်လော့။ ငါတို့၏ဘုရားသခင်ထာဝရဘုရားသည် တစ်ဆူတည်းသောထာဝရဘုရားဖြစ်တော်မူ၏။ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။ ယနေ့ ငါမှာထားသောစကားကိုနှလုံးသွင်းရမည်။ ထိုစကားကို သင်၏သားသမီးတို့အား ကြိုးစား၍သွန်သင်ရမည်။ အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီး၌သွားသည်ဖြစ်စေ၊ အိပ်လျက်ထလျက်ရှိသည်ဖြစ်စေ ထိုစကားကိုပြောရမည်" (တရား ၆း၄-၇)။ ထိုသို့ ကျွန်တော်တို့ပြုကြပါသလား။

ကျွန်ုပ်တို့၏ကလေးများနှင့် သားသမီးတို့ကိုချစ်လျက်၊ မွေးစကတည်းမှ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုသင်ပေးလျက်၊ ကယ်တင်ခြင်းခံရကြရန် ဆုတောင်းပေးကြပါစို့။

**ဆင်ခြင်ရန်** - သင့်သားကိုအချိန်ပြည့်အမှုတော်ဆောင်ခြင်းငှါ ဆက်ကပ်လိုသောစိတ်ရှိပါလော့။

**ဆုတောင်းချက်-** (သင့်သားသမီးအတွက် ဆုတောင်းပါလော့)။

တနင်္လာ၊ ဖေဖော်ဝါရီ (၂၁)
**မာကု ၁၀း၁၇-၃၁**
မဿဲ ၆း၁၉-၂၁

*"ငွေရတတ်သောသူသည်
ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ခဲသည်"*

# ကြွယ်ဝခြင်းကျိန်စာ

"ကြွယ်ဝချမ်းသာခြင်း" သည် ကောင်းကြီးမင်္ဂလာမဟုတ်သလော။ အများစုက၊ ခရစ်ယာန်ဖြစ်သည်ဟု မိမိကိုယ်ကိုဆိုသောသူတို့ကပင် ထိုသို့ထင်ကြပါ၏။ ကြွယ်ဝချမ်းသာခြင်းနှင့်ကျန်းမာခြင်းသတင်းကောင်း၏ကျော်ကြားမှုကို ကြည့်ပါလော့။ ကြွယ်ဝချမ်းသာခြင်း(သို့) ငွေကြေးသည် မကောင်းသောအရာမဟုတ်ပါ။ ထိုအရာတပ်မက်ခြင်းသာလျှင် မကောင်းသောအမှုဖြစ်ပါ၏ - "အကြောင်းမူကား ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ်သတည်း။ လူအချို့တို့သည်ငွေကိုတပ်မက်သောကြောင့် ယုံကြည်ခြင်းတရားလမ်းမှ လွဲသွား၍ ပူပန်ခြင်းဝေဒနာများနှင့် ကိုယ်ကိုကိုယ်ထုတ်ချင်းခပ်အောင် ထိုးကြပြီ" (၁ တိ ၆း၁၀)။

ကြွယ်ဝခြင်းသည်လည်း ကျိန်စာဖြစ်နိုင်ပါသည်။ ဤအချက်ကို ထာဝရအသက်ရခြင်း၌ မိမိဥစ္စာကိုမဆုံးရှုံးလိုသော၊ ပစ္စည်းဥစ္စာကိုတပ်မက်သော ကြွယ်ဝချမ်းသာသည့်လုလင်၏အသက်တာ၌တွေ့ရပါသည် (မာကု ၁၀း၂၁၊ ၂၂)။ ယေရှုက "ဥစ္စာရတတ်သောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့အလွန်ဝင်ခဲလှ၏" ဟု မိန့်တော်မူ၏။ အဘယ်ကြောင့် ကြွယ်ဝချမ်းသာသောသူတို့သည် ယေရှုကိုယုံကြည်လျက် နောက်တော်သို့လိုက်ခြင်း၌ ခက်ခဲကြပါသနည်း။ အကြောင်းမှာ သူတို့သည် မိမိကိုယ်ကိုစိတ်ချ၍၊ မိမိကိုယ်ကို အားရကျေနပ်ခြင်းရှိကြသောကြောင့် ဖြစ်ပါသည်။ ငွေကြေးက အာဏာကိုဖြစ်စေ၍၊ အာဏာက ထိန်းချုပ်မှုကိုဖြစ်စေ၏။ ကြွယ်ဝချမ်းသာသောသူသည် မိမိအသက်ကို မိမိထိန်းချုပ်ပိုင်ဆိုင်သည်ဟု ထင်မှတ်ထားပါသည်။ မိမိငွေကြေးဖြင့် မိမိလိုချင်သောအရာများကိုဝယ်ယူနိုင်ခဲ့ပါသည်။ ငွေကြေးကပေးသော၊ ယူဆောင်လာသော ဤလောကီပျော်ရွှင်မှုကိုမစွန့်လွှတ်နိုင်ဖြစ်ခဲ့ပါသည်။ မာနထောင်လွှားခြင်းနှင့်လောကီစည်းစိမ်၌ စိတ်ကျေနပ်ခြင်းရှိသည်ဟုထင်မှတ်ခဲ့ပါသည်။

ယေရှုက "ကုလားအုပ်သည် အပ်နဖားကိုလျှိုလွယ်၏။ ငွေရတတ်သောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ခဲသည်ဟုမိန့်တော်မူ၏" (မာကု ၁၀း၂၅)။ ဤ "အပ်နဖား" ဆိုသည်မှာ အဘယ် နည်း။ ကုလားအုပ်တို့ဒူးထောက်လျက် ဝင်ရသောနိမ့်သောတံခါးကို ဆိုလိုခြင်းမဟုတ်ပါ။ တကယ့် အပ်ချည်ကြိုးထိုးသွင်းရာအပ်နဖားကို ဆိုလိုခြင်းဖြစ်ပါသည်။ ယေရှုက ကြွယ်ဝချမ်းသာသောသူ ကောင်းကင်နိုင်ငံတော်သို့ဝင်ရောက်ခြင်းထက်၊ ကုလားအုပ်ကို အပ်နဖား ထဲသို့ ထိုးသွင်းခြင်းသည် ပို၍လွယ်ကူသည်ဟု ဆိုခြင်းဖြစ်ပါသည်။ ငွေကြေးဥစ္စာနှင့်မာနထောင်လွှား ခြင်း၏ ချုပ်နှောင်အဆိပ်သင့်ခြင်းခံရသောသူအတွက် ကောင်းကင်နိုင်ငံသို့ဝင်ခြင်းသည် အလွန်ခဲယဉ်းလှပါသည်။ ထို့ကြောင့် တပည့်တော်တို့သည် အလွန်အံ့သြခြင်းရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ "အဘယ်သူသည် ကယ်တင် တော်မူခြင်းသို့ရောက်နိုင်မည်နည်း" ဟု မေးခွန်းထုတ်ကြ၏။ အဘယ်သူမျှ မဝင်နိုင်ကြ ဟူသောအဖြေ ကို မျှော်လင့်ခြင်းဖြစ်ပါသည်။ သို့ဆိုလျှင် ကြွယ်ဝချမ်းသာ သောသူအပေါင်းတို့သည် ထာဝရပြစ်ဒဏ်ခံခြင်း၌ ကြိုတင်ခန့်ထားခြင်းခံရကြသလော။ ယေရှုက ဤသို့အဖြေပေးတော်မူ၏ - "ဤအမှုကို လူမတတ်နိုင်သော်လည်း၊ ဘုရားသခင်မတတ်နိုင်သည်မဟုတ်။ ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူသည်" (မာကု ၁၀း၂၇)။ ကယ်တင်ခြင်းအမှုကို လူက မတတ်နိုင်၊ ဘုရားသခင်သာလျှင် တတ်နိုင်တော်မူ၏။

**ဆင်ခြင်ရန်** - (မာကု ၈း၃၆ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (လောကီစည်းစိမ်မဟုတ်ဘဲ ကောင်းကင်ဘုန်းစည်းစိမ်ကို တောင်းလျှောက်ပါလော့)။

**မာကု ၁၀း၃၂-၄၅**
လုကာ ၂၂း၂၇

*"သင်တို့တွင် အထွဋ်အမြတ်လုပ်ချင်သောသူသည်လည်း အလုံးစုံတို့၏စေခိုင်းရာ ကျွန်ဖြစ်ရမည်"*

## ရာထူးနှင့်အာဏာ

ဇေဗေဒဲ၏သားများဖြစ်သော ယာကုပ်နှင့်ယောဟန်တို့သည် ယေရှုအား နိုင်ငံတော်၌အကြီးမြတ်ဆုံးရာထူးနှစ်ခုကို တောင်းလျှောက်ခဲ့ကြပါသည်။ ယေရှု၏ဘုန်းတော်ရာဇပလ္လင်တော်၌ ညာလက်ရုံးနှင့်ဘယ်လက်ရုံးရာထူးကို လိုချင်ခဲ့ကြ၏။ ဆိုရလျှင်၊ ယေရှုဝန်ကြီးချုပ်ဖြစ်လာသောအခါ၊ သူတို့သည်အတွင်းရေးမှူး ၁ နှင့် ၂ ဖြစ်လိုကြပါ၏။ထိုအခါ ယေရှုက "သင်တို့သည် အဘယ်သို့ တောင်းပန်သည်ကို သင်တို့မသိကြ။ ငါသောက်သောခွက်ကိုသောက်ခြင်းငှါလည်းကောင်း၊ ငါခံသောဗတ္တိဇံကို ခံခြင်းငှါလည်းကောင်း၊ သင်တို့သည် တတ်နိုင်သလောဟုမေးတော်မူ" (မာကု ၁၀း၃၈) ၏။ "ခွက်" နှင့် "ဗတ္တိဇံ" သည် ယေရှု၏ဝေဒနာခံခြင်းနှင့်သေခြင်းကို ရည်ညွှန်းပါ၏ (နှိုင်း၊ မဿဲ ၂၆း၃၉၊ ၄၂၊ မာကု ၁၄း၃၆၊ လုကာ ၂၂း၄၁၊ ရောမ ၆း၃၊ ၄)။ သူတို့က သခင်နှင့်အတူ ဝေဒနာခံ၍ အသေခံနိုင်သည်ဟုဖြေခဲ့ကြ၏။

ယေရှုက သူတို့သည်ဝေဒနာခံခြင်းခွက်ကိုသောက်၍၊ သေခြင်းဗတ္တိဇံကိုခံကြမည်အကြောင်း ကြိုတင်ဟောခဲ့ပါသည်။ ယာကုပ်သည် မကြာမီ မာတုရဖြင့်သေမည်ဖြစ်၍ (တမန် ၁၂း၂)၊ ယောဟန်သည် ပတ်မုကျွန်း၌ တစ်သက်တစ်ကျွန်းခံခဲ့ပါလိမ့်မည် (ဗျာဒိတ် ၁း၉)။ ကျွန်တမန်တော်တို့သည်လည်း (မိမိကိုယ်ကိုအဆုံးစီရင်သော ယုဒရှင်ကာရုတ်မှအပ) မာတုရအဖြစ်အသေခံကြရ၏။ ပေတရုနှင့် အန္ဒြေတို့သည်လည်း ကားတိုင်၌အသေသတ်ခြင်းခံခဲ့ကြကြောင်း သမိုင်းကြောင်းရှိခဲ့ပါသည်။ ပေတရုသည်ပြောင်းပြန်ကားတိုင်၌ ရိုက်သတ်ခြင်းခံရ၍ အန္ဒြေသည် X ပုံသဏ္ဍာန်ကားတိုင်၌ အသေသတ်ခြင်းခံရ၏။ ယေရှုက မိမိအတွက်အသေခံသောသူတို့သည် မိမိနှင့်အတူစိုးစံရလိမ့်မည်အကြောင်း ဂတိတော်ထားခဲ့ပါသည်။ "အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်သောကာလ၌ လူသားသည် ဘုန်းရှိသောပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောအခါ ငါ့နောက်သို့လိုက်သောသင်တို့သည် တဆယ်နှစ်ခုသောပလ္လင်ပေါ်မှာထိုင်လျက် ဣသရေလလူတဆယ်နှစ်မျိုးကို စစ်ကြောစီရင်ရကြလတံ့"(မဿဲ ၁၉း၂၈)။ သို့သော်လည်း ယာကုပ်နှင့်ယောဟန်တောင်းလျှောက်သော မြင့်မြတ်သောရာထူးပေးအပ်ခြင်းသည် ခမည်းတော်လက်တော်၌ရှိပါ၏။

ယေရှုက စစ်မှန်သောကြီးမြတ်မှုကိုသွန်သင်ခဲ့ပါသည် -" သင်တို့တွင် အကဲအမှူးပြုလိုသောသူသည် သင်တို့အစေခံဖြစ်ရမည်။ သင်တို့တွင် အထွဋ်အမြတ်လုပ်ချင်သောသူသည်လည်း အလုံးစုံတို့၏စေခိုင်းရာကျွန်ဖြစ်ရမည်"(မာကု ၁၀း၄၃-၄၄)။ ယေရှုကိုယ်တိုင်သည် အကောင်းဆုံးသာဓကဖြစ်တော်မူခဲ့ပါသည် - "အကြောင်းမူကား လူသားသည်သူတပါးကိုစေစားခြင်းငှါမလာ၊ သူတပါးအစေကို ခံခြင်းငှါလည်းကောင်း၊ မိမိအသက်ကိုစွန့်၍လူများကို ရွေးခြင်းငှါလည်းကောင်း ကြွလာသတည်းဟု မိန့်တော်မူ၏" (မာကု ၁၀း၄၅)။ ကြီးမြတ်ခြင်းကို သင်၌အစေခံမည်မျှရှိသည်ဟူသောအချက်ဖြင့်မဟုတ်ဘဲ သူတပါးကိုမည်မျှအစေခံသနည်းဟူသောအချက်ဖြင့် တိုင်းတာပါ၏။

**ဆင်ခြင်ရန်** - ကျွန်တော်တို့သည် ကြီးမြတ်လိုပါလျှင် ယေရှုနည်းတူကျင့်ကြရပါမည်။
**ဆုတောင်းချက်-** (အစေခံလိုသောစိတ်ရှိခြင်းငှါ ဆုတောင်းကြပါလော့)။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၂၃)

**မာကု ၁၀း၄၆-၅၂**

မဿဲ ၂၀း၂၉-၃၄ *“အရှင်ဘုရား၊ အကျွန်ုပ်မျက်စိမြင်စေခြင်းငှါ ပြုတော်မူပါ”*

# မျက်ကန်းသည်မည်သို့မြင်နိုင်ပါမည်နည်း

ယေရိခေါမြို့သည် ကမ္ဘာရှေးအကျဆုံးမြို့ဖြစ်ပါသည်။ ထို့ပြင် ကမ္ဘာအနိမ့်ဆုံးမြို့လည်း ဖြစ်ပါသည် (ပင်လယ်ရေမျက်နှာပြင်အောက် ပေ ၈၄၆(သို့) ၂၅၈ မီတာတွင်တည်ရှိပါသည်)။ ဤတွင် အလွန်ကြွယ်ဝချမ်းသာသောဇကဲ (လုကာ ၁၉း၁-၁၀) နှင့် အလွန်ဆင်းရဲသော ဗာတိမဲကို တွေ့ရပါသည်။ ဤမြို့၌ ယေရှုသည်အလွန်ကြွယ်ဝချမ်းသာသောသူနှင့် အလွန်ဆင်းရဲသောသူတို့ကို ကယ်တင်ခဲ့ပါသည်။

ယေရိခေါမြို့သို့ ယေရှုရောက်လာသောအခါ မျက်ကန်းနှစ်ဦးသည် သူတို့ကိုကူပေးခြင်းငှါ တောင်းလျှောက်ခဲ့ကြပါသည်။ ထိုနှစ်ဦးတွင် တစ်ယောက်မှာဗာတိမဲခေါ် မျက်ကန်းလည်းဖြစ်၊ သူတောင်းစားလည်းဖြစ်သောသူဖြစ်ပါသည်။ သူက ယေရှုအား ဒါဝိတ်၏သားဟုခေါ်ခဲ့ပါသည်။ ဣသရေလရှိဘာသာရေးခေါင်းဆောင်တို့က မယုံကြည်ခြင်းကြောင့်ယေရှုအားထိုသို့မခေါ်ခဲ့ကြပါ။ သို့သော်လည်း သူသည်ယေရှုအား မေရှိယအဖြစ်ယုံကြည်ခဲ့ပါသည်။ သခင်ယေရှုသည် ဗာတိမဲနှင့် သူ၏သူငယ်ချင်းကို သနားတော်မူခဲ့၏။ ယေရှုကသူတို့အားအဘယ်အမှုကို ပြုစေလိုသနည်းဟု မေးသောအခါ သူတို့ကမျက်စိမြင်ရသောအခွင့်လိုချင်ကြကြောင်း ဖြေခဲ့ကြ၏။ ယေရှုက မိမိ၏နှုတ်တော်တန်ခိုးဖြင့် သူတို့၏မျက်စိကိုဖွင့်ပေးတော်မူ၏။ သူတို့၏ဝိညာဉ်အမြင်က ခန္ဓာကိုယ်မျက်စိအမြင်ကို ရစေခဲ့၏။ ယေရှုက “သင်၏ယုံကြည်ခြင်းသည် သင့်ကိုကယ်မပြီး” ဟု မိန့်တော်မူ၏။ ထိုအခါ ယေရှုနောက်သို့လိုက်၍ ဘုရားသခင်ကိုချီးမွမ်းခဲ့ကြပါသည်။

မျက်ကန်းဗာတိမဲသည် ဝိညာဉ်အမြင်ရှိခဲ့၏။ ဝိညာဉ်အရာဖြစ်သော၊ ယေရှုသည် ဒါဝိတ်၏သားတော်၊ မေရှိယဖြစ်ကြောင်း မည်သို့သိမြင်နိုင်ခဲ့ပါသနည်း။ ယေရှု၏အကြောင်းနှင့်သွန်သင်ချက်တို့ကို နားဖြင့်ကြားသိခဲ့ပြီး၊ ကယ်တင်ရှင်ဖြစ်ကြောင်း ယုံကြည်ခဲ့ခြင်းဖြစ်ပါလိမ့်မည်။ “သို့ဖြစ်၍ ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏” (ရောမ ၁၀း၁၇)။ ယေရှုသည် ဒါဝိတ်၏ကြီးမြတ်သောသားတော်ဖြစ်ကြောင်း ပရောဖက်ပြုချက်ဖြစ်သော ၂ ရာ ၇း၁၂၊ ၁၃ ကို ပြည့်စုံစေကြောင်း သူယုံကြည်ခဲ့ပါသည်။

ဗာတိမဲက မိမိ၏ယုံကြည်ခြင်းကိုနှိမ့်ချခြင်းသဘောဖြင့် ပြသခဲ့ပါသည် - “ဒါဝိတ်၏သားတော်ယေရှု၊ အကျွန်ုပ်ကိုကယ်မသနားတော်မူပါဟု ဟစ်ကြော်လေ၏” (မာကု ၁၀း၄၇)။ မိမိကိုယ်ကို ထိုက်တန်သောသူဟု မယူဆဘဲ၊ သခင်ယေရှုအလိုရှိတော်မူလျှင် ကယ်တင်တော်မူနိုင်ကြောင်း သိလျက်၊ ဂရုဏာတော်ကိုတောင်းလျှောက်ခဲ့ပါသည်။ ယေရှုသည် သနားတော်မူခဲ့ပါ၏ - “စိတ်နှိမ့်ချသောသူတို့အား ကျေးဇူးပြုတော်မူ၏။ ထို့ကြောင့်၊ ကာလအချိန်တန်လျှင်၊ ဘုရားသခင်သည် သင်တို့ကို ချီးမြှောက်တော်မူမည်အကြောင်း တန်ခိုးကြီးသောလက်တော်အောက်၌ ကိုယ်ကိုကိုယ်ချီးမြှောက်ကြလော့။ သင်တို့ကိုသတိနှင့်ကြည့်ရှုတော်မူသောကြောင့် သင်တို့၌စိုးရိမ်ခြင်းအမှုရှိသမျှတို့ကို ကိုယ်တော်၌အပ်နှံကြလော့” (၁ ပေ ၅း၅-၇)။

**ဆင်ခြင်ရန်** - ဝိညာဉ်မျက်စိကန်းခြင်းထက် ခန္ဓာကိုယ်မျက်စိကန်းခြင်းသည် သာ၍ကောင်း၏။

**ဆုတောင်းချက်-** (ဘုရားသခင်၏ဘုန်းတော်နှင့်သမ္မာတရားကို သိမြင်နားလည်ခြင်းငှါ ဝိညာဉ်မျက်စိဖွင့်ရန်ဆုတောင်းကြလော့)။

ကြာသပတေး၊ ဖေဖော်ဝါရီ (၂၄)

**မာကု ၁၁း၁-၁၁**

မသဲ ၂၁း၁-၉

*“ထာဝရဘုရား၏အခွင့်နှင့်ကြွလာတော်မူသော သူသည် မင်္ဂလာရှိစေသတည်း”*

# ရှင်ဘုရင်ကြွလာတော်မူခြင်း(၁)

ဣသရေလထံ ဂတိထားတော်မူသောမေရှိယအဖြစ် ယေရှုသည်လူထုရှေ့၌တရားဝင် မိမိကိုယ်ကိုဖော်ထုတ်ပြသခဲ့ပါသည်။ ဇာခရိ ၉း၉ ထဲ၌ ပရောဖြုချက်ကို ပြည့်စုံစေခြင်းဖြင့် ယေရှုသည် မြည်းကလေးကိုစီး၍နှိမ့်ချစွာ ဣသရေလရှင်ဘုရင်သည် မိမိမြို့သို့ဝင်ခဲ့ပါသည်။ များစွာသော လူတို့သည် သူ့ကိုကြိုဆိုခြင်းငှါထွက်ကြပြီး၊ မိမိတို့၏အဝတ်နှင့်သစ်ကိုင်းသစ်ခက်တို့ကို လမ်း၌ခင်းကြ၍၊ “ဟောရှဏ္ဏာဖြစ်စေသတည်း။ ထာဝရဘုရား၏အခွင့်နှင့်ကြွလာတော်မူသောသူသည် မင်္ဂလာရှိစေသတည်း။ ထာဝရဘုရား၏အခွင့်နှင့်ယခုတည်လုသော ငါတို့အဘဒါဝိတ်၏နိုင်ငံတော်သည် မင်္ဂလာရှိစေသတည်း။ ကောင်းကင်ဘဝဂ်ဝယ်ဟောရှဏ္ဏာဖြစ်စေသတည်းဟု ကြွေးကြော်ကြ၏။” ဟောရှဏ္ဏာဟူသောဟေဗြဲစကားလုံး၏အဓိပ္ပာယ်မှာ “ယခုကယ်တော်မူပါ” (သို့) “ကယ်တော်မူပါ” (နှိုင်း၊ ၂ ရာ ၁၄း၄၊ ဆာလံ ၁၁၈း၂၅) ဟူ၍ဖြစ်ပါသည်။ ဤအမှုသည် ဥပုသ်နေ့ဖြစ်သောတနင်္ဂနွေနေ့၌ ဖြစ်ပျက်ခဲ့ပါသည်။ ထို့ကြောင့် ယနေ့အသင်းတော်တွင် ဤအဖြစ်အပျက်ကိုအောက်မေ့လျက်၊ ခရစ်တော်ဝေဒနာခံသောရက်သတ္တပတ်၏ ပထမဆုံးနေ့ကို “သံလွင်ခက်တနင်္ဂနွေနေ့”ဟု သတ်မှတ်ကြ၏ (နှိုင်း၊ ယောဟန် ၁၂း၁)။

ဖာရိရှဲတို့သည် လူတို့က ယေရှုအား “ရှင်ဘုရင်” ဟု ကြွေးကြော်ကြသောကြောင့် အလွန်စိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြပါသည်။ ဤအမှုကို ရောမလူတို့က ပုန်ကန်ခြင်းအဖြစ် သတ်မှတ်ကြမည်ကို သူတို့စိုးရိမ်ခဲ့ကြပါသည်။ ယုဒခေါင်းဆောင်ဖြစ်ကြသောကြောင့် သူတို့၏အသက်အန္တရာယ်အတွက် စိုးရိမ်ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ယေရှုအားမိမိ၏တပည့်တော်တို့ကို တားဆီးခြင်းငှါ ချက်ချင်းဆိုကြ၏။ ယေရှုက “ငါဆိုသည်ကား၊ ဤသူတို့သည်တိတ်ဆိတ်စွာနေလျှင် ကျောက်ခဲတို့သည် ချက်ချင်းကြွေးကြော်ကြလိမ့်မည်ဟု မိန့်တော်မူ၏” (လုကာ ၁၉း၄၀)။ ယေရှုသည် ကယ်တင်ရှင်ဖြစ်၏ဟူသော၊ သမ္မာတရားကြွေးကြော် ဟောပြောခြင်းကို မည်သူမျှဆီးတား၍မရပါ။ ဟောရှဏ္ဏာက မသဲ ၁း၂၁ “ထိုသားသည် မိမိလူတို့ကို အပြစ်မှကယ်ချွတ်မည်သူဖြစ်သောကြောင့်၊ ယေရှုဟူသော အမည်ဖြင့်မှည့်ရမည်”ဟူသောစကားကို သတိရအောက်မေ့စေပါ၏။ သံလွင်ခက်ဥပုသ်နေ့၏တရားစကားဟူမူကား၊ “ယေရှု၊ ဟောရှဏ္ဏာ”၊ “အို ကယ်တင်ရှင်၊ ယခုကယ်တင်တော်မူပါ” ဟူ၍ဖြစ်ပါသည်။

“ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်မိန့်တော်မူသည်ကား ယနေ့တွင်သင်တို့သည် ဗျာဒိတ်တော်အသံကို ကြားလျက်ရှိသည်ဖြစ်၍၊ ခိုင်မာသောစိတ်နှလုံးမရှိကြနှင့်” (ဟေဗြဲ ၃း၇-၈)။ စောင့်ဆိုင်းမနေဘဲ၊ ယနေ့ပင် ယေရှုကိုယုံကြည်ပါလော့။

**ဆင်ခြင်ရန်** - “ကြားစရာနားရှိသောသူမည်သည်ကား ကြားပါစေဟုမိန့်တော်မူ၏” (မာကု ၄း၉)။

**ဆုတောင်းချက်-** (သတင်းကောင်းကိုကြားနာ၍ သခင်ယေရှုခရစ်တော်ကို ယုံကြည်မည်အကြောင်း ဝိညာဉ်နှင့်ဆိုင်သော နားကိုတောင်းလျှောက်ကြပါလော့)။

သောကြာ၊ ဖေဖော်ဝါရီ (၂၅)
**မာကု ၁၁း၁-၁၁**
လုကာ ၁၉း၂၉-၄၀

*“ယနေ့တွင် သင်တို့သည်ဗျာဒိတ်တော်အသံကို ကြားလျက်ရှိသည်ဖြစ်၍. . . ခိုင်မာသောစိတ်နှလုံး မရှိကြနှင့်”*

# ရှင်ဘုရင်ကြွလာတော်မူခြင်း(၂)

ဇာခရိ ၉း၉ ထဲတွင် မေရှိယရှင်ဘုရင်ကို “တရားသဖြင့်စီရင်၍ ကယ်တင်ခြင်းသို့ရောက်သောသခင်၊ . . . နူးညံ့သိမ်မွေ့သော” ဟုဖော်ပြခဲ့ပါသည်။ ကယ်တင်ခြင်းသည် သခင်ယေရှု၏ ဖြောင့်မတ်ခြင်း(ပညတ်တရားလိုက်လျှောက်ခြင်း) နှင့် အသေခံခြင်းအားဖြင့်ဖြစ်ပါသည်။ ရှင်ဘုရင်အဖြစ် ကြွလာတော်မူခြင်းသည် လူတို့အဖို့ ဖြောင့်မတ်ခြင်းတရားရယူပေးခြင်းနှင့် အပြစ်ဒဏ်မှလူတို့ကို ကယ်နုတ်ရွေးကောက်တော်မူခြင်းအတွက် အသေခံခြင်းကို ဖော်ပြခဲ့ပါသည်။ ယုဒလူတို့က ဤအမှုကိုမသိခဲ့ကြပါ။ “ဟောရှဏ္ဏာ”ဟု ကြွေးကြော်ကြခြင်းမှာ သူတို့အားရောမလူတို့လက်မှ သူတို့ကို ကယ်တင်ရန်ဖြစ်ပါသည်။ ယေရှုအား ရောမအုပ်စိုးခြင်းကိုပုန်ကန်ခြင်း၌ သူတို့၏ခေါင်းဆောင်အဖြစ် မျှော်လင့်ခဲ့ကြ၏။ ထိုအမှုကို ဘုရားသခင်၏အချိန်ဇယားအတိုင်း သခင်ယေရှုပြုတော်မူလိမ့်မည်။ ယခု ယေရုရှလင်မြို့သို့ဝင်ရောက်ခြင်းသည် ဤလောက၌နိုင်ငံတော်တည်ထောင်ရန်မဟုတ်ဘဲ၊ မိမိလူတို့အား ဝိညာဉ်ကယ်တင်ခြင်းရယူပေးရန်ဖြစ်ပါသည်။ ထို့ကြောင့် ယုဒလူတို့သည်သူတို့မျှော်လင့်သကဲ့သို့မဟုတ်သောကြောင့်၊ “ကားတိုင်ပေါ်၌တင်သတ်လော့”ဟု ကြွေးကြော်ခဲ့ကြခြင်းဖြစ်ပါသည်။ ယေရှုသည် ဣသရေလကိုရန်သူလက်မှကယ်တင်ပါလိမ့်မည်။ ယခုမဟုတ်ဘဲ၊ နောက်တချိန်၌ဖြစ်ပါသည်။

ထို့ကြောင့် ရှင်ဘုရင်ကြွလာတော်မူခြင်း၊ ယေရုရှလင်မြို့သို့ ဝင်ရောက်ခြင်းသည်ပရောဖက်ပြုချက်စုံလင်စေခြင်းဖြစ်သကဲ့သို့၊ နောက်တချိန်ကြွလာတော်မူမည့်အကြောင်း ကြိုတင်ဟောထားချက်လည်းဖြစ်ပါသည်။ ယေရှုသည် ယေရုရှလင်မြို့သို့ မြည်းကလေးကိုစီး၍ ဘုရားသခင်၏ သိုးသငယ်ကဲ့သို့ ကားတိုင်၌အသေခံခြင်း၌ ဝင်ရောက်ခဲ့ပါသည်။ သို့သော်လည်း၊ ဒုတိယအကြိမ်ကြွလာတော်မူသောအခါ၌ မြင်းဖြူကိုစီးလျက် ယုဒအမျိုးခြင်္သေ့ကဲ့သို့ ယေရုရှလင်မြို့သို့ အုပ်စိုးခြင်း၌ ဝင်လာပါလိမ့်မည်။ “ထိုအခါ၌ ကောင်းကင်ဘုံဖွင့်လှစ်လျက်ရှိသည်ကို ငါမြင်လျှင် မြင်းဖြူရှိ၏။ မြင်းစီးသောသူသည် သစ္စာဟူသောအမည်၊ သမ္မာဟူသောအမည်ရှိသတည်း။ ထိုသူသည် တရားသဖြင့်စီရင်တတ်၏။ တရားသဖြင့်စစ်တိုက်တတ်၏။ မျက်စိတော်သည် မီးလျှံကဲ့သို့ဖြစ်၏။ ခေါင်းတော်ပေါ်၌သရဖူများကို ဆောင်း၏။ ကိုယ်တိုင်မှတပါး အဘယ်သူမျှမသိသောနာမတော်သည် ရေးထားလျက်ရှိ၏။ အသွေး၌နှစ်ပြီးသောအဝတ်ကိုဝတ်၏။ ဘုရားသခင်၏နှုတ်ကပတ်တော်ဟူသော အမည်ရှိ၏။ ကောင်းကင်ဗိုလ်ခြေတို့သည် မြင်းဖြူကိုစီးလျက် စင်ကြယ်သောပိတ်ချောဖြူကိုဝတ်လျက် နောက်တော်သို့လိုက်ကြ၏။ လူမျိုးတို့ကို ဒဏ်ခတ်စရာဖို့ထက်သောသံလျက်သည် ခံတွင်းတော်ထဲကထွက်၏။ သူတို့ကိုသံလှံတံနှင့်အုပ်စိုးတော်မူမည်။ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသောဘုရားသခင်၏ ဒေါသအမျက်တော်၏ စပျစ်သီးနယ်ရာတန်ဆာကို ဖိနင်းတော်မူမည်။ ဘုရင်တို့၏ဘုရင်၊ သခင်တို့၏ သခင်ဟု ဘွဲ့နာမတော်သည် အဝတ်တော်၌၎င်း၊ ပေါင်တော်၌၎င်း ရေးထားလျက်ရှိ၏” (ဗျာ ၁၉း၁၁-၁၆)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ပေးတော်မူသောကောင်းကြီးမင်္ဂလာ၌ ထင်ရှားလျက်ရှိပါ၏။

**ဆုတောင်းချက်-** အဘဘုရား၊ ကိုယ်တော်ပေးသောကောင်းကြီးမင်္ဂလာကို ဘယ်အရာကမျှ ဆီးတားခြင်းမပြုပါစေနှင့်။

စနေ၊ ဖေဖော်ဝါရီ (၂၆)
**မဿဲ ၁၁း၁၂-၁၄၊ ၂၀-၂၆**
မဿဲ ၂၁း၁၈၊၁၉

*"ယခုမှစ၍အစဉ်မပြတ်
သင်၏အသီးကိုအဘယ်သူမျှ မစားစေနှင့်"*

# အသီးမသီးခြင်းသည် ကျိန်ခြင်းဖြစ်ပါ၏

ယေရှုသည် ဗိမာန်တော်သို့ဦးတည်သွားခဲ့ပါသည်။ သွားရာလမ်းတွင်၊ လောင်မွတ်သိတ်ခဲ့ပါသည်။ အလွန်စိမ်းစို၍ အရွက်တို့နှင့်ပြည့်နေသောသင်္ဘောသဖန်းပင်ကို တွေ့လျက်၊ စားစရာအသီးရှိမည်ဟု မျှော်လင့်သော်လည်း၊ အသီးမရှိခဲ့ပါ။ ထိုအခါ သခင်ယေရှုကနောက်တဖန် အသီးမသီးစေရန်ကျိန်ခဲ့ပါသည်။

ယေရှုက ဤသင်္ဘောသဖန်းပင်ကို အသုံးပြု၍သင်ပေးတော်မူ၏။ ဤသင်္ဘောသဖန်းပင်သည် ဣသရေလကိုရည်ညွှန်းခြင်းဖြစ်ပါသည် (ဟောရှေ ၉း၁၀၊ ယောလ ၁း၇)။ ဤသင်္ဘောသဖန်းပင်ကဲ့သို့ ဣသရေလသည်အရွက်များစွာရှိသော်လည်း၊ အသီးမရှိပါ။ ဘုရားသခင်အတွက် အသီးသီးခြင်းငှါ လိုအပ်သောအရာများ၊ သမ္မာကျမ်းစာ၊ အံ့ဘွယ်အမှုနှင့်ခရစ်တော်ကိုယ်တိုင် ဣသရေလ၌ရှိသော်လည်း၊ ဤကျိန်ခြင်းသည် နောက်ဆုံးတွင်ဖယ်ရှားခြင်းခံရလိမ့်မည်။ ဘုရားသခင်က ခရစ်တော်ပြန်လည်ကြွလာတော်မူသောအခါ ဣသရေလကိုပြန်လည်၍ စိုက်ပျိုးလျက်၊ များစွာအသီးသီးစေပါလိမ့်မည် (မဿဲ ၂၄း၃၂၊ နိုင်း၊ အာမုတ် ၉း၁၄၊ ၁၅၊ ရောမ ၁၁း၂၆)။

ဤသို့ မေးခွန်းထုတ်၍ရပါ၏။ "သင်္ဘောသဖန်းသီးထွက်သော အချိန်ကာလမရောက်သေးသောကြောင့်" ထိုအသီးမသီးသောသင်္ဘောသဖန်းပင်ကို ယေရှုကျိန်ခြင်းသည် မတရားဟုဆိုနိုင်သည်မဟုတ်လော။ အဖြေမှာ၊ ထိုသို့မဆိုနိုင်ပါ။ ထိုသို့ သင်္ဘောသဖန်းပင်ကျိန်ခြင်း၌ ယေရှုသည်အကြောင်းမဲ့ပြုခြင်းမဟုတ်ပါ။ ယေရုရှလင်မြို့ရှိ သဖန်းပင်တို့သည် တနှစ်၌နှစ်ကြိမ်အသီးသီးကြ၏- မတ်လနှင့် မေလ၌တကြိမ်၊ ဩဂုတ်လနှင့်အောက်တိုဘာလ၌ နောက်တကြိမ်သီးတတ်ကြ၏။ ထို့ကြောင့်မတ်လနှင့်မေလအကြား၌ သေးငယ်သောအသီးခိုးစရာရှိတတ်ကြ၏။ ယေရှု၏သင်္ဘောသဖန်းပင်အသီးမျှော်လင့်သောအချိန်သည် ဧပြီလဖြစ်ပါသည်။ ထို့ကြောင့် အချို့သောအသီးရှိသင့်သောအချိန်ဖြစ်သော်လည်း၊ လုံးဝမရှိခဲ့ပါ။ ဤအသီးမသီးသော သဖန်းပင်ကဲ့သို့ ဣသရေလသည် သခင်ယေရှုကိုလုံးဝစိတ်ပျက်စေခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဤအသီးမသီးသော သင်္ဘောသဖန်းပင်သည် အတွင်း၌အသက်မရှိဘဲ၊ အပြင်ပန်းဟန်ဆောင်မှုသာရှိသော ကျမ်းပြုဆရာနှင့်ဖာရိရှဲတို့နှင့်တူပါ၏။

**ဆုတောင်းချက်-** (အချိန်တိုင်း အသက်ရှင်စဉ်ကာလပတ်လုံး ယေရှုအတွက် အသီးသီးခြင်းငှါ ဆုတောင်းပါလော့)။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၂၇)
**မာကု ၁၁း၁၅-၁၉**
လုကာ ၁၉း၄၅-၄၈

*"သင်တို့သည် ထိုအိမ်ကိုခါးပြတွင်းဖြစ်စေကြပြီတကား"*

# အသင်းတော်ရှိသူခိုးများ

ဗိမာန်တော်သည် "ဆုတောင်းရာအိမ်" ဖြစ်သော်လည်း၊ ယဇ်ပုရောဟိတ်အကြီးတို့နှင့် ကျမ်းပြုဆရာတို့က "ခါးပြတွင်း" (မာကု ၁၁း၁၇) ဖြစ်စေကြ၏။ ဤဗိမာန်တော်အရာရှိတို့သည် ဘုရားသခင်၏အိမ်တော်ကို မိမိတို့၏စီးပွားရေးအတွက် အသုံးပြုခဲ့ကြ၏။ ယဇ်ပုရောဟိတ်အကြီးတို့က ဗိမာန်တော်၏အပြင်ဘက်ကွက်လပ်(တပါးသူတို့ဝင်ခွင့်ရှိသောနေရာ)တွင် ယဇ်ပူဇော်မည့်သိုးနွားတို့ကို ဈေးကြီးကြီးဖြင့်ရောင်းစေခဲ့ကြပြီး၊ ရောမငွေကြေးကိုဗိမာန်တော်ငွေသို့ လဲလှယ်ရာ၌ဈေးကြီးကြီးဖြင့် လဲလှယ်စေကြ၏။ ထိုစီးပွားရေးသမားတို့က ပြည်သူတို့ကိုအမြတ်ကြီးစားကြသည်သာမက၊ ဗိမာန်တော်သည် ဝတ်ပြုခြင်းအတွက် မသင့်တော်လောက်အောင် ညစ်ပတ်၍ အော်ဟစ်ခြင်းဖြင့် ပြည့်ခဲ့ပါလိမ့်မည်။

ယေရှုက ထိုသို့ဗိမာန်တော်၌ရောင်းဝယ်သောသူတို့ကို မောင်းထုတ်၍၊ ငွေကြေးလဲလှယ်သောသူတို့၏စားပွဲကိုမှောက်လှန်ပြီး၊ တိရိစ္ဆာန်တို့ကို မောင်းထုတ်ခဲ့ပါသည်။ ဗိမာန်တော်၌ ထိုသို့ရောင်းဝယ်ဖောက်ကားခြင်းကို တားမြစ်တော်မူခဲ့၏။ ထိုသို့သန့်ရှင်းရေးလုပ်ပြီးနောက် သခင်ယေရှုသည် ဗိမာန်တော်၌နှုတ်ကပတ်တော်သွန်သင်လျက်၊ လူတို့သည် ကောင်းကောင်းနားထောင်ခဲ့ကြ၏။ ထို့ကြောင့် သူ့ကိုသတ်လိုသောဗိမာန်တော်အရာရှိတို့သည် ကြောက်ရွံ့ခြင်းရှိ၍ ဘာမှမလုပ်နိုင်ခဲ့ကြပါ။

ယနေ့ အသင်းတော်၌ထိုသို့သောသင်းအုပ်ဆရာများ၊ ငွေကြေးအတွက် တရားဟောသောသူများရှိပါသည်။ တမန်တော်ပေါလုက "အကြောင်းမူကား၊ နားမထောင်ဘဲ အချည်းနှီးသောစကားကိုပြော၍၊ လှည့်ဖြားတတ်သောသူအများရှိကြ၏။ အရေဖျားလှီးခြင်းကို ခံသောသူတို့တွင်လည်း အထူးသဖြင့်ရှိကြ၏။ ထိုသူတို့၏နှုတ်ကိုပိတ်ရမည်။ သူတို့သည် မစင်ကြယ်သောစီးပွားကိုတပ်မက်လျက်၊ မပေးအပ်သောဩဝါဒကိုပေး၍၊ တအိမ်ထောင်လုံးကိုမှောက်လှန်တတ်ကြ၏" (တိတု ၁း၁၀-၁၁)ဟု ဆိုခဲ့ပါသည်။ ထိုနည်းတူ တမန်တော်ပေတရုကလည်း - "သို့သော်လည်း ယုဒလူတို့တွင် မိစ္ဆာပရောဖက်ရှိကြ၏။ ထိုနည်းတူ ဖျက်ဆီးတတ်သောမိစ္ဆာဒိဋ္ဌိအယူများကိုပရိယာယ် အားဖြင့်သွင်း၍ မိမိတို့ကိုဝယ်တော်မူသောအရှင်ကိုငြင်းပယ်လျက် မိမိတို့အပေါ်သို့လျင်မြန်စွာ ဖျက်စီးခြင်းကို ရောက်စေသောမိစ္ဆာဆရာတို့သည် သင်တို့တွင်ရှိကြလိမ့်မည်။ သူတို့ညစ်ညူးသောအကျင့်ဓလေ့တို့ကို အများသောသူတို့သည် လိုက်သောအားဖြင့်၊ သမ္မာတရားလမ်းအသရေသည် ပျက်စီးလိမ့် မည်။ သူတို့သည် လောဘလွန်ကျူးလျက် ချော့မော့သောစကားနှင့် သင်တို့ကိုကုန်သွယ်ကြလိမ့်မည်။ သူတို့အပြစ်စီရင်ခြင်းသည် ရှေးကာလမှစ၍မဖင့်မနွှဲ၊ သူတို့ဖျက်ဆီးခြင်းသည်လည်း အိပ်၍မပျော်" (၂ ပေ ၂း၁-၃)ဟု မိန့်တော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - Benny Hinns နှင့် Charismatic အပေါင်းတို့ကို သတိပြုကြပါလော့။
**ဆုတောင်းချက်-** (မိုက်မဲခြင်းမရှိကြဘဲ၊ အဆိုးအကောင်းခွဲခြားတတ်သောဥာဏ်ကို တောင်းလျှောက်ကြလော့)။

တနင်္လာ၊ ဖေဖော်ဝါရီ (၂၈)

**မာကု ၁၁း၂၇-၃၃**

မဿဲ ၂၁း၂၃-၂၇

*“ဤသို့ပြုရသောအခွင့်ကိုအဘယ်သူပေးသနည်း”*

## လုပ်ပိုင်ခွင့်အာဏာတော်ကိုမေးခွန်းထုတ်ခြင်း

ယေရှုသည် ဗိမာန်တော်သို့လူတို့ကိုသွန်သင်ခြင်းငှါရင်း၊ သတင်းကောင်းဟောပြောခြင်းငှါရင်း၊ ဝင်ရောက်တော်မူခဲ့၏။ ထိုအခါ ဗိမာန်တော်အရာရှိတို့က လူထုရှေ့၌မည်သူ၏တန်ခိုးအာဏာတော်ဖြင့် ဟောပြောသွန်သင်သနည်းဟု မေးခွန်းထုတ်ကြ၏။ ထိုသို့ပြုကြခြင်းမှာ ယေရှုကို လက်မခံဘဲ ပယ်ရှားလိုကြကြောင်းထင်ရှားလှပါ၏။ ထိုခေတ်၌သွန်သင်ဟောပြောခြင်းငှါ ယုဒဘာသာရေးခေါင်းဆောင်အဖွဲ့တို့ထံမှဂင်း (သို့) ကျော်ကြားသောဆရာတပါးပါးထံမှဂင်း၊ ထောက်ခံစာယူကြရ၏။ ယဇ်ပုရောဟိတ်အကြီးနှင့်ကျမ်းပြုဆရာများ၊ အသက်ကြီးသောသူတို့သည် သခင်ယေရှုပြုခဲ့သောဗိမာန်တော်သန့်ရှင်းစေခြင်းနှင့်အနာငြိမ်းစေခြင်းတို့ကြောင့် မကျေနပ်ခဲ့ကြပါ။ သို့သော်လည်း ယေရှုသည်သူတို့ကို အလေးမထားခဲ့ပါ။ မိမိနှစ်သက်သောအမှုကိုပြုတော်မူ၏။ ဗိမာန်တော်၏သခင်ဖြစ်သောကြောင့်၊ အဘယ်သူသည်သခင်ယေရှုကို တားမြစ်နိုင်မည်နည်း။ သူတို့သည် ယေရှုကိုနှင်ထုတ်လိုကြ၏။

သူတို့၏မေးခွန်းကို ယေရှုကတန်ပြန်မေးခွန်းထုတ်လျက် တုန့်ပြန်ခဲ့ပါသည်။ ရှောလမုန်ထက်ပို၍ပညာရှိသောသူကို တွေ့ရလိုပါ၏။ ယောဟန်၏ဗတ္တိဇံသည် ကောင်းကင်ကဖြစ်သလော။ လူကဖြစ်သလောဟုမေးတော်မူခဲ့၏။ ယောဟန်၏ဗတ္တိဇံအမှုတော်သည် မေရှိယကြွလာတော်မူခြင်းအတွက် ဣသရေလလူတို့ကိုပြင်ဆင်ခြင်းဖြစ်ပါသည် (မသဲ ၃း၁-၃)။ မေရှိယအမှန်ကြွလာသောအခါ၊ ယောဟန်က ဝိညာဉ်တော်နှင့်မီးဖြင့်ဗတ္တိဇံပေးတော်မူသော (ယောဟန် ၁း၂၉-၃၄)၊ ဘုရားသခင်၏သားတော်၊ ဘုရားသခင်၏သိုးသငယ်ထံသို့ သူ့တပည့်များကိုစေလွှတ်ခဲ့ပါသည်။ ယဇ်ပုရောဟိတ်အကြီးနှင့်ကျမ်းပြုဆရာတို့သည် ပြောစရာမရှိ၊ ဆွံ့အခဲ့ကြ၏။ “ကောင်းကင်မှဖြစ်သည်”ဟု အဖြေပေးကြလျှင်၊ ယေရှုက သင်တို့မေးခွန်း၏အဖြေလည်း ထိုသို့ဖြစ်ပါ၏ဟု ဖြေပါလိမ့်မည်။ ထို့ကြောင့် ယေရှုနှစ်သက်သောအဖြေကို မပေးလိုကြ၊ သို့သော်လည်း “လူကဖြစ်သည်” ဟု ဆိုကြပြန်လျှင်၊ လူတို့က သူတို့ကိုကျောက်ခဲဖြင့်ပစ်သတ်ကြပါလိမ့်မည်။ အကြောင်းမှာ လူတိုင်းကယောဟန်သည် ဘုရားသခင်၏ပရောဖက်အမှန်ဖြစ်ကြောင်း လက်ခံခဲ့ကြ၏။ ထို့ကြောင့် သူတို့သည် “ကျွန်ုပ်တို့မသိပါ”ဟု ဆိုကြ၏။ ထိုအခါ ယေရှုကလည်း၊ “ထိုအတူ ဤအမှုများကို အဘယ်အခွင့်နှင့်ငါပြုသည်ကို ငါမပြောဟုမိန့်တော်မူ၏” (မာကု ၁၁း၃၃)။

**ဆင်ခြင်ရန်** - ယေရှုသည် အသက်ရှင်ခြင်း၏သခင်ဖြစ်တော်မူ၍၊ အရာခပ်သိမ်းအပေါ်၌ တန်ခိုးအာဏာရှိတော်မူ၏။

**ဆုတောင်းချက်-** (ခရစ်တော်၏တန်ခိုးအာဏာတော်အောက်၌ ဆက်ကပ်မည်အကြောင်း ဆုတောင်းကြပါလော့)။

အင်္ဂါ၊ မတ် (၁)
**မာကု ၁၂း၁-၁၂**
မသဲ ၂၁း၃၃-၄၆

*". . . ဥယျာဉ်ရှင်သည် အဘယ်သို့ပြုမည်နည်း . . . "*

# ဘုရားသခင်စိတ်ရှည်ခြင်း

ဆိုးသွမ်းသောလယ်သမား ပုံဥပမာသည်ဣသရေလလူမျိုးအားအထူးရည်ညွှန်းပြောနေခြင်းဖြစ်သည်။ ဣသရေလသည် ဘုရားသခင်အုပ်ချုပ်သောလူမျိုးဖြစ်သည်။ ဘုရားသခင်သည်သူ၏ကိုယ်စားသိုးထိန်းများအဖြစ် ဣသရေလ၌ရှင်ဘုရင်များကို အုပ်ချုပ်ရန်ခန့်အပ်ခဲ့သည်။ ရှင်ဘုရင်များသည် ဘုရားသခင်နှင့်သူ၏လမ်းခရီးတော်တို့မှ ထွက်သွားသောအခါ၊ လူများသည် နောင်တရပြီးဘုရားသခင်ထံပြန်လာဖို့ ခေါ်ဆောင်ရန် သူ၏ကျွန်များ၊ ပရောဖက်များကိုစေလွှတ်ခဲ့သည်။ သို့ရာတွင်၊ သူတို့သည်ပရောဖက်များကို စေလွှတ်လိုက်တိုင်း သတ်ပစ်ကြသည်။ ကွဲပြားသောနိုင်ငံ၌ ဇဖရိမ်တွင်ဘုရင်(၂၀)ပါးရှိပြီး အားလုံးမှာ ဘုရင်ဆိုးများဖြစ်ခဲ့ကြ၍ ယုဒတွင်လက်တစ်ဆုပ်စာလူကောင်းနှင့်ဘုရင်အပါအဝင်(၁၉)ပါးရှိပြီး အများစုမှာ ဘုရင်ဆိုးများဖြစ်ကြသည်။ ထိုဆိုးသွမ်းသောဘုရင်များသည် ဘုရားသခင်၏ပရောဖက်များကို ညှဉ်းပန်းသတ်ဖြတ်ခြင်းကြောင့် လူသိများကြသည် (ယေ ၂၀း၁-၂ ၊ ၃၇း၁၅၊ ၃၈း၆ ) ဓမ္မရာဇဝင် ၁၉း၁၀၊ ၂၂း၂၄ ၊ ၂ရာ ၂၄း၂၀ ကိုကြည့်ပါ)။

နောက်ဆုံးတွင် ဘုရားသခင်သည် သူ၏တစ်ပါးတည်းသောသားတော်ကို စေလွှတ်ခဲ့ပြီးသူ၏အမွေကိုသိမ်းယူရန်အတွက် သူ့ကိုလည်းသတ်ပစ်ခဲ့ကြသည် (ယောဟန် ၁၁း၄၇-၅၃) နှင့်နှိုင်းယှဉ်ကြည့်ပါ)။ သမိုင်းသည် ပရောဖက်ပြုချက်ဆီသို့ဦးတည်ခဲ့သည်။ ယခင်ကဘုရားသခင်၏ ပရောဖက်များကို ဣသရေလတို့ဆိုးသွမ်းစွာ ဆက်ဆံခဲ့သည့်အကြောင်း ယေရှုပြောခဲ့ရုံသာမက၊ မကြာမီတွင် ပရောဖက်တို့၏ပရောဖက်ကို ပိုမိုဆိုးရွားတဲ့ပုံစံနှင့် ဆက်ဆံကြရမည့်အကြောင်းကိုလည်း ယေရှုပြောဆိုခဲ့သည်။ သူ့ကိုဖမ်း၍ယေရှုရှလင်အပြင်ဘက်သို့ ခေါ်သွားကာ လက်ဝါးကပ်တိုင်မှာရိုက်ထားကြသည်။ ယေရှုအတွက် မကြာမီဖြစ်ပျက်မည့်အရာသည် ရှုံးနိမ့်ခြင်းမဟုတ်ဘဲ အောင်ပွဲဖြစ်လိမ့်မည်ဆာလံ ၁၁၈း၂၂၊၂၃ ကို ကိုးကား၍ယေရှုကထိုသူတို့ သူ့ကိုငြင်းပယ်ခြင်းက သူ၏လူတို့ကိုကယ်တင်ခြင်းသို့ရောက်စေလိမ့်မည်ဟု မိန့်ဆိုထားသည်။ ရှင်ပေတရုကိုယ်တိုင်ရေးသားခဲ့သည်မှာ "ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊ ရွေးချယ်သော တိုက်ထောင့်အမြစ်ကျောက်မြတ်ကို ဇိအုန်တောင်ပေါ်မှာ ငါချထား၏။ ထိုကျောက်ကို အမှီပြုသောသူသည် ရှက်ကြောက်ခြင်းမရှိနိုင်ရာဟု လာသတည်း"။

ဣသရေလလူတို့၏ သစ္စာမဲ့မှုနှင့်မနာခံမှုများ ရှိနေသော်လည်း၊ ဘုရားသခင်သည် ဣသရေလလူတို့ကို စွန့်တော်မမူ၊ ဂတိတော်များကို ရုပ်သိမ်းတော်မမူပါ "အကြောင်းမူကား ဂတိတော်အတိုင်းသူသည် သစ္စာစောင့်ထိန်းတော်မူ၏"(ဟေဗြဲ ၁၀း၂၃)။ သူ့ကို ကြိမ်ဖန်များစွာပြစ်မှားပြီးသော်လည်း သူတို့ကို ဖျက်ဆီးတော်မမူပါ။ " လူအချို့တို့သည် နှေးခြင်းကိုမှတ်သည်အတိုင်း၊ ထာဝရဘုရားသည်ဂတိတော်အရာမှာ နှေးတော်မမူ။ ငါတို့တွင် အဘယ်သူမျှမပျက်စီးဘဲ၊ ရှိသမျှတို့သည်နောင်တရစေခြင်းငှါ အလိုတော်ရှိ၍၊ ငါတို့ကိုသည်းခံတော်မူ၏" (၂ ပေ ၃း၉)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏စိတ်ရှည်ခြင်းက ကျွန်ုပ်တို့ကိုနောင်တရစေသင့်သည်(ရောမ ၂း၄)။
**ဆုတောင်းချက်-** အဘဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်ကို စုံစမ်းခြင်းကိုမပြုပါစေနှင့်၊ ကိုယ်တော်သည် ကျွန်ုပ်ကိုဆုံးမတော်မူသောအခါ အလျင်အမြန်နောင်တရစေတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၂)
**မာကု ၁၂း၁၃-၁၇**
လုကာ ၂၀း၁၉-၂၆

*". . . ကဲသာဘုရင်၏ဥစ္စာကို ကဲသာဘုရင်အား ဆက်ပေးကြလော့. . . "*

## အခွန်များကိုပေးဆောင်လော့

ဤနေရာတွင် ဖာရိရှဲတို့သည် မိမိတို့တပည့်များကို ဟေရုဒ်မင်း၏တပည့်များနှင့်အတူ သခင်ယေရှုအား သူ၏နှုတ်ထွက်စကားအားဖြင့် ထောင်ဖမ်းချဖို့ရန် စေလွှတ်သည့်အချက်ကို မြင်တွေ့ရသည်။ ဤရဗ္ဗိကျောင်းသားတို့က သူတို့သည်မိမိတို့ဆရာတို့ထက် ပိုကောင်းအောင် လုပ်ဆောင်နိုင်ကြသည်ဟု ထင်မြင်ယူဆနိုင်ကြသည်။ ထိုဆရာတို့သည် ၎င်းတို့၏ငယ်ရွယ်ကျော်ကြားသော တပည့်တော်တို့က သခင်ယေရှုကိုမည်သို့ကိုင်တွယ်နိုင်သည်ကို မြင်တွေ့ဖို့ရန် သူတို့ကိုစေလွှတ်ခြင်း၌သာ အလွန်ဝမ်းမြောက်ခဲ့ကြသည်။ ဘာပဲဖြစ်ဖြစ် သူတို့မှာဆုံးရှုံးစရာဘာမှမရှိပေ။ ထိုဘွဲ့မရသေးသော ဘာသာရေးကျောင်းသားများနှင့်ဟေရုဒ်၏တပည့်တို့က ယုဒလူတို့သည် ကဲသာဘုရင်အား အခွန်ပေးဆောင်ရန်အခွင့်ရှိမရှိကို ယေရှုအားမေးမြန်းခဲ့ကြသည်။

ယုဒလူတို့သည် ကဲသာဘုရင်အားအခွန်ပေးသင့်ပါသလား။ မပေးသင့်သလား။ သခင်ယေရှုကပေးရမည်ဟုဖြေဆိုလျှင်၊ သူသည်ယုဒလူတို့၏ ရှင်ဘုရင်ဖြစ်သည့်မေရှိယဖြစ်ခြင်းကိုထိခိုက်စေလိမ့်မည်။ သူသည် "မပေးရပါ" ဟုဖြေဆိုလျှင်၊ ရောမအစိုးရကိုပုန်ကန်သည်ဟု စွပ်စွဲခံရလိမ့်မည်။ ၎င်းသည် သူတို့အတွက် အမိုက်စားထောင်ချောက်တစ်ခုကဲ့သို့ဖြစ်သည်။ သို့ရာတွင် ယေရှုသည် သူတို့၏လှို့ဝှက်ခြင်း၊ ဆိုးသွမ်းခြင်းနှင့်ပရိယာယ်တို့ကို ထိုးဖောက်မြင်တော်မူခဲ့သည်။ ယေရှုက ဒေနာရိတပြားကို တောင်းဆို၍ ဘုရားဥာဏ်တော်နှင့်အတူ ထိုဒေသနာရိပြား၌ရှိသောပုံနှင့်ရေးထားသောစာမှာ အဘယ်သူ၏ပုံနှင့်စာဖြစ်သည်ကို သူတို့အားမေးမြန်းခဲ့သည်။ သူတို့က ၎င်းသည် ကဲသာဘုရင်၏ပုံနှင့်စာဟု ပြန်ဖြေခဲ့သည်။ ဒေနာရိပြားသည် ကဲသာဘုရင်၏မျက်နှာနှင့်စာမပါရှိကြောင်း ၎င်းတို့၏အသိအမှတ်ပြုမှုသည် သူတို့၏မေးခွန်းအတွက် အဖြေကိုထိရောက်စွာပေးစွမ်းခဲ့သည်။ ထိုဆက်ကြောင်တွင် ဆီဇာ၏မျက်နှာနှင့်နာမည်ပါနေခြင်းက ၎င်းကိုသေချာပေါက်သူပိုင်သည်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ယေရှုက "ကဲသာဘုရင်၏ပုံ၊ လိပ်စာဖြစ်ပါသည်ဟု လျှောက်ကြသော်၊ ယေရှုကလည်း၊ ကဲသာဘုရင်၏ဥစ္စာကိုကဲသာဘုရင်အား ဆက်ပေးကြလော့။ ဘုရားသခင်၏ဥစ္စာကိုကား ဘုရားသခင်အားဆက်ပေးကြလော့" (မသဲ ၂၂း၂၁)ဟု မိန့်တော်မူခဲ့သည်။ သူ့ကိုနှောင့်ယှက်သူများအားလုံးသည် သူ့အဖြေ၏ဥာဏ်ပညာကြောင့် ညှို့ယူခြင်း ခံရကြပြီး ပြောစရာစကားမရှိဘဲဖြစ်နေခဲ့ကြသည်။ လူများရှေ့တွင် ကိုယ်တော်အားအပြစ်တင်ရန် ဆုပ်ကိုင်ထားနိုင်သည့်အရာတစ်ခုမျှမရှိပေ။

ယေရှုသည် မိမိကိုယ်ကိုလှည့်စားမေးခွန်းတစ်ခုမှ ရုန်းထွက်ရန်ဤကဲ့သို့ရိုးရှင်းစွာ အဖြေမပေးခဲ့ဟုဆိုရပါမည်။ ယေရှုသည် ရိုးရိုးသားသားဖြေဆိုခဲ့သည်။ သခင်ယေရှုသည် သူပြောခဲ့သည့်အရာကို သူဆိုလိုခြင်းဖြစ်သည်။ ယုဒလူတို့သည် ကဲသာဘုရင်အားအခွန်ပေးဆောင်ရန် သူတောင်းဆိုခဲ့သည်။ သူသည် လူသား၏ပညတ်တော်ကိုစောင့်ထိန်းရာတွင် ဘုရားသခင်၏ပညတ်တော်ကိုလည်း စုံလင်စေခဲ့သည်။ ရောမဩဝါဒစာစောင် ၁၃း၁-၂ မှ အာဏာပိုင်များထံ အပ်နှံခြင်းဆိုင်ရာ ဂန္ထဝင်ကျမ်း၌ မိန့်တော်မူသည်မှာ "အစိုးရသောမင်းအာဏာစက်၏ အုပ်စိုးခြင်းကိုလူတိုင်းဝန်ခံစေ။ အကြောင်းမူကား၊ ဘုရားသခင်၏အခွင့်မရှိလျှင်၊ မင်းအာဏာစက်မရှိ။ အာဏာစက်ရှိသမျှသည် ဘုရားသခင်ခန့်ထားတော်မူရာဖြစ်သတည်း။ ထို့ကြောင့် မင်းအာဏာကိုဆန်သောသူသည် ဘုရားသခင်စီရင်တော်မူရာကို ဆန်သောသူဖြစ်၏။ ထိုသို့ဆန်သောသူသည် ရာဇဝတ်ကိုခံရမည်"။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့၏နိုင်ငံသားဖြစ်ခြင်းမှာ မြေကြီးပေါ်တွင်မဟုတ်ဘဲ ကောင်းကင်ဘုံ၌ဖြစ်၏။

**ဆုတောင်းချက်-** အစိုးရအတွက် ဆုတောင်းပေး၍အခွန်များကိုပေးဆောင်လော့။

ကြာသပတေး၊ မတ် (၃)

**မာကု ၁၂း၁၈-၂၇**

၁ သက် ၄း၁၄-၁၆

*"သို့ဖြစ်၍ ထမြောက်ရာကာလ၌ သူတို့သည် ထမြောက်ကြသောအခါ၊ ထိုမိန်းမသည် အဘယ်သူ၏မယားဖြစ်ပါမည်နည်း. . ."*

# ကောင်းကင်ဘုံ၌ရှိသောမိသားစုဆက်နွယ်မှု

ဤနေရာတွင် ဇဒ္ဒုကဲတို့သည် သူတို့ကိုယ်တိုင်မယုံကြည်သောအရာ နောင်ဘဝအကြောင်းကို ယေရှုအားမေးခဲ့ကြသည်။ သူတို့သည် ဤမေးခွန်းကိုသေလွန်ပြီး နောက်ဘဝအကြောင်းကို ရိုးသားစွာသိချင်သောကြောင့်မဟုတ်ဘဲ သူတို့သည်ယုတ်မာသောရည်ရွယ်ချက်ဖြင့် မေးခဲ့သည်မှာ ထင်ရှားလှသည်။ တရားဟောရာကျမ်း ၂၅း၅ တွင်တွေ့ရသော Levirate နှင့်ဆိုင်သော လက်ထပ်ထိမ်းမြားခြင်းဥပဒေ (Levir သည် လက်တင်ဘာသာဖြစ်ပြီး "ခဲအို" ကိုဆိုလို၏) ကို ကိုးကား၍ ကလေးမရမီခင်ပွန်းဆုံးပါးသွားသော အမျိုးသမီးတစ်ဦး၏ ဇာတ်လမ်းကိုပြုစုကြသည်။ ဓလေ့ထုံးတမ်းအရ ထိုအမျိုးသမီး၏ ခဲအိုသည်သူ့အကို၏ အမျိုးအနွယ်ကိုစောင့်ထိန်းခြင်းငှါ သူမကိုလက်ထပ်ပေါင်းသင်းရမည်။ သို့သော် သူသည်လည်း သားသမီးမရှိဘဲသေဆုံးသွားသည့်အတွက် ဒုတိယညီဖြစ်သူက သူမကို လက်ထပ်ရပါမည်။ သူမသည် ထိုညီအစ်ကိုခုနစ်ယောက်လုံးကို လက်ထပ်ထိမ်းမြားခြင်းပြုသည့်တိုင်အောင် ဤအရာသည်ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ သူမကို လက်ထပ်သူတိုင်းသည် မျိုးစေ့မကျန်ရစ်ဘဲသေဆုံးသွားကြသည်။ နောက်ဆုံးတွင် သူမလည်းသေဆုံးသွားခဲ့သည်။ ထို့ကြောင့် ဤတွင် အပြစ်ရှာသည့်မေးခွန်းပေါ်လာသည်မှာ "သို့ဖြစ်၍ ထမြောက်ရာကာလ၌သူတို့သည် ထမြောက်ကြသောအခါ ထိုမိန်းမသည်အဘယ်သူ၏မယားဖြစ်ပါမည်နည်း။ ထိုသူခုနစ်ယောက်တို့သည် ထိုမိန်းမနှင့်စုံဘက်ခြင်းကိုပြုကြပြီဟု မေးလျှောက်ကြ၏" (မာကု ၁၂း၂၃)။ ယေရှုကလည်း "သင်တို့သည် ကျမ်းစာကိုနားမလည်၊ ဘုရားသခင်၏တန်ခိုးတော်ကိုမသိသောကြောင့် မှားသောအယူကိုယူကြ၏" ဟု၍ သူတို့၏ဓမ္မပညာကို နားမလည်ခြင်းကိုဆုံးမပြစ်တင်ခဲ့သည်။ ဇဒ္ဒုကဲများသည် ကောင်းကင်ဘုံရှိဘဝတာသည် မြေကြီးပေါ်၌ရှိသော အသက်တာကဲ့သို့ဖြစ်မည်ဟု ယူဆခြင်း၌မှားယွင်းခဲ့ကြသည်။ မြေကြီးဆိုင်ရာ မိသားစုဆက်ဆံရေးများသည် ကောင်းကင်တွင် ဆက်လက်တည်ရှိနေမည်ဟု သမ္မာကျမ်းစာက မည်သည့်နေရာတွင်မှ အခိုင်အမာမဖော်ပြထားပေ။ ထို့ပြင်၊ သူတို့၏မေးခွန်းသည် ယုံကြည်သူများအား ရှင်ပြန်ထမြောက်သည့်နေ့တွင် မြေကြီးဆိုင်ရာထက်များစွာပို၍ကောင်းကြီးဖြစ်သည့် ဘဝရပ်တည်ခြင်းအဆင့်ထိ မြှင့်တင်ရန် ဘုရားသခင်၏တန်ခိုးတော်ကို ငြင်းပယ်ခဲ့ကြသည့် (၁ ကော ၁၅း၄၀-၅၀)။ ကောင်းကင်တမန်များကဲ့သို့၊ ရှင်ပြန်ထမြောက်သောသန့်ရှင်းသူတို့သည် အိမ်ထောင်မပြု၊ သေလည်းမသေနိုင်ကြပေ။ ဤအရာက ရှင်ပြန်ထမြောက်သောလူသားများသည် ကောင်းကင်တမန်များဖြစ်လာမည် သို့မဟုတ် မိသားစုနှင့် မိတ်ဆွေများကို အမှတ်ရဖို့မှတ်ဉာဏ်မရှိတော့ဟု ဆိုလိုခြင်းမဖြစ်ရပါ။ ရှင်ပြန်ထမြောက်သောအခြေအနေတွင် အခြေအနေတွင်၊ ယုံကြည်သူများသည် လောကုတ္တရာအဆင့်တွင် နေထိုင်ကြပြီး ၎င်းတို့၏အတိတ်က ဆက်ဆံရေးများနှင့်လုပ်ဆောင်ချက်များကို မှတ်မိနိုင်သော်လည်း လူသားများအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

သူတို့၏မေးခွန်းကို ဖြေကြားရာ၌ ယေရှုက ဇဒ္ဒုကဲများ၏သေလွန်ပြီး တမလွန်ဘဝရှိကြောင်း မယုံကြည်ချက်မှာ အလွန်မှားယွင်းကြောင်း ချေပခဲ့သည်။ ဣသရေလအမျိုး၏ဘုရားသခင်သည် လူသေတို့၏ဘုရားမဟုတ်၊ အသက်ရှင်သောသူတို့၏ဘုရားသခင်ဖြစ်ကြောင်းကို ယေရှုက သူတို့ကိုသိစေခဲ့သည်။ ဣသရေလအမျိုး၏ဘုရားသခင်သည် ထွက်ခွာခဲ့ကြပြီး ဖြစ်သော်လည်း ရှင်ပြန်ထမြောက်ရာနေ့ကို စောင့်မျှော်လျက် အသက်ရှင်ဆဲဖြစ်သည့် (၁ သက် ၄း၁၄-၁၆) အာဗြဟံ၊ ဣဇက်နှင့်ယာကုပ်တို့၏ ဘုရားသခင်လည်းဖြစ်တော်မူ၏ (ထွက်မြောက်ရာ ၃း၆)။

**ဆင်ခြင်ရန်** - သေခြင်းရောက်လာသောအခါ၊ သင်သည်ကောင်းကင်ဘုံသို့ သွားရမည်ဖြစ်ကြောင်းကိုသေချာစေပါ။

**ဆုတောင်းချက်-** (ချစ်ရသူ၏ကယ်တင်ခြင်းအတွက် သင်ဆုတောင်းပါ)။

သောကြာ၊ မတ် (၄)

**မာကု ၁၂း၂၈-၃၄**

မဿဲ ၂၂း၃၄-၄၀

*"... အဘယ်မည်သောပညတ်သည် သာ၍မြတ်သနည်း ..."*

## နံပါတ်တစ်ပညတ်တော်

ယခုတွင် ကျမ်းပြုဆရာတစ်ဦး သို့မဟုတ် ရှေ့နေတစ်ဦး (ဟေဗြဲဥပဒေ၌ ပါရဂူဘွဲ့ရသူ) သည် ပညတ်တရားတွင် မည်သည့်ပညတ်သည် ပထမဆုံးဖြစ်သနည်းဟု ယေရှုအား မေးမြန်းခဲ့သည်။ ဤကျမ်းပြုဆရာသည် ပညတ္တိကျမ်း၏ပညတ်တော်များ ၆၁၃ ချက်တွင် မည်သည့်ပညတ်သည် အကြီးမြတ်ဆုံးဖြစ်သည်ကို အချေအတင်ဆွေးနွေးရန် ယေရှုကိုဆွဲခေါ်ဖို့ကြိုးပမ်းနေခြင်းဖြစ်သည်။ ယေရှုသည်ဤအရာအပေါ်ငြင်းခုံခြင်း၌ အချိန်ဖြုန်းခြင်းငှါ မိုက်မဲလိမ့်မည်မဟုတ်ပါ။ ယေရှုသည် ဤဥပဒေပါရဂူကို ကျမ်းစာများထံ ပြန်လည်ဆွဲခေါ်ခဲ့သည်။ တရားဟောရာ ၆း၅နှင့် ဝတ်ပြုရာကျမ်း ၁၉း၁၈ ကို ကိုးကား၍ "ယေရှုက ပညတ်တကာတို့တွင် အမြတ်ဆုံးသောပညတ်ဟူမူကား၊ အိုဣသရေလအမျိုး၊ နားထောင်လော့၊ ငါတို့၏ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။ ထာဝရဘုရားသည် တပါးတည်းဖြစ်တော်မူ၏။ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့။ ဤပညတ်သည် ပဌမပညတ်ဖြစ်၏။ ထိုမှတပါးကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ ဟူသောဒုတိယပညတ်သည် ပဌမပညတ်နှင့်သဘောတူ၏ ဤပညတ်တို့ထက်သာ၍ကြီးမြတ်သော ပညတ်မရှိဟုပြန်၍ မိန့်တော်မူ၏" (မာကု ၁၂း၂၉-၃၁)ဟု ပြန်ဖြေခဲ့သည်။ ယေရှုက ဘုရားသခင်ကိုချစ်ခြင်းနှင့်လူသားကိုချစ်ခြင်း ပညတ်တော်အမွာနှစ်ခုကို ခြုံငုံခြင်းအားဖြင့် သမ္မာကျမ်းစာပါပညတ်တော်အားလုံးကို ထိရောက်စွာ အကျဉ်းချုံးခဲ့သည်။ အမှန်အားဖြင့်၊ ပညတ်တော်ဆယ်ပါးကို ဤအပိုင်းနှစ်ပိုင်းဖြင့်ပိုင်းခြားနိုင်သည်-

(၁) ပထမငါးပါးသည် ဘုရားသခင်ထံကျွန်ုပ်တို့တာဝန်ကို ပြောဆိုထားသည်။

(၂) နောက်ငါးပါးသည် လူသားထံ ကျွန်ုပ်တို့၏တာဝန်ကို ပြောဆိုထားသည်။

ယေရှုသည် အကောင်းဆုံးနှင့်အမှန်အတိုင်းဖြေကြားခဲ့ကြောင်းကို ကျမ်းပြုဆရာရိုးသားစွာ ဝန်ခံခဲ့သည်။ သူသည် ယေရှု၏စကားများကိုအတည်ပြုရုံသာမက၊ ဘုရားသခင်ကိုချစ်ခြင်းနှင့်ကျွန်ုပ်တို့လူသားချင်းချစ်ခြင်းအရာသည် "မီးရှို့ရာယဇ်နှင့်ပူဇော်သက္ကာရှိသမျှတို့ထက် သာ၍မြတ်ပါသည်" (မာကု ၁၂း၃၃)ဟု ထပ်လောင်းပြောကြားခဲ့သည်။ ဉာဏ်ပညာရှိစွာ ထိုဖြေကြားခြင်းအတွက် ယေရှုက သူ့ကိုချီးမွမ်းပြီး ကယ်တင်ခြင်းရရန် မဝေးလှကြောင်းမိန့်တော်မူခဲ့သည်။ ထိုသူသည် ဘုရားသခင်၏ နိုင်ငံတော်နှင့်"မဝေး" သော်လည်း၊ "အတွင်း" မရောက်သေးပါ။ ဤကျမ်းပြုဆရာသည် မိမိအတွက် ပညတ်တရားကိုစုံလင်စွာစောင့်ထိန်းသောကယ်တင်ရှင်၊ သခင်ယေရှုခရစ်ကိုသာ ယုံကြည်လျှင် သူသည် နိုင်ငံတော်သို့နေရာချထားခြင်းခံခဲ့ရမှာဖြစ်သည်။

**ဆင်ခြင်ရန်** - ယေရှုကို အဘယ်သူမျှဉာဏ်ပညာ၌ အသာစီးမရနိုင်ပါ။

**ဆုတောင်းချက်-** (ဘုရားသခင်နှင့်သင့်အိမ်နီးချင်းများအတွက် ချစ်ခြင်းမေတ္တာများပိုမိုရရှိရန် ဆုတောင်းပါ)။

စနေ၊ မတ် (၅)
**မာကု ၁၂း၃၅-၄၄**
မဿဲ ၂၃း၁-၃၉

*". . . ခရစ်တော်သည် ဒါဝိဒ်၏သားဖြစ်သည်ဟု ကျမ်းပြုဆရာတို့သည် အဘယ်ကြောင့်ဆိုကြသနည်း"*

# ဘယ်သူ့သားလဲ

ယေရှုသည် ရိုးရှင်းသည့်တိုင် လေးနက်သောမေးခွန်း "ခရစ်တော်သည် ဒါဝိတ်၏သားဖြစ်သည်ဟု ကျမ်းပြုဆရာတို့သည် အဘယ်ကြောင့်ဆိုကြသနည်း" (မာကု ၁၂း၃၅) ဟုမေးခဲ့သည်။ မေရှိယသည် ဒါဝိတ်၏အဆက်အနွယ်မှဖြစ်ကြောင်း ကျမ်းပြုဆရာများကိုယ်တိုင် ကောင်းစွာသိထားခဲ့ကြသည် (နှိုင်း ၂ ရာ ၇း၁၂-၁၄)။ မေရှိယသည် ဒါဝိတ်၏သားတော်သာမက ဘုရားသခင်၏သားတော်ဖြစ်သည်ဟု ဆိုရပေမည်။ ဤအချက်ကို ဒါဝိတ်သည်ယေရှုကို "သခင်" ဟုခေါ်ဆိုခဲ့သောဆာလံကျမ်းတွင် ရှင်းရှင်းလင်းလင်းတွေ့မြင်ရပြီး ဖော်ပြသည်မှာ "ဒါဝိတ်၏စကားမှာ၊ ထာဝရဘုရားက၊ သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ ငါမချမထားမှီတိုင်အောင်၊ ငါ့လက်ျာဘက်၌ထိုင်နေလော့ဟု ငါ၏သခင်အားမိန့်တော်မူသည်ဟု သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဒါဝိတ်ဆိုသတည်း။ ထိုသို့ ဒါဝိတ်သည် ခရစ်တော်ကို သခင်ဟူ၍ခေါ် လျှင် အဘယ်သို့သူ၏သားဖြစ်သနည်းဟု မေးတော်မူ၏။ လူများအပေါင်းတို့သည် အားရဝမ်းမြောက်သောစိတ်နှင့်စကားတော်ကို နားထောင်ကြ၏" (မာကု ၁၂း၃၆၊ ၃၇၊ နှိုင်း ဆာလံ ၁၁၀)။ ဤဆာလံကို ဘုရားသခင်၏မှုတ်သွင်းမှုအောက်တွင် ရေးခဲ့သော ဒါဝိတ်သည်ဒါဝိတ်၏သခင် (Adonai - မေရှိယကို ဆိုလိုသည်) သည် ရှင်ဘုရင်အခွင့်အာဏာဖြင့် သူ၏လက်ယာဘက်တွင်ထိုင်ရန် ပြောခဲ့ကြောင်း ထာဝရဘုရား(YHWH၊ ယေဟောဝါကိုဆိုလိုသည်) ထံ တင်ပြခဲ့သည်။ မေရှိယသည် ဒါဝိတ်၏သားဖြစ်ခဲ့လျှင်၊ ဒါဝိတ်သည် သူ့ကိုသခင်အဖြစ်အဘယ်ကြောင့် မိန့်တော်မူသနည်း။ ဒါဝိတ်သည် သူ၏သားထက်အဘယ့်ကြောင့်နိမ့်ကျရသနည်း။ ဖာရိရှဲတို့သည် အကျပ်ရိုက်ခဲ့ကြသည်။ သူတို့သည် ဝိညာဉ်ရေးအရမျက်စိကန်းသောကြောင့် မဖြေနိုင်ခဲ့ကြပေ။ ဝိညာဉ်ရေးအရာများကို ဝိညာဉ်ရေးအရ ပိုင်းခြားသိမြင်သည် (၁ ကော ၂း၁၃၊ ၁၄)။

ယေရှုသည် သမ္မာတရားကိုသွန်သင်ရုံသာမက အမှားကိုပါသတိပေးခဲ့သည်။ ဤတွင်၊ သူသည် ကြသရေလလူမျိုး၏ ဘာသာရေးဆရာများ၏အရေခြုံမှုကို လူသိရှင်ကြားရှုတ်ချခဲ့ပြီး ၎င်းတို့အပေါ် ဒုက္ခရှစ်မျိုးရှိကြောင်း ကြေငြာခဲ့သည် (မဿဲ ၂၃း၁၃-၃၃)။ ဆရာသမားများသည် သာ၍ကြီးလေးသောတရားစီရင်ခြင်းကို ဧကန်အမှန်ခံရကြလိမ့်မည် (ယာ ၃း၁)။

ဗိမာန်တော်တွင် ဘုရားသခင်ထံအလှူငွေထည့်ရန်လူများအတွက် ပရိဘောဂများရှိသည်။ သူဌေးများက ပိုက်ဆံများစွာချနေသည်ကို ယေရှုမြင်ခဲ့သည်။ ထိုအခါ ဆင်းရဲသောမုဆိုးမသည် ရောက်လာ၍ ဒင်္ဂါးနှစ်ပြားကိုသွင်းချခဲ့သည်။ ဤဆင်းရဲသောမုဆိုးမသည် ကျန်သူများထက်များစွာပို၍ပေးလှူခဲ့ကြောင်း ယေရှုကတပည့်တော်များအား ပြောကြားခဲ့သည်။ အခြားသူအပေါင်းတို့သည် မိမိတို့ပိုင်ဆိုင်မှုများစွာထဲက ပေးလှူခဲ့ကြသော်လည်း သူမမှာဆင်းရဲနွမ်းပါးသည့်အခြေအနေထဲက ပေးခဲ့ခြင်းဖြစ်သည်။ သူမမှာရှိသမျှအကုန်၊ သူမ၏နောက်ဆုံးဒင်္ဂါးပြားကိုပေးခဲ့ကြောင်း ယေရှုဖော်ပြခဲ့သည်။ သူမသည် ဘာဆိုဘာမျှမရှိတော့ဘဲ အကုန်ဆုံးသွားလိမ့်မည်ကို ဂရုမစိုက်ပေ။ သူမသည် ဘုရားသခင်ကိုချစ်ပြီးယုံကြည်ကိုးစားခဲ့သည်။ ဘုရားသခင်သည် သူမကိုထောက်ပံ့ပေးမည်ကို ယုံကြည်ပြီး၊ ထိုသို့ မထောက်ပံ့လျှင်ပင် သူမသည်သူမအသက်နှင့်အရာအားလုံးကို စွန့်လွှတ်နိုင်ဆဲဖြစ်သည်။ ကျွန်ုပ်တို့တွင် ထိုသို့သောယုံကြည်ခြင်းရှိပါသလား။

**ဆင်ခြင်ရန်** - သင်၏ဆယ်ဖို့တဖို့နှင့်အလှူတော်ငွေတို့ကို ဘုရားသခင်ထံပေးဆောင်ပါသလား။

**ဆုတောင်းချက်-** (သင်၏နှုတ်ခမ်းနှင့်ကျွန်ုပ်တို့၏ဘုရားသခင်ကို ချီးမွမ်း၍ သင်၏ဥစ္စာနှင့်ကိုးကွယ်ကြလော့)။

တနင်္ဂနွေ၊ မတ် (၆)
**မာကု ၁၃း၁-၁၃**
မဿဲ ၂၄း၁-၃

*". . . ထိုအမှုအရာရှိသမျှတို့သည် ပြည့်စုံချိန်နီးသောအခါ၊ အဘယ်နိမိတ်လက္ခဏာပေါ်ထွန်းသနည်း"*

# အဆုံး၏လက္ခဏာများ

ယေရှုသည် ယေရုရှလင်မြို့ပျက်စီးခြင်းကို ဟောကိန်းထုတ်ခဲ့သည်။ ကျောက်တစ်လုံးမှ မပြိုလဲဘဲ ကျန်နေလိမ့်မည်မဟုတ်ပေ။ ပို၍ကြီးသောမေးခွန်းမှာ ကမ္ဘာကြီးကဘယ်အချိန်မှာဆုံးမလဲ။ နီးနေပြီဟု ကျွန်ုပ်တို့အားညွှန်ပြသောလက္ခဏာတို့ကား အဘယ်အရာများနည်း။ သခင်ယေရှုသည် မည်သည့်အချိန်တွင် ပြန်လာမည်နည်း။

သူပြန်ကြွမလာမီလေးမှာ ကမ္ဘာကြီး၏အခြေအနေကို ပုံဖော်ခြင်းအားဖြင့် သခင်ဘုရား စတင်ခဲ့သည်။ ဤအရာတို့မှာ သတိထားရမည့်နိမိတ်လက္ခဏာများဖြစ်သည် - (၁) ဘာသာရေးနှင့် ဆိုင်သောနိမိတ်များ - ခရစ်တော်အတုအယောင်များနှင့် ပရောဖက်အတုအယောင်များ (မဿဲ ၂၄း၄၊ ၁၁၊ ၂၄)၊ (၂) စစ်ရေးနိမိတ်များ - "စစ်တိုက်ကြောင်းကိုၾကား၊ စစ်တိုက်ခံသော သတင်းစကားကိုၾကား"၊ "လူတမျိုးနှင့်တမျိုး၊ တနိုင်ငံနှင့်တနိုင်ငံရန်ဘက်ပြုကြလိမ့်မည်" (မာကု ၁၃း၇၊၈)၊ (၃) စကြာဝဠာနိမိတ်များ - "အရပ်ရပ်တို့၌ ကြီးစွာသောမြေလှုပ်ခြင်း၊ အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်းတို့သည် ဖြစ်ကြလိမ့်မည်။ မိုဃ်းကောင်းကင်၌လည်း ကြောက်မက်ဘွယ်သောအရာနှင့် ကြီးစွာသော ပုပ္ပနိမိတ်တို့သည် ပေါ်ထွန်းကြလိမ့်မည်" (လုကာ ၂၁း၁၁)။ Rev. Dr Timothy Tow ၏အဆိုအရ၊ ပထမတံဆိပ်လေးခုရှုပါရှိသည် မဿဲ ၂၄း၆-၈ ၏နိမိတ်လက္ခဏာများနှင့်အတူ ကိုက်ညီမှုရှိ၏။ "ငြိမ်း ချမ်းရေး၊ စစ်ပွဲ၊ ကာလနာနှင့်သေခြင်းတရားများ၏ မြင်းဒုန်းစိုင်းစီးသူလေးယောက်သည် ဆက်ကပ် တွင် တွေ့မြင်ရသည့်အတိုင်း လည့်ပတ်ပြီးတဝဲလည်လည်ဖြစ်လိမ့်မည် (ကလေးများသည် ဤ"ကစားမြင်းများ" စီးရသည်ကို နှစ်သက်ကြသည်)။ ထို့ကြောင့်၊ ခရစ်တော်၏ ဒုတိယကြွလာချိန်အထိ ကမ္ဘာတဝှမ်းတွင် အလားတူသံသရာများရှိလိမ့်မည်။ ဤအရာသည် ဘေးဒဏ်ကြီးရက်သတ္တပတ်ဟု ခေါ် သော နောက်ဆုံးခုနစ်နှစ်တာအတွက် ကျဉ်းကြပ်စွာ ကန့်သတ်ထားခြင်းမဟုတ်ပါ။ အတိအကျပြော ရလျှင်၊ ဤငြိမ်းချမ်းရေးစစ်ပွဲ၊ ကာလနာနှင့်သေခြင်းတရား သံသရာတို့သည် ခရစ်တော်ကောင်းကင်သို့ ချီဆောင်ခြင်းခံရသောအချိန်မှ ဒုတိယအကြိမ်ပြန်ကြွလာချိန်အထိ ကာလများအတွင်းဖြစ်ပေါ်သည်" (ရောက်လာမည့် ကမ္ဘာ့ဖြစ်ရပ်များကို ထုတ်ဖော်ပြသခြင်း၊ ၃၂)။

နောက်ဆုံးကာလ၏ အခြားနိမိတ်လက္ခဏာများမှာ (၄) လူမှုရေးနှင့်ဆိုင်သောနိမိတ်များ- ဘုရားသခင်၏လူမျိုးတို့ကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ မိသားစုစံနှုန်းကိုဖျက်ဆီးခြင်း၊ ကိုယ်ကျင့်တရားဖောက်ပြန်ခြင်း (မာကု ၁၃း၉)တို့ဖြစ်ကြသည်။ (၅) ထို့နောက် နိုင်ငံတော်နှင့်ဆိုင်သော နိမိတ်လက္ခဏာပါရှိသည်မှာ - ဣသရေလလူမျိုးတို့သည် ဂတိထားရာပြည်သို့ ပြန်လည်ရောက်ရှိရလိမ့်မည်(မဿဲ ၂၄း၃၂ တွင်ဖော်ပြသောသင်္ဘောသဖန်းပင်၏ နိမိတ်လက္ခဏာ၊ ယေရမိ ၂၄၊ ယောလ ၁း၆၊ ၇၊ ဟောရှေ ၉း၁၀ တို့နှင့်နှိုင်းယှဉ်၍ ဟေရှာ ၁၁း၁၁၊ ၁၂ ကိုကြည့်ပါ၊ မှတ်သားဖွယ်ရန်မှာ -ဣသရေလ(အစ္စရေး) သည် ၁၉၄၈ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် တဖန်နိုင်ငံဖြစ်လာခဲ့ပြီး)၊ တိုင်းနိုင်ငံများ၏တိုက်ခိုက်ခြင်းခံခဲ့ရသည်။ (၆) နောက်ဆုံးတွင် ဧဝံဂေလိတရားနှင့်ဆိုင်သော နိမိတ်မှာ - "နိုင်ငံတော်နှင့်နိုင်းယှဉ်သောဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည်ဖြစ်လတံ့" (မဿဲ ၂၄း၁၄)။ ယေရှုကလည်း "ထိုအမှုအရာတို့သည်ဖြစ်စရှိသောအခါ၊ သင်တို့ကို ရွေးနှုတ်သောအချိန်ကာလရောက်လုနီးသည်ကို ထောက်သဖြင့်၊ မော့ကြည့်၍ခေါင်းကို ကြွကြလော့ဟု မိန့်တော်မူ၏" (လုကာ ၂၁း၂၈)။

**ဆင်ခြင်ရန်** - သခင်ပြန်ကြွလာဖို့အတွက် သင်အဆင်သင့်ဖြစ်ပြီလား။ ထိုနေ့ရက်သည် သင်ထင်ထားသည်ထက်သာ၍ နီး၏။

**ဆုတောင်းချက်-** (သခင်ဘုရားပြန်ကြွလာဖို့အတွက် အမြဲသတိရှိရှိနှင့်အသင့်ရှိနေစေဖို့ ဆုတောင်းကြလော့)။

တနင်္လာ၊ မတ် (၇)

**မာကု ၁၃း၁၄-၂၇**

၂ သက် ၂း၁-၈

*"... ဖျက်ဆီးတတ်သောရွံရှာဘွယ်သော အရာသည် ... သင်တို့မြင်ရလျှင်"*

## အန္တိခရစ်၏အုပ်ချုပ်မှု

"ပရောဖက်ဒံယေလဟောသော ဖျက်ဆီးတတ်သောရွံရှာဘွယ်သောအရာ" (မာကု ၁၃း၁၄) ဟူသည်အဘယ်နည်း။ ၎င်းသည် ဘေးဒဏ်ကြီးကာလ၏ အလယ်ဗဟိုတွင် အန္တိခရစ်အားဖြင့် ဂျူးတို့၏ဗိမာန်တော်ကို မတော်မလျော်ပြုခြင်းဖြစ်သည်။ "၄၂ လ" (ဗျာ ၁၁း၂၊ ၁၃း၅) သို့မဟုတ် "ရက်ပေါင်း ၁၂၆၀"၊ ပြီးနောက်(ဗျာ ၁၂း၆)သို့မဟုတ် "တကာလ၊ နှစ်ကာလ၊ ကာလတဝက်ပတ်လုံး" (ဒံ ၇း၂၅၊ ၁၂း၇၊ ဗျာ ၁၂း၁၄) ခုနစ်နှစ်တာကာလတွင် အန္တိခရစ်သည် ကမ္ဘာတစ်ဝှမ်းလုံးမှ မိမိကိုယ်ကို ဝတ်ပြုကိုးကွယ်ရန်တောင်းဆိုလိမ့်မည် (ဗျာ ၁၃း၅-၈၊ ၂ သက် ၂း၁-၄)။ ဘုရားသခင်သည် ဤအရာအား အမုန်းဆုံး(စက်ဆုပ်ရွံရှာဖွယ်)သောအရာအဖြစ် မှတ်ယူသည်။

အန္တိခရစ်က မတော်မလျော်ပြုဖို့ ယေရုရှလင်မြို့၌ဗိမာန်တော်ကို ပြန်လည်တည်ဆောက်မည်လား။ Rev Dr Timothy Tow က "ဓမ္မဟောင်းယဇ်ပူဇော်မှုများ ပြန်လည်ရှင်သန်လာမည်ဖြစ်၍ ဤအချိန်၌ဗိမာန်တော်ကို ပြန်လည်တည်ဆောက်မည်ဟု ကျမ်းစာကျောင်းသားများက ယေဘုယျအားဖြင့် ကောက်ချက်ချကြသည်. . . ကျွန်တော့်အမြင်အရတော့ ဗိမာန်တော်ကိုပြန်လည်တည်ဆောက်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော်၊ မောရှေ၏တဲတော်နှင့်ရှောလမုန်၏ဗိမာန်တော်နှစ်ခုလုံး၏ ယခင်အဆောက်အအုံနှင့်ကုရုမင်းကြီး၏အမိန့်တော်အရ ပြန်လည်တည်ဆောက်ခဲ့သောဗိမာန်တော်ကိုပင် (ဧဇရ ၁း၁၊ ၂) အမှန်စင်စစ် ပြန်လည်တည်ဆောက်ခွင့်အာဏာမရှိပါ။ ဒါဝိဒ်သည်ပင် စစ်တိုက်၍သွေးစွန်းသောလက်ကြောင့် ဗိမာန်တော်ကိုမတည်ဆောက်နိုင်ခဲ့ပါ (၂ ရာ ၂၈း၄)။ လက်တော်များ သန့်စင်၍စိတ်နှလုံးဖြူစင်သောသူမှတပါး၊ ဘုရားသခင်၏သန့်ရှင်းသောတောင်တော်ပေါ်သို့အဘယ်သူမျှမတက်နိုင်ပါ (ဆာလံ ၂၄း၄)။ ပြန်လည်တည်ဆောက်ထားသောဗိမာန်တော်သည် ယေဇကျေလ ၄၀-၄၈ ၌ရှိသော အနှစ်တစ်ထောင်ကာလ ဗိမာန်တော်ဖြစ်သည်"။

ထိုသို့ဖြစ်လျှင်၊ အန္တိခရစ်သည် "ဘုရားသခင်၏ဗိမာန်တော်၌ဘုရားသခင်ကဲ့သို့" (၂ သက် ၂း၃၊၄) ထိုင်နေမည်ဟူသောအချက်ကို ကျွန်ုပ်တို့မည်သို့ပြေလည်စေကြမည်နည်း။ Rev Dr Tow က ၎င်းသည် "အနောက်ယေရုရှလင်မြို့၌ရှိသော ယေရုရှလင်မြို့၏ မဟာဇရပ်ထဲသို့ သူဝင်ရောက်ခြင်းဖြစ်နိုင်သည်။ ဤအရာသည် ယုဒလူတို့၏အမြင့်မြတ်ဆုံးနေရာ၊ ရောက်ရှိမည့်ဗိမာန်တော်သို့သွားရာလမ်းခုလတ်အိမ်" ဖြစ်သည်။

သင်သည် ကြီးစွာသောဘေးဒဏ်မှလွတ်မြောက်မည်လား။ ခရစ်ယာန်များသည် နောင်ရောက်လာမည့်ဘုရားသခင်၏အမျက်တော်မှ လွတ်မြောက်လိမ့်မည် (၁ သက် ၅း၉)။ ခရစ်တော်ကိုသင်ယုံကြည်ပြီလား။ မနှောင့်နှေးပါနှင့်၊ ယနေ့ ကိုယ်တော်ကိုယုံကြည်ပါ။ "အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကိုနှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကိုသေခြင်းမှထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်" (ရောမ ၁၀း၉)။ ခရစ်တော်သည် အချိန်မရွေးပြန်လာနိုင်၏။ သူကြွလာသောအခါ အခါနှောင်းပေလိမ့်မည်။ ထို့ကြောင့် ယခုအဆင်သင့်ဖြစ်ပါ။ သစ္စာရှိ၍အသီးသီးသော အစေခံကျွန်ဖြစ်ပြီး (မသဲ ၂၄း၄၄-၅၁၊ ၂၅း၁၄-၃၀)၊ ပညာရှိ၍သတိရှိသောအပျိုကညာတို့ကဲ့သို့ (မဿဲ ၂၅း၁-၁၃) ဖြစ်ကြလော့။

**ဆင်ခြင်ရန်** - (၁ သက် ၅း၉ ကိုဖတ်လော့)။

**ဆုတောင်းချက်-** (သင့်၏ ကယ်တင်ခြင်းအတွက် ဆုတောင်းလော့)။

**မာကု ၁၃း၂၈-၃၀**
ရောမ ၁၁း၂၅-၂၇

*"သင်္ဘောသဖန်းပင်ကို အစွဲပြု၍ ပုံသက်သေတခုကို မှတ်ကြလော့"*

## ဘုရားသခင်ရွေးချယ်သောလူမျိုး

ဣသရေလတိုင်းပြည်သည် ကမ္ဘာပေါ်တွင်အသေးငယ်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း၊ ကမ္ဘာတစ်ဝှမ်းလုံး၏အာရုံစိုက်မှုကို ခံနေရသည်။ ဣသရေလနိုင်ငံသည် ကမ္ဘာ၏ဗဟိုချက်၊ ဥရောပ၊ အာရှ၊ အာဖရိကတိုက်သုံးတိုက်၏ လမ်းဆုံများတွင် တည်ရှိသည်။ ဣသရေလမှာ ဖြစ်ပျက်နေသော အရာက တစ်ကမ္ဘာလုံးကိုထိခိုက်စေ၏။

ဣသရေလသည် အဘယ်ကြောင့်ဤမျှထင်ရှားသောနိုင်ငံဖြစ်သနည်း။ တစ်ခုတည်းသော အဖြေမှာ ဘုရားသခင်ဖြစ်၏။ ဘုရားသခင်သည် ဣသရေလလူမျိုးအား ကမ္ဘာလုံးဆိုင်ရာအရေးပါသော တိုင်းပြည်အဖြစ် ရွေးချယ်ခဲ့သည်။ တရားဟောရာ ၇း၆ တွင် "အကြောင်းမူကား၊ သင်သည်သင်၏ ဘုရားသခင်ထာဝရဘုရားအဘို့ သန့်ရှင်းသောအမျိုးဖြစ်၏။ မြေကြီးပေါ်မှာရှိသမျှသောလူမျိုးထက် သင်၏ဘုရားသခင်ထာဝရဘုရားပိုင်ထိုက်သောအမျိုးဖြစ်စေခြင်းငှါ သင့်ကိုရွေးချယ်တော်မူပြီ" ဟု မိန့်ဆိုတော်မူ၏။ ရာစုနှစ်များတစ်လျှောက် ဣသရေလလူမျိုးကို သုတ်သင်ရှင်းလင်းရန်ကြိုးပမ်းခဲ့သော်လည်း၊ ယခုအခါတွင် ဂတိထားရာပြည်၌ ပြန်လည်တည်ရှိနေသေးသည့်အချက်က အာဗြဟံ၊ ဣဇာက်နှင့်ယာကုပ်တို့၏ ဘုရားသခင်နှင့်ဂျူး - ခရစ်ယာန်ကျမ်းစာများ၏ ဘုရားသခင်သည် အမှန်တကယ်အသက်ရှင်၍ စစ်မှန်သောဘုရားသခင်ဖြစ်ကြောင်း ကျွန်ုပ်တို့ကိုပြောပြပြီး၊ သူသည် သူ၏ အစီအစဉ်နှင့်ဂတိတော်များကို ဣသရေလလူတို့အတွက်သာမက သူ၏အသင်းတော်နှင့်ကမ္ဘာတစ်ခုလုံးအတွက်ပါ ဖြည့်ဆည်းပေးမည်ဖြစ်သည်။ သူသည် ဤအမှုအရာအားလုံးကို ဤလောက၏ကယ်တင်ရှင်သခင်ယေရှုခရစ်အားဖြင့်ပြုလိမ့်မည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ က လက်ဝါးကပ်တိုင်မှာ အသေခံပြီး ရှင်ပြန်ထမြောက်ခဲ့သော ထိုယေရှုသည် တစ်နေ့နေ့တွင် ဣသရေလလူမျိုးကို ကြီးမြတ်ခြင်းသို့ပြန်လည်ရောက်ရှိစေရန်သော်၎င်း (ရောမ ၁၁း၂၆)၊ သူ၏အသင်းတော်အား မြှင့်တင်ရန်သော်၎င်း၊ နှင့် ကမ္ဘာတစ်ဝှမ်းလုံးသို့ ငြိမ်းချမ်းမှုရရှိစေရန်သော်၎င်း (ဟေရှာ ၂း၄) ပြန်ကြွလာမည်။

ထိုအရာ ဘယ်တော့ဖြစ်လာမလဲ။ ၎င်းသည် ဘယ်အချိန်ဖြစ်ပေါ်လာမလဲဆိုတာ အတိအကျမသိနိုင်သော်လည်း ဘယ်လောက်နီးကြောင်းကို သိနိုင်၏။ ၎င်းသည် ဘယ်လောက်နီးကြောင်းကိုသိနိုင်၏။ ၎င်းသည် ဘယ်လောက်နီးကြောင်း ကျွန်ုပ်တို့ကိုပြသောနိမိတ်လက္ခဏာများထဲမှ တစ်ခုမှာ သင်္ဘောသဖန်းပင်၏ နိမိတ်လက္ခဏာဖြစ်သည် (မာကု ၁၃း၂၈)။ သင်္ဘောသဖန်းပင်သည် ဣသရေလအမျိုးကို ကိုယ်စားပြုသည်။ သခင်ဘုရားကျိန်တော်မူခဲ့သော အသီးမသီးသော သင်္ဘောသဖန်းပင် (မာကု ၁၁း၁၃၊ ၁၄) သည် တစ်နေ့တွင် တဖန်အသီးသီးလာလိမ့်မည် (ယေရမိ ၃၁း၃၃)။ ဂတိထားရာပြည်၌ ဣသရေလလူမျိုးများပြန်လာ၍ တိုင်းနိုင်ငံတစ်ခုအဖြစ် ကြီးထွားလာသည်ကို သင်မြင်တွေ့သောအခါ ခရစ်တော်၏ဒုတိယကြွလာချိန်နီးနေပြီဖြစ်၍ "တံခါးဝ၌ပင်" ဖြစ်သည် (မာကု ၁၃း၂၉)။

**ဆင်ခြင်ရန်** - "Israel a Great Nation" in Timothy Tow, The Story of My Bible-Presbyterian Faith (Singapore:Far Eastern Bible College Press, 1999), 25-34. Download freely from WWW.febc.edu.sg, see under Publication →FEBC Press →Christian Theology ကိုဖတ်ပါ။

**ဆုတောင်းချက်-** "ယေရုရှလင်မြို့ငြိမ်ဝပ်မည်အကြောင်း ဆုတောင်းကြလော့။ ထိုမြို့ကိုမြတ်နိုးစုံမက်သောသူတို့သည် ချမ်းသာရကြပါစေသော" (ဆာလံ ၁၂၂း၆)။

ဗုဒ္ဓဟူး၊ မတ် (၉)

**မာကု ၁၃း၃၁**

မဿဲ ၅း၁၈

*“. . . ငါ့စကားတည်လိမ့်မည်”*

## စကားလုံးတိုင်းကိုထိန်းသိမ်းစောင့်ရှောက်ထား၏

ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာအယူဝါဒသည် စိတ်အချရဆုံးသောအယူဝါဒဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်သည် ကမ္ဘာ၊ သမိုင်း၊ လူများနှင့်အဖြစ်အပျက်များကို ချုပ်ကိုင်ထားပြီး အုပ်စိုးနေသောကြောင့်ဖြစ်သည်။ ဘယ်အရာမှမတော်တဆဖြစ်မလာပေ။ သူတို့၏ပေါ့လျော့မှု သို့မဟုတ် မုန်းတီးခြင်းကြောင့်များယွင်းသောအရာများစွာ ရှိသော်လည်း၊ ဘုရားသခင်သည် (၁) သူရွေးကောက်ထားသောလူမျိုး - ဣသရေလ (ဆာလံ ၈၉း၃၊၄၊၃၁-၃၆)၊ (၂) သူရွေးကောက်ထားသော သားသမီးများ - ခရစ်ယာန်များ (ယော ၁၀း၂၇-၃၀)၊ နှင့် (၃) သူမှုတ်သွင်းထားသောနှုတ်ကပတ်တော်များ - သန့်ရှင်းသောသမ္မာကျမ်းစာ (မာကု ၁၃း၃၁၊ မဿဲ ၅း၁၈) တို့ကို ကာကွယ်ထိန်းသိမ်းထားသည်။ သခင်ယေရှုက သူ၏နှုတ်ကပတ်တော်များသည် ဘယ်သောအခါမှပျောက်ကွယ်မသွားဘဲ ထာဝရတည်မြဲနေမည်ဟု ဂတိပြုခဲ့သည်မှာ မေးခွန်းထုတ်စရာမလိုပေ။ စကြဝဠာကြီးတစ်ခုလုံး မတည်ရှိတော့လျှင်လည်း (တနေ့ကျရင် ၎င်းသည်အမှန်ကျိန်းသေပျောက်ကွယ်လိမ့်မည်) သူ့စကားတော်တို့သည် တည်မြဲပြီး၊ သူ၏အချုပ်အခြာအာဏာနှင့်သစ္စာတရား၏ ထာဝရသက်သေအတွက် အမြဲတည်ရှိနေမည်။

ဆာလံ ၁၂း၆၊ ၇ တွင် သူ၏နှုတ်ကပတ်တော်များကိုထိန်းသိမ်းစောင့်ရှောက်ရန် ဘုရားသခင်ဂတိပြုထားပြီဖြစ်သည်- “ထာဝရဘုရားမိန့်တော်မူချက်တို့သည် သန့်ရှင်းခြင်းရှိ၍ မြေနှင့်ကင်းစင်စေခြင်းငှါ မီးကျင်၌ခုနစ်ကြိမ်စစ်သောငွေကဲ့သို့ဖြစ်ကြ၏။ အို ထာဝရဘုရား၊ ကိုယ်တော်သည် ထိုသူတို့ကို ဤလူမျိုးမှ အစဉ်ကွယ်ကာစောင့်မတော်မူမည်”။ ဤအမှန်တရားကို Westminster Confession of Faith (၁. ၈) တွင် ဖော်ပြသည်မှာ “ဟေဗြဲဘာသာဖြင့်ရေးထားသော ဓမ္မဟောင်းကျမ်း (ရှေးခေတ်ဘုရားသခင်လူမျိုးတို့၏ မူရင်းဘာသာစကား)၊ နှင့် ဂရိဘာသာဖြင့်ရေးထားသော ဓမ္မသစ်ကျမ်း (ထိုအချိန်က ၎င်းစာပေကို လူမျိုးအများစုသိရှိကြ၏) ကို ဘုရားသခင်မှချက်ချင်းမှုတ်သွင်းခံရပြီး ၎င်းကိုသူ၏တမူထူးကဲစွာဂရုစိုက်စောင့်ရှောက်ကာကွယ်ခြင်းကြောင့် ခေတ်အဆက်ဆက် သန့်စင်ထားသောကြောင့် စစ်မှန်ကြပါသည်”။ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအရာမှာ နှစ်သိမ့်မှုကိုဖြစ်စေသော ဂတိတော်ပင်ဖြစ်ပါ၏။ ဤအချက်သည် ယုံကြည်သူအားလုံးအတွက် အလွန်အရေးကြီး၏။ အကြောင်းမှာ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ဘုရားသခင်၏အမှားကင်း၍သေဖိုနိုင်သောနှုတ်ကပတ်တော်အပေါ်တွင် လုံးဝဉသုံအခြေခံ၏ ဘုရားသခင့်နှုတ်ကပတ်တော်များမပါဘဲ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းသို့မဟုတ်၊ ယုံကြည်ခြင်းအတွက် အခြေခံမရှိပေ။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် စိတ်ကူးယဉ်ခြင်း သို့မဟုတ် မှန်းဆခြင်းသက်သက်သာဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်တပါးတည်းမှသာရရှိသော အမှန်တရားအပေါ်၌မဟုတ်ဘဲ ကျွန်ုပ်တို့၏ကိုယ်ပိုင်အတွေးအမြင်များနှင့် ခံစားချက်များအပေါ်တွင် အခြေခံလိမ့်မည်။ “သို့ဖြစ်၍ ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏” (ရောမ ၁၀း၁၇)။

ကျမ်းစာမရှိဘဲ ယုံကြည်ခြင်းမရှိ။ ကျမ်းစာမရှိဘဲ ဧဝံဂေလိသတင်းကောင်းမရှိပါ။ ကျမ်းစာမရှိဘဲ အယူဝါဒများမရှိပါ။ ကျမ်းစာမရှိ အမှန်တရားမရှိ - ကျွန်ုပ်တို့သည် သမ္မာတရားဟူသည် အဘယ်အရာဖြစ်သည်ကို သိရှိနိုင်မည်မဟုတ်ပါ။ သမ္မာတရားသည်အဘယ်အရာဖြစ်သနည်း။ ယေရှုက “ကိုယ်တော်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်၏” (ယောဟန် ၁၇း၁၇) ဟု မိန့်တော်မူခဲ့သည်။

**ဆင်ခြင်ရန်** - ထိန်းသိမ်းစောင့်ရှောက်ခြင်းမရှိဘဲ သမ္မာကျမ်းစာမှုတ်သွင်းခြင်းသည် ယုတ္တိမတန်ပါ။

**ဆုတောင်းချက်-** (သမ္မာကျမ်းစာက ၎င်းအကြောင်းကိုဖော်ပြသည့်အရာကို လက်ခံယုံကြည်ဖို့ရန် ယုံကြည်ခြင်းအတွက်ဆုတောင်းပါ)။

# ကြိုတင်မခန့်မှန်းဘဲ၊ ကြိုတင်ပြင်ဆင်လော့

ကမ္ဘာကြီးသည် ဘယ်တော့ဆုံးမည်နည်း။ ယေရှုမိန့်တော်မူသည်မှာ "ထိုအချိန်နာရီကိုကား ခမည်းတော်မှတပါး အဘယ်သူမျှမသိ။ ကောင်းကင်တမန်များမသိ၊ သားတော်လည်းမသိ" (မာကု ၁၃း၃၂)။ ဘုရားသခင်သည် သူ၏ဉာဏ်ပညာတော်အားဖြင့် ကျွန်ုပ်တို့အားအချိန်အတိအကျကို မပြောရန်ရွေးချယ်ခဲ့၏။ သူသည် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏ခြေချောင်းများအပေါ် တွင်ထားချင်၏။ ၎င်းသည် အချိန်မရွေး သို့မဟုတ် တခဏအတွင်း၌ဖြစ်ပွားနိုင်ပြီး၊ ကျွန်ုပ်တို့သည်အမြဲတမ်း အဆင်သင့်ဖြစ်နေရန်လိုအပ်ပါ၏။ များစွာသောလူတို့သည် နေ့ရက်နှင့်အချိန်နာရီ သို့မဟုတ် ထိုနှစ်ကို မိုက်မဲစွာခန့်မှန်းခဲ့ကြသည်။ သူတို့သည် အတုအယောင်တရားဟောဆရာများအဖြစ် မိမိတို့ကိုယ်တိုင်ပြသခဲ့ကြပြီး၊ မှားယွင်းစွာပရောဖက်ပြုခြင်းအတွက် ရှက်ရွံ့စွာပြင်ဆင်ပြောင်းလဲခဲ့ကြရသည်။ ဥပမာအနေဖြင့် စင်ကာပူမှ Dr Chan Kai Lok က ၁၉၉၈ မှာ ဖြစ်ပေါ်လာမည်ဟုဟောကိန်းထုတ်ခဲ့ဖူး၏။ မကြာသေးခင်က အမေရိကန်ပြည်ထောင်စုက Dr Harold Camping က ၂၀၁၁ မေလ ၂၁ ရက်မှာ ဖြစ်မည်ဟု ခန့်မှန်းခဲ့သည်။ တကယ်မဖြစ်ခဲ့သောအခါ၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၁ ရက်သို့ ပြောင်းလဲခဲ့၏။ ၎င်းနေ့ရက်လည်း ကျရှုံးခဲ့ပြန်၏။ "သို့ရာတွင် ထိုနေ့ရက်နှင့်အချိန်နာရီကို အဘယ်သူမျှမသိနိုင်" ဟု သခင်ဘုရားမိန့်ထားပြီးဖြစ်၏။ ယေရှုစကား၏မည်သည့်အပိုင်းကို သူတို့နားမလည်ခဲ့ကြသနည်း။

ယနေ့ခေတ်တွင် ခရစ်တော်အတုနှင့်ပရောဖက်အတုအယောင်များစွာရှိသည်။ ယေရှုက သတိပေးရန်အားထုတ်မှု မရှောင်ရှားဘဲ "သင်တို့ကိုအဘယ်သူမျှ မလှည့်ဖြားစေခြင်းငှါ သတိပြုကြလော့။ အများသောသူတို့က ငါသည်ခရစ်တော်ဖြစ်၏ဟုဆိုလျက် ငါ၏အယောင်ကိုဆောင်၍ လူများကို လှည့်ဖြားကြလိမ့်မည်။ . . . အကြောင်းမူကား ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာပရောဖက်တို့သည်ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင်လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင် နိမိတ်လက္ခဏာအံ့ဖွယ်အမှုကိုပြုကြလိမ့်မည်" (မာကု ၁၃း၅၊ ၆၊ ၂၂)။ လှည့်စားခြင်းအတွက် ဖြေဆေးမှာ "ကိုယ်ကိုင၎်း၊ ကိုယ်ဆုံးမဩဝါဒကိုင၎်း အမြဲတည်နေလော့။ ထိုသို့ပြုလျှင် ကိုယ်ကိုင၎်း၊ နားထောင်သောသူတို့ကိုင၎်း ကယ်တင်လိမ့်မည်" (၁ တိ ၄း၁၆)။ "ဆုံးမဩဝါဒ" (အယူဝါဒ) ကို သိခြင်းဆိုသည်မှာ သမ္မာတရား၊ သန့်ရှင်းသောကျမ်းဂန်များ၊ ဘုရားသခင်၏အကြံဉာဏ်အလုံးစုံ၊ ယုံကြည်ခြင်း၏အခြေခံ၊ စနစ်ကျသောဓမ္မပညာကိုသိခြင်းဖြစ်၍ ကျွန်ုပ်တို့၏ဝိညာဉ်ရေးလုံခြုံစေရန်အတွက် အလွန်အရေးကြီးပါသည်။

ဖြေဆေးနောက်တစ်မျိုးမှာ ဆုတောင်းလျက်စောင့်နေဖို့ရန်ဖြစ်သည်။ "ထိုအချိန်ကာလသည် အဘယ်အခါ၌ရောက်မည်ကိုသင်တို့မသိသောကြောင့် သတိပြု၍ဆုတောင်းလျက် စောင့်နေကြလော့ . . . အိမ်ရှင်သည် . . . အဘယ်အချိန်၌လာမည်ကိုသင်တို့မသိသောကြောင့် စောင့်နေကြလော့။ သို့မဟုတ် အမှတ်တမဲ့လာ၍ သင်တို့အိပ်ပျော်သည်ကိုတွေ့လိမ့်မည်" (မာကု ၁၃း၃၃၊ ၃၅၊ ၃၆)။ ကျွန်ုပ်တို့၏တာဝန်မှာ ဟောကိန်းထုတ်ရန်မဟုတ်၊ သတိရှိနှင့်ဆုတောင်းနေရန်ဖြစ်သည် - ကျွန်ုပ်တို့သည်လှည့်ဖြားခြင်းမခံရစေခြင်းငှါ အန္တရာယ်များကိုသတိပြု၍ အဆုံးတိုင်အောင်သခင်ဘုရားအပေါ် သစ္စာတည်ရန်ဆုတောင်းပါ။

**ဆင်ခြင်ရန်** - အသင်းတော်ဆုတောင်းပွဲ၊ အစည်းအဝေးတွင်ပါဝင်ပါ။
**ဆုတောင်းချက်-** သခင်ဘုရား၊ အကျွန်ုပ်သည် အဆုံးတိုင်အောင်ကိုယ်တော့်အပေါ် သစ္စာစောင့်ပြီးမှန်ကန်စေတော်မူပါ။

သောကြာ၊ မတ် (၁၁)

**မာကု ၁၄း၁-၁၁**

ယောဟန် ၁၂း၅-၈

*“ဤမိန်းမသည် . . . ငါ့အလောင်းကို သင်္ဂြိုဟ်မည်ဟု ပြင်ဆင်ခြင်းငှါ ငါ့ကိုယ်ကိုဆီမွှေးနှင့်လူးနှင့်သတည်း”*

# သေခြင်းအတွက်ဆီလောင်းပေး၏

သခင်ယေရှုကျန်းမာစေခဲ့သော နူနာရှိမုန်သည် ကျေးဇူးတရားအပြည့်နှင့်ညစာစားရန် ယေရှုကို သူ့အိမ်ဆီသို့ခေါ်သွားခဲ့သည်။ ဤအရာမှာယေရှုသည် ယေရုရှလင်မြို့၌သွားရောက်သော အခါတိုင်း၌နေထိုင်ခဲ့သော အိမ်ရှင်များဖြစ်သည့် လာဇရု၊ မာသနှင့်မာရိတို့၏ မြို့ဖြစ်သော ဗေသနိရွာ၌ ဖြစ်ပွားခဲ့သည်။ ရှိမုန်သည်သူတို့ကိုသိခဲ့သည်မှာထင်ရှားပြီး သူတို့ကိုညစာစားဖို့ဖိတ်ကြားခဲ့သည်။ မာသသည် ထုံးစံအတိုင်းအလုပ်များနေပြီး လာဇရုသည်ယေရှုနှင့်အတူ စားပွဲ၌ရှိနေသည်။ သို့သော်၊ မာရိသည်အလွန်အရေးပါသောအရာကို လုပ်ခဲ့သည်။ သူမသည် အလွန်ဈေးကြီးသောရေမွှေးကို ကျောက်ဖြူခွက်တစ်လုံးဖြင့် ယေရှုကိုသွန်းလောင်းပေးခဲ့သည်။ သူမသည် ၎င်းကိုယေရှု၏ခေါင်းပေါ်တွင် သွန်းလောင်းပြီး သူမ၏ဆံပင်ကိုယေရှု၏ခြေဖဝါးအား သုတ်ဖို့ရန်အသုံးပြုခဲ့သည်။ သခင်ဘုရား၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဦးခေါင်းမှခြေဖျားအထိဖုံးအုပ်နိုင်ရန် ရေမွှေးအလုံအလောက် (ရောမပေါင် ၁၂ အောင်စ သို့မဟုတ် ၀. ၃၇၃ ကီလိုဂရမ်)ရှိခဲ့သည်။ တစ်အိမ်လုံး မွှေးရနံ့များဖြင့်ပြည့်နေခဲ့သည်။

သို့သော်၊ တပည့်တော်များသည် ဤကိစ္စအတွက် မပျော်မရွှင်ဖြစ်ခဲ့ကြသည်။ ထိုအရာသည် ဆိုးဝါးသောဖြုန်းတီးမှုဖြစ်သည်ဟု သူတို့ခံစား၍သူမကိုပြစ်တင်ဝေဖန်ကြသည်။ ယုဒရှင်ကာရုတ်က မာရိပြုသောအမှုသည် ဖြုန်းတီးသည်ဟုပြစ်တင်ပြောဆိုခဲ့သည်။ ရေမွှေးကိုမြင့်မားသောဈေးနှုန်း (ဒေနာရီအပြား ၃၀၀ = တစ်နှစ်လစာ)ဖြင့် ရောင်း၍ဆင်းရဲသားများကိုပေး၍ရသည်ဟု ပြစ်တင်၏။ ယုဒသည် ထိုသို့ပြောဆိုသည်မှာ စေတနာရှိသောကြောင့်မဟုတ်ဘဲ၊ သူခိုးဖြစ်သောကြောင့်ဟု ယောဟန်ကအမြန်မှတ်ချက်ချခဲ့သည် (ယောဟန် ၁၂း၆)။ သူသည် ဘဏ္ဍာရေးမှူးအဖြစ် ခန့်အပ်ခံရသော်လည်း ငွေအိတ်ထဲမှအနည်းငယ်စီခိုးယူခဲ့သည်။ သူသည် ငွေကိုလောဘကြီးသူဖြစ်သည်။ သူသည် ငွေ ၃၀ မျှဖြင့် (တစ်လစာလစာ) ယေရှုကိုသစ္စာဖောက်ခဲ့သည်မှာ အံ့ဩစရာမဟုတ်ပေ။

ယေရှုသည် မာရိကိုကာကွယ်ပေးခဲ့သည်။ သူသည်သူမ၏စိတ်နှလုံးကို သိခဲ့သည်။ သူမလုပ်ခဲ့ခြင်းမှာ သခင်ဘုရားကိုချစ်သောကြောင့်သာမဟုတ်ဘဲ၊ သူ့ကိုသင်္ဂြိုဟ်ရန်အတွက်လည်း ပြင်ဆင်ပေးခဲ့သည်။ မာရိသည် ယေရှု၏အာရုံစိုက်သောတပည့်တော်တဦးဖြစ်ခဲ့သည်။ သူမသည် ယေရှု၏နှုတ်ကပတ်တော်တိုင်းကို အာရုံစိုက်ပြီးတွေးတောဆင်ခြင်ခဲ့သည်။ ယုံကြည်ခြင်းအားဖြင့်၊ ဝိညာဉ်တော်၏အလင်းပေးခြင်းအားဖြင့် သူမသည်သူ၏လူတို့ကို ကယ်တင်ဖို့ရန်အတွက် သူ့အသေခံခြင်းအကြောင်းကို ပောကိန်းထုတ်ခြင်းကိုယုံကြည်ခဲ့သည် (မသဲ ၂၆း၂၊ ၁၆း၁၁ နှင့်နှိုင်းယှဉ်ပါ)။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့သည် ငွေကြောင့် သို့မဟုတ် ကယ်တင်ခြင်းကြောင့် ယေရှုနောက်သို့ လိုက်ကြပါသလား။

**ဆုတောင်းချက်-** သခင်ဘုရား၊ အကျွန်ုပ်သည် စည်းစိမ်ဥစ္စာကိုဂရုမစိုက်ဘဲ အလွန်ကြွယ်ဝပြီး လွတ်လပ်သောကိုယ်တော်၏ကယ်တင်ခြင်းအတွက် ဖြစ်သည်။

စနေ၊ မတ် (၁၂)

**မာကု ၁၄း၁၂-၂၁**

ဗျာ ၁၉း၁-၉

*"... သင်တို့အဝင်ဖြစ်၍ ငါနှင့်အတူ စားသောသူတစုံတယောက်သည် ငါ့ကိုအပ်နှံလိမ့်မည်"*

# အရေခွံချွဲခြင်းနှင့်သစ္စာဖောက်ခြင်း

နိသန်လ (Nisan) ၁၄ ရက် ကြာသပတေးနေ့နံနက်အစောပိုင်းတွင် ယေရှုသည်ပသခါပွဲအတွက် ပြင်ဆင်ရန်ပေတရုနှင့်ယောဟန်အား ညွှန်ကြားခဲ့သည်။ အိမ်အပေါ်ထပ်ခန်းကို ကြိုတင်မှာထားပြီးဖြစ်၍ အဆင်သင့်ပြင်ထားရန်လိုပါသည်။ သိုးသငယ်သည် ညနေပိုင်းတွင်ဗိမာန်တော်ဝင်းထဲ၌ အသေသတ်ခြင်းခံရမည် (ထွက်မြောက် ၁၂း၆)။ ပြီးနောက် တဆေးမဲ့မုန့်၊ ခါးသောဆေးဖက်ဝင်အပင်၊ စပျစ်ရည် စသည်ဖြင့်နေ့မကုန်မီ ဝယ်ထားရမည်။

ညဦးယံ၌ ယေရှုသည်တပည့်တော်များနှင့်အတူ ပသခါပွဲအစာအတွက် ထိုင်တော်မူ၏။ သူ၏ဆင်းရဲဒုက္ခနှင့်သေခြင်းမရောက်မီ သူတို့နှင့်အတူ ပသခါပွဲကိုအလွန်စားချင်ကြောင်း တပည့်တော်တို့ကို မိန့်တော်မူခဲ့သည်။ ၎င်းက တပည့်တော်များ၏မိဿဟာယနှင့်ပေါင်းဘော်ခြင်းတို့ကို ကိုယ်တော်မည်မျှတန်ဖိုးထားသည်ကို ကျွန်ုပ်တို့အားပြောပြသည်။ ဤအရာများ သူတို့နှင့်အတူ ကိုယ်တော်၏နောက်ဆုံးအစာဖြစ်၍ ခံစားချက်ကလွှမ်းမိုးနေ၏။ ဤအချက်သည် သူ၏စစ်မှန်သောလူသားဖြစ်ခြင်း၏နောက်ထပ်မှန်ကန်ကြောင်း သက်သေဖြစ်သည်။ သိုးသငယ်၏မင်္ဂလာညစာစားပွဲ၌ သူ၏နိုင်ငံတော်ပြည့်စုံခြင်းပွဲကျင်းပမည့်သူ ပြန်ကြွလာမည့်အချိန်အထိ စပျစ်ပင်၏အသီးကို သူမစားသောက်တော့မည့်အကြောင်းကို ကြေညာခဲ့သည် (မာကု ၁၄း၂၅၊ ဗျာ ၁၉း၉)။

ပသခါပွဲတော်မှာ ယေရှုကတပည့်တော် ၁၂ ယောက်ထဲမှ တစ်ဦးကသူ့ကို သစ္စာဖောက်တော့မည့်အကြောင်းကို သူတို့အားပြောခဲ့သည်။ တပည့်တော်များသည် အချင်းချင်းတစ်ဦးကိုတစ်ဦး ကြည့်ကြ၍ ယေရှုကအဘယ်သူကိုရည်ညွှန်းသည်ကို အံ့သြနေကြသည်။ သူတို့ထဲက တစ်ဦးသည် သခင်ဘုရားကိုသစ္စာဖောက်မည့်အချက်ကြောင့် သူတို့အလွန်ဝမ်းနည်းခဲ့ကြသည်။ "ထိုသူသည် ကျွန်ုပ်လား"ဟု မိမိကိုယ်ကို ဆန်းစစ်ဝေဖန်ကာ တစ်ဦးပြီးတစ်ဦး ကိုယ်တော်ကိုမေးကြ၍ "ကျိန်းသေ၊ ငါမဟုတ်" ဟုလျှို့ဝှက်ခြင်းဖြင့် မေးသောယုဒကို သက်သာရာရစေသည်။ ယုဒကိုမည်သူမျှ သံသယမရှိခဲ့ကြသည်မှာ ထင်ရှား၏။ ယုဒသည် ကောက်ကျစ်စဉ်းလဲသောလူလိမ်ဖြစ်သည်ဟု ဆိုခြင်းသည် ကျိုးကြောင်းဆီလျော်မှုမရှိပေ။ သူ့၌ မျက်နှာနှစ်ခုရှိသည်။ အပြင်ပန်းအားဖြင့် သူသည်သစ္စာရှိပုံပေါက်သော်လည်း အတွင်းစိတ်တွင်သစ္စာဖောက်မှုအပြည့်ရှိသည်။

ယုဒနှင့်ပတ်သက်၍ ယေရှုက "... သို့သော်လည်း လူသားကိုအပ်နှံသောသူသည် အမင်္ဂလာရှိ၏။ ထိုသူသည် ဘွားမြင်ခြင်းကိုမခံရလျှင်အနေသာ၍ ကောင်းသည်ဟု" (မာကု ၁၄း၂၁) မိန့်တော်မူ၏။ ယုဒသည် သခင်ယေရှုကိုသစ္စာဖောက်လိမ့်မည်ဟု ဘုရားသခင်ကြိုတင်သတ်မှတ်ထားသော်လည်း တစ်ချိန်တည်းတွင် ဘုရားသခင်သည်အပြစ်ဖို့လို့ရသည်မဟုတ်ဘဲ၊ ယုဒကိုသာ အပြစ်တင်ရသည်။ ၎င်းကို အဘယ်သို့ဖြေရှင်းမည်နည်း။ Rev Dr Timothy Tow ၏ ငှက်ပျောသီးအရေခွံပုံပြင်ကိုနားထောင်ပါ။ "မင်းကိုညစာစားဖို့ ငါဖိတ်ခေါ်ပြီး လမ်းမှာငှက်ပျောသီးအရေခွံကို ခလုတ်တိုက်ပြီး မင်း၏ဒူးခေါင်းကျိုးသွားတယ်ဆိုပါစို့။ ဘယ်သူက တာဝန်ရှိသလဲ။ အဝေးမှ (ဆိုလိုသည်မှာ ဘုရားသခင်) မဟုတ်ဘဲ ချက်ချင်းအကြောင်းတရား (ဆိုလိုသည်မှာ ယုဒ)သည် တာဝန်ရှိသည်။

**ဆင်ခြင်ရန်** - "သစ္စာဖောက်ခြင်းသည် ခွင့်မလွှတ်နိုင်သော အပြစ်ဖြစ်သည်"။

**ဆုတောင်းချက်-** သခင်ဘုရား၊ ကျွန်ုပ်၏အကြံအစည်၊ နှုတ်ထွက်စကားနှင့်အပြုအမူအားဖြင့် ဘယ်သောအခါမှ ကိုယ်တော်ကိုသစ္စာမဖောက်ပါစေနှင့်။

တနင်္ဂနွေ၊ မတ် (၁၃)
**မာကု ၁၄း၂၂-၂၅**
ဟေဗြဲ ၉း၂၂-၂၈

*"... ဤမုန့်ကား ငါ၏ကိုယ်ဖြစ်၏။ ... ဤခွက်ကား... ငါ၏အသွေးဖြစ်၏"*

# ငါ၏ကိုယ်၊ငါ၏အသွေး

ပသခါပွဲသည် ခရစ်တော်၏လက်ဝါးကပ်တိုင်၌လုပ်ဆောင်ချက်ကို ညွှန်ပြထားသည်။ ဘုရားသခင်၏သိုးသငယ်ကိုယ်တိုင်သည် အသေသတ်ခြင်းခံရပြီး၊ အပြစ်များကိုလွတ်ငြိမ်းခွင့်ပေးရန်အတွက် သူ၏အသွေးကိုသွန်းလောင်းခဲ့သည်။ စစ်မှန်သောသိုးသငယ်၏အသွေးတော်ကို တစ်ကြိမ်တည်းသွန်းလောင်းခြင်းအားဖြင့်၊ ဓမ္မဟောင်း၏သွေးထွက်သံယိုမှုအမျိုးအစားများနှင့် သင်္ကေတများသည် အသစ်သောသွေးမဲ့များကို နေရာပေးရန်ရပ်တန့်သွားရမည်ဖြစ်သည်။ ပို၍သာလွန်သောပဋိညာဉ်၏ဓမ္မမင်္ဂလာပွဲဖြစ်သည့် သခင်ဘုရား၏ညစာစားပွဲသည် ခရစ်တော်၏လက်ဝါးကပ်တိုင်၌ လုပ်ဆောင်မှုကိုပြန်ညွှန်ပြသည်။

သခင်ဘုရား၏ညစာစားပွဲတွင် ပါဝင်သည့်ဒြပ်စင်နှစ်ခုမှာ မုန့်နှင့်ခွက်ဖြစ်သည်။ သူတို့သည် ခရစ်တော်၏ကိုယ်ခန္ဓာနှင့်အသွေးတော်ကို အသီးသီးကိုယ်စားပြုကြသည် (ယော ၆း၂၆-၆၃ နှင့်နှိုင်းယှဉ်ပါ)။ မုန့်သည်မုန့်ဖြစ်၍၊ စပျစ်ရည်သည် စပျစ်ရည်ဖြစ်နေဆဲဖြစ်သည်။ ရုပ်တုကိုးကွယ်သော ရိုမန်ကက်သလစ်သတင်းတော်မှသွန်သင်သည့်အတိုင်း ၎င်းတို့သည် အံ့ဖွယ်ကောင်းစွာ ခရစ်တော်၏တကယ့်အသွေးနှင့်အသားဖြစ်လာခဲ့သည်မဟုတ်ပေ။ Lutherans တို့ခံယူထားသည့်အတိုင်း ပေးပို့ထားသောမုန့်နှင့်စပျစ်ရည်"အတွင်းထဲ၊ မှာ၊ အောက်တွင်" တကယ်အသွေးနှင့်အသားများမဟုတ်ပေ။ ဒြပ်စင်များကိုလည်း ကြည်ညိုရန် (သို့) ကိုးကွယ်ရန်မဟုတ်ပေ။ မုန့်နှင့်ခွက်သည် သခင်ဘုရား၏ကိုယ်ခန္ဓာနှင့်အသွေးတော်ကို ကိုယ်စားပြုရုံမျှသာဖြစ်ပြီး၊ စားသုံးခြင်းသည် အထိမ်းအမှတ်အတွက်ဖြစ်သည် (၁ ကော ၁၁း၂၃-၂၅နှင့်နှိုင်းယှဉ်ပါ)။ ယေရှုက "ငါ့ကိုအောက်မေ့ဘို့ရာ ဤသို့ပြုကြလော့ဟု" မိန့်တော်မူခဲ့သည်။ သခင်ယေရှု၏အသက်တာနှင့်အသေခံခြင်းကို ညွှန်ပြထားသည့် သူ၏ဇာတိခန္ဓာကိုယ်ဖြင့် ပြုလုပ်ခဲ့သည့်အရာကို အောက်မေ့ဖို့ရန် ကျွန်ုပ်တို့ကိုဖိတ်ခေါ်၏။ ဇာတိ၌၊ သူ၏ယဇ်ပူဇော်ခြင်းအမှု၌ သူသည်အမှန်တကယ်အပြစ်အနာဆာကင်းသော ဘုရားသခင်၏သိုးသငယ်ဖြစ် (၁ ပေ ၁း၁၈၊၁၉) စေခြင်းငှါ ပညတ်တော်ကိုစုံလင်စွာနှင့်စင်ကြယ်စွာ ပြည့်စုံစေခဲ့သည်။ သူ၏သေခြင်းတရားသည် ထိရောက်စေရန်အတွက်သွေးထွက်ရပါမည်။ အကြောင်းမူကား "အသွေးမသွန်းလောင်းဘဲအပြစ်လွှတ်ခြင်းမရှိ" (ဟေဗြဲ ၉း၂၂)ပါ။ သူ၏အသွေးတော်သည် အရေးကြီး၏။ သူ၏အသွေးတော်သည် လူကိုအပြစ်မှကယ်တင်ရန်အစွမ်းထက်သည် (တမန် ၂၀း၂၈)။

ထိုသခင်ဘုရား၏ညစာစားပွဲတော်အခမ်းအနားတစ်ခုလုံးသည် အောက်မေ့ဖွယ်ရာအခမ်းအနားတစ်ခုသာမက ဝိညာဉ်ရေးရာလေ့ကျင့်ခန်းလည်း ဖြစ်သည်။ ခရစ်တော်သည် မုန့်နှင့်စပျစ်ရည်၌ ရုပ်ပိုင်းဆိုင်ရာဖြင့်မပါဝင်ဘဲ ဝိညာဉ်ရေးအရပါဝင်ပါသည်။ ယုံကြည်ခြင်းအားဖြင့် မုန့်နှင့်ခွက်ကိုသုံးဆောင်သောအခါ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာအာဟာရကို ရရှိပါသည်။

**ဆင်ခြင်ရန်** - သခင်ဘုရား၏ညစာစားပွဲတော်မင်္ဂလာကို ဝိညာဉ်ရေးရာနှင့်သစ္စာရှိရှိ ပုံမှန်သုံးဆောင်ခြင်းသည် ဝိညာဉ်အတွက်ကောင်းပေ၏။

**ဆုတောင်းချက်-** သခင်ဘုရား၊ အကျွန်ုပ်၏ဝိညာဉ်ကို ကယ်တင်ခြင်းကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။

တနင်္လာ၊ မတ် (၁၄)
**မာကု ၁၄း၂၆-၃၁**
ဇာခရိ ၁၃း၇

*"... ကြက်သည် နှစ်ကြိမ်မတွန်မှီ သင်သည် သုံးကြိမ်မြောက်အောင် ငါ့ကိုငြင်းပယ်လိမ့်မည်"*

# မိမိကိုယ်ကို စိတ်မချလွန်းပါနှင့်

သခင်ယေရှုက တပည့်တော်များအား သူတို့၏သိုးထိန်းသည် ထိုညဉ့်ပင်အသေသတ်ခံရပြီး၊ သူ၏သိုးများဖြစ်သောထိုသူတို့သည် သူ့ကိုစွန့်ပစ်ထားကြလိမ့်မည်ဟု မိန့်တော်မူခဲ့သည် (မာကု ၁၄း၂၇)။ ပေတရုသည် ထိုကဲ့သို့ဘယ်သောအခါမှ သူပြုလိမ့်မည်မဟုတ်ကြောင်းကို သခင်ဘုရားအား အာမခံခဲ့ပြီး၊ သူသည် ထောင်ထဲသို့လိုက်ဝင်ပြီး သူ့အတွက်အသေခံရန်ပင် ဆန္ဒရှိမည်ဖြစ်ကြောင်းကို ပြောဆိုခဲ့သည် (လုကာ ၂၂း၃၃)။ သို့သော်၊ ယေရှုသည် လူ၏ဇာတိသဘောနှင့်အားနည်းခြင်းတို့ကို သိခဲ့၏။

တပည့်တော်များ၏ သခင်ယေရှုကိုစွန့်ပယ်ခြင်းသည် ဧကန်မုချဖြစ်လိမ့်မည်။ ၎င်းကို ဇာခရိ ၁၃း၇ တွင် ကြိုဟောထားပြီးဖြစ်သည်။ သူအဖမ်းခံရချိန်ရောက်သောအခါ တပည့်တော်အားလုံးထွက်ပြေးကြလိမ့်မည်။ ပေတရုက သူမလုပ်ဘူးဟုပြောသော်လည်း မကြာမီတွင်သူ့စကားအတိုင်း သူခံစားလိမ့်မည်။ သခင်ဘုရားက ပေတရုအားကြက်မတွန်မှီ (နှိုင်း၊ မာကု ၁၃း၃၅၊ ၎င်းအချိန်သည် ည ၃ နာရီအချိန် - မနက် ၃ နာရီကြက်တွန်ခြင်းကိုဆိုလို) သူ့ကိုသုံးကြိမ်တိုင်အောင် ငြင်းပယ်လိမ့်မည်ဟု မိန့်တော်မူ၏။

ပေတရုသည် မိမိကိုယ်ကိုစိတ်ချလွန်းစွာဖြင့် သခင်ဘုရားကို သူဘယ်တော့မှငြင်းပယ်မည်မဟုတ်ဟု အခိုင်အမာပြောခဲ့သည်။ သခင်ဘုရားသည်ပေတရုကို လုံးလုံးလျားလျားသိခဲ့သည်။ သူသည်အပြင်ပန်းတွင် ခိုင်မာပုံပေါ်သော်လည်း အတွင်းပိုင်းမှာဂျယ်လီကဲ့သို့ ပျော့ပြောင်းနေ၏။ သခင်ယေရှုက ပေတရုကိုအလွန်စိုးရိမ်ခဲ့၏။ စာတန်သည် ပေတရုကိုဖျက်ဆီးရန်ပစ်မှတ်ထားသည်။ သို့သော်၊ သခင်ဘုရားသည် ပေတရု၏ယုံကြည်ခြင်းမကျရှုံးစေရန်အတွက် ဆုတောင်းပေးထားပြီးဖြစ်ကြောင်း ပြောကြားခြင်းဖြင့်ပေတရုကိုနှစ်သိမ့်ပေးသည် (နှိုင်း၊ ဟေဗြဲ ၄း၁၅၊၁၆)။ စာတန်သည် သူ့ကိုအပြင်းအထန်စမ်းသပ်လိမ့်မည်။ ပေတရုသည် လဲကျသော်လည်း ကျရှုံးလိမ့်မည်မဟုတ်ပါ။ သူသည်မိမိ၏လုပ်ဖော်ကိုင်ဖက် တပည့်တော်များကိုခွန်အားဖြည့်ပေးရန် ရင့်ကျက်စွာဖြင့်ဤစုံစမ်းစမ်းသပ်မှုမှထွက်လာလိမ့်မည် (ယာကုပ် ၁း၂-၄ နှင့်နှိုင်းယှဉ်ပါ)။

ယေရှု၏နှုတ်ဆက်စကားတို့က တပည့်တော်တို့ကိုစိတ်ပျက်အားလျော့စေခဲ့သည်။ ယေရှုက "သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်။ ဘုရားသခင်ကိုယုံကြည်ကြလော့။ ငါ့ကိုလည်းယုံကြည်ကြလော့" (ယော ၁၄း၁) ဟူသောစကားများဖြင့် သူတို့ကိုနှစ်သိမ့်ပေးခဲ့သည်။ ယေရှုကသူသည်အဘယ်သူဖြစ်ကြောင်း-ဘုရားသခင်ကိုယ်တိုင်ပင်ဖြစ်ကြောင်းကို တပည့်တော်တို့သည်အာရုံစိုက်ရန် မိန့်ကြားခဲ့သည်။ သူတို့သည်စိတ်ဓာတ်မကျသင့်ပါ။ သူ၏သေခြင်းသည်ရှုံးနိမ့်ခြင်းမဟုတ်ဘဲ အောင်မြင်ခြင်းဖြစ်သည်။ သူ၏သေခြင်းသည်သူ၏ရှင်ပြန်ထမြောက်ခြင်း နောက်ဆက်တွဲတက်ကြွခြင်းနှင့်နောက်ဆုံးပြန်လည်ကြွလာခြင်းဆီသို့ ဦးတည်လိမ့်မည် (မာကု ၁၄း၂၈)။ သူနှင့်သူ၏လူတို့ကြားခွဲခွာခြင်းသည် ယာယီသာဖြစ်သည်။ သူပြန်လာသောအခါ၊ သူသည်ကျွန်ုပ်တို့ကိုကောင်းကင်ဘုံ၌ရှိသော ခမည်းတော်၏အိမ်သို့ခေါ်ဆောင်မည်ဖြစ်သည်။

**ဆင်ခြင်ရန်** - "ထို့ကြောင့်အကြင်သူသည်မိမိတည်ကြည်လျက်နေသည်ဟု မိမိထင်မှတ်၏။ ထိုသူသည်မလဲခြင်းငှါသတိပြုစေ" (၁ကော ၁၀း၁၂)။
**ဆုတောင်းချက်-** (ဆာလံ ၅၆ ကိုအသုံးပြု၍ဆုတောင်းပါ)။

အင်္ဂါ၊ မတ် (၁၅)

**မာကု ၁၄း၃၂-၄၂**

ဟေဗြဲ ၄း၁၄-၁၆

*“. . . ဤခွက်ကိုအကျွန်ုပ်မှလွှဲတော်မူပါ. . . ”*

## ဒုက္ခဝေဒနာခွက်

ဂေသရေမန် (“ဆီကြိတ်ခြင်း”ဟု အဓိပ္ပာယ်ရသော) သည် သံလွင်တောင်အနီး၊ ယေရုရှလင်မြို့အရှေ့ဘက်၊ ကေဒြုန်တောင်ကြားဘက်ရှိ သံလွင်ပင်ဥယျာဉ်ဖြစ်သည်။ သံလွင်ပင်များ၏ကောက်ကွေးသည့်အကိုင်းအခက်များနှင့်ပြည့်နေသော ထို“ဆီကြိတ်ခြင်း”ဥယျာဉ်သည် ယေရှု၏ဒုက္ခဝေဒနာခံခြင်း၏ခွက်(ဆိုလိုသည်မှာ ယေရှု၏လက်ဝါးကပ်တိုင်ပေါ် တွင် ဖြတ်သွားရသောဝေဒနာ၊ ဆင်းရဲဒုက္ခနှင့်သေခြင်းကိုဆို၏) ဖြစ်သည့် “ဤခွက်”အကြောင်းကို သူတွေးခဲ့သကဲ့သို့ သခင်ယေရှုဖြတ်သန်းခဲ့သောပြင်းထန်သောဝေဒနာကို ကွက်ကွက်ကွင်းကွင်းပုံဖော်ထားသည်။ သခင်ယေရှုဖြတ်သန်းခဲ့သောဝေဒနာသည် အလွန်ပြင်းထန်သဖြင့် သွေးစက်များ ချွေးကဲ့သို့ထွက်စေခဲ့သည်။ ဝေဒနာကိုဖြစ်စေကာမူ သခင်ယေရှုသည်လက်ဝါးကပ်တိုင်သို့ သွားဖို့ဟူသောခမည်းတော်၏အလိုတော်ကိုနာခံရန်စိတ်ပိုင်းဖြတ်ခဲ့သည်။ ဟေဗြဲ ၅း၇-၉ တွင် “ခရစ်တော်သည် လူဇာတိအဖြစ်၌နေစဉ်ကာလသေခြင်းမှကယ်လွတ်နိုင်တော်မူသောသူကို ကြီးမားသောသွေးကြွေးကြော်ခြင်း၊ မျက်ရည်ကျခြင်းနှင့်ဆုတောင်းပဌနာပြုသဖြင့် ကြောက်ရွံ့ရာအမှု၌ ချမ်းသာရသည်ဖြစ်၍ ဘုရားသခင်၏သားတော်မှန်သော်လည်း ဆင်းရဲဒုက္ခကိုခံသောအားဖြင့် နားထောင်ခြင်းအကျိုးအကြောင်းကို သင်တော်မူ၏။ ထိုသို့စုံလင်ခြင်းသို့ ရောက်ပြီးမှယုံကြည်နားထောင်သောသူအပေါင်းတို့အား ထာဝရကယ်တင်ခြင်းကျေးဇူးကို ပြုသောသူဖြစ်တော်မူ၍” ဟု ရှင်းလင်းဖော်ပြထားပါသည်။

ယေရှုသည် ထိုခွက်ကိုသောက်ဖို့ရန် စိတ်ပိုင်းဖြတ်ထားကတည်းက လက်ဝါးကပ်တိုင်ခွက်သည် သူ့ထံမှလွန်သွားစေရန်ယေရှုဆုတောင်းခဲ့သည်မှာ ဆန့်ကျင်ဘက်ဖြစ်ကြောင်း အချို့သောသူတို့ထင်မြင်ကြသည်။ ဘုရားသခင်၏သားတော်သည် သေခြင်းတရားကိုမည်သို့အလွန်ကြောက်လန့်နိုင်သနည်း။ ဤအချက်တွင် Calvin ၏ အဖြေမှာ “ဘုရားသခင်၏သားတော်သည် လူ၌ဖြစ်သောဝေဒနာများမှကင်းလွတ်နိုင်စွမ်းရှိ၏ဟု ဟန်ဆောင်သူများသည်ယေရှုကို လူသားအဖြစ်အမှန်တကယ်လေးနက်စွာအသိအမှတ်မပြုကြပေ။ ခရစ်တော်၏ဘုရားနှင့်ဆိုင်သော တန်ခိုးတော်သည် အချိန်အတိုင်းအတာတစ်ခုအထိ ဖုံးကွယ်ထားသကဲ့သို့ ရပ်နားစေခဲ့သည်ဟု ဆိုသောအခါ. . . ရွေးနုတ်ကယ်တင်ရှင်၏ဆင်းရဲဒုက္ခခံခြင်းတာဝန်ကို ကျေပွန်စေရန်အတွက် ကျွန်ုပ်တို့၏ကယ်တင်ခြင်းဆိုင်ရာ လျို့ဝှက်ချက်သည် အခြားနည်းဖြင့်ပြည့်စုံလာမည်မဟုတ်သောကြောင့် ဤအရာသည်အဓိပ္ပာယ်မဲ့ဖြစ်ခြင်းမဟုတ်ပေ”။

ခမည်းတော်သည် သားတော်၏ဆုတောင်းချက်ကို အဖြေပေးခဲ့ပါသလား။ အမှန် သူပြုခဲ့သည်။ သားတော်၏ဆုတောင်းချက်ကိုအဖြေပေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သားတော်သည်နာခံမှုရှိစွာဖြင့်ဆုတောင်းသည်မှာ “သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်းမဖြစ်ပါစေနှင့်၊ ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေသော်” (မာကု ၁၄း၃၆)။ “အကျွန်ုပ်အလိုရှိသည်အတိုင်းမဖြစ်ပါစေနှင့်၊ ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေသော” (လုကာ ၂၂း၄၂)။ “ငါ့ခမည်းတော်ပေးတော်မူသောခွက်ကိုငါမသောက်ရသလော” (ယောဟန် ၁၈း၁၁)။ သခင်ယေရှုသည် ဘုရားသခင်ကိုယ်တိုင်ဖြစ်ခြင်းကြောင့် သူကိုယ်တိုင်၏ဆန္ဒဖြစ်သော ဘုရားအလိုတော်ထဲသို့ သူ၏လူ့ဆန္ဒကိုဆက်ကပ်အပ်နှံခဲ့သည်။ ခမည်းတော်၏အလိုတော်ပြည့်စုံစေရန်ဟူသော သူ၏ဆုတောင်းချက်ကိုအဖြေရခဲ့သည် (ဟေဗြဲ ၅း၇)။

**ဆင်ခြင်ရန်** - ကောင်းကင်ဘုံ၌ရှိသော အကျွန်ုပ်တို့၏အဖသည် အကောင်းဆုံးအရာကိုသိတော်မူ၏။ သူမိန့်တော်မူသည့်အတိုင်းနှင့် အလိုတော်ရှိသည်အတိုင်း လုပ်ဆောင်လော့။

**ဆုတောင်းချက်-** “ထို့ကြောင့် သင်တို့ဆုတောင်းရမည်မှာ ကောင်းကင်ဘုံ၌ရှိတော်မူသောအကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော်၊ နိုင်ငံတော်တည်ထောင်ပါစေသော်။ အလိုတော်သည်ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာပြည့်စုံပါစေသော်” (မသဲ ၆း၉၊၁၀)။

ဗုဒ္ဓဟူး၊ မတ် (၁၆)

**မာကု ၁၄း၄၃-၅၂**

မဿဲ ၂၆း၄၇-၅၆

*“. . . ငါနမ်းသောသူသည်ယေရှုပင်ဖြစ်၏. . . ”*

# အနမ်းဖြင့်သစ္စာဖောက်ခဲ့သည်

ယုဒရှင်ကာရုတ်သည် ယေရှုကိုဖမ်းဆီးရန် ယုဒခေါင်းဆောင်များနှင့်ယဇ်ပုရောဟိတ်များနှင့်အတူ မီးပုံးများ၊ မီးရှူးများ၊ ဓားများနှင့်တုတ်များကို ဆောင်သောဗိမာန်တော်ရဲများကို ဦးဆောင်လမ်းပြခဲ့သည်။ သူ့သခင်ကိုအနမ်းဖြင့် သစ္စာဖောက်ခဲ့သည်။ နမ်းခြင်းသည်ချစ်ခြင်းမေတ္တာကို အထူးဖော်ပြခြင်းပင်ဖြစ်သည်။ တပည့်တစ်ဦးသည် မိမိသခင်ကိုရိုသေလေးစားခြင်းဖြင့် နမ်းခြင်းမှာ ထုံးတမ်းဓလေ့ဖြစ်သည်။ ယုဒသည်ချစ်ခြင်းမေတ္တာကြောင့်မဟုတ်ဘဲ မုန်းတီးမှုဖြင့်သခင်ဘုရားကို နမ်းခဲ့သည်။ ယေရှုကိုနမ်းခြင်းအားဖြင့် ယုဒသည်သိက္ခာကိုထပ်လောင်းစော်ကားခဲ့သည်။ ၎င်းက ယုဒသည် အမှန်တကယ်မည်မျှဆိုးသွမ်းခဲ့သည်ကို ဖော်ပြသည်။

ဂေသရေမန်တွင်ဆုတောင်းပြီးနောက် ခမည်းတော်ထံမှခွန်အားကိုရရှိပြီး၊ သူ၏ရန်သူတို့သည် သူ့ကိုဖမ်းဖို့ရန်ရောက်ရှိချိန်တွင် ယေရှုသည်ရဲရင့်ခြင်းအပြည့်ရှိခဲ့သည်။ သူတို့ရှာသည့်သူမှာ သူဖြစ်ကြောင်းကိုသူကိုယ်တိုင် အလွယ်တကူထုတ်ဖော်ခဲ့သည်။ ပေတရုသည် သခင်ဘုရားအား ခုခံကာကွယ်ရန်ကြိုးစားပြီး ယဇ်ပုရောဟိတ်မင်း၏ကျွန် မာလခုပ်၏နားရွက်ကို ဓားဖြင့်ခုတ်ဖြတ်နိုင်ခဲ့သည်။ ယေရှုသည် ပေတရုကိုဆုံးမပြီး မာလခုပ်ကိုကျန်းမာစေ၏။ သခင်ဘုရားသည် မိမိကိုယ်ကိုခုခံကာကွယ်လိုလျှင် သူ၏တိုက်ခိုက်ရေးတပ်ဖြစ်သော ကောင်းကင်တမန်တပ်ပေါင်း ၁၂ တပ် (ဆိုလိုသည်မှာ ၇၂၀၀၀) ကျော်ကို ခေါ်ချအမိန့်ပေးလို့ရ၏ (မဿဲ ၂၆း၅၃)။ သို့သော် ဘုရားသခင်၏ သိုးသငယ်အဖြစ်ယေရှုသည် ကျမ်းစာဟောချက်ပြည့်စုံဖို့ သူရွေးနှုတ်ရန်ကြွလာခဲ့သည့် သူ့လူများ အကျိုးအတွက် သူ့ကိုခေါ်ဆောင်ဖို့ကို သူကိုယ်တိုင်လိုလိုလားလားခွင့်ပြုခဲ့သည်။

ယေရှုကိုဖမ်းဆီးရာတွင် လူငယ်တစ်ဦးသည်ယေရှု၏တပည့်တော်များနှင့်အတူ အခင်းဖြစ်ပွားရာနေရာမှ အဝတ်မပါဘဲထွက်ပြေးခဲ့သည် (မာကု ၁၄း၅၁၊၅၂)။ ဤအဖြစ်အပျက်ကို ရှင်မာကုခရစ်ဝင်ကျမ်း၌သာ မြင်တွေ့ရသည်။ ထိုလူငယ်သည် ဤခရစ်ဝင်ကျမ်းကိုရေးသားခဲ့သူ ဂျွန်မာကုကိုယ်တိုင်ပင်ဖြစ်ပြီး သူ၏ကိုယ်ပိုင်အတွေ့အကြုံကို အသေးစိတ်မျှဝေခဲ့ခြင်းဖြစ်နိုင်သည်။

ယေရှုကို သူငယ်ချင်းမိတ်ဆွေများအားလုံးကစွန့်ပစ်ခဲ့ပြီး၊ တစ်ဦးတည်းကျန်ရစ်ခဲ့သည်။ ထိုသူအပေါင်းတို့သည် သူရဲဘောင်ကြောင်သူများဖြစ်ကြသည်။ တပည့်တော်များသည်သာ သူရဲဘောကြောင်သည်မဟုတ်ဘဲ၊ သူ၏ရန်သူတို့သည်လည်း သူရဲဘောကြောင်ကြ၏။ သူတို့သည် ညအမှောင်အကာအကွယ်ယူ၍သော်၎င်း၊ ယေရှုသည် အန္တရာယ်ရှိသောရာဇဝတ်ကောင်ကို ဖမ်းသကဲ့သို့လက်နက်များကိုင်ဆောင်၍၎င်း သူ့ကိုဖမ်းဆီးဖို့ရန်လာခဲ့ကြသည်။ ယေရှုသည် လူတို့အတွက်ကောင်းမှုများသာပြုခဲ့ပြီး အန္တရာယ်ကင်း၍ ငြိမ်းချမ်းသောပုဂ္ဂိုလ်ဖြစ်ကြောင်းကို သူတို့သည်ကောင်းစွာသိခဲ့ကြသည်။ သူ၏လုပ်ဆောင်ချက်များတွင် သူသည်အမြဲတမ်းပွင့်လင်းမြင်သာပြီး ဘုတ်အဖွဲ့အထက်တွင်ရှိနေခဲ့သည်။ သူသည်လက်နက်မကိုင်ခဲ့ပါ။ သူသည် လူတို့ကိုပုန်ကန်ရန် (သို့) ရှုန်းရင်းဆန်ခတ်ဖြစ်စေရန် ဘယ်သောအခါမှ မလှုံ့ဆော်ခဲ့ပေ။ ယေရှုသည် ပွင့်လင်းစွာလျှောက်သွားပြီး ဗိမာန်တော်တွင်လူသိရှင်ကြား သွန်သင်ခဲ့သည်။ ယေရှုကို နေ့ခင်းကြောင်တောင် လူသိရှင်ကြားမဖမ်းဘဲ အမှောင်ရိပ်တွင်အဘယ့်ကြောင့် သူတို့ဖမ်းခဲ့သနည်း။ သူတို့၏အကျည်းတန်သောပြုလုပ်ပုံက သူတို့၏ယုတ်မာသောအကြံအစည်ကို ကြိုတင်ဖော်ပြထားသည်။ ဖြောင့်မတ်သောသူကို သူတို့ဖမ်းချင်ကြသည်။ ယေရှုသည် ရာဇဝတ်သားမဟုတ်ဘဲ သူတို့သာဖြစ်ကြသည်။

**ဆင်ခြင်ရန်** - “ရန်သူ့မှုကား၊ နမ်းသောအခါ လှည့်စားတတ်၏” (သုတ္တံ ၂၇း၆)။
**ဆုတောင်းချက်-** (ဆာလံ ၂ ကို လိုက်ဆိုဆုတောင်းလော့)။

ကြာသပတေး၊ မတ် (၁၇)

**မာကု ၁၄:၅၃-၇၂**

တမန် ၂:၂၂၊ ၂၃

*". . . သင်တို့ပြောသောသူကို ငါမသိ. . ."*

# သူ့ရဲဘောကြောင်မှုနှင့်မတရားမှု

ယေရှုအဖမ်းခံရသောအခါ တပည့်တော်များအားလုံးထွက်ပြေးခဲ့ကြသည်ကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသည်။ သို့သော်၊ ပေတရုသည်ပြန်လာ၍ အဝေးမှလူများနောက်လိုက်သွားခဲ့သည်။ အမှုစစ်ဆေးရာ ယဇ်ပုရောဟိတ်မင်း၏နန်းတော်ထဲသို့ သူဝင်ရောက်နိုင်ခဲ့သည်။ ချမ်းအေးသောညဖြစ်သဖြင့် ပေတရုသည်အစေခံများ၊ အရာရှိများနှင့်အတူ မီးလှုံလေ၏။ ဤနေရာတွင် ပေတရုသည်သခင်ဘုရားကိုသုံးကြိမ်တိုင်တိုင် ငြင်းပယ်ခဲ့သည်ကိုမြင်တွေ့ရသည်။ သူ၏တတိယအကြိမ်ငြင်းပယ်ခြင်းတွင် ပေတရုသည် ယေရှုကိုသူမသိကြောင်း ဓိဋ္ဌာန်ပြု၍ကျိန်ဆဲခြင်းပင် လုပ်ခဲ့သည် (မာကု ၁၄:၇၁)။ ကြက်တွန်သောအခါ၊ သခင်ဘုရားသည်ပေတရုကို ကြည့်ရန် မျက်နှာတော်ကိုလှည့်တော်မူ၏။ ထို့နောက်ပေတရုသည် သူ၏ငြင်းပယ်မှုများအကြောင်းနှင့်ပတ်သက်၍ သခင်ဘုရား၏ကြိုတင်ဟောကြားချက်ကိုသတိရသွား၏။ ပေတရုကို သခင်ဘုရားကြည့်သောအချက်သည် အမျက်ဒေါသမဟုတ်ဘဲ ချစ်ခြင်းမေတ္တာနှင့်စပ်ဆိုင်သည်ဟု ကျွန်ုပ်ယုံကြည်၏။ ပေတရုကို "ပြင်းစွာငိုကြွေး" (လုကာ ၂၂:၆၂) စေပြီး မျက်ရည်ကျစေသောအရာမှာ သခင်ယေရှု၏ချစ်ခြင်းမေတ္တာတော်ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်၏။ ပေတရုသည် သူ၏သခင့်အပေါ် မည်မျှတာဝန်မကျကြောင်းနှင့် ပြစ်မှားကြောင်းကို အသိတရားရခဲ့သည်။ တစ်ချိန်က မာနကြီးပြီးကြွားဝါသောဤတပည့်သည် မြေမှုန့်သို့နှိမ့်ချခံခဲ့ရသည်။ ပေတရုသည် ယခုမှစ၍သူ၏စိတ်ကြီးဝင်မှုကို ပျောက်ကင်းစေပြီး ဘုရားသခင်ကပုံသွင်းပြီးအသုံးပြုရန်အဆင်သင့်ဖြစ်နေခဲ့သည်။

ယေရှုကို ဥပဒေဘောင်မဝင်သောတရားရုံးသို့ စစ်ဆေးခဲ့သည်။ ယေရှုသည် အပြစ်ရှိကြောင်းနှင့်သေဒဏ်ပေးခံရမည်ဟု ဣသရေလ၏ကောက်ကျစ်သောခေါင်းဆောင်များက ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း မေးခွန်းထုတ်စရာမရှိပါ။ စုံစမ်းစစ်ဆေးမှုမစတင်မီ သို့မဟုတ် သက်သေအထောက်အထားများ မပေါ်ပေါက်မီစီရင်ချက်ချမှတ်ခဲ့ပြီးဖြစ်သည်။ သူတို့သည် ယေရှု၌ပြစ်မှုတစ်စုံတစ်ရာလုံးဝမတွေ့ရှိပေ။ သူတို့၏မကောင်းသောအကြံအစည်ကို ပြီးမြောက်စေရန်အတွက် ၎င်းတို့သည် ကိုယ်တော်အားစွဲချက်တင်ရန် တွန်းအားပေးခဲ့ကြပါသည်။ သူတို့၏သက်သေတို့ကို လက်ခံလို့ပင်မရသောသက်သေခံအတုအယောင်တွေကို ယုဒခေါင်းဆောင်တို့တင်သွင်းလာကြသည်။

နောက်ဆုံးတွင် ယဇ်ပုရောဟိတ်မင်းသည် သခင်ယေရှုအားသူ့ကိုယ်သူအပြစ်ရှိကြောင်းပြောစေရန် ကြိုးပမ်းခဲ့သည်။ ထိုသူက "သင်သည် ခရစ်တော်တည်းဟူသောမင်္ဂလာရှိသော ဘုရားသခင်၏သားတော်မှန်သလော" ဟုမေးမြန်းခဲ့သည် (မာကု ၁၄:၆၁)။ ယဇ်ပုရောဟိတ်မင်းနှင့် သူနှင့်အတူရှိသူများအားလုံးက ယေရှုသည်ဂတိထားရာမေရှိယဟု ကြွေးကြော်ထားသူဖြစ်ကြောင်း ကောင်းစွာသိကြသည်။ ယေရှု၏ ၃ နှစ်ခွဲအတွင်း လုပ်ဆောင်မှုများနှင့်စကားတော်တို့သည် ယေရှုက ခရစ်တော်တည်းဟူသော၊ အသက်ရှင်တော်မူသောဘုရားသခင်၏သားတော်ဖြစ်ကြောင်း သံသယအရိပ်အယောင်မရှိဘဲ သက်သေပြခဲ့ပြီးဖြစ်သော်လည်း ထိုသူတို့သည်မယုံကြည်ခဲ့ကြပါ (တမန် ၂:၂၂၊၂၃)။ သူတို့သည် မယုံကြည်ခဲ့ကြသော်လည်း ယေရှုက သူသည်မည်သူမည်ဝါဖြစ်ကြောင်းကို "ငါဖြစ်၏" (မာကု ၁၄:၆၂) ဟူသောစကားဖြင့် သူ၏ယေဟောဝါစစ်စစ်ဖြစ်ကြောင်းကို သူတို့အား ကြင်နာစွာဖော်ပြခဲ့သည်။

**ဆင်ခြင်ရန်** - "ကိုယ်အပြစ်တို့ကိုဘော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည်သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏" (၁ ယော ၁:၉)

**ဆုတောင်းချက်-** (သခင်ဘုရားကို တနည်းနည်းဖြင့်ငြင်းပယ်ဖူးသလား။ သင်၏အပြစ်များကို ယခုဝန်ခံလော့)။

သောကြာ၊ မတ် (၁၈)

**မာကု ၁၅း၁-၅**

ယောဟန် ၁၈း၂၈-၃၈

*"ယဇ်ပုရောဟိတ်မင်းကြီးတို့သည် များစွာသောအပြစ်ကိုတင်ကြ၏"*

## မဖြေဆိုခြင်းသည်အကောင်းဆုံးသောအဖြေဖြစ်သည်

ပရောဖက်ပြုချက်ပြည့်စုံဖို့ရန် ယေရှုအားလက်ဝါးကပ်တိုင်မှာ တင်သတ်ခြင်းခံရမည်ဟု မျှော်လင့်ချက်ဖြင့် ပုန္တိပိလတ်ထံ (ကဲသာဘုရင်တိဗေရိက အေဒီ ၂၆-၃၆ မှာ ယုဒပြည်၏ဘုရင်ခံအဖြစ်ခန့်အပ်ခဲ့သည်) သို့ ယုဒလူတို့က ယေရှုအားစစ်ဆေးဖို့ရန် စေလွှတ်ခဲ့သည် (ယော ၁၈း၃၂)။

ပိလတ်မင်းရှေ့တွင်၊ ယုဒလူတို့သည် ယေရှုအပေါ် မှားယွင်းသောစွဲချက်သုံးခုတင်ခဲ့သည်- (၁) သူသည် မိမိလူမျိုးကိုလမ်းလွဲရောက်စေသည်။ ၎င်းသည် လုံးလုံးလိမ်ညာမှုသာဖြစ်သည်။ ယုဒခေါင်းဆောင်တို့သည် မိမိတို့လူမျိုးကိုလမ်းလွဲရောက်စေသောသူများဖြစ်ကြသည်။ ကျမ်းပြုဆရာများနှင့် ဖာရိရှဲများသည် မောရှေ၏ပညတ်တော်ကိုလိမ်လည်ခဲ့ကြသည်။ ဇဒ္ဒုကဲနှင့်ယဇ်ပုရောဟိတ်အကြီးတို့သည် ဗိမာန်တော်ကိုညစ်ညူးစေကြ၏။ သခင်ယေရှုသည် အရာပစ္စည်းများကို မှန်ကန်စွာထားပြီး ကြီးစွာသောတန်ခိုးနှင့်အခွင့်အာဏာဖြင့် သမ္မာကျမ်းစာထဲမှလူတို့အား မှန်ကန်စွာနှင့်သစ္စာရှိစွာ သွန်သင်ဆုံးမခဲ့သည်။ (၂) ကဲသာဘုရင်အား အခွန်ပေးဆောင်ရန်တားမြစ်ထားပါသည်။ ၎င်းမှာ နောက်ထပ်ရှင်းရှင်းလင်းလင်း လိမ်ညာမှုတစ်ခုဖြစ်သည်။ လွန်ခဲ့သည့်သုံးရက်ကပင်၊ သခင်ယေရှုအား ကဲသာဘုရင်ထံအခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်၍ မေးကြသောအခါ၊ လူတို့ကို မိန့်ဆိုခဲ့သည်မှာ "ထို့ကြောင့် ကဲသာဘုရင်၏ဥစ္စာကိုကဲသာဘုရင်အား ဆက်ပေးကြလော့၊ ဘုရားသခင်၏ဥစ္စာကိုကား ဘုရားသခင်အား ဆက်ပေးကြလော့" (လုကာ ၂၀း၂၅)။ (၃) သူကိုယ်သူ ရှင်ဘုရင်ဟူ၍ခေါ်ဆို၏။ ယေရှုသည် အမှန်ပင်ဘုရင်တပါးဖြစ်သော်လည်း ဤအချိန်တွင်ကမ္ဘာမြေကြီးပေါ်ရှိ သူ၏တာဝန်မှာ နိုင်ငံရေးနှင့်ဆိုင်သောအရာမဟုတ်ဘဲ ဝိညာဉ်ရေးနှင့်ဆိုင်သောအရာဖြစ်၏။ ဤအရာသည် ပိလတ်မင်းအား ယေရှု၏အဖြေတွင် အလွန်ရှင်းလင်း၏။ "ယေရှုက၊ ငါ၏နိုင်ငံသည် ဤလောကနှင့် မစပ်ဆိုင်။ ငါ၏နိုင်ငံသည် ဤလောကနှင့်စပ်ဆိုင်လျှင်၊ ငါသည် ယုဒလူတို့လက်သို့ မရောက်စေခြင်းငှါ ငါ၏လူတို့သည်တိုက်လှန်ကြလိမ့်မည်။ ယခုမူကား၊ ငါ၏နိုင်ငံသည် ဤဒေသအရပ်နှင့်မစပ်ဆိုင်ဟု မိန့်တော်မူ၏" (ယောဟန် ၁၈း၃၆)။ သူသည် ရှင်ဘုရင်ဟုတ်မဟုတ်ဟု ထပ်မံမေးမြန်းခံရသောအခါ သခင်ယေရှုက "မင်းကြီးမေးသည်အတိုင်း ငါသည်ရှင်ဘုရင်မှန်၏။ သမ္မာတရားဘက်၌ သက်သေခံခြင်းငှါ ငါသည်မွေးဖွားခြင်းကိုခံ၍ ဤလောကသို့ကြွလာပြီ။ သမ္မာတရားနှင့်စပ်ဆိုင်သမျှသောသူတို့သည် ငါ့စကားကိုနားထောင်ကြသည်ဟု မိန့်တော်မူ၏" (ယော ၁၈း၃၇)။ ၎င်းက ယေရှုသည် နိုင်ငံရေးနှင့်ဆိုင်သော တော်လှန်သူမဟုတ်ဘဲ၊ သမ္မာကျမ်းစာ၏ဆရာတစ်ဦးဖြစ်ကြောင်း ပိလတ်မင်းအား ရှင်းရှင်းလင်းလင်းသိစေ၏။ ယေရှုသည် ရောမအစိုးရကိုခြိမ်းခြောက်ဟန်မရှိခဲ့ပါ။ ထို့ကြောင့် ပိလတ်မင်းက "ထိုသူ၌အဘယ်အပြစ်ကိုမျှ ငါမတွေ့" (ယော ၁၈း၃၈) ဟု ပြောဆိုခဲ့သည်။

ယဇ်ပုရောဟိတ်အကြီးများနှင့် အကြီးအကဲများသည် ယေရှုကိုမလွှတ်ခဲ့ကြပေ။ သူတို့က ယေရှုကို "များစွာသောအရာတို့" ဖြင့် စတင်စွပ်စွဲကြ၏။ ယေရှုသည် သူတို့၏စွပ်စွဲချက်များကို ပိလတ်မင်း၏အမိန့်တော်ပင်လျှင် မဖြေကြားဘဲ တိတ်ဆိတ်စွာနာကျင်ခံစား၏။ ပိလတ်မင်းကလည်း "ဤသူ၌ အပြစ်မတွေ့" ဟု ဆိုပြန်၏။

**ဆင်ခြင်ရန်** - တစ်ခါတစ်ရံမှာ မဖြေဆိုခြင်းသည် အကောင်းဆုံးအဖြေဖြစ်၏။

**ဆုတောင်းချက်-** (သင့်အားမဟုတ်မမှန်စွပ်စွဲသောသူများကို တုံ့ပြန်ဖို့ပညာရှိရန် ဆုတောင်းလော့)။

စနေ၊ မတ် (၁၉)
**မာကု ၁၅း၆-၁၄**
လုကာ ၂၃း၁၃-၂၅

*“. . . အဘယ်အပြစ်ကို သူပြုဘိသနည်း. . . ”*

---

# ရှုံးတွင်းခြင်ဆီအထိ အပြစ်ကင်းစင်၏

ပိလတ်မင်းသည် ယေရှုအား အပြစ်မရှိသောသူအဖြစ်ထုတ်ဖော်ခဲ့သည်။ “ပြည်သူပြည်သားများကို ပုန်ကန်စေသောသူကဲ့သို့ ဤလူကိုသင်တို့သည်ငါ့ထံသို့ ပို့ဆောင်ကြသည်ဖြစ်၍၊ သင်တို့ရှေ့မှာ ငါစစ်ကြောသော်လည်း၊ သင်တို့တင်သောအပြစ်တစုံတခုကိုမျှ သူ၌ငါမတွေ့။ ဟေရုဒ်မင်းသည်လည်းမတွေ့။ ထိုမင်းထံသို့ ငါပို့စေပြီ။ ဤသူသည် အသေသတ်ခြင်းကိုခံထိုက်သောအမှုတစုံတခုကိုမျှမပြု” (လုကာ ၂၃း၁၄၊ ၁၅)။ ယုဒလူတို့ကျေနပ်စေရန်အတွက် ပိလတ်မင်းသည် ယေရှုကိုကြိမ်ဒဏ်ပေးပြီးနောက်တွင် လွှတ်ပေးရန်ဆန္ဒရှိခဲ့သည်။ ပိလတ်မင်းသည် ယုဒအကျဉ်းသားတစ်ဦးကိုလွှတ်ပေးရန်ပင် သူတို့ကိုကမ်းလှမ်းခဲ့သည်။ ပသခါပွဲကာလတွင် ချစ်ကြည်ရေးအမှုအရာအဖြစ် ယုဒအကျဉ်းသားတစ်ဦးကို ရောမတို့လွှတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းသည် ထုံးစံဖြစ်သည်။ သူတို့ကိုရွေးချယ်ခွင့်သူပေးခဲ့သည်။ သူတို့သည် ခါးပြနှင့်လူသတ်သမားဖြစ်သော ဗာရဗ္ဗ (သို့) ၎င်းတို့၏မေရှိယနှင့်ရှင်ဘုရင်ယေရှုကို ရွေးကြမည်လော။ ပိလတ်အတွက် ရွေးချယ်စေလိုသောသူမှာ သိသာထင်ရှားပါသည်။ မှန်ကန်သောတွေးခေါ်မှုရှိသောသူတိုင်းက ယေရှုကိုရွေးချယ်မည်မှာ သေချာလှသည်။ ဖြစ်ချင်တော့ ဤလူများသည်မှန်ကန်စွာတွေးခေါ်သောသူတွေ့သော်ငြား၊ ဖြောင့်မတ်စွာပြုမူသောသူတွေ့သော်ငြား မပတ်ခဲ့ကြပေ။ သူတို့၏နှလုံးသားများသည် အမုန်းတရားများဖြင့်ပြည့်နှက်နေခဲ့သည်။ ချိတ်ဖြင့်ဖြစ်စေ သို့ တုတ်ရှည်ဖြင့်ဖြစ်စေ ယေရှု၏အသွေးကိုလိုချင်ကြ၏။ ထို့ကြောင့် သူတို့က “ထိုသူကိုထုတ်ပါလော့။ အကျွန်ုပ်တို့အား ဗာရဗ္ဗကိုလွှတ်ပါလော့” (လုကာ ၂၃း၁၈) ဟု တညီတညွတ်တည်း ကြွေးကြော်ခဲ့ကြသည်။ ယုဒလူတို့၏အမြင်၌ ဖျားနာသောသူတို့ကိုကျန်းမာသော၊ မျက်စိကန်းသောသူတို့ကိုမြင်စေသော၊ သေသောသူတို့ကိုရှင်ပြန်ထမြောက်စေသောသူတို့ထံသို့ဧဝံဂေလိသတင်းကောင်းကို ဟောပြောသောသခင်ယေရှုသည် သူခိုးနှင့်လူသတ်သမားထက် ပိုဆိုး၏။ ဘယ်မျှလောက် မတရားသနည်း။

ပိလတ်မင်းသည် ယုဒလူတို့ထံမှထိုသို့သောတုံ့ပြန်မှုမျိုးကို မမျှော်လင့်ခဲ့ပုံရသည်။ ဤ “ဖြောင့်မတ်သောသူ” (မသဲ ၂၇း၁၉) နှင့် ဘာမှမဆိုင်ရန်လည်း ပိလတ်မင်းကိုဇနီးသည်က သတိပေးခဲ့သည်။ ပိလတ်မင်းသည် ယေရှုအားလွှတ်လိုသောဆန္ဒရှိ၍ လူသတ်လူအုပ်အား “ထိုသူသည် အဘယ်အပြစ်ကိုပြုဘိသနည်း။ သေထိုက်သောအပြစ်တစုံတခုမျှ သူ၌ငါမတွေ့” ဟု ပြောဆိုခဲ့သည်။ သို့သော် သူတို့က “သူ့ကိုလက်ဝါးကပ်တိုင်မှာရိုက်ထားပါ” ဟုသာ၍ဟစ်အော်ကြ၏။ ပိလတ်မင်းသည် အဓိကရုန်းဖြစ်လုနီးပြီဖြစ်ကြောင်းနှင့် ယုဒလူတို့သည်မိမိတို့လမ်းအတိုင်း ဆက်သွားရန်ရည်ရွယ်သည်ကိုမြင်လျှင် ပိလတ်မင်းသည်ရေကိုယူ၍ သူတို့ရှေ့မှာလက်ကိုဆေးလျက် “ဤဖြောင့်မတ်သောသူ၏အသွေးနှင့် ငါသည်ကင်းရှင်း၏” ဟုဆိုလေ၏။ ပိလတ်မင်းသည် သူ့ကိုယ်ကိုအပြစ်မရှိကြောင်းပြောဆိုသော်လည်း တရားမျှတမှုကိုကျင့်သုံးရန်အခွင့်အာဏာရှိသော်လည်း မကျင့်သုံးခဲ့သောကြောင့် ယုဒလူများကဲ့သို့ပင် အပြစ်ရှိခဲ့သည်။ ယုဒလူတို့သည် ပိလတ်မင်းအား “သူ၏အသွေးသည် ငါတို့၏ခေါင်းပေါ်၌၎င်း၊ ငါတို့၏သားမြေးတို့အပေါ်၌၎င်း ရှိပါစေ” (မသဲ ၂၇း၂၅)ဟု ပြောဆိုကြသည်။ အမှန်စင်စစ် ယေရှု၏အသွေးသည် သူတို့နှင့်သူတို့၏သားသမီးများအပေါ်တွင်ရှိနေ၏။ ခရစ်တော်ကို လက်ဝါးကပ်တိုင်တွင်ရိုက်သတ်သည့်အတွက် ဘုရားသခင်ကယုဒလူတို့ကို အပြစ်ဒဏ်ခတ်၏။ အေဒီ ၇၀ (ယေရှုရှလင်မြို့ဖျက်ဆီးခံရပြီး ယုဒလူများကွဲကွာခြင်း)မှ ယနေ့ထိတိုင် ယုဒလူမျိုးများသည် ငြိမ်းချမ်းမှုမရှိခဲ့ပေ။ ငြိမ်သက်ခြင်းအရှင် ခရစ်တော်ပြန်လည်ကြွရောက်လာမှသာ ယေရုရှလင်မြို့သို့ ငြိမ်းချမ်းခြင်းရောက်လာလိမ့်မည်။

**ဆင်ခြင်ရန်** - (၁ ပေ ၃း၁၈ ကိုဖတ်ပါ)။
**ဆုတောင်းချက်-** (သင်သည် မတရားသဖြင့်ဆက်ဆံခံရသောအခါ၊ ခရစ်တော်အတွက်အသက်ရှင်ဖို့ရန် ကျေးဇူးတော်ကိုဆုတောင်းလော့)။

တနင်္ဂနွေ၊ မတ် (၂၀)

**မာကု ၁၅း၁၅-၂၁**

ယော ၁၉း၁-၃

*" . . . သူ့ကိုရိုက်ပြီးလျှင် လက်ဝါးကပ်တိုင်မှာသတ်စေခြင်းငှါ . . . "*

## ရိုက်ပြီးထိုးဖောက်၏

ပိလတ်မင်းသည် ယေရှုကိုရိုက်နှက်စေခဲ့သည်။ ရောမကြာပွတ်သည် စင်ကာပူ"ရိုတန်" သို့မဟုတ် ကြိမ်လုံးထက်များစွာဆိုးရွား၏။ စင်ကာပူကြိမ်လုံးဖြင့်အဘယ်သူမျှမသေသော်လည်း ရောမကြာပွတ်ကြောင့် မကြာခဏ လူတစ်ခြမ်းသေစေတတ်၏။ ထို့ကြောင့် ရောမလူမျိုးများသည် မိမိတို့နိုင်ငံသားများကို ဘယ်သောအခါမှမရိုက်နှက်ခဲ့ပေ (တမန် ၁၆း၃၇ နှင့်နှိုင်းယှဉ်ပါ)။ ၎င်းသည်အလွန်ရက်စက်လှ၏။ ရိုက်နှက်ရာတွင်အသုံးပြုကိရိယာမှာ ကြာပွတ်ဖြစ်၏။ ၎င်းမှာချွန်ထက်သောသတ္တုအပိုင်းအစများ သို့မဟုတ် ၎င်းတို့၏အဖျားများတွင် အရိုးချိတ်ဆွဲထားသည့်သားရည်ကြိုး ကြာပွတ်ဖြစ်သည်။ ရိုက်ချက်တိုင်းက ခံရသူသားကောင်၏အရေပြားနှင့်အသားများကို စုတ်ပြဲစေမည်။ ထိုရိုက်နှက်ခြင်းသည် ခံရသူ၏ကြောကိုစနစ်တကျဆုတ်ဖြဲစေပြီး နောက်ဆုံးတွင်ကျောရိုးနှင့်နံရိုးတို့ကိုပေါ်လာစေလိမ့်မည်။ ယေရှုသည်လက်ဝါးကပ်တိုင်ကို ကျောဖြင့်မထမ်းနိုင်ခဲ့သည်မှာ အံ့သြစရာမဟုတ်ပေ။ သစ်သားတိုင်းကို တိုတောင်းသောအကွာအဝေးကို ထမ်းပိုးပြီးသွားနေစဉ်တွင်ထိမိ၍လဲကျသဖြင့် ရောမစစ်သားသည် သူ့အတွက်လက်ဝါးကပ်တိုင်ကိုထမ်းပေးဖို့ရန် ကုရေနေမြို့သား ရှိမုန် အားအတင်းအကျပ်ခိုင်းစေခဲ့သည် (မဿဲ ၂၇း၃၂)။ ဤရိုက်နှက်ခြင်းကို ဟေရှာယက ပရောဖက်ပြုခဲ့သည်မှာ" ထိုသူသည်ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍၊ သူခံရသောဒဏ်ချက်အားဖြင့်ငါတို့သည် အနာပျောက်လျက်ရှိကြ၏" (ဟေရှာ ၅၃း၅၊ ၁ပေ ၂း၂၄)။

ယေရှုကိုရိုက်နှက်ပြီးနောက်၊ သူ့ကိုပိုမိုထိုးကြိတ်၍ ပြက်ရယ်ပြုခဲ့ကြသည်။ စစ်သည်များသည်ယေရှုအား ခရမ်းရောင်ဝတ်လုံနှင့်ဆူးသရဖူကို ရှင်ဘုရင်ကဲ့သို့ဝတ်ဆင်စေခြင်းဖြင့် ပြက်ရယ်ပြုခဲ့ကြသည်။ သရဖူကို ၁ လက်မ သို့မဟုတ် ၂ လက်မရှည်သော ဆူးအကိုင်းအခက်များဖြင့် ပြုလုပ်ထားကြသည်။ ဤဆူးများသည်အလွန်မာကျောကြသည်။ ၎င်းတို့သည် အာကာရှပင်များမှ ပေါက်ရောက်ကြပြီး ၎င်းတို့၏ဆူးများသည် တာယာများမကြာခဏပေါက်ရခြင်း၏ အကြောင်းအရင်းဖြစ်သည်။ ဆူးသရဖူကို ယေရှု၏ဦးခေါင်းပေါ်တွင် တင်ထားပြီးဦးရေပြားသို့ဖိထားသည်။ သွေးစက်များသည် သူ့မျက်နှာနှင့်လည်ပင်းသို့ စီးဆင်းသွားသည်။ "အသွေးမသွန်းဘဲ အပြစ်လွှတ်ခြင်းမရှိသောကြောင့် သူ့အသွေးတော်ကိုသွန်းလောင်းတော်မူ၏" (ဟေဗြဲ ၉း၂၂)။ ယေရှုသည် မခုခံခဲ့ဘဲ တိတ်ဆိတ်စွာနာကျင်ခံစားခဲ့ သည်။ ယေရှုသည် ကာရနီသို့ဦးစွာခြေလှမ်းစချိန်၌ သူ၏ခန္ဓာကိုယ်သည်ကျိုးပဲ့၍ သွေးထွက်သံယို ဖြစ်နေပြီးမျက်နှာတော်သည် ညိုမဲပွန်းပဲ့နေ၏။

**ဆင်ခြင်ရန်** - "ငါတို့သည်အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍ဖြောင့်မတ်ခြင်းအရာ၌အသက်ရှင်စေမည်အကြောင်းငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်ပေါ်မှာခံတော်မူပြီး ဒဏ်ချက်တော်များအားဖြင့် သင်တို့သည်အနာပျောက်လျှက်ရှိကြ၏" (၁ပေ ၂း၂၄)။

**ဆုတောင်းချက်-** (ကျွန်ုပ်တို့သည်သွေးထွက်သည့်တိုင်ခုခံရန်မလိုဖို့ရန် ဆုတောင်းကြလော့။)

တနင်္လာမတ် (၂၁)
**မာကု ၁၅း၂၂-၂၃**
လုကာ ၂၃း၂၆-၃၃

*"...ဂေါလဂေါသအရပ်သို့ကိုယ်တော်ကို ဆောင်သွားပြီးမှ"*

# ဦးခေါင်းခွံတောင်ကုန်းပေါ်တွင်မြင့်မြတ်သောဦးခေါင်း

ယေရှုကို"ဦးခေါင်းခွံ" (လက်တင်ဘာသာကာလ်ဗဲရီးယား)ဟူသောဟေဗြဲဘာသာဖြစ်သည့်ဂေါလဂေါသတွင် လက်ဝါးကပ်တိုင်၌ တင်သတ်ခဲ့ပြီး ထိုလက်ဝါးကပ်တိုင်တင်သောအရပ်ကို အဘယ့်ကြောင့် "ဦးခေါင်းခွံနေရာ" ဟုခေါ်ဆိုကြသည်ကိုအဘယ်သူမျှ အတိအကျမသိနိုင်ကြပါ။ ၎င်းနာမည်ကိုပေးရခြင်းမှာ ထိုနေရာ၌ဦးခေါင်းခွံ၏အင်္ဂါရပ်များရှိသောကြောင့် ဖြစ်နိုင်၏။ ဦးခေါင်းခွံအသွင်အပြင်ရှိသော ဒမာသတ်မြို့ဝင်ပေါက်၏အရှေ့ဘက်မီတာ ၂၀၀ခန့်အကွာ၊ ယေရုရှလင်မြို့အပြင်ဘက်တွင် တောင်ကုန်းတစ်ခုရှိသည်။ ၎င်းကိုလေ့လာရှာဖွေခဲ့သူ General Charles Gordon က ၎င်းသည် ကာရနီကုန်းဖြစ်ကြောင်းအကြံပြုခဲ့သည်။ ယနေ့ကာလ ရေလသို့ ဘုရားဖူးခရီးသည်များကို ဤလက်ဝါးကပ်တိုင်တင်သတ်သော နေရာသို့ဦးတည်စေ၏။

လက်ဝါးကပ်တိုင်၌တင်သတ်ခြင်းသည် သေစေသောဆေးထိုးခြင်းကဲ့သို့သော ခေတ်မီကွပ်မျက်ခြင်းနည်းလမ်းများနှင့်မတူဘဲ သေခြင်းတရားကို တတ်နိုင်သမျှနာကျင်ခံစားစေဖို့တီထွင်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည်အလွန်ရက်စက်ပြီးကြောက်စရာကောင်းသည်။ ရှည်လျား၍ထူပြီးသံချေးတတ်နေသောသံချောင်းများကို လက်ကောက်ဝတ်များနှင့်ခြေဖဝါးများတွင် ထုရိုက်ကာအသားနှင့်အရိုးများကို ဖောက်၍သစ်သားထဲသို့ ထိုးဝင်ခဲ့သည်။ ၎င်းသည် သွေးထွက်လွန်ပြီးသေကြရသည်။ သွေးဆုံးရှုံးမှုသည် နောက်ဆုံးတွင်နှလုံးရပ်ခြင်းဖြစ်စေ၏။ ယေရှုသည် သွေးထွက်လွန်ခြင်းဖြင့်သေဖို့လိုအပ်ခဲ့သည်။ အသက်ရှုကြပ်ခြင်း သို့မဟုတ် မီးရှို့ဖျက်စီးခြင်းတို့ဖြင့်သေဆုံးခြင်းကို ထည့်တွက်မည်မဟုတ်ပေ။ ကျွန်ုပ်တို့၏အပြစ်များကို "အသွေးအားဖြင့်သန့်ရှင်းစေရမည်။ အသွေးမသွန်းလောင်းဘဲ အပြစ်လွတ်ခြင်းမရှိ" (ဟေဗြဲ ၉း၂၂)။ ယေရှုသည် သွေးထွက်သံယိုဖြင့်အသေခံရမည်။ သူ၏အသွေးတော်သည် ကျွန်ုပ်တို့၏အပြစ်များအတွက်ဆပ်ပေးခြင်းပင်ဖြစ်သည်။ တမန်တော်ပေတရုက "မိစဉ်ဘဆက် ကျင်လည်သောအချည်းနှီးကျင့်ကြံပြုမူခြင်းမှ ရွေးငွေအစရှိသော ဖောက်ပြန်ပျက်စီးတတ်သော ဥစ္စာနှင့်သင်တို့ကိုရွေးတော်မူသည်မဟုတ်။ အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သော သိုးသငယ်ကဲ့သို့သောခရစ်တော်၏အသွေးတော်မြတ်နှင့်ရွေးတော်မူသည်ကို သိမှတ်ကြလော့" (၁ ပေ ၁း၁၈၊ ၁၉) ဟုဆို၏။ ယေရှု၏အသွေးတော်သာ ကျွန်ုပ်တို့၏အပြစ်များကို ဆေးကြောနိုင်ပါသည်။

ကာရာနီတွင် လက်ဝါးကပ်တိုင်သုံးခုရှိ၏။ ယေရှုသည်ဗဟိုတွင်ရှိ၍ ရာဇဝတ်ကောင်နှစ်ဦးကို သူ့ဘေးတွင်ဆွဲထားသည်။ သူသည် ရာဇဝတ်ကောင်များနှင့်အတူ ရေတွက်ခံရသည်။ ဤသည်မှာ ကြီးလေးသောမတရားမှုဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ် သူခံရမည့်ဆင်းရဲဒုက္ခများထဲမှာ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ သူ၏အပြစ်ဒဏ်ခံပေးခြင်းဖြစ်သော နာခံခြင်းဖြင့် ဟေရှာ ၅၃း၁၂ ၏ ပရောဖက်ပြုချက်ကိုပြည့်စုံစေတော်မူ၏။ "မတရားသောသူတို့နှင့်ရေတွက်ဝင်ခြင်းသို့ ရောက်သဖြင့်၊ လူများတို့သည်အပြစ်ကိုဆောင်ရွက်လျက် မတရားသောသူတို့အဖို့တောင်းပန်ပေး၏"။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်ရန်၊ သူသည် ကျွန်ုပ်တို့၏ယဇ်ကောင်ဖြစ်ရလိမ့်မည်။

**ဆုတောင်းချက်-** (ဘုရားသခင်သည် သင့်ကိုချစ်သောကြောင့် ဘုရားသခင့်ကိုကျေးဇူးတင်ပါ၏)။

အဂိၢ မတ် (၂၂)

**မာကု ၁၅း၂၄-၃၂**

ဆာလံ ၂၂း၁-၂၄

*"သူ၏စွပ်စွဲချက်အထက်တွင် ရေးသားထားသည်မှာ "ယုဒတို့၏ရှင်ဘုရင်" ဟူ၍ဖြစ်သည်"*

## ခွင့်လွှတ်တတ်သောဘုရင်

ယေရှုသည် သုံးချက်တီးချိန် (ယုဒလူမျိုးအချိန်အရ နံနက် ၉ နာရီ)တွင် လက်ဝါးကပ်တိုင်မှာ အသေခံခဲ့သည်။ လက်ဝါးကပ်တိုင်ပေါ်ရှိ သူ၏ပထမဆုံးစကားများမှာ ချစ်ခြင်းမေတ္တာစကားများဖြစ်ပြီး မုန်းတီးခြင်းစကားများမဟုတ်ပါ။ လက်ဝါးကပ်တိုင်၌ သူ့ကိုတင်ထားသောလူများကို ခွင့်လွှတ်ရန် ခမည်းတော်ထံ၌ဆုတောင်းခဲ့သည်။ "သူ့ကိုလက်ဝါးကပ်တိုင်မှာ ရိုက်ထား၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထား" ဟုကြွေးကြော်ခဲ့သော ယုဒလူမျိုးများနှင့် သူ့ကိုညှင်းပန်းနှိပ်စက်ခဲ့သော ရောမစစ်သားများအတွက် ဤသို့ဆုတောင်းပေးခဲ့၏- "အို အဘ၊ သူတို့၏အပြစ်ကိုလွှတ်တော်မူပါ၊ သူတို့သည်ကိုယ်ပြုသောအပြစ်ကိုမသိကြ" ဟု ဆုတောင်း၏ (လုကာ ၂၃း၃၄)။ ထိုသို့ဆုတောင်းခြင်းဖြင့် ယေရှုသည် ဟေရှာယ ၅၃း၁၂ က ပရောဖက်ပြုချက်ကိုပြည့်စုံစေသည်မှာ "လူများတို့၏အပြစ်ကိုဆောင်ရွက်၍၊ မတရားသောသူတို့အဖို့ တောင်းပန်ပေး၏" ။ အံ့ဘွယ်အချစ်ပါတကား။

ယေရှုသည် ချမ်းသာသူမဟုတ်ပါ။ သူ့မှာအိမ်မရှိပါ။ ပိုက်ဆံမရှိပါ။ သူ၏တစ်ခုတည်းသော ပိုင်ဆိုင်မှုမှာ ကျောဘက်တွင်ရှိသောဝတ်လုံသာဖြစ်သည်။ လက်ဝါးကပ်တိုင်မှာ သူ့ကိုချွတ်ပစ်ခံရ၏။ စစ်သည်များသည် သူ၏အဝတ်အစားကို (ချည်ညှပ်ဖိနပ်၊ ခါးပတ်၊ အပြင်အင်္ကျီ၊ ခေါင်းစွပ်) ဟူ၍ လေးပိုင်းခွဲ၍အချင်းချင်းဝေငှကြသည်။ ချောမွေ့သော အတွင်းခံအင်္ကျီသည် ဈေးအကြီးဆုံးပစ္စည်းဖြစ်သည်။ ၎င်းကိုအသုံးမဝင်သော အပိုင်းလေးပိုင်းခွဲဖျက်ခြင်းသည် ၎င်းတို့အတွက်မိုက်မဲမှုဖြစ်လိမ့်မည်။ ထို့နောက် စစ်သားများက အံစာတုံးပစ်လိုက်ကြသည်။ ၎င်းက ဒါဝိတ်၏လွန်ခဲ့သော နှစ်တစ်ထောင်က ပရောဖက်ပြုချက်ကိုပြည့်စုံစေ၏ - "အကျွန်ုပ်အဝတ်ကို အပိုင်းပိုင်းခွဲ၍အကျွန်ုပ်အင်္ကျီကို စာရေးတံချကြ၏" (ဆာလံ ၂၂း၁၈)။

ပိလတ်မင်းက "ဤသူသည် ယုဒရှင်ဘုရင်၊ နာဇရက်မြို့သားယေရှုဖြစ်သည်" ဟု ကဗ္ဗည်းလိပ်စာကိုရေး၍ လက်ဝါးကပ်တိုင်တွင်ရေးထိုးထားရန် အမိန့်ပေးခဲ့သည်။ ၎င်းကို ဟေဗြဲ၊ ဂရိနှင့် လက်တင်ဘာသာ သုံးမျိုးဖြင့်ရေးသားထားသည်။ ဤပိလတ်မင်းသည် ယေရုရှလင်မြို့၌စုရုံးနေသော ပြည်တွင်းယုဒလူမျိုးသာမကဘဲ ပြည်ပယုဒလူမျိုးများကိုလည်း စော်ကားခဲ့သည်။ ပိလတ်မင်းသည် ဂုဏ်သိက္ခာရှိသောရည်ရွယ်ချက်နည်းသော်လည်း၊ အမှန်တရားကိုမရည်ရွယ်ဘဲ ရေးသားခဲ့သည်။

"ဘုရားသခင်၏သားတော်မှန်လျှင် ကိုယ်ကိုအောက်သို့ချလိုက်တော်မူပါ" (မသဲ ၄း၆) ဟု စာတန်သည် ယေရှုကိုတော၌သွေးဆောင်ခဲ့သည်။ ယခုလက်ဝါးကပ်တိုင်ပေါ်တွင် စာတန်သည် ထိုလူများအားဖြင့် ယေရှုကိုတဖန်သွေးဆောင်တော်မူသည်မှာ "ဘုရားသခင်၏သားတော်မှန်လျှင် လက်ဝါးကပ်တိုင်မှဆင်းလော့ဟု မိမိတို့ခေါင်းကိုညိတ်၍ ကဲ့ရဲ့သောစကားကိုပြောဆိုကြ၏" (မသဲ ၂၇း၄၀) ဟုဖြစ်သည်။ အကယ်၍ယေရှုသည် လက်ဝါးကပ်တိုင်မှဆင်းသက်လာပါက၊ စာတန်သည် အောင်နိုင်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပြစ်များတွင် ရှိနေဦးမည်ဖြစ်သည်။ ယေရှုသည် လက်ဝါးကပ်တိုင်ကိုတောင့်ခံပြီး၊ သူသည် ရုပ်ပိုင်းဆိုင်ရာအလွန် အားနည်းနေချိန်၌ စုံစမ်းသွေးဆောင်ခြင်းအားလုံးသည် သူ့အပေါ်ကျရောက်ခဲ့သည်။ အကယ်စင်စစ်၊ သူသည် "ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူ ဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏" (ဟေဗြဲ ၄း၁၅)။

**ဆင်ခြင်ရန်** - "အမှားလုပ်ခြင်းသည် လူသားဖြစ်ခြင်းဖြစ်၍ ခွင့်လွှတ်ခြင်းသည် ဘုရားသခင်နှင့်သက်ဆိုင်၏"(Alexander Pope)။

**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်ကိုပြစ်မှားသောသူတို့ကို ခွင့်လွှတ်သကဲ့သို့ အကျွန်ုပ်၏အပြစ်များကို လွှတ်တော်မူပါ။

*“. . . အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား အဘယ်ကြောင့်အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း”*

## စွန့်ပစ်ခံရသောသားတော်

နေ့လည် ၁၂ နာရီမှ ညနေ ၃ နာရီအထိ တစ်ပြည်လုံးတွင် သဘာဝလွန်အမှောင်များ ဖုံးလွှမ်းနေသည်။ မွန်းတည့်နေက အလင်းရောင်မရှိတော့ပါ။ ဘုရားသခင်သည် အဘယ်ကြောင့် ဤအမှောင်ကိုစေလွှတ်သနည်း။ မှောင်မိုက်သည် တရားစီရင်ခြင်း၏သင်္ကေတဖြစ်သည် (ဟေရှာ ၅း၃၀၊ ၆၀း၂။ ယောလ ၂း၃၀၊ ၃၁။ အာမုတ် ၅း၁၈-၂၀)။ ဇေဖနိ ၁း၁၄-၁၈၊ တမန် ၂း၂၀၊ ၂ ပေ ၂း၁၇။ဗျာဒိတ်၆း၁၂-၁၇ကိုကြည့်ပါ)။W.Hendriksenက“မှောင်မိုက်သည် တရားစီရင်ခြင်းကို ဆိုလိုပြီး၊ ကျွန်ုပ်တို့၏အပြစ်များအပေါ်၌ ဘုရားသခင်စီရင်ခြင်း၊ သခင်ယေရှု၏နှလုံးသားထဲသို့ တောက်လောင် နေသောသူ၏အမျက်ဒေါသ၊ ကျွန်ုပ်တို့၏ကိုယ်စား အစားဖိုးသူအနေဖြင့် ယေရှုသည်အလွန်ပြင်းထန် သောဝေဒနာ၊ ဖော်ပြ၍မရသောအမင်္ဂလာ၊ ကြောက်မက်ဖွယ် အထီးကျန်ခြင်း သို့မဟုတ် စွန့်ပစ်ခံရခြင်းတို့ ခံစားရခြင်းကိုဆိုလို၏။ ထိုနေ့တွင် ငရဲသည် ကရာနီသို့ရောက်လာပြီး၊ ကယ်တင်ရှင်သည် ၎င်းအထဲသို့ ဆင်းသက်ပြီး ကြောက်မက်ဖွယ်ရာများကို ကျွန်ုပ်တို့ကိုယ်စားခံစားခဲ့သည်” ဟု မှတ်ချက် ပေးခဲ့သည်။ ထိုအချိန်တွင်၊ ယေရှု(ဘုရားသခင်၏ အပြစ်မရှိသောသိုးသငယ်) သည် ကျွန်ုပ်တို့အတွက် “အပြစ်ရှိသူ”ဖြစ်စေခဲ့ (၂ ကော ၅း၂၁) ၍ “ကျိန်ခြင်းအမင်္ဂလာ” ခံစေပြီး (ဂလာတိ ၃း၁၃)လျှင် “ငါတို့ရှိသမျှ၏ ဒုစရိုက် အပြစ်ကို” ထမ်းရွက်၏ (ဟေရှာ ၅၃း၆)။

နေ့လည် သုံးနာရီတွင် ယေရှုသည် “ဧလိ၊ ဧလိ၊ လာမရှာဗခသနိ” ဟူ၍ ပြင်းပြင်းထန်ထန် အော်ဟစ်ခဲ့သည်။ ၎င်း၏အနက်မှာ “အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း” ဟူ၍ဖြစ်သည်။ ဤစကားများကို ဆာလံ ၂၂း၁ မှ နုတ်ယူထားခြင်းဖြစ်၏။ ထိုစကားများကို ယေရှုမိန့်ဆိုသောအခါ၊ ၎င်းသည် မေရှိယနှင့်ဆိုင်သောဆာလံပြည့်စုံမှုကို ညွှန်ပြသည်သာမက၊ သူဖြတ်သန်းခဲ့သည့်ပြင်းထန်သောညှင်းဆဲခြင်းကိုလည်း ပြသခဲ့သည်။ သေချာသည်မှာ ခမည်းတော်ဘုရားနှင့်သားတော်ဘုရားတို့သည် အခြေခံအားဖြင့် ခွဲထားလို့မရပါ။ ဤနေရာတွင် “စွန့်ပစ်ခြင်း”သည် ခရစ်တော်၏ဘုရားဖြစ်ခြင်းသဘောနှင့် သက်ဆိုင်ခြင်းမရှိဘဲ သူ၏လူသားဖြစ်ခြင်းနှင့် သက်ဆိုင်ခဲ့သည်။ တနည်းဆိုရသော်၊ ခရစ်တော်သည် တကမ္ဘာလုံး၏အပြစ်၏အလေးချိန်ကို သယ်ဆောင်ဖို့ရန် သူ့ကိုတပါးတည်းချန်ထား၏။ ခမည်းတော်က သူ့ကိုမကူညီနိုင်ပါ။ ၎င်းကို သူတပါးတည်းလုပ်ဆောင်ရမည်။ Ben Price ၏“တစ်ယောက်တည်း” ဟူသောသီချင်းသည် ဤအတွေးကို ကောင်းစွာပေါ်လွင်စေ၏။

လက်ဝါးကပ်တိုင်မှာ တစ်ယောက်တည်းဆွဲထား၏။
သူတပါးကိုကယ်တင်ခြင်းငှါ၊
ဘုရားသခင်နှင့်လူတို့က စွန့်ပစ်ထားကြ၏
တစ်ယောက်တည်း၊ တစ်ယောက်တည်း
၎င်းအရာအားလုံးကို သူတစ်ယောက်တည်းသယ်ဆောင်၏
သူပိုင်ဆိုင်ထားသူတို့ကို ကယ်တင်ဖို့ မိမိကိုယ်ကိုပေးဆပ်၏။
သူဝေဒနာခံစား၍ သွေးထွက်လွန်ပြီး တစ်ယောက်တည်းသေဆုံးခဲ့သည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့သည် ဘယ်သောအခါမျှ စွန့်ပစ်ခြင်းမခံရစေရန် ယေရှုသည် စွန့်ပစ်ခြင်းကိုခံခဲ့ရသည်။

**ဆုတောင်းချက်-** (သခင်ဘုရား၏နောက်တော်သို့ အစဉ်အမြဲလိုက်၍ ဘယ်သောအခါမှ မစွန့်ပစ်ပါမည်အကြောင်း ဆုတောင်းလော့)။

**မာကု ၁၅း၃၈-၄၁**
ထွက် ၂၆း၃၁-၃၃

*“. . . ဗိမာန်တော်၏ကုလားကာသည်
နှစ်ပိုင်းဖြင့်ဆုတ်ဖြဲခဲ့သည်. . . ”*

# အတားအဆီးကွဲပြတ်ခြင်း

ယေရှုသေဆုံးပြီးနောက် သန့်ရှင်းရာဌာနနှင့်အသန့်ရှင်းဆုံးဌာနကို ပိုင်းခြားထားသော ဗိမာန်တော်ကုလားကာသည် အပေါ်မှအောက်ခြေအထိ နှစ်ပိုင်းအညီအမျှ ဆုတ်ပြဲသွားခဲ့သည်။ ကုလားကာမှာ သေးငယ်သောအရာမဟုတ်ပေ။ ၎င်းသည် အလျား ပေ ၆၀၊ အကျယ် ပေ ၃၀ နှင့် အထူ ၄ လက်မရှိသည်။ ၎င်းသည် အလွန်လေးလွန်း၍၎င်းကိုချိတ်ဆွဲဖို့ရန် ယဇ်ပုရောဟိတ်အပါး ၃၀၀ လောက်လိုအပ်သည်။

ထိုရောင်စုံကုလားကာကိုယ်တိုင်က မြင်ရသည်မှာ အလွန်လှပ၏။ ၎င်းသည်ခရစ်တော်၏ အသက်တာနှင့်သေခြင်းနှစ်ရက်စလုံး၌ မြေကြီးပေါ်ရှိသူ၏ရွေးနှုတ်ကယ်တင်ခြင်းလုပ်ငန်းကို ထုတ်ဖော်ပြသရာ၌ အစွမ်းထက်သောသင်ထောက်ကူပစ္စည်းဖြစ်သည်။ ကုလားကာကို စုတ်ဖြဲခြင်းသည် သူ့သားတော်၏တာဝန်ပြီးမြောက်ကြောင်းကို ကြေညာခြင်း၌ခမည်းတော်၏နည်းလမ်းဖြစ်သည်။ ယခုအခါ သန့်ရှင်းသူတို့သည် ခရစ်တော်အားဖြင့် ဘုရားသခင့်ထံတော်သို့ဝင်ရောက်နိုင်ပြီးဖြစ်၏။ ဤအရာမှာ ခရစ်တော်အားဖြင့်ကျွန်ုပ်တို့ရရှိသောအခွင့်ထူးဖြစ်သည်။ “ထို့ကြောင့် ညီအစ်ကိုတို့၊ ယေရှု၏ကိုယ်ခန္ဓာတော်တည်းဟူသော ကုလားကာအားဖြင့် ထိုသခင်ပြင်ဆင်တော်မူသော အသက်လမ်းသစ်တွင် ငါတို့သည်သန့်ရှင်းရာဌာနထဲသို့ အသွေးတော်ကိုအမှီပြု၍ အဆီးအတားမရှိ ဝင်ရသောအခွင့်ရှိသဖြင့်၎င်း၊ ဘုရားသခင်၏အိမ်တော်ကိုအုပ်စိုးသော ယဇ်ပုရောဟိတ်မင်းရှိသဖြင့် ၎င်း၊ ငါတို့သည်သစ္စာနှင့်ပြည့်စုံသောသဘောရှိ၍ ဝိစိကိစ္ဆာနှင့်ကင်းသော ယုံကြည်ခြင်း၌တည်လျက် စိတ်နှလုံးကိုသံဝေကတရားနှင့်လွတ်အောင်ဖြန်းခြင်း၊ ကိုယ်ကာလကိုလည်း ကြည်သာရေဖြင့်ဆေးကြောခြင်းရှိပြီးမှ အထံတော်သို့တိုးဝင်ချဉ်းကပ်ကြကုန်အံ့” (ဟေဗြဲ ၁ဝး၁၉-၂၂)။

မိမိ၏တပ်သားများနှင့်အတူ ယေရှုအားလက်ဝါးကပ်တိုင်တင်သတ်ခြင်း၌ တာဝန်ပေးခြင်း ခံရ၍ ခြောက်နာရီကြာ ရွေးနှုတ်ကယ်တင်ခြင်းပြဇာတ်ကို မျက်မြင်တွေ့ရှိခဲ့သော ရောမတပ်မှူးသည် နောက်ဆုံးတွင် ဘုရားသခင်ကိုချီးမွမ်းပြီး ယေရှုသည် ဘုရားသခင်၏သားတော်နှင့်ဖြောင့်မတ်သောသူ အမှန်ဖြစ်ကြောင်းကို သေချာကြောင်း ကောက်ချက်ချခဲ့သည်။ အစောပိုင်းတွင် ဤမပြောင်းလဲသော စစ်သားတို့သည် ယေရှုကိုလှောင်ပြောင်ခဲ့ကြသည် (လုကာ ၂၃း၃၆)။ သူတို့သည် ထိုသူခိုးကဲ့သို့ (လုကာ ၂၃း၄၂) သူတို့၏အပြစ်များကိုနောင်တရ၍ ခရစ်ယာန်များဖြစ်လာခဲ့ကြသလား။

**ဆင်ခြင်ရန်** - “ယနေ့၌သင်တို့သည်သူ၏အသံကိုကြားရလျှင် သင်တို့၏စိတ်နှလုံးတို့ကို မခိုင်မာစေကြနှင့်” (ဟေဗြဲ ၄း၇)။

**ဆုတောင်းချက်-** (သင်၏အပြစ်မှကယ်တင်ခံရဖို့ရန် နောင်တရပြီး သခင်ယေရှုခရစ်တော်ကို ယုံကြည်ဖို့ဘယ်တော့မှနောက်မကျသေးပါ။ သင်၏အပြစ်များကို ဝန်ခံပြီး သခင်ယေရှုကို ယခုပင်ဝန်ခံလော့)။

သောကြာ၊ မတ် (၂၅)

**မာကု ၁၅း၄၂-၄၇**

မသဲ ၂၇း၅၇-၆၁

*“. . . ကျောက်၌ထွင်းသော သင်္ချိုင်းတွင်းထဲမှာ ထား၍. . . ”*

## ဆီဖြင့်လိမ်းပြီးဂူသွင်းခဲ့သည်

ဥပုသ်နေ့စတင်ခါနီးသည့်အတွက် (နေဝင်ချိန်၊ ညနေ ၆ နာရီ) ယုဒများသည် အလောင်းများကို တတ်နိုင်သမျှအမြန်သင်္ဂြိုဟ်လိုကြသည်။ ဥပုသ်နေ့တွင် အလောင်းများကိုမြင်သာအောင် ချန်ထားခြင်းသည် သန့်ရှင်းသောမြို့ကိုမလေးမစားပြုရာဖြစ်လိမ့်မည်။ သူတို့သည် သေမှသာလျှင် အလောင်းများကိုအောက်သို့ယူချလို့ရ၏။ သေခြင်းသို့အမြန်ရောက်စေရန် လက်ဝါးကပ်တိုင်တွင် အသတ်ခံရသူများ၏ခြေထောက်များကို ရိုက်ချိုးကြလိမ့်မည်။ သူခိုးနှစ်ယောက်၏ခြေထောက်ကို သူတို့ရိုက်ချိုးခဲ့ကြသည်။ ယေရှုထံသို့သူတို့ရောက်လာသောအခါ ကိုယ်တော်သည်သေနေပြီဖြစ်ကြောင်းကို သိမြင်သဖြင့်ခြေတော်တို့ကို မချိုးဘဲနေ၏။ သို့သော် သူအမှန်တကယ်သေကြောင်း သေချာစေရန်သူ၏နံဘေးကို လှံတစ်ချောင်းကိုထိုးပေး၍ သွေးနှင့်ရေ စီးကျလာသည်။ ၎င်းက သွေးလည်ပတ်မှုရပ်တန့်ခဲ့ပြီဖြစ်ကြောင်း ဖော်ပြထားသည်။ သူ့နှလုံးခုန်နှုန်းသည် တခဏတာရပ်တန့်သွားခဲ့သည်။ ၎င်းက ဆာလံ ၃၄း၂၀ “သူ၏အရိုးတစ်ချောင်းမျှမကျိုးမပဲ့ရ”၊ ဇာခရိ ၁၂း၁၀ “ထိုသူတို့သည် မိမိတို့ထိုးဖောက်သောငါ့ကို ရှုမြင်ရကြလိမ့်မည်”ဟူသော ပရောဖက်ပြုချက်ကို ပြည့်စုံစေကြ၏။ ယေရှု၏ကျိုးပဲ့ခြင်းမခံရသောအရိုးများက ပသခါပူဇော်သက္ကာ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည် (ထွက် ၁၂း၄၆၊ တောလည် ၉း၁၂)။ အမှန်စင်စစ်၊ ယေရှုသည် ယဇ်ပူဇော်ခြင်းနှင့်ဆိုင်သော ပညတ်တော်စာလုံး၊ ဗိန္ဒုတစ်လုံးကိုပင် စောင့်ထိန်းတော်မူ၏ (နှိုင်း၊ မသဲ ၅း၁၇၊ ၁၈)။ ယေရှုသည် သူ၏အသက်ရှင်ခြင်း၌သာမက၊ သေခြင်း၌လည်း ဘုရားသခင်၏ပညတ်တော်ကိုစောင့်ထိန်းခဲ့သည်။

Sanhedrin တွင် အနည်းဆုံးယုံကြည်သူနှစ်ဦး (ယခုအချိန်အထိ လျှို့ဝှက်သူများပင်)ဖြစ်သည့် အရိမသဲမြို့သားယောသပ်နှင့် ၃ ယောဟန်မှ နိကောဒင်တို့ရှိခဲ့ကြသည်။ သူတို့သည်သေးငယ်သောအန္တရာယ်မရှိဘဲ ယေရှု၏အလောင်းတော်ကိုတောင်းဆိုသည်။ ယောသပ်သည်ကြီးမားသောအားထုတ်မှုနှင့်အတူ သခင်ဘုရား၏အလောင်းတော်ကို ယူဆောင်ဖို့ရန် ပိလတ်မင်း၏ခွင့်ပြုချက်ကို ရယူနိုင်ခဲ့သည်။ နိကောဒင်သည် ပေါင် ၁၀၀ အလေးချိန်ရှိသော မွှေးကြိုင်သောနံ့သာမျိုးများကို ပြင်ဆင်သည်။ သူတို့သည် နံ့သာမျိုးများကို သူ့ခန္ဓာကိုယ်ပေါ် လိမ်းပြီး ပိတ်ပုဆိုးနှင့်ပတ်ထားကြ၏။ ယေရှုကို ယောသပ်၏ကိုယ်ပိုင်အုပ်ဂူ အသစ်ဆက်ဆက်ထုဆစ်ထားသော အစိုင်အခဲကျောက်ထားတွင် ချထားခဲ့သည်။ ထိုအထဲတွင် အဘယ်သူ့ကိုမျှမချရသေးပေ။

ထို့ကြောင့် ယေရှုသည် ညနေ ၃ နာရီတွင် ကွယ်လွန်ပြီး ညနေ ၆ နာရီတွင်၊ သုံးနာရီမပြည့်မီတွင် ကိုယ်တော်ကိုသင်္ဂြိုဟ်ခဲ့သည်။ သူ့ကိုသောကြာနေ့တွင် သင်္ဂြိုဟ်ခဲ့ပြီး စနေနေ့တွင် သင်္ချိုင်းတွင်း၌ကျန်ရစ်၍ တနင်္ဂနွေနေ့တွင် သေခြင်းမှထမြောက်ခဲ့သည်။

**ဆင်ခြင်ရန်** - ဧဝံဂေလိသတင်းကောင်းသည် ကျမ်းစာအတိုင်း ခရစ်တော်၏သေခြင်း၊ သင်္ဂြိုဟ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည် (၁ ကော ၁၅း၁-၄)။

**ဆုတောင်းချက်-** (ပျောက်ဆုံးသွားသော ဝိညာဉ်အချို့ကို ယနေ့ကယ်တင်နိုင်စေရန်ဆုတောင်းလော့)။

စနေ၊ မတ် (၂၆)
**မာကု ၁၆း၁-၈**
လုကာ ၂၄း၄-၈

*"… ထိုသူသည် ထမြောက်တော်မူပြီ။ ဤအရပ်၌မရှိ…"*

# ဤအရပ်၌မရှိ၊ ထမြောက်ပြီ

သခင်ယေရှုသေဆုံးပြီး သင်္ဂြိုဟ်ခဲ့သည်မှာ ၃၉ နာရီခန့်ရှိသည်ဖြစ်၏။ တနင်္ဂနွေနေ့ နံနက် နေထွက်ချိန်တွင် အမျိုးသမီးများသည် သခင်ဘုရား၏အလောင်းတော်ကိုလိမ်းရန် မွှေးကြိုင်သော နံ့သာမျိုးများနှင့်အတူ သင်္ချိုင်းသို့အလျင်အမြန်သွားကြ၏။ သို့သော် ဘုရားသခင်သည် သူ၏သန့်ရှင်းသောသူကို ဖျက်စီးဖို့ရန်ခွင့်မပြုပေ (ဆာလံ ၁၆း၁၀)။ ခရစ်တော်သည် အချိန်အကြာကြီးသေလိမ့်မည်မဟုတ်ပေ။ ကြိုတင်ဟောထားသည့်အတိုင်း သုံးရက်မြောက်သောနေ့၌ သေခြင်းမှထမြောက်တော်မူ၏။

ဘုရားသခင်သည် ဤကြီးစွာသောဖြစ်ရပ်ကို ကြေညာရန်ကောင်းကင်တမန်တပါးကို စေလွှတ်ခဲ့သည်။ ကောင်းကင်တမန်ဆင်းသက်၍ မြေကြီးပေါ်သို့နင်းသောအခါ မြေကြီးတုန်ခါ၍ ကျောက်တုံးကြီးလိမ့်သွား၏။ ယခုတွင် ကျောက်တုံးကြီးလိမ့်သွားခြင်းမှာ ယေရှုအပြင်ဘက်ထွက်သွားစေရန်မဟုတ်ဘဲ၊ တပည့်တော်များအထဲသို့ဝင်၍ သူတို့ကိုယ်တိုင် "သူသည် ဤအရပ်၌ရှိတော်မမူ၊ ထမြောက်တော်မူပြီ" (မသဲ ၂၈း၆)ဟု သိမြင်စေရန်ဖြစ်သည်။ တောက်ပသောကောင်းကင်တမန်သည် သင်္ချိုင်းဂူကိုစောင့်ကြပ်နေသော ရောမစစ်သားများနှင့်ထိပ်တိုက်တွေ့ခဲ့သည်။ ဤတောင့်တင်းခိုင်မာသောစစ်သည်တော်များကို ကောင်းကင်တမန်အားတိုက်ခိုက်ရန် တစ်စုံတစ်ယောက်မျှော်လင့်ထားပေလိမ့်မည်။ သို့သော် ထိုအစားသူတို့သည်ကြောက်ရွံ့တုန်လှုပ်ကြသည်။ မြေပြင်သည် အလွန်တုန်လှုပ်သွားသော်လည်း သူတို့ကိုယ်သူတို့ တုန်လှုပ်ခြောက်ခြားသွားကြခြင်းကပိုနေ၏။

သင်္ချိုင်းသို့သွားသောအမျိုးသမီးများသည် ဂူဝင်ပေါက်ကိုဖုံးထားသော လေးလံသည့် ကျောက်တုံးရွှေ့ရမည်ကိုစိုးရိမ်ကြသည်။ ဘုရားသခင်သည် သူတို့၏လိုအပ်ချက်ကိုသိ၍ ကျောက်တုံးကိုရွှေ့ဖို့ရန် ကောင်းကင်တမန်ကိုစေလွှတ်ခဲ့သည်။ မာဂဒလမာရိသည် သင်္ချိုင်းတွင်းသို့ဦးစွာဝင်၍ ဗလာကျင်းဖြစ်သည်ကိုမြင်တွေ့လေ၏။ သူမ ထိတ်လန့်သွားခဲ့သည်။ ကျန်သောသူတို့ကိုမစောင့်ဘဲ ပျောက်ဆုံးသွားသောအလောင်းတော်အကြောင်းကို ပေတရုနှင့်ယောဟန်အားပြောပြဖို့ရန် တတ်နိုင်သမျှအမြန်ဆုံးပြေးခဲ့သည်။

ကျန်သောအမျိုးသမီးများ သင်္ချိုင်းသို့ရောက်ကြသောအခါ ဝင်ပေါက်ဖွင့်ထားသည်ကို တွေ့လိုက်ကြသည်။ ဖြစ်ပျက်ခဲ့သမျှကိုသူတို့အံ့သြနေစဉ်တွင် တောက်ပနေသောဝတ်ရုံနှင့်အတူ ကောင်းကင်တမန်နှစ်ပါးပေါ်လာပြီး ယေရှုသည်သေခြင်းမှထမြောက်ပြီဟု သူတို့ထံကြေငြာခဲ့သည်။ ထို့ကြောင့် သူတို့သည် သေလွန်သူများကြားတွင် အသက်ရှင်သောသူကိုမရှာသင့်ပေ။ သူတို့သည် ဂူတွင်းသို့ဝင်သောအခါ ဂူမှာအမှန်ပင်ဗလာဖြစ်နေ၏။ ရှင်ပြန်ထမြောက်ခြင်းက အမျိုးသမီးများကို မအံ့သြစေသင့်ပါ။ အကြောင်းမှာ ယေရှုသည်အသက်ရှင်နေစဉ်အချိန်ကပင် သူ၏ကားတိုင်တင်သတ်ခံရမည့်အကြောင်းနှင့် နောက်ပိုင်းတွင်ရှင်ပြန်ထမြောက်မည့်အကြောင်းကို မကြာခဏပြောဆိုခဲ့သည် (မသဲ ၁၆း၂၁၊ ၁၇း၂၂၊၂၃၊ ၂၀း၁၇-၁၉၊ မာကု ၈း၃၁၊ ၉း၃၁၊ ၁၀း၃၃-၃၄၊ လုကာ ၉း၂၂၊ ၄၄၊ ၁၈း၃၁-၃၄)။ ကောင်းကင်တမန်တို့သည် သူတို့၏မှတ်ဉာဏ်တို့ကို ဆတ်ခနဲလှုပ်ရှားစေကာ သခင်ဘုရား၏ကြိုတင်ဟောကြားချက်များကို သတိရကြသည်။ သူတို့သည် ယခုသဘောပေါက်ကြ၏။

**ဆင်ခြင်ရန်** - ရှင်ပြန်ထမြောက်ခြင်းမရှိ၊ ခရစ်ယာန်ဘာသာမရှိ။
**ဆုတောင်းချက်-** (ရှင်ပြန်ထမြောက်ခြင်းနှင့်အသက်ရှင်ခြင်းဖြစ်သည့် သခင်ယေရှုကိုချီးမွမ်းလော့)။

တနင်္ဂနွေ၊ မတ် (၂၇)
**မာကု ၁၆း၉-၁၁**
ယောဟန် ၂၀း၁၁-၁၈

*"ကိုယ်တော်သည် . . . မာဂဒလမာရိအား ရှေးဦးစွာကိုယ်ကိုပြတော်မူ၏"*

# အထူးထင်ရှားပြသခြင်း

မာဂဒလမာရိသည် ပေတရုနှင့်ယောဟန်တို့အား သတင်းပို့ပြီးနောက် ဂိုကြွေးရန်သင်္ချိုင်းသို့ပြန်သွားခဲ့သည်။ သူမရှေ့က ပေတရုနှင့်ယောဟန်တို့သည် ထွက်ခွာသွားပြီးဖြစ်သည်။ သူမသည် ယေရှု၏သေခြင်းအတွက် သူမကိုယ်တိုင်ဝမ်းနည်းပူဆွေးနေခဲ့ပြီး၊ ယခုတွင် ကိုယ်တော်၏ခန္ဓာကိုယ်ပျောက်ဆုံးသွားခြင်းက ထပ်၍ဝမ်းနည်းစေ၏။ မာရိသည် သခင်ဘုရားကိုအလွန်ချစ်ကြောင်းထင်ရှားလှသည်။ နတ်ဆိုး၏လက်မှသူမကိုကယ်တင်ခြင်းအတွက် သခင်ဘုရားအား သူမအစဉ်အမြဲကျေးဇူးတင်နေ၏(လုကာ ၈း၂)။

မာရိသည် သင်္ချိုင်းအပြင်ဘက်တွင်ရပ်ကာ ငိုကြွေးခဲ့သည်။ သင်္ချိုင်းဂူထဲသို့ကြည့်ခြင်းငှါငုံ့ကြည့်လိုက်သောအခါ ယေရှု၏အလောင်းတော်ကျိန်းဝပ်ရာအရပ်၌ ကောင်းကင်တမန်နှစ်ပါးထိုင်လျက် ဦးခေါင်းဘက်၌တစ်ပါး၊ ခြေရင်းဘက်၌တစ်ပါး ထိုင်နေကြသည်ကို သူမမြင်တွေ့၏။ သူတို့သည် အစောပိုင်းကအမျိုးသမီးများအား ထင်ရှားပြခဲ့သောကောင်းကင်တမန်များပင်ဖြစ်သည်။ ကောင်းကင်တမန်တို့က သူမအားအဘယ်ကြောင့် ငိုကြွေးသနည်းဟုမေးကြ၏။ သူမက "သူတို့သည်အကျွန်ုပ်၏သခင်အား ယူသွားသောကြောင့်" ဟုပြန်ဖြေ၏။ မာရိသည် ယေရှုအား "သခင်" ဟုသာမဆိုဘဲ "အကျွန်ုပ်၏သခင်" ဟူ၍ခေါ်ဆိုကြောင်းကို မှတ်သားရန်အရေးပါ၏။ သူမသည် ကယ်တင်ရှင်နှင့်ရင်းနှီးသောပုဂ္ဂိုလ်ရေးဆက်ဆံရေးရှိခဲ့သည်။ ခရစ်ယာန်တိုင်းသည် ခရစ်တော်နှင့်ထိုကဲ့သို့နီးကပ်သောဆက်ဆံရေးရှိသင့်သည်။

ထို့နောက် ယေရှုသည် မာရိအားအထူးထင်ရှားပြသခြင်းပြု၍ စကားပြောဆိုသော်လည်း သူ့ကိုသူမ မမှတ်မိပါ။ ဥယျာဉ်မှူးအဖြစ် သူ့ကိုသူမယူဆ၍သခင်ယေရှု၏အလောင်းကို သယ်သွား၍အခြားတစ်နေရာရာ၌ ထားခဲ့ခြင်းရှိမရှိကိုမေးခဲ့သည်။ ထို့နောက် ယေရှုက "မာရိ"ဟု သူမနာမည်ကိုခေါ်၏။ သူမသည် သူမသခင်၏လေသံနှင့်အသံကို ချက်ချင်းမှတ်မိပြီး "ဆရာ" ဟုအဓိပ္ပာယ်ရသော "ရဗ္ဗုနိ" ဟူ၍သူမတုံ့ပြန်ခဲ့သည်။ သခင်ကိုတွေ့သောအခါ သူမသည်သူ့အားလွှတ်ထားရန်ဆန္ဒမရှိဘဲ သူ့ကိုချဉ်းကပ်ခဲ့သည်။ ယေရှုက မာရိအား "ငါ့ကိုမဘက်နှင့်အုံး၊ ငါသည် ငါ့ခမည်းတော်ထံသို့ မတက်ရသေး" ဟု မိန့်ခဲ့ရသည်။ ယေရှုက မာရိကိုသူ့အားမထိဖို့ အဘယ်ကြောင့်ပြောခဲ့သနည်း။ နောက်ပိုင်းတွင်သူသည် သောမအားသူ့ကိုထိရန်မိန့်ခဲ့သည်မဟုတ်လော (ယော ၂၀း၂၇)။ ဤနေရာတွင် ကွဲလွဲမှုမရှိပေ။ ယေရှုက မာရိကို "ငါ့ကိုမထိနှင့်" လို့မိန့်ဆိုသောအခါ "ငါ့ကိုဆက်လက်မတွယ်ကပ်ပါနှင့်"ဟု ပြောဆိုခြင်းဖြစ်သည်။ မာရိက ယေရှုကိုထွက်ခွင့်ပြုမည်မဟုတ်ပါ။ ယေရှုကို မြေကြီးပေါ်၌ဆက်ရှိနေစေချင်၏။ ယေရှုက မြေကြီးပေါ်ရှိ သူ၏ရွေးနှုတ်ကယ်တင်ခြင်းလုပ်ငန်းပြီးဆုံးကြောင်းကိုင်း၊ သူ၏မေရှိယရာထူးဖြစ်သည့် ပရောဖက်၊ ယဇ်ပုရောဟိတ်နှင့်ရှင်ဘုရင်လုပ်ငန်းကိုထမ်းဆောင်ဖို့ရန်နှင့် သူ၏လူတို့ကို ဖျန်ဖြေသူအဖြစ်ဘုရားသခင်၏လက်ျာတော်ဘက်၌ထိုင်ဖို့ရန် ကောင်းကင်သို့တက်ကြွရမည်ဖြစ်ကြောင်းကို သူမအားပြောဆိုခဲ့သည်။

**ဆင်ခြင်ရန်** - သင်သည် သခင်ဘုရားနှင့်နီးကပ်စွာလျှောက်လှမ်းပါသလား။
**ဆုတောင်းချက်-** (သခင်ဘုရားနှင့်ရင်းနှီးသောဆက်ဆံရေးရှိရန် ဆုတောင်းပါ)။

တနင်္လာ၊ မတ် (၂၈)

**မာကု ၁၆း၁၂၊ ၁၃**

လုကာ ၂၄း၁၃-၃၂

*“. . . ကိုယ်တော်သည် ခြားနားသောအဆောင်ကို ဆောင်လျက်ကိုယ်ကိုပြတော်မူ၏”*

# အဦးဆုံးသောတနင်္ဂနွေကျောင်း(Sundayschool)

ဧမောက်ရွာ(ယေရုရှလင်မြို့မှ ၁၁ ကီလိုမီတာ သို့မဟုတ် ၇ မိုင်ခန့်အကွာ)သို့သွားသော တပည့်တော်နှစ်ယောက် (ကလောဖနှင့်အမည်မသိရသူ) ရှိခဲ့ကြသည်။ လမ်းလျှောက်ရင်းနှင့် ထိုနေ့၌ ဖြစ်ပျက်ခဲ့သောအကြောင်းအရာကို ပြောဆိုကြ၏။ ထို့နောက် ယေရှုသည် ရုတ်တရက်ပေါ်လာပြီး သူတို့နှင့်အတူ လျှောက်သွားသော်လည်း ၎င်းတို့သည် ကိုယ်တော်ကိုမမှတ်မိစေခြင်းငှါ သဘာဝလွန် အားဖြင့် တားဆီးခြင်းခံရသည်။ သခင်ဘုရားက ယေရုရှလင်မြို့၌ဖြစ်ပျက်သော အကြောင်းအရာ တို့ကို သူတို့အားမေးမြန်းခဲ့၏။ သူမသိရှိခြင်းကို သူတို့အံ့သြခြင်းရှိ၏။ ကြည့်ရသည်မှာ ယေရှုသည် မြို့တွင်း၌ဟိုးလေးတကျော်ဖြစ်ပုံရသည်။ ထို့ကြောင့် သူတို့သည်သူ၏လက်ဝါးကပ်တိုင်၌ အသေခံ ခြင်း၊ သင်္ဂြိုဟ်ခြင်းခံရပြီး သုံးရက်မြောက်သောနေ့၌ ပျောက်ကွယ်သွားသည့်သတင်းကို ယေရှုအား ဝေမျှခဲ့ကြသည်။ အဖြစ်အပျက်များအပေါ် သူတို့အံ့သြနေကြသည်။ အဘယ့်ကြောင့်ဆိုသော်၊ ယေရှု သည် ဘုရားသခင်ကိုယ်တိုင်ဖြစ်သည်ဟူသောအချက်ကို သိဖို့သူတို့မျက်စိကန်းနေသေးသောကြောင့် ဖြစ်သည်။ သူတို့သည် ယေရှုအား ရောမကျွန်ဘဝမှလွတ်မြောက်စေမည်ဟု သူတို့မျှော်လင့်ထားသည့် အားကြီးသောပရောဖက်တစ်ဦးအဖြစ်သာ တွေးထင်ခဲ့သည်။ သခင်ဘုရားက သူတို့အားဘုရားသခင် ၏ နှုတ်ကပတ်တော်၌ မှိုင်းနေသောကြောင့် ပြစ်တင်ပြောဆိုခဲ့သည်။ “ကိုယ်တော်ကလည်း၊ ပရောဖက်ဟောပြောစကားများကိုယုံနိုင်အောင် ဉာဏ်မရှိ၊ စိတ်ခိုင်မာသောသူတို့၊ ခရစ်တော်သည် ဤသို့ပင် အသေခံ၍မိမိဘုန်းစည်းစိမ်တော်ကို ဝင်စားရမည်မဟုတ်လောဟု မိန့်တော်မူ၏” (လုကာ ၂၄း၂၅၊ ၂၆)။ ထို့နောက် ဓမ္မဟောင်းကျမ်းတစ်ခုလုံး - ကမ္ဘာဦးကျမ်းမှမာလခိအထိ ယေရှုသည် သူနှင့်ပတ်သက်သောဂတိတော်များစွာနှင့် ကြိုတင်ဟောကြားချက်များကို ၎င်းတို့အားရှင်းပြခဲ့သည်။ ဓမ္မဟောင်းကျမ်းတွင် ခရစ်တော်၏ပထမဆုံးကြွလာခြင်းနှင့်ပတ်သက်၍ ပရောဖက်ပြုချက် ၇၀ ရှိပြီး၊ ကမ္ဘာဦး ၃း၁၅ သည် အဦးဆုံးဖြစ်၍ မာလခိ ၃း၁ မှာ နောက်ဆုံးဖြစ်သည်။ ဖြစ်ပျက်ခဲ့သော ထိုအဖြစ်အပျက်များကြောင့် သူတို့မအံ့သြသင့်ပေ။

သူတို့နှစ်ဦးသည်ကျမ်းစာသင်ကြားခံရမှုကို လုံးဝနှစ်သက်ခဲ့မည်။ သခင်ဘုရားသည် သူတို့ အား ကျမ်းဂန်များကိုဟောကြားတော်မူသောအခါ၊ သူတို့အတွင်း၌ စိတ်နှလုံးပူလောင်ကြသည်ကို သက်သေခံကြသည် (လုကာ ၂၄း၃၂)။ သူတို့အား သမ္မာကျမ်းစာကို ရှင်းလင်းစွာနှင့် အလွန်အစွမ်း ထက်စွာသင်ပေးရခြင်းသည် အလွန်ကောင်းမွန်ပြီး နှစ်သက်စရာကောင်းလှပါသည်။ သူတို့နှင့်အတူ ဆက်နေရန်ယေရှုအား အပြင်းအထန်တိုက်တွန်းခဲ့ကြသည်။ ညစာစားချိန်၌ သခင်ဘုရားသည် မုန့် တလုံးကိုယူပြီး ကောင်းကြီးပေး၍သူတို့ကိုဖဲ့ပေးတော်မူ၏။ ဤပြုကွက်ကိုယူပြီး၊ ကောင်းကြီးပေး၍ ချိုးဖဲ့ပြီး ဝေပေးခြင်းတို့ကိုအပေါ်ထပ်၌ သူပြုခဲ့ပုံအတိုင်းပင် ဖြစ်၏ (မသဲ ၂၆း၂၆)။ ထိုအခါ သူတို့ မျက်စိပွင့်၍သခင်ဘုရားကိုမှတ်မိကြသည်။

**ဆင်ခြင်ရန်** - ဘုရားသခင့်နှုတ်ကပတ်တော်ကျောင်းသားများအနေဖြင့်၊ ကျွန်ုပ်တို့သည် ထိုင်းမှိုင်း၍ ဂရုမစိုက်သောသူမဟုတ်ဘဲ ရှင်းလင်းပြီးဂရုတစိုက်ရှိရန် လိုအပ်သည်။ သမ္မာကျမ်းစာကို နားလည်ဖို့အလွန်ကြိုးစားအားထုတ်ရန် လိုအပ်သည်(၂တိ ၂း၁၅)။

**ဆုတောင်းချက်-** (ဘုရားသခင့်နှုတ်ကပတ်တော်၏ လုံ့လဝီရိယရှိသောကျောင်းသားဖြစ်ပါမည် အကြောင်း ဆုတောင်းလော့)။

အင်္ဂါ၊ မတ် (၂၉)
**မာကု ၁၆း၁၄-၁၆**
မသဲ ၂၈း၁၆-၂၀

*"သင်တို့သည် လောကီနိုင်ငံအရပ်ရပ် ရှိသမျှသို့သွား၍ . . . ဧဝံဂေလိတရားကို ဟောကြလော့"*

# မပြီးဆုံးသေးသောစေခိုင်းချက်

ယေရှုကတပည့်တော်တို့အား "သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့"(မာကု ၁၆း၁၅)ဟု အမိန့်တော်ပေးတော်မူ၏။ ၎င်းကို မသဲ ၂၈း ၁၉၊ ၂၀ တွင်အပြည့်အစုံဖော်ပြထားသည်မှာ "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမဉ္ဇဗတ္တိဇံကိုပေးကြလော့။ ငါသည်သင်တို့အားပေးသမျှသော ပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အားမိန့်တော်မူ၏" ဟူ၍ဖြစ်သည်။ မဟာစေခိုင်းချက်ဟု လူသိများသောၤအရာကို Rev.Dr Timothy Tow က "မပြီးဆုံးသေးသောစေခိုင်းချက်" ဟုခေါ်ဆိုခဲ့သည်။ သူသည် "တရုတ်သမ္မတနိုင်ငံတော်၏ဖခင်ဆွန်ယက်ဆင်သည် ၁၀၁၁ ခုနှစ်တွင် မန်ချူးအစိုးရကိုဖြုတ်ချပြီး ၎င်းသည်သမ္မတဖြစ်လာသောအခါတွင် သူ၏နောက်လိုက်များအား ခေါ်ဖိတ်ပြီး၊ တော်လှန်ရေးမပြီးသေးပါ၊ ရဲဘော်များ ဆက်လက်ရုန်းကန်ကြပါစို့" ဟု ပြောဆိုသည်ကိုလေ့လာခဲ့သည်။ ကျွန်ုပ်တို့၏သခင်ဘုရားသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ က အသင်းတော်အား ပေးခဲ့သော မဟာစေခိုင်းချက်သည် မပြီးဆုံးသေးသော စေခိုင်းချက်ဖြစ်သည်။ သိမ်းပိုက်ရမည့်မြေများစွာကျန်ရှိနေသေးပြီး မရေတွက်နိုင်သောလူသန်းပေါင်းများစွာ ဧဝံဂေလိတရားကို မကြားရသေးပါ။ ကျွန်ုပ်တို့၏ကယ်တင်ရှင်ပြန်ကြွလာခြင်းသည် တစ်နေ့ထက်တစ်နေ့ ပိုမိုနီးကပ်လာသည်နှင့်အမျှ ဤမပြီးဆုံးသေးသော စေခိုင်းချက်ကိုအရှိန်မြှင့် လုပ်ဆောင်ရမည်ဖြစ်သည်. . ။

"ယခု မပြီးသေးသည့်စေခိုင်းချက်မှာ စေခိုင်းချက်လေးခုပြည့်သည်။ အသင်းတော်အဖွဲ့အစည်းများမှ သခင်ဘုရား၏နာမတော်ဖြင့် အမှုတော်ဆောင်ရွက်သူတို့က အချက်တစ်ချက်သို့မဟုတ် နှစ်ချက်ကိုအလေးပေးဖော်ပြကြသော်လည်း ၎င်းမှာစေခိုင်းချက်လေးချက်အပြည့်ဖြစ်သည်။ (၁) သွား - ဤအရာကစေခိုင်းချက်ကိုအလေးထားမှုဖြစ်သည် (၂) သင်ကြားလော့ (matheteusate) - တပည့်တော်များ မွေးထုတ်ခြင်းကိုဆိုလို၏။ ဤအရာက ဧဝံဂေလိတရားကိုအလေးပေးခြင်းဖြစ်သည် (၃) ဗတ္တိဇံ - ဤအရာကအသင်းတော်တည်ထောင်ခြင်းကို အလေးပေးသည် (၄) သင်ကြားလော့(didaskantes) - ဤအရာက အသင်းတော်အယူဝါဒသွတ်သွင်းခြင်းကိုအလေးပေးခြင်းဖြစ်သည်။ မပြီးဆုံးသေးသောစေခိုင်းချက်လေးချက်ကို ကျွန်ုပ်တို့လုံ့လရှိစွာဆောင်ရွက်သောအခါ၊ ကျွန်ုပ်တို့ကို ဘုရားနှင့်ဆိုင်သောတန်ခိုးတော်ဖြင့် အတူရှိပြီး သန့်ရှင်းသောမျက်မှောက်တော်ဖြင့် ကောင်းကြီးမင်္ဂလာပေးလိမ့်မည်။ ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။ . . . ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်အမြဲရှိသည်။ ကျွန်ုပ်တို့ကိုရှေ့သို့တွန်းပို့ရန်အတွက် ကျွန်ုပ်တို့၏အတွင်း၊ ဘေးပတ်လည်နှင့်နောက်တို့၌ရှိသော ဘုရားသခင်၏အလုံးစုံပျံ့နှံ့နေသော တန်ခိုးတော်ကိုချန်ထား၍ မဟာစေခိုင်းချက်ကိုမကြာခဏမှားယွင်းစွာ ပြောဆိုတတ်ကြ၏။ ကျွန်ုပ်တို့ကိုယ်ပိုင်ခွန်အားဖြင့် တိုးတက်ဖြစ်ထွန်းခြင်းအနည်းငယ်သာ လုပ်ဆောင်ကြသည်မှာ အံ့သြစရာမရှိပေ။

**ဆင်ခြင်ရန်** - ဧဝံဂေလိတရားသည် "သွား" ဟူသောစကားဖြင့် အစပြု၏။
**ဆုတောင်းချက်-** (ယနေ့တွင် တစ်စုံတစ်ဦးအား ဧဝံဂေလိတရားကိုဝေငှဖို့ စိတ်အားထက်သန်ရန်အတွက်ဆုတောင်းပါ)။

ဗုဒ္ဓဟူး၊ မတ် (၃၀)
**မာကု ၁၆း၁၇-၂၀**
မဿဲ ၇း၂၁-၂၃

*"ယုံကြည်သောသူတို့၌ ဖြစ်အံ့သော နိမိတ်လက္ခဏာဟူမူကား. . "*

## တမန်တော်နှင့်ဆိုင်သောနိမိတ်လက္ခဏာများ

မာကု ၁၆း၁၇၊ ၁၈ ၌ သခင်ယေရှုမိန့်ဆိုခဲ့သော စကားကခေတ်ကာလတိုင်း၌ ယုံကြည်သူတိုင်းက အံ့ဖွယ်အမှုအရာများကိုလုပ်ဆောင်နိုင်ကြမည်ဟု ဆိုလိုသလား။ အဖြေက "မဟုတ်ပါ" ဟူ၍ဖြစ်သည်။

ဤနေရာတွင် ယေရှုက ခရစ်ယာန်တိုင်းသည် နတ်ဆိုးများကိုနှင်ထုတ်နိုင်သော၊ အသစ်သောဘာသာစကားကို ပြောနိုင်သော၊ ဖျားနာသူများကို ကျန်းမာစေနိုင်သော၊ အထိအခိုက်မရှိဘဲ မြွေများကိုကိုင်ဖမ်းပြီး၊ အဆိပ်တို့ကိုသောက်သုံးနိုင်သော အံ့ဖွယ်နိမိတ်လက္ခဏာလုပ်ဆောင်နိုင်သူဖြစ်မည်ဟု သွန်သင်ခြင်းမဟုတ်ပါ။ ယေရှုရည်ညွှန်းသော ဤ "ယုံကြည်သူတို့" သည် မည်သူများဖြစ်ကြသည်ကို နားလည်ရန်အရေးကြီးသည်။ "ယုံကြည်သူတို့" ဟူသောစကားသည် တစ်ဆယ့်တစ်ပါးသော တမန်တော်များဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြသည် (မာကု ၁၆း၁၄)။ ယေရှုက "သူတို့၏မယုံကြည်ခြင်းနှင့်စိတ်နှလုံးခိုင်မာခြင်း" တို့ကြောင့် ဆုံးမပြစ်တင်ခဲ့သည်။ ထို့နောက် သူ၏စကားများကိုယုံကြည်ရန်သူတို့ကို စိန်ခေါ်ခဲ့သည်။ သတ္တဝါတိုင်းအား ဧဝံဂေလိတရားကိုဟောပြောရန် သူတို့ကိုအမိန့်ပေးခဲ့သည် (မာကု ၁၆း၁၅)။ သူတို့သည် ဧဝံဂေလိတရား၏အမှုကို လုပ်ဆောင်သည်နှင့်အမျှ အံ့ဖွယ်အမှုများပြုလုပ်နိုင်ရန် အခွင့်အာဏာကိုရကြလိမ့်မည် (မာကု ၁၆း၁၇၊ ၁၈)။ အခန်းငယ် ၂၀ သည် အခန်းငယ် ၁၇ နှင့် ၁၈ တို့ကို နားလည်ရန်သော့ချက်ဖြစ်သည် "တပည့်တော်တို့သည်လည်းထွက်သွား၍၊ သခင်ဘုရားသည်မစတော်မူသည်နှင့်ငင်း၊ သူတို့၌ဖြစ်သောနိမိတ်လက္ခဏာအားဖြင့် နှုတ်ကပတ်တရားတော်ကို တည်စေတော်မူသည်နှင့်ငင်း၊ ခပ်သိမ်းသောအရပ်တို့၌ တရားဟောကြ၏"။ ယေရှုခရစ်၏တမန်တော်များ၏အမှုတော်ကို အတည်ပြုရန် သို့မဟုတ် စစ်မှန်ကြောင်း သက်သေပြရန် နိမိတ်လက္ခဏာများပေးထား၏။

ဤအချက်ကို တမန်တော်များ၏လုပ်ဆောင်ချက်တို့က အတည်ပြုထားသည်။ တမန် ၂း၄၃ တွင် "လူအပေါင်းတို့သည် ကြောက်လန့်ခြင်းရှိသည်ဖြစ်၍ တမန်တော်တို့သည်များစွာသော နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောနိမိတ်လက္ခဏာတို့ကိုပြုကြ၏"။ တမန် ၄း၃၃ တွင် "သခင်ယေရှုထမြောက်တော်မူခြင်းအကြောင်းကို တမန်တော်တို့သည် ကြီးသောတန်ခိုးနှင့်သက်သေခံ၍ ထိုသူအပေါင်းတို့သည် ကြီးသောကျေးဇူးတော်နှင့်ပြည့်စုံကြ၏"။ တမန် ၅း၁၂ တွင် "တမန်တော်တို့သည်လည်း လူအများရှေ့မှာ နိမိတ်လက္ခဏာ၊ အံ့သြအမှုအရာများကိုပြုကြ၏"။ တမန်တော်ပေါလုကိုယ်တိုင်က သူ၏တမန်တော်ဖြစ်မှုကို ခုခံကာကွယ်သည့်အနေဖြင့် ရေးခဲ့သည်မှာ - "အကယ်စင်စစ်သည်းခံခြင်းနှင့်တကွ နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှု၊ ထူးဆန်းသောတန်ခိုးများအားဖြင့် တမန်တော်၏လက္ခဏာတို့ကို သင်တို့တွင်ထင်ရှားစွာပြုပြီ" (၂ ကော ၁၂း၁၂၊ တမန် ၁၄း၃၊ ၁၅း၁၂၊ ၁၉း၁၁)။ ဤလက္ခဏာများသည် တမန်တော်တစ်ဦး၏လက္ခဏာများဖြစ်၏။ ယနေ့တွင် တမန်တော်များမရှိတော့သောကြောင့် ယနေ့ခေတ်တွင်ထိုနိမိတ်လက္ခဏာများလည်း မရှိတော့ပါ (၁ ကော ၁၃း၈-၁၀)။

**ဆင်ခြင်ရန်** - ပိုမိုလေ့လာရန် Jeffrey Khoo ၏ Charismatism Q & A ကိုဖတ်ပါ။ WWW. febc.edu.sg မှ အဖိုးအခပေးစရာမလိုဘဲ ဒေါင်းလုဒ်လုပ်နိုင်၏(see under Publication → FEBC Press → Christian Theology)။

**ဆုတောင်းချက်-** (ကျမ်းဂန်များကို ရှာဖွေရန်မြင့်မြတ်သောစိတ်နှလုံးရှိရန် ဆုတောင်းပါ)။

ကြာသပတေး၊ မတ် (၃၁)

**မာကု ၁၆း၉-၂၀**

ဆာလံ ၁၂ *“. . . ရေးထားသည့်အတိုင်း. . . ”*

## ရှင်မာကု၏နောက်ဆုံးအခန်းငယ် ၁၂ ပိုဒ်တို့က တကယ့်မာကု၏စာတွေလား

NIV, ESV, NLT, NASB အစရှိသည့်ခေတ်သစ်ကျမ်းအများစုသည် မာကု ၁၆း၉-၂၀ ၏ စစ်မှန်မှုကို ငြင်းပယ်ထားကြသည်။ မာကု၏နောက်ဆုံးအခန်းငယ် ၁၂ ပိုဒ်ကို သမ္မာကျမ်းစာအဖြစ် မမှတ်သင့်ဟုသူတို့ဆိုကြသည်။ သမ္မာကျမ်းစာ၏စကားလုံးတိုင်းကို လုံးလုံး ကာကွယ်ထိန်းသိမ်းမှုကို ယုံကြည်သူများသည် မာကု ၁၆း၉-၂၀ ကိုကာကွယ်ခြင်းကျမ်း စာမျက်နှာ ၃၅၀ ပါကို ပညာရှင်ပီသစွာရေးသားခဲ့သော Oxford မှ Dean Burgon နှင့်အတူ မာကု၏နောက်ဆုံး အခန်းငယ် ၁၂ ပိုဒ်တို့၏စစ်မှန်မှုကို အခိုင်အမာအတည်ပြုကြသည်။ Burgon ရေးခဲ့သည်မှာ “ခမ္မ သစ်ကျမ်း၏မကြာသေးမီက တည်းဖြတ်သူများ(Editors)က ဤ‘နောက်ဆုံးအခန်းငယ် ၁၂ ပိုဒ်’ မှာ အစစ်အမှန်မဟုတ်ဟု အခိုင်အမာဆိုကြသည်. . . ။ ထိုအရာ၏ဆန့်ကျင်ဘက်မှာ အမှန်တရားဖြစ်သည်ကို ငါအသက်ရှင်သည်ကို ယုံကြည်သကဲ့သို့ ယုံကြည်ထားသည်. . . ။ ဆန့်ကျင်ဘက်အနေဖြင့် သူတို့မှီခိုထားသော အထောက်အထားက ယုံကြည်အားကိုးစရာမရှိ၊ အချက်အလက်တိုင်း၌ ယုံကြည်ကိုးစားစရာမရှိကြောင်း ကျွန်ုပ်အခိုင်အမာဆို၏. . . ။ ဤခရစ်ဝင်ကျမ်း၏ ဤအပိုင်းသည် လုံးဝမားယွင်းသောအကြောင်းပြချက်ဖြင့် အတုဖြစ်သည်ဟု ကြေညာထားကြောင်းကို ကျွန်ုပ်သက်သေပြနိုင်၏။ Burgon က “ဤအခန်းငယ်များသည် သူတော်စင်မာကု၏လက်ရာဖြစ်ရမည်” ဟု မေးခွန်းထုတ်စရာမရှိကြောင်း အတည်ပြုခဲ့သည်။

မာကု ၁၆း၉-၂၀ ၏ စစ်မှန်မှုကိုထောက်ခံသည့်အထောက်အထားများစွာလည်း ရှိပါသည်။ Harvard မှ Dr EF Hills က “သူတို့(မာကု ၁၆း၉-၂၀)ကို Aleph (၎င်းမှာ Sinaiticus) နဲ့ B (၎င်းမှာ Vaticanus)မှလွဲ၍ ဂရိလက်ရေးစာမူများအားလုံးတွင် တွေ့ရှိရသည်. . . ။ ထို့ထက်ပိုအရေးကြီးသည်မှာ B နှင့် Aleph တို့ရေးသားခြင်းမပြုမီ နှစ်ပေါင်း ၁၅၀ အသက်ရှင်ခဲ့သော အစောပိုင်းအသင်းတော်ဖခင်များဖြစ်သည့် Justin Martyr (၁၅၀ ခန့်)၊ Tatian (၁၇၅ခန့်)၊ Irenaeus(၁၈၀ခန့်)၊ နှင့် Hippolytus (၂၀၀ခန့်) များမှ ကျမ်းစာအဖြစ် ကိုးကားခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့်၊ အစောဆုံးသက်သေခံချက်သည် ဤနောက်ဆုံးဆယ့်နှစ်ပိုဒ်ဘက်တွင်ဖြစ်သည်”။

အထက်ဖော်ပြပါများကို ထောက်၍၊ မာကု၏နောက်ဆုံးအခန်းငယ် ၁၂ ပိုဒ်သည် ဘုရားသခင်၏“အထူးဂရုစိုက်၍ထိန်းသိမ်းစောင့်ရှောက်မှု”၊ (WCF ၁း၈)ကြောင့် သမ္မာကျမ်းစာတွင် ထိန်းသိမ်းထားသည့် ဘုရားသခင်၏မှုတ်သွင်းခြင်းခံရသော နှုတ်ကပတ်တော်ဖြစ်သည်ကိုငြင်း၊ ဂတိတော်ထားရှိသည့်အတိုင်း ခေတ်ကာလအစဉ်အဆက် သန့်ရှင်းစင်ကြယ်စွာ ပကတိအတိုင်း စောင့်ရှောက်ခဲ့ကြသည်ကိုငြင်း (မသဲ ၅း၁၈) ကျွန်ုပ်တို့ယုံကြည်ကြသည်။

**ဆင်ခြင်ရန်** - နောက်ထပ်လေ့လာမှုအတွက်၊ John William Burgon, The Last Twelve Verses of Mark (Oxford, London: James Parker, 1871)ကို ကြည့်ပါ။ Burgon ၏အကျဉ်းချုပ်အတွက်၊ D A Waite, Dean John William Burgon's Vindication of the Last Twelve Verses of Mark(Collingswood, NJ:The Bible For Today, 1994)ကို ကြည့်ပါ။ Edward F Hills, The King James Version Defended (Des Moines, IA: The Christian Research Press, 1984)ကိုလည်း ဖတ်ပါ။

**ဆုတောင်းချက်-** (ယနေ့၌ရှိသော သမ္မာကျမ်းစာသည် ၁၀၀% စုံလင်ကြောင်းကို ယုံကြည်ရန် ဆုတောင်းလော့)။